ဝိပဿနာကမ္မဋ္ဌာန်းပြ၊ ဓမ္မကထိက ပုဂ္ဂိုလ်မတော်

နှိုင်ငံကျော်သော

# မိုးကုတ်ဆရာတော်ဘုရား

သာသနာပြု

စီရင်ရေးသားတော်မူအပ်သော

# နိဗ္ဗာန်လမ်းပြ-ဓမ္မကထိက

ပဒေသာ-လက်သုံးကျမ်း။

(မူရိုင်း)

ပညာမဇ္ဈုပိဋကတ်စာအုပ်ဆိုင်

၁၇၊ ရွှေတိဂုံဘုရားကြီး-ကျောင်းတော်ရုံ၊

(ဒဂုံစာတိုက်) ရန်ကုန်မြို့။

၃ ကျပ် ၅၀။

၁၃၂၂-ခု။

ဝိပဿနာကမ္မဋ္ဌာန်းပြု၊ ဓမ္မကထိက ပုဂ္ဂိုလ်မဟော်

နိုင်ငံကျော်သော

# ဓမ္မစေတီဆရာတော်မှူး

သာသနာပြု

စီရင်ရေးသားတော်မူအပ်သော

# နိဗ္ဗာန်လမ်းပြ—ဓမ္မကထိက

ပဒေသာ-လက်သုံးကျမ်း။

(မူပိုင်)

ပညာမဏ္ဍုပိဋကတ်စာအုပ်ဆိုင်

၁၇၊ ရွှေတိဂုံဘုရားကြီး-စျေးတော်ရုံ

(ဒဂုံစာတိုက်) ရန်ကုန်မြို့

၂—ကျပ်—၅၀ပြား

၁၃၂၂—ခု။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သက္ကာယဒိဋ္ဌိကို ပြခန်း- | ၁ |
| ၂။ | ဥစ္ဆေဒဒိဋ္ဌိကို ပြခန်း- | ၆ |
| ၃။ | သိက္ခာသုံးပါး ပြခန်း- | ၈ |
| ၄။ | သိက္ခာသုံးပါးနှင့် မဂ်လေးပါး ချိန်ကိုက်၍ ပြခန်း- | ၈ |
| ၅။ | သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ ချိန်ကိုက်၍ ပြခန်း- | ၁၂ |
| ၆။ | လောကသုံးပါးကို ပြခန်း- | ၁၄ |
| ၇။ | ရုပ်ဆို့ နာမ်ဆို့ စားသောက်ပုံ ပြခန်း- | ၁၆ |
| ၈။ | သင်္ခါရ လေးပါးတွင် ကံဖြစ်လာပုံကို ပြခန်း- | ၁၈ |
| ၉။ | လောကတ္တ ဘုရားခေါ်ပုံ ပြခန်း- | ၂၀ |
| ၁၀။ | ဘုရားပွင့်ပေါ်လာပုံကို ပြခန်း- | ၂၃ |
| ၁၁။ | သစ္စာလေးပါး သိသော၊ ဘုရားတမျိုး ပြဦးအံ့- | ၂၅ |
| ၁၂။ | တရားယုံ့ တရားမြင် ပေါ်လာပုံ ပြခြင်း- | ၃၀ |
| ၁၃။ | တရားစစ် တရားမှန် ရွေးပြခန်း- | ၃၆ |
| ၁၄။ | အပွားအားသည်- မအားသည် ခမ်းနည်းကား- | ၄၀ |
| ၁၅။ | ဘုရားအစစ်က ဟောပြသော တရားအစစ်ကို ပြခန်း- | ၄၁ |
| ၁၆။ | သောတာပန်ဖြစ်ခြင်း၏ အင်္ဂါလေးပါးကို ပြခြင်း- | ၄၂ |
| ၁၇။ | သက္ကာယဒိဋ္ဌိကို မခွါတတ်လျှင်၊ ဝိပဿနာ ရှုရင်း ဒိဋ္ဌိပြန်၍ ကပ်နေပုံကို ပြခန်း- | ၇၈ |
| ၁၈။ | သက္ကာယဒိဋ္ဌိကို ပယ်ခွါတတ်သူများ ခွါ၍ ကျပုံ၊ ပြသော ဒုန်းစီသူဌေးမင်း-အဋ္ဌကထာ- | ၇၈ |
| ၁၉။ | ဒုန်းနည်း ပိဋကသာရ မင်းကြီးအား ဟောခြင်း- | ၉၀ |
| ၂၀။ | အဋ္ဌကမ္မဋ္ဌာန်းကို ခံတော်ပေါက်အောင် ရှုပြီး၊ ဒိဋ္ဌိခွါပုံ | ၉၀ |
| ၂၁။ | ပညတ်အားဖြင့် မှားယွင်း၍ သတ္တဝါခေါ်ပုံ- | ၉၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂။ | သဏ္ဍာဝါခေါ်ခြင်း၊ နာရဒဇာတ် (ပါဠိတော်) | ၉၈ |
| ၂၃။ | သစ္စာလေးပါးနှင့် ဝိဋ္ဋိနှုါနည်း (အင်္ဂုတ္တိုရ်ပါဠိတော်) | ၁၀၃ |
| ၂၄။ | ဝဇီယာ-ဈာန်-ဝိန်-ကမ္မဋ္ဌာန်း ရှုပုံ- | ၁၀၅ |
| ၂၅။ | ကမ္မဋ္ဌာန်းမျိုး- | ၁၀၅ |
| ၂၆။ | ဓမ္မစေတီ ဆရာတော်ဘုရား ဆုံးမတော်မူသော တရားတော်- | ၁၀၇ |
| ၂၇။ | ဥတုဇရုပ်-အကောင်ပုပ်ကြီး၌၊ ကံ,စိတ်,ဥတု, အာဟာရ ကြောင့် ဖြစ်ပေါ်၍ လာရသော နာမ်ရုပ်နှစ်ပါးသိ၍ ဝိဋ္ဋိကွာ သောတာပန် ဖြစ်ခက်း- | ၁၁၀ |
| ၂၈။ | သက္ကာယဒိဋ္ဌိ ပယ်ဖို့ရာ အရေးကြီးခြင်း- | ၁၁၂ |
| ၂၉။ | အနိစ္စ,ဒုက္ခနှင့် အနတ္တတွဲပြီး၊ ဝိဋ္ဋိနှု ဝိပဿနာရှုနည်း | ၁၁၄ |
| ၃၀။ | မျက်စိနှင့် မြင်မှုဗာ ဒွာရပါးခု ဖြစ်ပေါ်တာသိ၍ ဝိဋ္ဌိနှုပုံ၊ ဝိဘင်း-အဋ္ဌကထာ- | ၁၁၅ |
| ၃၁။ | နှစ်၊ လ၊ ရက်-အချိန်ကို ဖြန်း၍ ပစ်သော ရဟန်းအား ဆုံးမ ဟောကြားသော သုတ္တနိပါတ်- | ၁၁၇ |
| ၃၂။ | အနိစ္စရှုနည်း ဝိပဿနာ- | ၁၁၉ |
| ၃၃။ | ကုသိုလ်-အကုသိုလ်တရားနှစ်ပါး၌ ငါမရှိ၍ ဝိဋ္ဋိနှုပုံ- | ၁၂၀ |
| ၃၄။ | ခေတ်တဆယ့်ရှစ်ပါးကို သိက ဝိဋ္ဌိကွာ၍ သောတာပန် ဖြစ်ခြင်းကို ပြသော- | ၁၂၃ |
| ၃၅။ | ဝိပဿနာ ရှုနည်း တကျော ဝိဋ္ဌိ မဖြစ်ရန်- | ၁၂၄ |
| ၃၆။ | မဂ်ဖိုလ်ကို အလိုရှိသူတို့ အကျင့်မြတ် ဝိပဿနာတရားကို ကျက်မှတ် သင်ကြား အားယုတ်သင့်ကြောင်း- | ၁၂၆ |
| ၃၇။ | သက္ကာယဒိဋ္ဌိ အယူမှားကို ဝိပဿနာ ဉာဏ်မှ ပယ်နိုင်ခြင်း- | ၁၂၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၈။ | မာနရောက်၍ လူမိုက်နောက်ပါး ဂုဏ်လုပ်ခါနေကြသော သူတို့ အပါယ်ကျခြင်း၊ (ဓမ္မပဒ ပါဠိတော်) | ၁၃၀ |
| ၃၉။ | ခန္ဓာငါးပါးကို အနတ္တ-အနိစ္စ အသုဘ ဒုက္ခလက္ခဏာလေးပါး နှင့် ခွဲဝေ၍ မဂ်လေးပါး မဂ်တက်စဉ်ကို ပြသော ပေဋကော ပဒေသ ပါဠိတော်- | ၁၃၂ |
| ၄၀။ | သောဏာစစ်သူကြီး ထေရဂါထာ- | ၁၃၅ |
| ၄၁။ | ခန္ဓာငါးပါးဘွင် ဒိဋ္ဌိတဏှာ နှစ်ပါးစွဲဝင်ပုံ ပြခြင်း- | ၁၃၆ |
| ၄၂။ | မြတ်စွာဘုရား ရတနာသရ စကြုံလျှောက်နေသော ဂါထာ | ၁၄၃ |
| ၄၃။ | မြတ်စွာဘုရားက သိကြားအား ပြန်၍ဟောကြားတော်မူသော- | ၁၄၆ |
| ၄၄။ | ဝက္ကလိကို ဟောသောထေရာအပါဒါန်- | ၁၅၀ |
| ၄၅။ | ၎င်း-ဝက္ကလိအပါဒါန်- | ၁၅၀ |
| ၄၆။ | မာရ်နတ်ဂါထာ- | ၁၅၇ |
| ၄၇။ | သတ္တဝါတို့၏ စိတ်အလိုအတိုင်း လောကကြီးက လိုက်ရပုံ- | ၁၆၀ |
| ၄၈။ | ဆိတ်ငြိမ်သော ညအခါသည် သူတော်ကောင်းများ အလို့ငှါ ဖြစ်ကြောင်း- | ၁၆၄ |
| ၄၉။ | မိန်းမ ယောကျ်ား လူမိုက်များတို့ မိမိကိုယ်ကိုပြုပြင်နေပုံ | ၁၆၄ |
| ၅၀။ | ဂင်္ဂါငါးနှင့် ယမုနာငါးနှစ်ကောင်တို့ အလှပြိုင်ရာမှာ လိပ်ကြီးက စီရင်သော ဂါထာ- | ၁၆၅ |
| ၅၁။ | သစ္စာလေးပါး ဝိပဿနာရှုပုံ- | ၁၆၆ |
| ၅၂။ | ၎င်း သစ္စာလေးပါး ဥပမာဖြင့် ပြခြင်း- | ၁၆၇ |
| ၅၃။ | လက်နှစ်သစ်လောက် မိန်းမဉာဏ်နှင့် နိဗ္ဗာန်မရဟု မာရ်နတ်က ဆိုချက်- | ၁၆၈ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၄။ | သောမထေရီက မာရ်နတ်ကိုပြန်၍ချေသော (သံယုတ်ပါဠိတော်) | ၁၆၉ |
| ၅၅။ | သမ္မာဒိဋ္ဌိခွဲပြခက်း- | ၁၇၁ |
| ၅၆။ | သမ္မာဇဉ်လေးပါး ပြခြင်း- | ၁၇၂ |
| ၅၇။ | ကိလေသာမှ လွတ်သော ဝိမုတ္တိငါးပါး- | ၁၇၃ |
| ၅၈။ | သမထလမ်း နိဝရဏ ခြောက်ပါးခွါပုံ- | ၁၇၃ |
| ၅၉။ | မနုဿတ္တ ဗုဒ္ဓသာ ခေါ်ခြင်း- | ၁၇၃ |
| ၆၀။ | ရုပ်တို့၏ ပေါက်ပြန်ပုံ ပြခြင်း- | ၁၇၃ |
| ၆၁။ | အရှင်ဂေါဓမ္မ သာသနာပုက်ပုံ- | ၁၈၀ |
| ၆၂။ | လောကီသူတော်ကောင်း လောကုတ္တရာသူတော်ကောင်း ခွဲ၍ ပြခက်း- | ၁၈၂ |
| ၆၃။ | စရဏနှင့် ဝိဇ္ဇာ ဥပမာကား- | ၁၈၄ |
| ၆၄။ | ပုထုဇာန် အန္ဓ အမိုက်အကန်းကို ပြခက်း- | ၁၈၅ |
| ၆၅။ | ဆေးကု၍မျက်စိမြင်သောကလျာဏပုထုဇာန်ပြခက်း- | ၁၈၇ |
| ၆၆။ | နိဗ္ဗာန်ရောက်သော တရားအကျဉ်းချုပ် ပြခက်း- | ၁၈၉ |
| ၆၇။ | လောကီ-လောကုတ္တရာ နှစ်ပါးတို့၌ အသိအလိမ္မာမှ သာလျှင် ဆုံးခန်းတိုင်အောင်ပြီးသို့ ရောက်နိုင်ကြောင်း- | ၁၉၁ |
| ၆၈။ | နိဗ္ဗာန်သွားလမ်း၌အချို့ကိုက်ပုံမကိုက်ပုံပြခက်း- | ၁၉၂ |
| ၆၉။ | သုဘဒ်ရဟန်းအား ရဟန္တာနှင့်မသိတ်ကြောင်း ပြတော်မူသော ဂါထာ.... | ၁၉၅ |



# နိဗ္ဗာန်လမ်းပြ-ဓမ္မကထိက

## ပဒေသာ လက်သုံး

### သက္ကာယဒိဋ္ဌိကို ပြခန်း

သက္ကာယခေါ်ခြင်းသည်၊ ခန္ဓာငါးပါး ဓာတ် ၁၈-ပါး၊ ၁၇-ပါး၊ ဓာတ်ခြောက်ပါး၊ ဓာတ်လေးပါး၊ အာယတန ၁၂-ပါး၊ ပဋိစ္စသမုပ္ပါဒ်ဓါတ်တရား၊ ရုပ်နာမ်နှစ်ပါး၊ ပရမတ္ထသဘာဝ သဘောတရားတို့ကို ခေါ်သည်ဟုမှတ်။ ဒိဋ္ဌိခေါ်ခြင်းကား၊ အယူမှားခြင်း၊ အမှတ်မှားခြင်း၊ အထင်အမြင်မှားခြင်း၊ အစွဲမှားခြင်းကို ခေါ်သည်ဟုမှတ်၊ ထို့ကြောင့်၊ သဒ္ဒါ သံဝိဇ္ဇမာနဋ္ဌေန ကာယော၊ သက္ကာယော သဘာဝမိကာ ခန္ဓာ ပဉ္စက ယောဂီနာမ်၊ သက္ကာယေ မိစ္ဆာဝဒေသနဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဟု အဋ္ဌကထာ ဖွင့်ပြပေသတည်း။

သဒ္ဒြာ၊ အမှတ်အမှန်၊ ကေန်မခြား ထင် ထင် ရှား ရှား ရှိ သော၊ သံဝိဇ္ဇမာနေ ပရမတ္ထအလို၊ မပျိမပျက် သက်သက် ထင်ရှားခြင်းဖြစ်သော ကာယော၊ ခန္ဓာငါးတန်၊ ရုပ်နာမ်နှစ်ဖြာ သင်္ခါရာမှ ပရမတ္ထ ဦးမှုသည်၊ သက္ကာယော၊ မှုချမကွဲ အမှန်ဘဲမို့၊ အမြဲသက္ကာယပါမေ ည်း၊ ဇော်နာမ် ဤသက္ကာယ ခေါ်သော အမည်သည်၊ တော့မိကာ၊ ခန္ဓာပဉ္စကသုံးသယ် တာဟု လုံးလုံးကျင်လည် မတည်မရပ် ဤပရမတ္ထ ခန္ဓာငါးပါးတို့၏ နာမ်၊ အမည်သညာ၊ များလူငါတို့ ခေါ်ရာပါမေ

တည်း။ သက္ကာယေ၊ မုချကောန်၊ ပရမတ်ဉာဏ်ဖြင့်၊ အမှန်ထင်ရှားရှိကုန်သော သက္ကာယမှန်၊ ငါးတန်ခန္ဓာ နှစ်ဖြာရုပ်နာမ် တရားကြီး ထဲ၌၊ မိစ္ဆာဝသေန ပုဂ္ဂိုလ်သတ္တဝါ၊ ငါငါထင်ချက်၊ အသက်ဝိညာဉ်ရှိ၏ဟု မှားသော အစွမ်းအားဖြင့်။ ဝါ၊ သူတဲ့ငါတဲ့၊ အထင်လွဲကာ၊ သတ္တဝါ ခပင်း မှားကြခြင်းဖြင့်။ ဒိဋ္ဌိ—ထင်ခြင်း, မြင်ခြင်း, မှတ်ခြင်း, ယူခြင်း, စွဲခြင်း,လွဲခြင်းကို သက္ကာယဒိဋ္ဌိ၊ သက္ကာယကို၊ မုချကောန် ပရမတ်ဉာဏ်ဖြင့်၊ အမှန်တိတိ၊ မြင်မသိ၍၊ ဒိဋ္ဌိကသော ငါငါတကာစပ်၊ ခြားမပြတ်အောင်၊ ပါဒ်ဘီဇနာကလေးမကျန်ရ၊ အမြဲမရှု၊ အများသတ္တဝါ၊ မှားကြလေကုန်သတည်း။

ထို့ကြောင့်။ သုံးဆယ့်တဘုံ၊ လုံးစုံခံစား စံစားကြသော သတ္တဝါ အများတို့၌ ပရမတ္ထ သဘာဝအားဖြင့်၊ ထင်ထင်ရှားရှား ရှိသော ရုပ်နာမ် ခန္ဓာတရားတို့ကို သက္ကာယဟု ခေါ်သည်။ ၎င်းသက္ကာယကို ပရမတ္ထအားဖြင့် မသိကြသောကြောင့် ပညတ်အနေအားဖြင့်၊ သူတဲ့ ငါတဲ့ ပုဂ္ဂိုလ်တဲ့ သတ္တဝါတဲ့ မိန်း,ယောက်ျား ထင်ထင်ရှားရှားတဲ့ဟု အလွဲကြီး အယူအမှတ် အထင်အမြင် အစွဲမှားခြင်းကို ဒိဋ္ဌိဟု ခေါ်သည်။ ၎င်း ပုဂ္ဂိုလ် သတ္တဝါ ငါ,သူ,တပါး ယောက်ျား,မိန်းမဟု ခေါ်ဆိုကြသော အကောင်ကြီးထဲ၌ အသက်, လိပ်ပြာ, ဇီဝ, အတ္တ, ငါကောင်ကလေး အမြဲ ကိန်းအောင်းလျှက်နေ၏။ ၎င်း ငါကောင်အသက် ကလေး သည်၊ ကမ္ဘာကုန်သော်လည်း၊ မသေမပျက် အမြဲတည်ရှိ၏။ ခန္ဓာပျက်စီးလျှင် ကုသိုလ်, အကုသိုလ်ကံ အလျောက်၊ ဖြစ်ပေါ် လာသော ခန္ဓာတို့တွင် ကူးပြောင်းလျှက်အမြဲနေ၏။ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးကို အမြဲတဲ့ သူ့ခံစားစံစား၏၊ ၎င်း ငါကောင်ကလေးသည်၊ အနိစ္စတရား မရှိ၊ နိစ္စတရား အမြဲသာရှိ၏ဟု ယူခြင်း။ ဤကဲ့သို့ယူခြင်းကို၊ သက္ကာယ ဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန်။ ကြိယာဒိဋ္ဌိ ကာမသုခလ္လိကာနုယောဂ၊ မိစ္ဆာဒိဋ္ဌိဟု အမျိုးမျိုးခေါ်၏။

၁။ သက္ကာယဒိဋ္ဌိ ပရမတ္ထသဘာဝကို မသိ၍၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတပါး ယောက်ျား မိန်းမဟု၊ အထင်အမြင် အယူအမှတ်အစွဲမှား ခြင်း၊

၂။ သဿတဒိဋ္ဌိ၊ အသက်လိပ်ပြာ ပုဂ္ဂိုလ် သတ္တဝါ ငါငါဆိုသော အကောင် ကလေးသည်၊ ကမ္ဘာများစွာ ကုန်ကာ ကြေသော်လည်း၊ မသေမပျက်မြဲ၏။ ရုပ်ခန္ဓာတခု ပျက်စီးလျှင်၊ ကုသိုလ်၊ အကုသိုလ်တို့ကြောင့်၊ တဖန်ဖြစ်ပေါ်လာသော ခန္ဓာတခုသို့ ပြောင်း၍၊ ဆိုး၊ ကောင်း နှစ်ခုကို အမြဲခံစားစံစား၍ နေသည်ဟု အထင်အမြင် အမှတ်အယူအစွဲ မှားခြင်း။

၃။ အတ္တဒိဋ္ဌိ၊ အသက်လိပ်ပြာ၊ ပုဂ္ဂိုလ် သတ္တဝါ သူငါ ယောက်ျား ထင်ရှားမိမ္မရှိ၏ ဟု၊ အထင်အမြင် အမှတ်အယူ အစွဲ မှားခြင်း။

၄။ အတ္တာနုဒိဋ္ဌိ ရှင်း အသက်လိပ်ပြာ၊ ပုဂ္ဂိုလ် သတ္တဝါ ငါငါဆို သော အကောင်ကလေးသည်၊ သတ္တဝါ ဖိုမတို့၏ ကိုယ်ခန္ဓာတွင်၊ အစဉ် အမြဲရှိ၏ ဟု၊ အမှတ်အယူ အထင်အမြင် အစွဲ မှားခြင်း။

၅၊ အတ္တဝါဒုပါဒါန်၊ မကောင်းမှု ကောင်းမှုတို့၌ ပင်လျှင် ငါတဲ၊ ငါ၌ပင်လျှင် မကောင်းမှု ကောင်းမှုတဲ၊ ကုသိုလ် အကုသိုလ်၌ပင်လျှင် ငါတဲ၊ ငါ၌ပင်လျှင် ကုသိုလ် အကုသိုလ်တဲ ဟု အထင် အမြင် အမှတ် အယူအစွဲမှားခြင်း။

၆။ ကြိယဒိဋ္ဌိ၊ ကုသိုလ်ကို ငါပြု၍ လူနတ်ချမ်းသာကို နိဗ္ဗာန်မရမှီ၊ ငါ ခံစားစံစားရမည်၊ အကုသိုလ်ကို ငါပြု၍ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံ၌ ငါခံရဦးမည်ဟု၊ အထင် အမြင် အမှတ် အယူ အစွဲ မှားခြင်း။

၇။ ကာမသုခလ္လိကာနုယောဂ၊ ဒါန သီလ ဘာဝနာ စသော ဆယ် ဖြာပုည ကုသလတို့၏၊ အကျင့်ကြောင့်၊ အကျိုးကာမဂုဏ် ငါးပါး စည်း စိမ်သည် ကောင်း၏ဟု၊ အထင်အမြင် အမှတ်အယူ အစွဲမှားခြင်း။

၈။ အတ္တကိလမထာနုယောဂ၊ ကိုယ်ခန္ဓာကိုများစွာ နှိပ်စက်ညှင်း ပန်း၍၊ အငတ်အမွတ်ခံခြင်း အကျင့်သည် မြတ်၏ ဟု၊ အထင် အမြင် အမှတ် အယူ အစွဲ မှားခြင်း။

၉၊ ရှင်းပြခဲ့သော အယူမှားခြင်းတို့ကို၊ သဿတဒိဋ္ဌိဟု ခေါ်သည်။ အယူမှား မှန်က ဘယ်အယူမှား မဆို မိစ္ဆာဒိဋ္ဌိဟု ပေါင်း၍ ချုံး၍ ကျဉ်း၍ ခေါ်ပြန်သည်ဟု မှတ်။

ဝိုင်းသက္ကာယဒိဋ္ဌိ၌၊ အကျယ်အားဖြင့် ၂၀-ရှိ၏၊ ရုပ်သည် ငါ၊ ငါသည် ရုပ်၊ ရုပ်ထဲ၌ ငါရှိ၏ဟု ရုပ်တရား၌ အထင်အမြင် အမှတ် အယူ အစွဲ မှားခြင်း လေးပါး၊ ဝေဒနာခံစားမှုသည် ငါ၊ ငါသည် ဝေဒနာ ခံစားမှု ခံစားခြင်း ဝေဒနာထဲ၌ ငါရှိ၏၊ ငါထဲ၌ ခံစားခြင်း ဝေဒနာ ရှိ၏ဟု၊ ခံစားမှု ဝေဒနာ၌၊ အထင်အမြင် အမှတ်အယူ အစွဲ မှားခြင်း လေးပါး၊ မှတ်မှု သညာသည် ပင်လျှင် ငါ၊ ငါသည် ပင် လျှင် သညာ မှတ်မှု၊ မှတ်မှု သညာ စိတ်ထဲ၌ ငါရှိ၏၊ ငါထဲ၌ မှတ်မှု သညာ စိတ် ကလေးရှိ၏ဟု မှတ်မှု သညာစိတ်၌ အထင် အမြင် အမှတ် အယူ အစွဲ မှားခြင်းလေးပါး၊ ၊သင်္ခါရ၊ ကုသိုလ်, အကုသိုလ်ပြုမှု စိတ်သည် ငါတဲ့ ငါသည်ပင်လျှင် ကုသိုလ်, အကုသိုလ်မှု ပြုသည်၊ ကုသိုလ်, အကုသိုလ် ပြုမှု သင်္ခါရထဲ၌ ငါရှိ၏၊ ငါထဲ၌ ကုသိုလ် အကုသိုလ် သင်္ခါရ ပြုမှု ရှိ၏ ဟု၊ သင်္ခါရ ကုသိုလ် အကုသိုလ်ပြုခြင်း၌ အထင် အမြင် အမှတ် အယူ အစွဲမှားခြင်းလေးပါး၊ ။အာရုံအပေါ်ကို သိတတ်သော ဝိညာဏ်စိတ် ကလေးသည် ပင်လျှင် ငါ၊ ငါသည် ပင်လျှင် သိမှုစိတ်၊ သိမှုစိတ်ထဲ၌ ငါရှိ၏၊ ငါထဲ၌ သိမှု စိတ်ရှိ၏ ဟု၊ ဝိညာဏ်စိတ်၌ အထင်အမြင်အမှတ် အယူ အစွဲမှားခြင်းအားဖြင့် ခန္ဓာငါးပါးတွင် လေးပါးစီ ပြား၍ ၂၀ ဖြစ်ကုန်၏။ ။

ဝိုင်းသက္ကာယဒိဋ္ဌိ ၂၀-ကို၊ ဥစ္ဆေဒ ဒိဋ္ဌိ, သဿတဒိဋ္ဌိ နှစ်မျိုးခွဲလိုက် သော်။ ၊"အစငါးတွေ-ဥစ္ဆေဒ၊ ကြွေလေသဿတ"ဟုမှတ်။ ၊သဿတ ဒိဋ္ဌိ အယူမှား ၁၅ ဥစ္ဆေဒဒိဋ္ဌိ အယူမှား ၅-ခုဖြစ်၏၊ "ရူပဝေဒနာ သညာ သင်္ခါရ ဝိညာဏ"မှတ်ကြ ငါခန္ဓာ၊ ပါဠိလို၊ "ပေါက်ပြန် ခံစား မှတ်သားစီမံ၊ သိကြောင်းကြံမှတ်ရန် အကျဉ်းသာ" မမာလို။ ဤခန္ဓာ ငါးပါးသည် ငါကောင်တဲ့ဟု မှတ်ထင်ပြီး၊ သေလျှင် ပျောက်၏ ဘာမျှ မဖြစ်ဟု အယူရှိခြင်းကို ဥစ္ဆေဒဒိဋ္ဌိ ခေါ်သည်၊

ဤခန္ဓာငါးခုသည် ပင်လျှင် ငါကောင်တဲ့၊ ဤခန္ဓာငါးပါးထဲ၌ ငါ ရှိ၏၊ ငါကောင်ထဲ၌ ဤခန္ဓာငါးပါးရှိ၏ဟု၊ ၃-မျိုး ငါးလီ ၁၅-ခု၊ ဤ ၁၅-ခု၊ ငါငါဆိုသော အကောင်ကလေးသည် ပြို၏ ဒိုင်၏ ပုဂ္ဂိုလ်

ဘဲ့, သတ္တဝါဘဲ့, မိန်းမဘဲ့, ယောကျ်ားဘဲ့, အသက်ဘဲဟု အထင်အမြင် အမှတ် အယူ အစွဲမှားခြင်းကို သက္ကာယဒိဋ္ဌိ ဟု ခေါ်ကြ၏။ ၊

သက္ကာယဒိဋ္ဌိသည် အကျယ်အားဖြင့် ပညတ် အမည်တခုမှာလျှင် လေးပါးကျ ငါးပါးသော် သက္ကာယဒိဋ္ဌိ အနန္တ ဖြစ်ကုန်၏၊ ဥပမာ- ဆံပင် တခုသဲပင်လျှင် ဆံပင်သည်-ငါ၊ ငါသည် ဆံပင်၊ ဆံပင်ထဲ၌ ငါရှိ၏။ ငါထဲ၌ ဆံပင်ရှိ၏ဟု လေးပါးကျ ငါးပါးသော် ဆံပင်၌ သက္ကာယဒိဋ္ဌိများ စွာဖြစ်၏။ မွေးညှင်း၌လည်း ထို့အတူ ဖြစ်၏၊ ခြေသည်း လက်သည်း စသည်ဖြင့် ၃၂-ကောဋ္ဌာသ တို့၌ များစွာ, သက္ကာယဒိဋ္ဌိတွေ ဖြစ် ကုန်၏။ ။

ပါဠိလို၊ သက္ကာယဒိဋ္ဌိ ခေါ်ခြင်းကား၊ သတ္တ ပုဂ္ဂလ ဇီဝ အတ္တ၊ မနုဝ, သာသတ, ဣတ္ထိ, ပုရိသ, အဘ, မမ, မေ, အညသ ကသာဝိ ဟူ၍ အမျိုး မျိုး ခေါ်ကြကုန်၏။

သက္ကာယဒိဋ္ဌိ အယူမှား ပျောက်လျှင်၊ ဒိဋ္ဌိကြီး ၃-ပါး မိစ္ဆာဒိဋ္ဌိ-၆၂ ပါး အယူမှားရှိသမျှ အကုန်ပျောက်ကုန်၏၊ ဒိဋ္ဌိကြီး ၃-ပါး၊ မိစ္ဆာဒိဋ္ဌိ ၆၂-ပါး အယူ ပျောက်သော်လည်း၊ သက္ကာယဒိဋ္ဌိ အယူမပျောက်ဟု မှတ်။ အယူမှားမှန်သမျှ သက္ကာယဒိဋ္ဌိ သည်သာလျှင်၊ အရင်းအမြစ် အနိုင်အမာဖြစ်၏၊ အဘယ်ကြောင့်ဆိုသော်၊ ခန္ဓာငါးပါး၌ ငါကောင် ဘဲဟု၊ အမြဲယူခြင်းက အစပြု၍၊ ခန္ဓာငါးပါး ငါကောင်သည် မိစ္ဆာဒိဋ္ဌိ အယူတို့ကို လိုက်၍ယူ၏၊ အဓိပ္ပါယ် ငါကောင်ရှိ၍ ငါ-အယူ အမျိုး မျိုးကိုယူသည်၊ ငါကောင်မရှိက အယူမှားအမျိုးမျိုးကို လိုက်၍,လိုက်၍, မယူနိုင်၊ မိစ္ဆာဒိဋ္ဌိအယူမှား အမျိုးမျိုးကို၊ ပယ်နိုင် ဖြတ်နိုင် ရှောင်နိုင် လွှဲနိုင် ဖယ်နိုင်၊ ပျောက်ကင်းသော်လည်း၊ ဤခန္ဓာငါးပါးကို ငါဘဲဟု စွဲလန်းမှတ်ထင်ခြင်းအယူသည်၊ ဘယ်နံ့ရောအခါမှ၊ မပျောက်ကင်းချေ၊

ထို့ကြောင့် သက္ကာယဒိဋ္ဌိ ပဓာနေန ဒွါသဋ္ဌိဧယာ မိစ္ဆာဒိဋ္ဌိ ပဟီ ယတိ ဟု၊ အဋ္ဌကထာဖွင့် ပြကုန်၏။ ။

သက္ကာယဒိဋ္ဌိပဓာနေ၊ သက္ကာယဒိဋ္ဌိ ၂၀-ကို၊ ပယ်ဖြတ်နိုင်က၊ ဒွါ သဋ္ဌိဧယာ ၆၂-ပါးသော၊ မိစ္ဆာဒိဋ္ဌိ အယူမှား ဒိဋ္ဌိတို့ကို။ ပဟီယတိ ပယ်ရှား စွန့်ပစ် နိုင်လေတော့သတည်း။ ၊

## ဥစ္ဆေဒဒိဋ္ဌိကို ပြချက်း

ဥစ္ဆေဒဒိဋ္ဌိ အယူသည်၊ သေဆုံးလောင်တိုး ဘာမျှမဖြစ်ဘဲဝပြတ်၏ ဟု ယူခြင်းကို ခေါ်သည်။ ။၎င်းအယူနှင့် သဘောတူ အယူတို့ကား၊

(၁) အကြိယဒိဋ္ဌိ ကုသိုလ်, အကုသိုလ်ကို ပြုကျင့်သော်လည်း၊ မခံရ မစံရ၊ ဘာမျှမဖြစ် ပျောက်၏ ဟု ကံတို့၏ အကျိုးကို ပယ်ခြင်း။

(၂) အဟေတုက ဒိဋ္ဌိ၊ အကြောင်းပြုသော် လည်း၊ အကျိုးမရှိ။ ၂၄-ပစ္စည်းတည်းဟူသော အကြောင်းအကျိုးတို့ကို ပယ်ခြင်း။

(၃) နတ္ထိကဒိဋ္ဌိ၊ တမလွန်သံသရာ၌ ကျင်လည်သော သတ္တဝါမရှိ ဟု ယူခြင်း၊ သံသရာလောက မရှိဟု ယူခြင်း။ ဤအယူ သုံးမျိုးသည်၊ သဘောအတူတူဖြစ်၍ ဥစ္ဆေဒအယူတွေ ဖြစ်ကုန်၏။

မိစ္ဆာဒိဋ္ဌိအယူ ၆၂-ပါး၌ ၁၈-ပါးသည် ဥစ္ဆေဒဒိဋ္ဌိအယူဖြစ်ကုန်၏၊ ၄၄-ပါးသည် သဿတ ဒိဋ္ဌိအယူ ဖြစ်ကုန်၏။

ဤ ကမ္ဘာလောကကြီး ဖြစ်ပေါ်လာ၍၊ သတ္တဝါတို့ ကမ္ဘာဦး ကတည်းက ရှေးဦးစွာပဌမ ကြိယဒိဋ္ဌိကံတို့၏ အကျိုးအပြစ်ကို ယုံကြည်မှုအယူ ပေါ်ထွန်းလာကုန်၏။ ။၎င်းအယူသည် သဿတ ဒိဋ္ဌိအယူပေတည်း။ ။နောက် အချို့သူတို့က ၎င်းကြိယ ဒိဋ္ဌိ အယူကို လိုက်၍ဖျက်မှုကြောင့်၊ ကံတို့၏အကျိုးကို ပစ်ပယ်ခြင်း တည်းဟူသော အကြိယဒိဋ္ဌိအယူ ဖြစ်ပေါ်လာကုန်၏။ ။၎င်း အကြိယ ဒိဋ္ဌိအယူကို ဥစ္ဆေဒဒိဋ္ဌိအယူ ခေါ်ကုန်၏။

ကမ္ဘာဦးက၊ ကြိယဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ၊ ထို့နောက် အဟေတုက ဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိတို့ ဖြစ်ပေါ်လာကုန်၏၊ ထို့နောက် ၆၂ ပါးသော မိစ္ဆာ ဒိဋ္ဌိအယူ ဖြစ်ပေါ်လာကုန်၏။ သက္ကာယဒိဋ္ဌိအယူမှာမူကား၊ သတ္တဝါ ဟူ၍ ဖြစ်လာကတည်းက တခါတည်း တပါးတည်း ငါ ငါ ထင် ချက် သည် အတူတကွပါ၍လာသော အယူပေတည်း။ ထိုသက္ကာယဒိဋ္ဌိ ရှိသမျှ ကာလပတ်လုံး ဒိဋ္ဌိကြီး ၃-ပါး၊ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးတို့ကို စောင့်ယူရဦး

မည်။ ။ယခုဘဝ မယူသော်လည်း နောက်နောင်ဘဝတို့၌ ကောန်ယူရမည်ဟု မှတ်။

ဘုရားကိုယ်တော်မြတ် ပွင့်ပေါ်သောအခါ၊ ဤလောကကြီး၌ အယူရှိသမျှတို့ကို ပေါင်းစု၍ သဿတဒိဋ္ဌိအယူ၊ ဥစ္ဆေဒဒိဋ္ဌိအယူဟု နှစ်မျိုး ဝေဘန်တော်မူ၏။ ။အဘယ့်ကြောင့်ဆိုသော် အကျင့်သန်၍ အယူပျော့ခြင်း၊ လျော့ခြင်းကို သဿတဒိဋ္ဌိ အယူအကျင့်ဟု ဝေဘန်တော်မူသည်။ အယူသန်၍ အကျင့်ပျော့ခြင်း၊ လျော့ခြင်းကို ဥစ္ဆေဒဒိဋ္ဌိ အယူအကျင့်ဟု ဝေဘန်တော်မူသည်။ ထို့ကြောင့် ဓမ္မစကြာ ပဝတ္တနသုတ်၌ ပဉ္စဝဂ္ဂီငါးဦးတို့အား အယုတ်တရားနှစ်ပါးကို ဟောတော်မူသည်....။ (အတ္တကိလမထာ နုယောဂ၊ ကာမသုခလ္လိကာ နုယောဂ) ၎င်း အယူအကျင့်နှစ်မျိုးသည် အယူအကျင့်မမျှ၍ ချိန်မကိုက်သော အယူအကျင့်မျိုးပေတည်း။

၁။ အတ္တကိလမထာ နုယောဂ အကျင့်သည် အယူ လျော့၏။ အကျင့်သန်၏။

၂။ ကာမသုခလ္လိကာ နုယောဂအကျင့်သည် အယူသန်၏၊ အကျင့် လျော့၏။ အကျင့်နှင့်အယူ မညီမျှ၍ ချိန်မကိုက်ခြင်းကြောင့် အယုတ်တရားနှစ်ပါးဟု ပယ်တော်မူသည်။

လောကကြီး၌ ပုထုဇဉ်တို့၏ အယူအကျင့်မှန်သမျှကို၊ ဥစ္ဆေဒ-သဿတဟု ခွဲ၍ဟောတော်မူခြင်း၊ အကြိယဒိဋ္ဌိ၊ ကြိယဒိဋ္ဌိဟု ခွဲ၍ဟောတော်မူခြင်း၊ အတ္တကိလမထာ နုယောဂဟု၊ ကာမသုခလ္လိကာ နုယောဂဟု ခွဲ၍ဟောတော်မူခြင်း ဖြစ်ပေသည်။

ဘုရားကိုယ်တော်မြတ်၏ အယူအကျင့်သည် အဘယ်ကဲ့သို့ အယူနည်းဟုဆိုလျှင်၊ အခြားက အယူအကျင့်တမျိုးမဟုတ်။ ဤလောက၌ သတ္တဝါတို့၏ အယူအကျင့်ကိုပင်လျှင် ညီမျှစွာ ချိန်ကိုက်အောင်ပြု၍ ထားခြင်းပေတည်း။ အယူနှင့်အကျင့် ညီမျှ ချိန်ကိုက်သော တရားကို ဘုရား၏တရား၊ မဇ္ဈိမပဋိပဒါတရား၊ ဒုက္ခဂါမိနီ ပဋိပဒါတရား၊ အလယ်အလပ်တရား၊ မယုတ်မလွန်တရား၊ အဓောဘ်ဘဲ မနေသောတရား၊ ညီမျှသောတရား ချိန်ကိုက်သောတရား၊ မဂ္ဂင်တရား၊ မင်တရား၊ ဗိုလ်တရား နိဗ္ဗာန်တရား၊ အကုသိုလ်၊ ကုသိုလ်တို့ကို စွန့်နိုင် ပယ်နိုင်သော တရား၊

ဒုက္ခခပ်သိမ်း ကင်းလွတ်ငြိမ်းသောတရား၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ ကိုးကွယ်ဆည်းကပ် လေးမြတ်ရိုသေ ကျင့်ကြံကိုက်သော တရားဟု အမျိုးမျိုးဝေဘန်၍ ဟောတော်မူခြင်းပေတည်း၊

## သိက္ခာ ၃-ပါးပြခန်း

ပညာသိက္ခာ-သီလသိက္ခာ-သမာဓိသိက္ခာ-ဟု သုံးပါးရှိ၏။ ၎င်းသုံးပါးတွင်၊ ပညာသိက္ခာသည် အယူမှန်မှန်ကို နှိုင်းချိန် တိုင်းဆ တွေးတောဆင်ခြင်ဘို့ရာပါပေတည်း။ ။သီလသိက္ခာသည်၊ အယူကို ပိုင်ပိုင်နိုင်နိုင် ယထာဘူတ ဟုတ်မှန်တိုင်းသိ၍ အယူနှင့် ညီမျှစွာ ကျင့်ရသော သိက္ခာပါပေတည်း။ ။သမာဓိသည်၊ အယူနှင့် အကျင့် နှစ်ပါးတို့ကို ချိန်ကိုက်အောင် ညီမျှအောင်ပြုထားသည့်အကျင့်း ဘယ်တက်ကိုမျှ မသာ မလျော့ရအောင် အလယ်က ခိုင်ခိုင်ခံ့ခံ့ ဖြောင့်မတ် တည်ကြည်မှု သိက္ခာပါပေတည်း။ ။

ထို့ကြောင့်၊ ပညာသာလျှင် ရှေးဦးစွာ ရှေ့သွား၍ ဘုရားကိုယ်တော်မြတ် ဓမ္မကြာတွင် ဟောတော်မူသည်။ ပညာသာလျှင် အယူနှင့် အကျင့် မှန်မမှန်ကို ဆုံးဖြတ်နိုင်ကုန်၏။ ပညာသာလျှင် ရှေ့ပြေးဖြစ်ကုန်၏။ ပညာသာလျှင် သံသရာလွန်မြောက်နိုင်ကုန်၏။ ပညာသာလျှင် လောကီ-လောကုတ္တရာ နှစ်ပါးကြီးပွားရန် မြော်မြင်နှိုင်းဆနိုင်ကုန်၏။ ပညာသာလျှင် မဂ်ညာဏ်၊ ဖိုလ်ညာဏ် နိဗ္ဗာန်တရားတို့ကို ထိုးထွင်း၍ သိနိုင် မြင်နိုင် လေကုန်၏။

## သိက္ခာသုံးပါးနှင့်—မဂ်လေးပါး ချိန်ကိုက်၍ပြချက်။

ပညာသိက္ခာက အယူဝါဒရှိသမျှ သင့်[illegible]ကတ်မြောက်၍ သက္ကာယဒိဋ္ဌိ-၂၀၊ မိစ္ဆာဒိဋ္ဌိ-၆၂၊ ဒိဋ္ဌိကြီးသုံးပါးအယူကို ဇကန်မှား

မုန်းသိ၍ ဤအယူတွေကို၊ ဝိစိကိစ္ဆာ သို့လော အသို့လော၊ တွေးတော ပြို့ပြင်ခြင်း ကင်းပျောက်၍ ပယ်လိုက် ဖြတ်လိုက်၊ စွန့်လိုက်သော်၊ သီလသိက္ခာ အရာက၊ (သက်သတ်ခိုးမှု ကာမေသုနှင့်၊ မုသားမိစ္ဆာ၊ ကင်းဖြတ်ကွာ၊ မှတ်ပါသောတာပန်) ဟု ဆိုသည့်အတိုင်း၊ ဒုစရိုက် ငါးပါးသမုစ္ဆေဒ်၊ အမြစ်ဖြတ်လုံခြုံလေတော့၏၊ အနုသယ ကိလေသာ မြစ်ဖြတ်ခြင်းကြောင့်၊ သီလကို နှုတ်မြွက်၍ ဆိုခြင်း ထိန်းခြင်း မလို တော့ပြီဟု မှတ်။

သမာဓိ သိက္ခာက၊ အလိုလို သောတာပန် တည်လေတော့၏၊ တည် ဆိုသော စကား၊ ခိုင်ဆိုသောစကား၊ မြဲဆိုသော စကား၊ မပျက်ဆို သောစကား၊ လုံခြုံဆိုသော စကားတို့သည်၊ သမာဓိ အရာချည့်တဲ့ ဟု မှတ်၊ ထို့ကြောင့် ပညာရှေ့ပြေး၊ သီလ သမာဓိ နောက်လိုက်ဖြစ် ကုန်၏။ သီလခိုင်မြဲခြင်းကိုပင်လည်း သမာဓိဟု ခေါ်၏၊ အပါယ်လေး ပါးအောက် သံသရာပြတ်မှု၌ ခိုင်မြဲသည်ကိုလည်း၊ သမာဓိဟု ခေါ်၏။ သမာဓိ၌၊ တဘဝ-တနပ်စာ၊ ခိုင်မြဲသော၊ တဒင်္ဂသမာဓိ၊ နှစ်ဘဝ-နှစ် နပ်စာ၊ ခိုင်မြဲသော၊ ဝိက္ခမ္ဘနသမာဓိ၊ ဘယ်အခါမှ မပျက်အောင်ခိုင်မြဲ သော သမုစ္ဆေဒသမာဓိဟု၊ သုံးမျိုးရှိသည်ဟုလည်း မှတ်လေ။

ပညာဉာဏ် သိက္ခာရှေ့ပြေးမန့်၊ ဦးစီးမရှိဘဲလျက်၊ သီလသိက္ခာ သက် သက် ဖြစ် ခဲ့ သော်၊ လူ့ပြည်-နတ်ပြည်၌၊ တဘဝ-တနပ်စာ၊ သမာဓိမျိုးဟု မှတ်။

ပညာဉာဏ်ရှေ့ပြေး ဦးစီးမရှိဘဲ၊ သမာဓိသိက္ခာ သက်သက် ဖြစ် ပြန်သော်လည်း၊ သမထ-၄၀ သမာဓိလမ်းအတိုင်း ဗြဟ္မာပြည် တဘဝ ရင်းဗြဟ္မာပြည်က ပြုတ်ကျ၍၊ လူ့ပြည်၌ရင်း နတ်ပြည်၌ရင်း၊ တဘဝ ပေါင်းနှစ်ဘဝ၊ နှစ်နပ်စာ သမာဓိမျိုး ပေတည်းဟုမှတ်။

သီလသိက္ခာလမ်း၊ သမာဓိ သိက္ခာလမ်း တို့သည်၊ သဒ္ဓါထက်သန် သော လမ်းမျိုးပေတည်း၊ ပညာသိက္ခာလမ်းသည်၊ ဉာဏ်ထက်သန်သော လမ်းမျိုးပေတည်း။ သဒ္ဓါထက်သန်လွန်ကဲက၊ သဿတဒိဋ္ဌိဖြစ်၏၊ ပညာ

နှင့် သဒ္ဒါကို ညီမျှချိန်ကိုက်ခြင်းကို၊ ဘုရား အယူ နိဗ္ဗာန် ရောက်ကြောင်း တရားဟု ခေါ်သည်။

သီလလမ်း၊ သမာဓိလမ်းတို့သည်၊ အကျင့် လွန်ကဲ၍ အယူလျော့သော-လမ်းဖြစ်ကုန်၏၊ ကျင့်သည့် အပိုင်း သေလျှင် နိဗ္ဗာန်ရောက်ကရောဟု၊ ထက်ထက်သန်သန် ကျင့်သလောက်၊ အယူကိုမယူကုန်။

ထို့ကြောင့်၊ သဿတဒိဋ္ဌိ၊ အကျင့်သန်-အယူလျော့သောလမ်း၊ ချိန်မကိုက်သောလမ်း၊ အယုတ်တရားလမ်း၊ မညီမျှသောလမ်း၊ နိဗ္ဗာန်မရောက်သောလမ်း၊ ဒုက္ခမငြိမ်းသောလမ်းဟု၊ သီလနှင့်သမာဓိကို ဆိုပေသည်၊

ပညာသိက္ခာလမ်းသည်၊ သီလသမာဓိလမ်းကိုလွတ်၍ ပညာသက်သက်ဖြစ်ခဲ့သော်၊ အကျင့်ကိုဖြတ်ပြီး၊ အယူသက်သက်ဖြစ်၍၊ အယူလွန်ကဲသည့်အတွက်၊ ဥစ္ဆေဒဒိဋ္ဌိဖြစ်ကုန်၏။ ၎င်း ဥစ္ဆေဒ အယူသည် ဉာဏ်သေးသော သူတို့မဖြစ်နိုင်၊ ဉာဏ်ထက်သန် လွန်ကဲ သူတို့သာ ဖြစ်နိုင်ကုန်၏။ ထို့ကြောင့်၊ ပညာလမ်းသည်၊ အယူသန်၍ အကျင့်လျော့သောလမ်းဖြစ်၍၊ ဥစ္ဆေဒဒိဋ္ဌိ အယူလမ်းကို အယုတ်တရားလမ်း၊ နိဗ္ဗာန်မရောက်သောလမ်း ချိန်မကိုက်သောလမ်း၊ မညီမျှသောလမ်းဟု ဤလမ်း ၂-မျိုးကို၊ ပယ်တော်မူ၏။

ဤသီလ သမာဓိ သဒ္ဒါ- လွန်ကဲသောလမ်း၊ ပညာဉာဏ် လွန်ကဲသောလမ်း၊ ဤသိက္ခာသုံးပါးတရားကို ဥစ္ဆေဒ သဿတဟူ၍ ဘုရားပယ်တော်မူလျှင် အဘယ်သိက္ခာလမ်းသည်၊ အရှင်ဂေါတမ၏ အယူအကျင့် လမ်းပါ ပေတည်းဟု မေးသင့်၏။

(ဥပမာ) သုံးဆယ့်တောင် ထောင်တွင်း၌ ခံနေရသော သူသည် ၎င်းထောင်ပြင်ထွက်၍၊ အလုပ်တမျိုး လုပ်စရာမရှိ၊ ၎င်းထောင်တွင်းက အလုပ်ကိုပင် ကျေကျေပြွန်ပြွန် ပြုလုပ်ပါက၊ လျင်လျင်မြန်မြန် ထောင်တွင်းမှ ကျွတ်လွတ်သကဲ့သို့၊ ထို့အတူ ဤသုံးပါး ထောင်တွင်း၌ရှိသော တရားတွင်၊ ကောင်းသောတရားကို ရွေးချယ်၍၊ အကျင့် နှင့် အယူညီအောင်၊ ကျင့်ကြံသော တရားပေတည်း။

ဘုံသုံးပါး၌၊ အကုသလတရား, ကုသလတရား နှစ်ပါးရှိကုန်၏၊ အကုသလကို ပယ်၍၊ ကုသလတရား ပညာသီလ သမာဓိ သိက္ခာသုံးပါးကိုပင်၊ အယူနှင့် အကျင့် ညီမျှအောင် ပြုလုပ်သော တရားပေးတည်း။ သိက္ခာသုံးပါးကို၊ သဒ္ဓါနှင့်ပညာ အချိန်ကိုက်အောင်ပြုခြင်းကိုပင်၊ မဂ္ဂင်တရားဟုခေါ်၏၊ မလျော့လွန်း မတင်းလွန်းသောတရား၊ ဥစ္စေဒသဿတ လွတ်သော တရား၊ အကျင့်မြတ် အယူမြတ် တရားဟု၊ အမျိုးမျိုး ပါဠိဘာသာ ဗမာဘာသာ တရားဖြင့် ခေါ်ကြ၏။

သကာဒါဂါမိ မဂ်၌၊ ကာမရာဂ သံသဂ္ဂစိတ်၊ ခေါင်းပါး အောင် ပညာဘက်နှင့် သီလ သမာဓိ နှစ်ပါးညီမျှအောင် နေမှုပေတည်း။

ပညာက, သီလဘက်တွင်၊ ကာမရာဂ ခေါင်းပါးတတ်သော အကျင့် သိက္ခာကိုလိုက်၍ ရှာသော်၊ ဗြဟ္မစရိယ အကျင့်မြတ်သော သိက္ခာကို တွေ့၏၊ မေထုန်မှု မပြုခြင်းကိုခေါ်သည်။ မေထုန အကျင့်သည် မမြတ်သော အကျင့်၊ အဗြဟ္မစရိယ အကျင့်ဟုခေါ်၏။ ၎င်းကိုရှောင်၍နေမှုကိုပင်၊ အဗြဟ္မစရိယာ ဝေရာမဏီဟု ပါဠိလို ခေါ်ဆိုကြကုန်၏။

အနာဂါမိမဂ်၌မူကား၊ အထက်က သကာဒါဂါမိမဂ်၊ သဒ္ဓါနှင့်ပညာ အချိန်ကိုက်အောင် ပြုသည်အကိုင်း၊ ညီမျှ၍ တဆင့်တက်၍ ကာမရာဂ သံသဂ္ဂစိတ် အမြစ်ပြတ်မှု ပေတည်း၊ ကာမရာဂ အနုသယ ကြံမှုကို သကာဒါဂါမိဟု ခေါ်၏၊ ၎င်းစိတ် အနုသယပြတ်မှုကို အနာဂါမိ ဟု ခေါ်၏။ အနာဂါမိဖြစ်သည်နှင့် တပြိုင်နက် ဒေါသစိတ် ပြတ်ကုန်၏။ ဒုစရိုက်မှု၌လည်း ဒေါသနှင့် ဆိုင်သော ကျင့်မှု၊ ဖရုသဝါစာ ဗျာပါဒ တရားသုံးပါးအမြစ်ပြတ်လေတော့၏။ ထို့ကြောင့်(ပဿဒ္ဓိရူသ ဗျာပါဒ ပြတ်က အနာဂါမိ) သကာဒါဂါမိ ပယ်သတ်ရန် ကျမ်းဂန် မပြည့်ဟု စပ်ဆိုလေသည်။

အရဟတ္တမဂ်၌မူကား၊ ပညာဥာဏ်က ရူပတဏှာ၊ အရူပတဏှာ၊ ၎င်းဘဝရာဂ နှစ်ပါးကို ပြတ်စေတတ်သော အကျင့် သီလ သမာဓိ နှစ်ပါးသဒ္ဓါဘက်တွင် လိုက်၍ရှာတွေ့သော်၊ သာမဏေလမ်းသိက္ခာ အသုဘ ၁၀-ပါး ကာယဂတာသတိ ၃၂-ကောဋ္ဌာသတို့ကို တွေ့သဖြင့်၊ ၎င်း

တရားထဲက ထပါးပါးယူ၍၊ ပညာနှင့် သဒ္ဓါ အယူဉာဏ်နှင့် အကျင့်ကို ချိန်ကိုက်အောင် ပြုမူပေတည်း။

အရိယာတို့ ပယ်မှုတရား ပွါးမှုတရား အနေအထိုင် နှလုံးသွင်းပုံတို့ကို၊ အကျဉ်းနည်းဖြင့် သေချာစွာ သိလိုသော် သောတာပန်လမ်း-အလင်းကျမ်းမှာ ကြည့်လေ။

## သမုတိ သစ္စာနှင့် ပရမတ္ထသစ္စာ ချိန်ကိုက်၍ ပြခန်း

သမုတိသစ္စာခေါ်ခြင်းကား၊ လောကသုံး အမည်နာမဖြင့် ခေါ်ဝေါ် သမုတ်မှုကို ဆိုသည်။ ။သုံးဆယ့်တကုံ အလုံးစုံတို့ကို ခေါ်ဝေါ်ခြင်း ပေတည်း။

ပရမတ္ထသစ္စာခေါ်ခြင်းကား၊ ၎င်းသမုတိပညတ်မှ၊ အသီး အခြား ဉာဏ်နှင့် ထုတ်၍။ အဟုတ်စကန် အမှန်ရှိသော စိတ်၊ စေတသိက်၊ ရုပ် နိဗ္ဗာန်ဟု ဆိုအပ်သော သဘောသက်သက်ကို ခေါ်သည်။

သမုတိသစ္စာတရားကို၊ အကျင့်သန်- အယူသန်က သဒ္ဓါလွန်ကဲ၍၊ သသတဒိဋ္ဌိဖြစ်၏။ ပရမတ္ထသစ္စာတရားကို အယူသန်-အကျင့်သန်က ပညာလွန်ကဲ၍ ဥစ္ဆေဒဒိဋ္ဌိဖြစ်တတ်၏။

လောကီကုသိုလ်၊ အကုသိုလ်အကျင့်ကို သမုတိသစ္စာခေါ်သည်....။ လောကုတ္တရာအကျင့်ကို ပရမတ္ထသစ္စာခေါ်သည်။

လောကီကုသိုလ်၊ အကုသိုလ် သမုတိသစ္စာ အကျင့်ကား၊ ဒုစရိုက်- ၁၀-ပါး၊ အဓမ္မိကတရား ၁၀-ပါး အကုသိုလ်တရား အကျင့်ဟု မှတ်။ ပုညကြိယာ ၁၀-ပါး သမာဓိလမ်း ၄၀၊ ကုသိုလ် အကျင့်ဟုမှတ်။

လောကုတ္တရာ ပရမတ္ထတရား အကျင့်ကား၊ ဤသမုတိသစ္စာ သမုတိ ပညတ်မှ အသီးအခြားထုတ်၍ ရုပ်၊ နာမ်၊ ခန္ဓာ၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စ သမုပ္ပါဒ် ဗောဓိပက္ခိယ တရားတို့ဟုမှတ်။

ဤသမုတိသစ္စာနှင့် ပရမတ္ထသစ္စာသည်၊ သူ့နေရာနှင့်သူ အရာရွှေ့ရန် လိုက်၍၊ မှန်၏ ဟုတ်၏ဟုဆို၍ ချိန်ကိုက် အောင့်ယူရသည်၊ ကျင့်ရသည်ဟုမှတ်၊ ထို့ကြောင့်(ပရမတ်ဉာဏ်၊ အယူသန်၊ လွဲ ရန်ဝိစိမှာ) (ပညတ်နိုင်ငံ မလွန်ဆန် နိဗ္ဗာန်မရပါ) (ပညတ်, ပရမတ်၊ ရောချိစပ် ယူတတ်ကြမှသာ)ဟု စပ်ဆိုလေသည်။

ချိန်ကိုက် ညီမျှအောင် ယူပုံကျင့်ပုံကား၊ သောတာပန်ဖြစ်လိုသော်၊ ပရမတ္ထသစ္စာဘက်က၊ ရုပ်, နာမ်, ခန္ဓာ, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် တရားတို့ကို၊ ဆရာကောင်းထံ၌ နည်းခံပြီး သင်ကြား ကျက်မှတ်၍၊ တတ်ကျွမ်းလိမ္မာအောင်လုပ်၊ တတ်ကျွမ်းလိမ္မာက ကလျာဏပုထုဇဉ်လူလိမ္မာဖြစ်၏။ လိမ္မာပါးနပ်ကျွမ်းသည့်အဖို့ ရုပ်,နာမ်,ခန္ဓာ, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် ဓာတ်တုံး သဘောတုံးတဲ့ဟု ဉာဏ်မှာ မြင်သည့်အတိုင်း ယူလိုက်က သောတာပန်ဖြစ်၏။

သောတာပန်ဖြစ်သည်နှင့် တပြိုင်နက်၊ သမုတိသစ္စာဘက်က၊ ပယ်စရာဟူ၍၊ ဒုစရိုက် ၁၀-ပါးတွင်၊ သက်သတ်ခိုးမှု ကာမေသု,မုသာ၊ မိစ္ဆာဒိဋ္ဌိအယူ ဤငါးပါးအနုသယကိလေသာ၊ အဖြစ်ပြတ်လေတော့၏၊ ငါးပါးသီလပြည့်လေတော့၏။ ဒိဋ္ဌိသေ၍ သောတာပန် ဖြစ်ပြီးသည့်နောက်ရှေ့ကို-သကဒါဂါမ်, အနာဂါမ်၊ ရဟန္တာအထက်၊ မဂ်သုံးပါးအတွက်လိုသေးသဖြင့် ဝင်းမဂ်သုံးပါး အတွက်၊ တဖန်ကို သတ်ရမည် ဖြစ်၍၊ သီလအရာက၊ အဇ္ဈတ္တစရိယ သိက္ခာပုဒ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး သမထ သမာဓိ အရာက အသုဘ ကမ္မဋ္ဌာန်း ကာယ နုပဿနာတို့တွင် တပါးပါးကို စက်ဆုပ်ရွံရှာဘွယ် မြင်အောင်-ထင်အောင်ရှုရမည်။ ပရမတ္ထသစ္စာဘက်က ယူပုံ,ကျင့်ပုံ,ကြံပုံ,ရှုပုံ, ပွါးများပုံ, သမုတိသစ္စာဘက်က ယူပုံ, ကျင့်ပုံ, ကြံပုံ, ရှုပုံ, ပွါးများပုံတို့ကို ရှေ့ကဏ္ဍတို့မှ ပြမည်။

ဒိဋ္ဌိသေလျှင် သောတာပန် ကာမရာဂသေလျှင်-အနာဂါမ်၊ ရူပရာဂ-အရူပရာဂ သေလျှင် ရဟန္တာဖြစ်ကုန်၏။ မဂ်လေးပါး-ကိစ္စ ဘုံးသော ပုဂ္ဂိုလ်တို့၌ ယူစရာလည်းမရှိ၊ ကျင့်စရာလည်းမရှိ၊ သမုတိ

သဏ္ဌာ, ပရမတ္ထသဏ္ဌာ, နှစ်ပါးအတွက် သက်သက်ငြိမ်းသဖြင့် အာရုံကုန်သူ, အာသာတောင့်တမှုကုန်သူ, အာသဝေါ လေးပါး တရားကုန်ခန်းသူဟု အမျိုးမျိုးခေါ်ကြ၏။

## လောကသုံးပါးကိုပြခန်း

လောကခေါ်ခြင်းကား (လုဇ္ဇတိပလုဇ္ဇတီတိလောကော)ဟု ဆိုခြင်းကြောင့် ဖြစ်ခြင်း-ပျက်ခြင်းကို လောကဟုခေါ်၏။ ၎င်းလောကသည် သုံးမျိုးရှိပြန်၏၊ သင်္ခါရလောက, သတ္တလောက, ဩကာသလောက ပေတည်း။ သင်္ခါရက၊ ပြုပြင်စီမံခြင်း။ လောက က၊ ဖြစ်ပျက်ခြင်း၊ ၂-ခုပေါင်းသော်၊ ပြုပြင်စီမံသော်လည်းခံပြ၊ ဖြစ်ပျက်၍နေမှုပေတည်း။ သတ္တက၊ သတ္တဝါဖိုမတို့ကိုခေါ်သည်၊ လောကနှင့်တွဲသော် သတ္တဝါဖိုမတို့ဖြစ်ပျက်နေမှုပေတည်း။ ဩကာသက နက်နဲကျယ်ဝန်းခြင်း၊ အခွင့်တောင်းခံမှုဟု နှစ်မျိုးအနက်ရ၏၊ ဤဩကာသကား ကမ္ဘာနှင့်ဆက်ဆံ၍ နက်နဲ ကျယ်ဝန်းသော်လည်း၊ ဖြစ်ပျက်၍ နေမှုပေတည်း။ ဤလောကသုံးပါး၏ အဓိပ္ပါယ်သဘောကို ပေါင်းရုံး၍ အကျဉ်းချုံးလိုက်သော်၊ ဖြစ်မှုတခု ပျက်မှုတခု နှစ်မျိုးသာရှိကုန်သတည်း။

သင်္ခါရလောကသည် တပည့်လက်သား ၄-ယောက်ရှိကုန်၏။ ကံ, စိတ်, ဥတု, အာဟာရ ပေတည်း။ ဤသင်္ခါရက ဩကာသလောကကို ဥတုတခုနှင့် စီမံကုန်၏။ ဥတုကား၊ ဥဏှ, သီတ, အပ္ပ, အဇ, ခေါ်သော ဓါတ်နှစ်မျိုးဖြင့် စီမံသဖြင့် ဤမဟာလောကဓါတ် ကမ္ဘာမြေကြီး ဖြစ်လာကုန်၏။ ဤကမ္ဘာကြီးတွင် တော, တောင်, ဂင်္ဂါ, ရေ, မြေ, သမုဒ္ဒရာ များစွာသောရုပ်ဓါတ်တွေ အထူးထူးအထွေထွေ ဖြစ်ပေါ်ရလေ၏၊ ကမ္ဘာကြီး၌၊ ရွှေ, ငွေ, ကြေး, ခဲ, သံ, သတ္တု, စျေတ်, ပြါး, စိန်, ကန့်, ဆေးဒါန်း, ဗုဒ္ဓာ, မြင်းသီလာ-စသော ဓါတ်တို့ ဖြစ်ပေါ်လာပုံကို အသိုက၊ ငါတို့စိုရင်ရေးသားသော ဓါတုမဏ္ဍဝိဒ္ဓာကျမ်းမှာ ကြည့်လေ။ ၎င်းကျမ်း၌ လောကဓါတ်လေးပါးက ပွားများ၍ ဓါတ် အမျိုးမျိုးဖြစ်လာပုံ၊ လောကုတ္တရာ လေးပါးက ပွားများ၍ ဓါတ်အမျိုးမျိုး ဖြစ်ပုံ၊ လောကဓါတ်ပေါက်၍ ဝေဒဂူပုဂ္ဂိုလ် လောကဝိဒူဖြစ်ရပုံ လော

ကုဋ္ဌရာ ဓါတ်ပေါက်၍ ဗုဒ္ဓါးရဟန္တာ အရိယာဖြစ်ပုံမှစ၍၊ အမျိုးမျိုး အဆန်းဆန်း၊ လောကီ, လောကုတ္တရာဖြန့်၍ ရေးသော ကျမ်းဖြစ်သည်၊

သင်္ခါရလောကသည်၊ ဩကာသလောကကို ဥတုတခုဖြင့် စီမံပြီးသည့်နောက်၊ သတ္တလောကကို စီမံပြန်၏၊ စီမံပုံကား ဩကာသ လောကထဲက ဥတုဇရုပ်တွင် စိတ်ဓါတ်တခုထည့်၍ ဘည်ထောင်သဖြင့် ၎င်းဥတုဇ ရုပ် လှုပ်လှုပ်ရွရွပြု၍နေသော အထည်ဒြပ် သဏ္ဌာန်ကြီးကိုစွဲ၍၎င်း၊ ၎င်း သိမှုစိတ်ဓါတ်ကိုစွဲ၍၎င်း၊ သတ္တဝါ, ပုဂ္ဂိုလ်ဟု ကမ္ဘာ့တန်ဆာ ကမ္ဘာ့ နိဿာမဖြင့် ခေါ်ဝေါ်သမုတ် ပညတ်ပုလုပ်ကြလေသည်၊ ဤမှောင် အတိ ဖြစ်နေသော ဩကာသလောကကြီးကို မှောင်မိုက်ခြင်းကြောင့်၊ အဝိဇ္ဇာဓါတ်ဟုသည်း ခေါ်၏၊ ဤဩကာသလောက အဝိဇ္ဇာဓါတ် ဥတုဇရုပ်၌ရှိသော သိမှုစိတ်ဓါတ်ကို နာမ်ဟု ခေါ်၏။ ၎င်း နှစ်မျိုးကို ရုပ်နှင့်နာမ်၊ အဝိဇ္ဇာနှင့်အသိ စိတ်နှင့်ကိုယ် ကိုယ်နှင့်အသက်၊ ကိုယ်နှင့် လိပ်ပြာ၊ ကိုယ်နှင့်ဇီဝ၊ ကိုယ်နှင့်ငါ, ဟု အမျိုးမျိုးအားဖြင့် ဘာသာ လူမျိုး ကွဲကြသည့်အတိုင်း အမှတ်ပညတ် ပြုကြကုန်၏၊ နာမ်၌ စိတ်, စေတသိက်, စေတနာ, ကံ, ဘဝင်, ဓာတ်ဝယ်, အာရုံ, အသိ, သညာ, ဖဿ, မနသိ-စသည်ဖြင့် များစွာအမည်ပေး၍ ခေါ်ကြကုန်၏။ အကျယ်သိ လိုက၊ သင်္ဂြိုဟ်ကျမ်း၌ စိတ်ပိုင်း, စေတသိက်ပိုင်းမှာ ကြည့်လေ၊ ၎င်းနှစ် ပိုင်းရှိသမျှ နာမ်ချည်းဟု-မှတ်၊

ရုပ်၌ခေါ်ခြင်းများပုံကား အထည်ဒြပ် သဏ္ဌာန်ကိုစွဲ၍ အမည်ပေး ပြီးခေါ်သမျှ ရုပ်ချည်းတဲဟု-မှတ်။

ထို့ကြောင့် ဩကာသလောကကို သင်္ခါရကပိုင်၏။ သတ္တလောကကို လည်း သင်္ခါရကပိုင်၏။ သင်္ခါရသည် ရုပ် နာမ် နှစ် ပါး ဖန်ဆင်းပြီး နောက် ရုပ်ကို ရုပ်ဆီကျေးမှု၊ နာမ်ကို နာမ်ဆီကျေးမှုပြုကုန်၏။ အစဉ် မပြတ် ရုပ်ဆီ,နာမ်ဆီကျေးမှုကို နာမ်အာဟာရ၊ ရုပ်အာဟာရဟုခေါ် ဖြန်သတည်း၊ ဤ ရုပ်နာမ်နှစ်ပါး သတ္တ လောကသည် ရုပ်ဆီ နာမ်ဆီ ဆက်ခါဆက်ခါ စားသောက်၍ တသစဉ်မပြတ်နေရမှ အသက်ရှည်ကုန် ၏၊ အသက်ရှည်မှုခေါ် ခြင်းကား၊ ဤ ရုပ်ဆီ နာမ်ဆီသက် မတိုက်ဆက်

လက်၍ နေမှုပေဘည်း၊ ဤ ရုပ်ဆီပြတ်က ရုပ်ပျက်၍သေ၏။ နာမ်ဆီပြတ်က နာမ်ပျက်၍သေ၏၊ ၎င်း ရုပ်ဆီ နာမ်ဆီနှစ်ပါးတွင် တပါးပါးက အာဟာရဆက်မရလျှင် နှစ်ပါးလုံးပျက်၏။

## ရုပ်ဆီ, နာမ်ဆီ, စားသောက်ပုံ ပြခန်း

နာမ်ဆီအာဟာရ စားသောက်ပုံကား၊ မျက်စိနှင့် အဆင်းမြင်မှု၊ နားနှင့် အသံကြားမှု၊ နှာခေါင်းနှင့် အနံ့နမ်းမှု၊ လျှာနှင့် အရသာ ခြောက်ပါးလျက်မှု၊ ကိုယ်နှင့်တခုခု တွေ့ထိမှု၊ မနောနှင့် တောင်တောင် ဤဤ တွေးရာလေးပါးကြံမှု စိတ်ကူးမှုတို့ပေတည်း။

၎င်း အဆင်း, အသံ, အနံ့, အရသာ, တွေ့ထိမှု, စိတ်ကူး ကြံစီမှုတို၌၊ ကောင်းသော–အာရုံကိုတွေ့၍ နာမ်ဆီ၊ နာမ်အာဟာရ၊ ဖြစ်မှု, စားမှု တမျိုး၊ မကောင်းသော အာရုံတွေ့၍ သဘောကနှစ်သက်ပြီး၊ နာမ်ဆီ၊ နာမ်အာဟာရ၊ ဖြစ်မှုစားမှုဟု နှစ်မျိုး အကျဉ်းအားဖြင့်ရှိ၏၊ ကောင်းသော အာရုံခြောက်ပါး၊ မကောင်းသော အာရုံခြောက်ပါးတို့နှင့် တွေ့သော်လည်း၊ ပြုံးပြင်နွမ်းရိ၊ မသက်သာခြင်း ဖြစ်ပေါ်မှုသည် ရုပ်ဆီ နာမ်ဆီတို့ပျက်မှုပေတည်း။ ရုပ်၌ ရုပ်ဆီ ဆက်လက်မရ၍ ရုပ်ပျက်ခြင်း ကြောင့်လည်း၊ နာမ်ပျက်၏။ နာမ်၌ နာမ်ဆီ ဆက်လက်၍ မရခြင်း ကြောင့်၊ နာမ်ပျက်၍ ရုပ်ပျက်ခြင်းလည်းရှိ၏။

ရုပ်ဆီ လွန်အားကြီး၍ သေမှု၊ နာမ်ဆီ လွန်အားကြီး၍ သေမှုလည်း ရှိ၏၊ ရုပ်ဆီ ရုပ်အာဟာရလွန်၍ ရုပ် နာမ်နှစ်ပါးပျက်မှု သေမှုကား၊ ရုပ်ဆီများများ ခန္ဓာအိမ်သို့ ထည့်ခြင်း ကြောင့်၊ ပါစက ဓာတ်မီးက မချက်နိုင်၍ သေမှု၊ ဇာစကာ ပုဏ္ဏား စသည်တို့ကို မြှော်လေ၊ မြောက်ကျွန်းက သမလေးဆန် ရုပ်ဆီ အလွန်ကောင်းခြင်းတို့ကို သုံးလုပ် လေးလုပ်မျှ စားသည်နှင့် သေခြင်း၊ သစ်ပင် သစ်မြစ်တို့ကို ရုပ်ဆီထုတ်၍ များစွာသောက်မှုကြောင့်သေခြင်း၊ ယမ်း, ဆား, ဇာဝက်သာ, ကျောက်ချဉ်, ဝှဏ္ဍာ, သိန္ဓော, ကန့်, စိန်, ဆေးဒါန်း, ဟင်းရိုင်းစသော ရုပ်မာတ်က–အဆီထုတ်၍ စားသောက်ခြင်း၌လည်း လွန်ကဲစွာစားသောက်မှုကြောင့် သေခြင်း၊ ခဲပုပ်, ခဲမဖြူ, ဈေတ်, သံ, ဘင်, ကြေး, သွတ်, ငွေ, ရွှေ, ပြဒါး

ညည်းဟုခေသာ ကျောက်ရုပ်, ကျောက်ခေတ် အဆီတို့ကို အမှုကသတ္တိ ကုန်အောင် ပြု၍ ထုတ်ယူပြီးလျှင် ပြာဖြစ်အောင်ပြု၍ စားသောက်မှု၌လည်း လွန်ကဲကသေ၏၊ အာဟာရပြုလုပ်သော ရုပ်ခေတ်ဆီသည် ပသု ပထဝီကဖြစ်သော ရုပ်ခေတ်ဆီ သေလာပထဝီကဖြစ်သော ရုပ်ခေတ်ဆီဟု အကျဉ်းအားဖြင့် နှစ်မျိုးရှိ၏။ ပံသုပထဝီက ဖြစ်ပေါ်ပေါက်ရောက်သော သစ်ပင်တို့မှ ယုတ်နုတ်၍ စားသောက်သော အာဟာရရုပ်ဆီထက် သေလာပထဝီက ပေါက်ရောက်သော သစ်ပင်တို့ကို ထုတ်နုတ်၍ စားသောက်သော ရုပ်ဆီကသာ၏၊ အသက်ရှည်၏ ရုပ်ခေတ်ခိုင်မာ၏၊ ၎င်းနှစ်ပါး ခေတ်ဆီထက် ပထဝီခေတ် မြေထဲက ခေတ်ဆီကသာ၏။ ၎င်းပထဝီက ခေတ်ဆီတွင်လည်း ကျောက်ခေတ်မျိုး သေလာပထဝီထဲက ထွက်သော ရွှေ, ငွေ, ဘင်, နာ, ဓာတ်, သတ်, ပြဒါး စသည်တို့က ထုတ်နုတ်၍ စားသောက်မှု အသာဆုံးပေတည်း။

၎င်းအသာဆုံး ခေတ်ဆီကို စားသောက် သူတို့ကို လောကီ ဝိဇ္ဇာ ဂန္ဓာရီဝိဇ္ဇာဟု ခေါ်ကြကုန်၏၊ နတ်တို့ချစ်ခင်ကြကုန်၏၊ ဘယ်အတွက်ဆိုလျှင် ရုပ်ခေတ် မပုတ် မသိုး မနံ့မစော် အညစ်အကြေး မရှိမှုကြောင့် ပေတည်း။ နာမ်ဆီလွန်ကဲ၍သေမှု၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူသော ဇေတဝန်ကျောင်း ဂန္ဓကုဋိတိုက် တံခါးရွက်နှစ်ခုတွင် ထုလုပ်ထားသော နတ်ရုပ်ကို ဥပလာဏ် ထေရီမ တယောက်သည် တပ်နှစ်သက်ခြင်း ပြင်းပြ၍ နာမ်ဆီ လွန်ခြင်းကြောင့် ချက်ချင်း လဲသေမှုကိုလည်း မြွှော်လေ၊ အချို့ကား မိမိအလို မှိုသည့်ကို မရ၍ မိမိခန္ဓာကို တခုခုသော လက်နက်ဖြင့် သတ်၍ သေမှုလည်းရှိ၏။ ရုပ်ဆီ ရုပ်အာဟာရကို မစားရသော်လည်း နာမ်ဆီ, နာမ်အာဟာရနှင့်ပင် အသက်ရှည်မှု မရှည်မှုလည်းရှိ၏၊ အချို့ရောဂါစွဲကပ်သူ အရက် ၄၀-မျှကြာ သော်လည်း ရုပ်ဆီ ရုပ်အာဟာရ မစားသောက်ဘဲ နေနိုင်ခြင်း၊ ဣသိသိဂ်ရသေ့သည် စန္ဒာဒေဝီနတ်သမီး ကိုယ်၏ အနေတွေ့နှင့်ပင် သုံးနှစ်နေနိုင်ခြင်းစသည်ကို ဥဒာဏ်ဖြင့် မြွှော်လေ။

ရုပ်ဆီ ရုပ်အာဟာရစားသောက်ပုံကား၊ ဤမဟာလောကခေတ်တွင် ဂုပုရွှရွှမြင်သမျှ သတ္တဝါဖိုမတို့သည်၊ ဤမဟာပထဝီမြေပေါ်မှာ ပေါက်ရောက်သောသစ်ပင်တို့ကို စားသောက်၍ နေမှုများကြကုန်၏၊ မြေဆိုင်

မြေခဲကိုစားသော သတ္တဝါကားနည်း၏၊ အချို့သစ်ပင်တွင် အသီးကို စားမှု၊ အပွင့်ကိုစားမှု၊ အရွက်ကိုစားမှု၊ အခေါက်ကိုစားမှု၊ အမြစ်ကို စားမှု၊ အဖူးကိုစားမှု အားဖြင့် ဝရိုက်အလေ့ သင့်ရာသင့်ရာ စားသော် နေထိုင်ကြကုန်၏၊ ၎င်း မြေဆီမြေဩဇာမှ ပေါက်ရောက်လာသော သစ်ပင် သစ်သီးတို့တွင်လည်း ဓာတ်ဆီ ကောင်းသော အရပ်၊ ဓာတ်ဆီ မျှားသော အရပ် ဓာတ်ဆီ ခိုင်မာသော အရပ်တို့က ပေါက်ရောက်သော သစ်ပင် သစ်သီးက သာ၏။ ဤ ရုပ်ဓာတ် ခိုင်မှ အသက်ရှည်မှု၌ လောကဓာတ် ရုပ်ဆီ ကောင်းသည်ထက် ကောင်းသည်ကို စားသောက်မှုပေတည်း။ ကျွဲ,နွား,ဆင်,မြင်း,သတ္တဝါ-စသော ပုဂ္ဂိုလ်တွေကို ဥာဏ်ဖြင့် မျှော်လေ။

ထို့ကြောင့်၊ ဗုရားသခင်သည်၊ (သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ) ဟု ဟောတော်မူသည်၊ သဗ္ဗေ=အလုံးစုံသော။ သတ္တာ၊ သတ္တဝါတို့သည် အာဟာရဋ္ဌိတိကာ၊ ရုပ်ဆီ နာမ်ဆီဖြစ်သော၊ အာဟာရသာလျှင်၊ အသက်ရှည်ရာ ထောက်ရာ တည်ရာပေတည်း။ အချို့သော သတ္တဝါသည် တနေ့လျှင် ၂-ကြိမ်မျှသာစားသော်မူနှင့် ရုပ်သက်နာမ်သက်တို့ ရှည်ရာ ရှည်ကြောင်း၊ ထောက်ရာတည်ရာရကုန်၏။ အချို့သော သတ္တဝါကား တနေ့တကြိမ်၊ အချို့သော ပုဂ္ဂိုလ်ကား၊ လေးကြိမ်၊ ငါးကြိမ်၊ အချို့ကား ၁၀-ကြိမ်-၂၀၊ အချို့ကား တနေ့လုံး အချို့ကား ညရောနေ့ရော အမျိုးမျိုးစားသောက်မှုကြောင့် အသက်ရှည်မှု၊ ထောက်တည်ရာ၊ရကြပေသတည်း။

## သင်္ခါရလေးပါးတွင် ကံ ဖြစ်လာပုံကို ပြခန်း

သင်္ခါရသည်၊ သတ္တလောကတည်းဟူသော သတ္တဝါဖိုမတို့၌၊ ဥပါဒ ရုပ် အသိစိတ်ဓာတ်ဟု ဆိုအပ်သော နာမ် ရုပ် နှစ်ပါးကို နာမ်ဆီ နာမ် အာဟာရ၊ ရုပ်ဆီ ရုပ်အာဟာရ ထောက်ပင့်၍ ပြုပြင်စီမံထားရာ၊ အသိ စိတ်ဓာတ်ကလေးသည် ရုပ်ဆီ ရုပ်အာဟာရကို နှစ်သက်မှု မနှစ်သက်မှု နာမ်ဆီ နာမ်အာဟာရကို နှစ်သက်မှု မနှစ်သက်မှု ဖြစ်ပေါ်လာခြင်းကို ပင် အကုသိုလ်ကံ-ကုသိုလ်ကံဟုခေါ်သတည်း။နှစ်သက်မှုကား လောဘ

စိတ်တည်း၊ မနှစ်သက်မှုကား-ဒေါသစိတ်တည်း။ ဤလောဘစိတ်ကိုပင် ဘဖန် တဏှာဟုငင်း၊ သမုဒယဟုငင်း၊ ဆန္ဒဟုငင်း၊ သံယောဇဉ်ဟုငင်း၊ ပါဠိ ဘါသာဖြင့်ခေါ်ကုန်၏။ ဗမာလို လိုချင်ခြင်း၊ ခင်တွယ်တာခြင်း သာယာ ခြင်း၊ တပ်ခြင်း၊ နှစ်သက်ခြင်း၊ တွယ်တာခြင်း၊ ခုံမင်ခြင်း၊ တောင့်တ ခြင်းဟု အမျိုးမျိုးခေါ်ကြကုန်၏။

ဒေါသစိတ်ကို၊ ဒေါမနဿ၊ ပဋိဃ၊ ဒေါသ၊ ဗျာပါဒ၊ ဝေရ၊ ဒုဿ၊ မစ္ဆရိယဟု အမျိုးမျိုးခေါ်ကုန်၏။ ဗမာလို စိတ်ဆိုးခြင်း၊ စိတ် မြို့ကြင်ခြင်း၊ စိတ်မသက်သာခြင်း၊ စိတ်မကောင်းခြင်း၊ ဆဲရေးခြင်း၊ ကုန်းချောခြင်း၊ ရန်ညိုးထားခြင်း၊ ရန်ငြိုးခြင်း၊ သတ္တဝါကို သေ အောင်သတ်ခြင်းစသည်ဖြင့် အမျိုးမျိုးခေါ်ကုန်၏။ ဤဒေါသ လောဘ နှစ်ပါးရှိ၍ မိမိဒုက္ခဆင်းရဲမှုဖြစ်မည်ကို မသိသော စိတ်ကို တဘန် မောဟစိတ်ဟု ခေါ်ပြန်၏။ ဤမောဟကိုပင် ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စအဝိဇ္ဇာ၊ ဗာလ၊ အန္ဓ၊ တမ၊ မောဃ၊ ဧဠမူဂ၊ ဒိဋ္ဌိ စိတ္တ၊ ဥမ္မတ္တက ဟု အမျိုးမျိုး ဘာသာ အလျောက် လူမျိုးအလိုက်ခေါ်ကြ၏။ ဤဗမာလိုကား၊ တွေ မေ့ခြင်း၊ မသိခြင်း၊ တွေးတောယုံမှားခြင်း၊ အာရုံမဆုံးဖြတ်နိုင်ခြင်း မိုက်ခြင်း မဲ့ခြင်း၊ အချည်းအနှီးဖြစ်ခြင်း၊ အလကားဖြစ်ခြင်း၊ အနုံအနု အရူးအချာ၊ စိတ်မနှံ့သူ စိတ်ပေါ့လွင့်သူ၊ အသုံးမကျသူ ဟု အမျိုးမျိုး အရာဌာနလိုက်၍ ခေါ်၏။

ဤနှစ်ခုတ် စိတ်တလေးသည် အဂ္ဂတ္တ စိတ် အကွက်ကြောင့် ငင်း၊ ဗဟိဒ္ဓ သူတပါးစိတ် အကွက် ကြောင့်ငင်း၊ စိတ် အမျိုးမျိုးဖြစ် မှုကို၊ လောဘ၊ ဒေါသ၊ မောဟ ဟု အကျဉ်းအားဖြင့် ခေါ် ကုန် ၏။ စိတ်မကောင်းမှုကို အကုသိုလ်ကံ စိတ်ကောင်းမှုကို ကုသိုလ် ကံဟုခွဲ၍ နှစ်မျိုးခေါ်၏။ ထိုနောက် ကာမဘုံကို စွဲ၍ဖြစ်သော စိတ်ကို ကာမာဝစရစိတ်၊ ကာမ ၁၁-ဘုံ၌ ကျင်လည်သောစိတ်ဟုခေါ်၏။ ရူပ ဘုံကိုစွဲ၍ ဖြစ်သောစိတ်ကို ရူပါဝစရစိတ် ရူပ ၁၆-ဘုံ၌ ကျင်လည် သောစိတ်ဟု ခေါ်၏။ အရူပဘုံကိုစွဲ၍ဖြစ်သောစိတ်ကို အရူပါဝစရစိတ် အရူပ လေးဘုံ၌ ကျင်လည်သောစိတ်ဟု ခေါ်၏။ စိတ်ဖြစ်ပုံ အကျယ် သိလိုက သဂြိုဟ်ကျမ်းမှာကြည့်လေ။ ဤစိတ်တွေဖြစ်ပုံကို ဟုခေါ်၏။

ကမ္မသဒ္ဒါ၊ အမှုအလုပ်ပြုခြင်း ဖြစ်ခြင်းဟု အနက်ရ၏။ ဤ နာမ်တရား စိတ်ဓါတ်ကလေးကခိုင်း၍ ဤ ရုပ်တရား မကောင်းမှုလုပ်မှု ကောင်းမှု လုပ်မှု စိတ်ဓါတ်နမ်ကာ စိတ်ကိုစိတ်ချင်းခိုင်း၍ မကောင်းမှုလုပ်ခြင်း ကောင်းမှုလုပ်ခြင်းတို့ကို ကံဟုခေါ်၏။ ၎င်းကိုတိုက်တွန်း၍ ကံပြုမှုဟု ဗမာလိုခေါ်ကုန်၏။ ပါဠိလို သင်္ခါရိက၊ အသင်္ခါရိကဟု ခေါ်၏။ အကျဉ်းချုပ်၍ပြသော် ကံသည်လည်းစိတ်၊ စိတ်သည်လည်း ကံဟုမှတ်၊ နာမ်နှင့်ရုပ်နှစ်ပါးသာ ရှိကုန်၏။

သင်္ခါရတည်းဟူသော ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါး၌ ကံနှင့် စိတ္တနှင့် သဘောဘူ၏။ နာမ်တရားဟုမှတ်၊ ဥတုနှင့် အာဟာရ သဘော ဘူ၏။ ရုပ်တရားဟုမှတ်၊ နားမလည်လျှင် နောက်ကပြခဲ့သော ရုပ်ဆို ရုပ်အာဟာရကျွေးပုံ၊နာမ်ဆို နာမ်အာဟာရကျွေးပုံကိုပြန်၍ကြည့်လေ။

## လောက၌ ဘုရားခေါ်ပုံ ပြခန်း

ကမ္ဘာလောကကြီး၌ ဘုရားအမျိုးမျိုး ပေါ်ပေါက်လာခြင်းသည် ဘယ်အခါမှ မပြတ်ရှိကုန်၏။ သတ္တဝါတို့သည် မိမိတို့ထက် ထူးမြတ် လွန်ကဲ၍ ဘုန်းကြီးသူ၊ ဂုဏ်ကြီးသူ၊ အသက်ကြီးသူ၊ ဝါကြီးသူ၊ အဆင်း လှသူတို့ကို ဘုရားအမှတ်ပြု၍ ကိုးကွယ်ဆည်းကပ်ကြကုန်၏။ ဘုရား-ဆို သောစကား ဗမာနိုင်ငံ၌ ခေါ်ခြင်းကား၊ အရှင်မဟာဗုဒ္ဓဃောသ၊ အရှင်အရဟံတို့၊ သီဟိုဠ်ကျွန်းမှ သထုံမြို့သို့ ပိဋကတ်သုံးပုံ ကူးယူလာပြီး သာသနာပြုစဉ်က ဘုရားဟု အမည်ကို ကုလားရဟန်းက ဘုရားအကြီးဆုံး ကို ကိုးကွယ်ရန်ပြောလေရာ၊ တလိုင်းလူမျိုးတို့က မပြီဘဲ ဖယားဟု ခေါ်ခြင်းပြုကုန်၏။ ၎င်းတလိုင်းလူမျိုးတို့ ခေါ်သည့်အတိုင်း ဖယား- ဖယားဟု သာသနာ ရောက်ရာ ရောက်ရာ အရပ်တိုင်း ခေါ်ကြကုန်၏။ သထုံမြို့မှ ပေါက်ဂံမြို့သို့ သာသနာ့ နော်ရထာမင်းလက်ထက် ရောက် ကတည်းက ယခုတိုင် တလိုင်းများမပြီသလို ဖယား ဖယားဟု လိုက်၍ အစဉ်တစိုက် ခေါ်ကြကုန်၏။ ထို့ကြောင့် "အစောင်ကောင်းသော်လည်း အနှောင့် မသေချာဘဲ ရှိတတ်၏" "ပတ်ဝင်-ပတ်သော်လည်း အစ သတ် မသေချာ၍ မပြောတတ်သည်" "တတ် ပင်-တတ် သော်လည်း

ပရမတ်မကျေက အယူလေတတ်သည်”ဟု ရှေးသူတောင်းတို့ စပ်ဆို ကြကုန်၏။

ကုလားတမျိုးကကုလားတမျိုးကို သည်မြို့ဘာမြို့လဲဟုမေးရာ၊ စကားချင်းမကျွမ်း၍ မသိသဖြင့် မိမိ မြက်ရိတ်ထားကို မေးသည်မှတ်၍ မနက်က မြက်ရိတ်နေတယ်ဟု ကုလားစကား မိမိဘာသာဖြင့် ကလ္လကာတားဟု ပြောကုန်၏။ မေးသောကုလားတမျိုးက မိမိမေးသော မြို့နံမည်ဘဲဟု အထင်အမှတ်ပြုပြီး ဤမြို့သည် ကပ်လကတ္တားဟု ခေါ်ဝေါ်ပြီး တဆင့်ကတဆင့် ပြောကြားခြင်းကြောင့် ယခုတိုင် ပဌမ မြို့နံမည်မဟုတ်ပါဘဲလျက် ကပ်လကတ္တားမြို့၊ မနက်က မြက်ရိတ်တယ်ဟု ဖြစ်နေခြင်းကဲ့သို့ ဗမာနိုင်ငံကို သာသနာရောက်စက တလိုင်းတွေကို ဗုရေါ်းအကြီးဆုံး အသိဆုံး အယိမ္မာဆုံး အတတ်ဆုံး တန်ခိုးအကြီးဆုံးကိုခြုံ၍ ဗုဓေါ်တ်ဖြင့် ဘဂ်ဝ်လို ဗုရေါ်းဟု၊ အရှင်မဟာဗုဒ္ဓဃောသ,အရှင်အရဟံတို့ ကုလားရဟန္တာ ကိုယ်တော်မြတ်တို့ပြောပြလေရာ၊ တလိုင်းတွေက မပြီသဘဲ ဖယားဟု ခေါ်ကြသော အစဉ်အလိုက် ယခုတိုင် ဗမာရော, ကုလား တရုပ် ရှမ်း တလိုင်းတို့ပါ ဖယား-ဖယားဖြင့် ခေါ်ဝေါ်ခြင်း ပြုကြကုန်သည်ဟု မှတ်။

သတ္တဝါတို့သည် မိမိတို့ကို ဧလောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးတရား ကယ်မ,ထောက်ပင့် ပေးစွမ်းနိုင်သူကို ကိုးကွယ်ကြကုန်၏။ ၎င်းသူကိုပင် ဘုရား,ဖယားဟု ခေါ်ဝေါ်အမှတ် ပြုကြကုန်၏။ ။ အဓိပ္ပါယ်၊ မိမိထက် ဂုဏ်ကြီးသူ ဟူ၍၎င်း၊ တန်ခိုးကြီးသူ ဟူ၍၎င်း၊ မိမိထက် အစစအရာရာ သာသူဟူ၍၎င်း၊ အထိန်းအမှတ်ပြုပြီး ကိုးကွယ်မှု ဆည်းကပ်မှုပေတည်း။ ၎င်းသူကိုပင် မိမိတို့ဘာသာ စကား အလျောက် ဂုဏ်ထူးတင်၍ ခေါ်ဝေါ်ခြင်းပေတည်း။ အချို့ဘာသာ၌ နိဒါရှင်မဟာမက်။ အချို့ဘာသာ၌ သခင်,အရှင်,ကျေးဇူးရှင်,ဆရာကြီး စသည်ဖြင့် မိမိတို့ဘာသာတွင် မိမိတို့စကားအသုံးအနှုန်း၌ အကြီးဆုံးထား၍ ခေါ်ခြင်းပြုမှုပေတည်း။

ဤကမ္ဘာလောကကြီး၌ သတ္တဝါတို့သည် မိမိကို အကျိုးထူး လောကီရတနာတို့ကို အလိုရှိကြသူတို့ လာဘ်ရရန် မြှော်လင့်၍ ရံဖန် ရံဖန်

နက်ကိုရှင်း၊ ရုံဘန် တောင်ကိုရှင်း၊ ရုံဘန် တောကိုရှင်း၊ ရုံဘန် သမုဒ္ဒရာကိုရှင်း၊ ရုံဘဲ ဒွှားကိုရှင်း၊ ရုံဘန် ဆင်ကိုရှင်း၊ ရုံဘန် မြင်း, ဆိတ်, ကျွဲ, စသည်ဖြင့် ဘုရားပြုလုပ်၍ ကိုးကွယ်ကြ၏၊ ဤကိုးကွယ်မှု မှန်သမျှတို့သည် မိမိတို့ကို လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို ရမလားလို့, ရည်သန်တောင့်တ၍ ကိုးကွယ်မှုပေတည်း။ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို တပါတည်း တချက်တည်း ပြီးစီးခြင်းအမှုကို ကယ်မ,ဟောပြော ပြသနိုင်သော ပုဂ္ဂိုလ်သည် ကမ္ဘာပေါင်းအနန္တပင် ကြာသော်လည်း ပေါ်ပေါက်ဘို့ရာ ခဲယဉ်းလှပေ၏၊ ၎င်းပုဂ္ဂိုလ်ကိုပင် သတ္တဝါအချိုးချိုး လူအမျိုးမျိုးတို့က မိမိတို့ဘာသာစကားတွင် အထွဋ်အထိပ်ထား၍ ခေါ်ဝေါ်အမည် အမှတ်အသားပြုကြကုန်၏။

အချို့ကား ဂေါ်ဍ၊ အချို့ကား ဘဂဝါ၊ အချို့ကား အရဟံ၊ အချို့ကား သုဂတော၊ အချို့ကား ဇိနာ၊ အချို့ကား အနန္တရ၊ အချို့ကား လောကဝိဒူ၊ အချို့ကား ဗုဒ္ဓ၊ အချို့ကား သမ္မာသမ္ဗုဒ္ဓ၊ အချို့ကား အနုတ္တရပုရိသ၊ အချို့ကား ဓမ္မသာရထိ၊ အချို့ကား သတ္ထာဒေဝမနုဿာနံဟု မဂဓရာဇ်တိုင်းသားတို့ ဘာသာစကား ကွဲပြားကြတိုင်း ခေါ်ဝေါ်ကြကုန်၏။

အင်္ဂလိပ်ကျမ်း, နာဂရီကျမ်း, သက်ရိုက်ကျမ်းတို့၌ ခေါ်ဝေါ်ပုံကား၊ ဘဂဝန္တာ၊ ပရော်ဘူ၊ ပရာဘူ၊ ဆီရီဂူရူခေါ်တွ မုဒိ၊ လူကော်နာထော်ဘုဒ္ဓလိသာ၊ ဘဂဝတိဂျီတာ–စသည်ဖြင့်၎င်း၊ ဇော်ရော်၊ ခဇဇဟာရော်–စသည်ဖြင့်၎င်း အမျိုးမျိုးခေါ်ကြကုန်၏၊ ဗုဒ္ဓဒါးခေါ်ပုံ၊ ဘုရားခေါ်ပုံ၊ ဖယားခေါ်ပုံတို့ကို သေသေချာချာ အရင်းအမြစ်နှင့် ဘုရားပွင့်ရာ မဇ္ဈိမဒေသ လူမျိုးကို စကားအစ ကျကျနနသိလိုက ဝါတိုစီရင်ရေးသားသော ဓမ္မစေတီ အင်္ဂလိပ်ကျမ်း၌ ကြည့်လေ။

ဤ ဝါတိုပမာနိုင်ငံ သာသနာရောက်စက ဖယားကို ပသျှိက်နှင့် ဘုရားဟု ရေးသားကြကုန်၏၊ မိဖယားကို ဖုယားဟု ရေးကြကုန်၏၊ အဂိုးရဘုရင်မင်းမြတ် လောကသမုတိနတ်ကို ဘုရားဟု ဘကုန်းနှင့်ရေးကြကုန်၏။ အရှင်ဂေါတမကို ဗုဒ္ဓဝေါတ်နှင့်ရေး၏၊ သတ္တဝါလေးပါးသိခြင်း သဘောသဘာဝတွက်ဖြစ်၏။ ဘာဂဝန္တဝေါတ်ကား ဘုန်းဟုန်ခိုးအတွက်

ဘကုန်းဖြင့် ရေးခြင်း ပေတည်း။ ဖုသနုသဘော အတွေ့ကောင်းခြင်း အတွက် မိုးရားဟု ရေးခြင်း ပေတည်း၊ အင်္ဂလိပ်မင်း ကြီးစိုးသော အောက်နိုင်ငံ၌ ကျောက်လှော ဘုရားတွင် ဘကုန်းနှင့် ရေးသည်ကိုသာ တွေ့ရှိကြသော လူနု၊ လူနီ၊ လူအ၊ လူမလိမ္မာတို့သည် ဗုဓေါတ်နှင့်ရေးသော သဗ္ဗာလေးပါး သိခြင်းအနက် အချင်ခေါမ္မပုရား မလချက် ပျောက်၍၊ ကွယ်၍ မင်းများကို ကျောက်သားသော ကျောက်လှော၊ လောကသမုတိနှင့် ဘကုန်းဘုရားနောက်သို့လိုက်၍သွားကြကုန်သဖြင့် သဗ္ဗာလေးပါးသိသော ဗုရားကွယ်ပျောက်ပြီး ဘုန်းကြီးသော ဘကုန်းဘုရား။ ကြေးဆင်းတု ကျောက်ဆင်းတု သစ်သား အုတ်စေတီ ဘုရားဟု ဘုရားယောင်တွေက ထက်သန်သွမ်းအိ၍ နေကြသောကြောင့် ဗမာနိုင်ငံကြီး ငါးပါးမက သာသနာ ပျောက်၍နေသည်ကို ဆရာတော်သည် မြင်လှန်ခြင်းငှါ၊ ဗုရာခါးကို ဖျက်၍ ရကွင် အာသရကပ်ပြီး ဗုရားဟု ရေးလိုက်သည်။

## ဗုရားပွင့်ပေါ်လာပုံကို ပြချက်

လောက၌ ရံခါ-ရံခါ၊ ဗုရားပွင့်ပေါ်လာသည်ဟု ဩဘာနိမိတ်ဖြင့် ဖြစ်ကြကုန်၏။ ဗုရားပေါ်တိုင်း သိသရာ-ဗုဒ္ဓကို သဗ္ဗာလေးပါးတရားဖြင့် ဟောပြ၍ သတ္တဝါတို့ကို ကယ်တင်နိုင်သော ဗုရား မဟုတ်ကုန်၊ အချို့ဘုရားကား အပါယ်ဗုဒ္ဓကို ခေါ်ဆောင်ပြ နှစ်သာဝလွှတ်၍ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်သို့ သွားရာလမ်းကြောင်းဖြင့်၊ ဟောပြနိုင်၏၊ အချို့ဗုရားကား။ လူနတ်ဗြဟ္မာဖြစ်ရန် လမ်းကို ဟောပြကြကုန်၏။ ထို့ကြောင့် ၃၁-ဘုံ အလုံးစုံ ဗုဒ္ဓ၌ ကင်းပပျောက်ငြိမ်း၍ နိဗ္ဗာန်ထုတ် ချောက်ကြကန်ရောက်စေလတ်သော တရားစစ်တရားမှန်ကို ဟောပြောပြသနိုင်သော ဗုဓ-ဓာတ်နှင့် ပေါ်ပေါက်လာသော ဗုရား ဗုရားသည် ပွင့်ပေါ်ဘို့ရာ အလွန်အမင်းဘဲ ခဲယဉ်းလှခြင်းကြောင့် ဗုဒ္ဓုပ္ပါဒဒုလ္လဘာဟု ဟောတော်မူပေသည်။

ဗုရားပွင့်လာသည် ဗုရားပွင့်သည် ဟု ခေါ်ဝေါ်ခြင်းကား၊ သဗ္ဗာလေးပါးပွင့်ခြင်းကို ခေါ်သည် ဟု မှတ်။ ဗုရား၌ ပုလ္လိင်ဒွာနိဖြင့် ခေါ်ခြင်း

ကား သစ္စာလေးပါးတရားသိသူ ဟောပြနိုင်သူကို ခေါ်ခြင်းပေတည်း။ သစ္စာလေးပါးသိမှု ဟောမှုတို့လည်း ပညတ် ကွယ်ပျောက်၍ ပရမတ္ထ သဘာဝကို ထိသိရောက်ရောက်။ ပေါက်ပေါက် လင်းလင်း ထိုးထွင်း၍ သိခြင်း ဟောနိုင်ခြင်းကို ခေါ်သည်။ ထိုပုဂ္ဂိုလ်ကိုပင် ဗုဒ္ဓဟုမှတ်။

သံသရာဒုက္ခမှ လွန်မြောက်အောင် မဟောနိုင်သော ဘကုန်းဘုရား တွေကိုပယ်၍ ၃၁-ဘုံ လုံးစုံဒုက္ခမှ လွန်မြောက်အောင် ဟောနိုင်သော ဂုဏ်ရှိ ဂုဏ်ရောင်၊ ဘုရားတွေကို ပုဂ္ဂလာဓိဋ္ဌာန် နှင့် ဓမ္မာဓိဋ္ဌာန်ခွဲ၍ပြလိုက် ဦးအံ့။

သုတဗုဒ္ဓ၊ အနုဗုဒ္ဓ၊ သာဝကဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ သမ္မာသမ္ဗုဒ္ဓဟု သစ္စာလေးပါးသိသော ဗုဒ္ဓ၊ ဘုရား ငါးမျိုးရှိ၏။

၁။ သုတဗုဒ္ဓ ဘုရားကား ဓမ္မာဓိဋ္ဌာန်တည်းဟူသော၊ သစ္စာလေး ပါးတရားကို အကြားအမြင် အားဖြင့်သိ၍ မိမိက သူတပါးအား ဟော ပြော ပြသနိုင်သော ပုဂ္ဂိုလ်ကို ခေါ်သည်။ ၎င်းတရားကို အလိုလို သယမ္ဘူဉာဏ်နှင့် မသိနိုင်။

၂။ အနုဗုဒ္ဓ ဘုရားကား၊ သမ္မာသမ္ဗုဒ္ဓ ဘုရားကြီးကဲ့သို့ သစ္စာလေး ပါးတရားကို ၂-ချက်၊ ၄-ချက်၊ ၁၆-ချက်၊ ၆၄-ချက်၊ ၂၅၆-ချက် တိုင်တိုင်၊ ဝေဘန်၍ သိ၏။ သူတပါးအားလည်း ဟောပြနိုင်၏။ မိမိအ လိုလို သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်း၍ မသိနိုင်။

၃။ သာဝကဗုဒ္ဓ ဘုရားကား၊ သစ္စာလေးပါးကိုသိ၍ သောတာပန် အစ အရဟတ္တအဆုံး အရိယာပုဂ္ဂိုလ်တို့ပေတည်း။ သူတပါးအားလည်း ဟောပြောနိုင်၏။ မိမိအလိုလို ထိုးထွင်း၍ မသိနိုင်။

၄။ ပစ္စေကဗုဒ္ဓ ဘုရားကား သစ္စာလေးပါးတရားကို ဘယ်သူမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို-ထိုးထွင်း၍ သိ၏၊ သူတပါးအားတရား ရအောင် မဟောပြောနိုင်။

၅။ သမ္မာသမ္ဗုဒ္ဓ ဘုရားကား၊ သစ္စာလေးပါးတရားကို ဘယ်သူမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို-ထိုးထွင်း၍သိ၏၊ သူတပါးအားလည်း သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာဖြစ်အောင် ဟောပြ ကယ်တင် နိုင်ခြင်းကြောင့် သမ္မာသဉ္စ သမ်သဉ္စ နှင့် သစ္စာလေးပါး အသိတွင် အတုမရှိ မယှဉ်နိုင်သော ဗုဒ္ဓ ဘုရားဟုခေါ်၏။

## သစ္စာလေးပါးသိသော ဘုရားတမျိုးပြဦးဖွဲ့

အာဂါရိမုနိ၊ အနာဂါရိမုနိ၊ သေက္ခမုနိ၊ အသေက္ခမုနိ၊ ပစ္စေကမုနိ သမ္မာသမ္ဗုဒ္ဓမုနိဟု ဘုရားခြောက်မျိုးရှိပြန်၏။

၁။ အာဂါရိမုနိ ဘုရားကား၊ သစ္စာလေးပါးသိသော ကလျာဏ ပုထုဇ္ဇန်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာအဖြစ်သို့ အိမ်ရာတည်ထောင်ရင်း ရောက်ကြသူ ဖြစ်ကြသူ၊ ကျင့်ကြသူတို့ကို ခေါ်သည်။

၂။ အနာဂါရိ မုနိ ဘုရားကား၊ သစ္စာလေးပါးတရားရှိကြသူ၊ ကလျာဏပုထုဇ္ဇန်အစ၊ အရဟတ္တမဂ် အဆုံးရောက်ရှိကြသော အိမ်ရာ မတည်မထောင်ကြသော ရသေ့ ရဟန်း ပုရိုဗိုဇ်တို့ပေတည်း။

၃။ သေက္ခမုနိ ဘုရားကား၊ အိမ်ရာတည်ထောင်သော အာဂါရိ ပုဂ္ဂိုလ်ဖြစ်စေ၊ အိမ်ရာ မတည်ထောင်သော အနာဂါရိပုဂ္ဂိုလ်ဖြစ်စေ၊ ကလျာဏပုထုဇ္ဇန်နှင့် စူဠသောတာပန်အစ၊ အရဟတ္တမဂ်ပုဂ္ဂိုလ်အထိ တည်ရှိရောက်ရှိကြသော သေက္ခပုဂ္ဂိုလ်မျိုးကို ခေါ်သည်။

၄။ အသေက္ခမုနိ ဘုရားကား၊ အရဟတ္တဖိုလ်၌ တည်ရှိသော အရဟန္တပုဂ္ဂိုလ် ရဟန္တာ အရှင်မြတ်တို့ပေတည်း၊ အိမ်ရာ တည်ထောင်သည်ဖြစ်စေ၊ မတည်ထောင်သည် ဖြစ်စေဟုမှတ်။

၅။ ပစ္စေကမုနိဘုရားကား၊ အိမ်ရာမတည်ထောင်သော ရသေ့ ပုရိုဗိုဇ်ရဟန်းမျိုးထဲက၊ သစ္စာလေးပါးတရားကို အလိုလို ထိုးထွင်း၍ သိသော်လည်း၊ သူတပါးအား နားလည်အောင် မဟောမပြနိုင်သော ပုဂ္ဂိုလ်တို့ပေတည်း။

၆။ သမ္မာသမ္ဗုဒ္ဓမုနိဘုရားကား၊ အထက်က ပြခဲ့သော ဗုဒ္ဓလေးမျိုး၊ မုနိငါးမျိုးတို့ထက် မြတ်တော်မူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးဟု ခေါ်သည်၊ ဤသမ္မာသမ္ဗုဒ္ဓ ဘုရားပွင့်တော်မူလာမှ၊ သုတဗုဒ္ဓ၊ သာဝကဗုဒ္ဓ၊ အနုဗုဒ္ဓ၊ အာဂါရိမုနိ၊ အနာဂါရိမုနိ၊ သေက္ခမုနိ၊ အသေက္ခမုနိဘုရားတို့ ပေါ်ပေါက်လာနိုင်ကုန်၏၊ ဤသမ္မာသမ္ဗုဒ္ဓဘုရားကြီးမပွင့်

မပေါ်လာလျှင် ယခုပြသော ဘုရားခုနစ်မျိုးတို့ မပေါ်ပေါက်နိုင်ဟုမှတ်၊ ဘယ်အတွက်ဆိုလျှင် ဤဘုရားခုနစ်မျိုးတို့သည် သစ္စာလေးပါးတရားကို အလိုလို ထိုးထွင်း၍ သိခြင်းငှါ၊ မစွမ်းဆောင်နိုင်ကြသော ဘုရားတို့ပေတည်း၊ သစ္စာလေးပါးတရားတို့ကို အလိုလို ထိုးထွင်း၍ သိခြင်း၊ သူတပါးအား ဟောပြနိုင်ခြင်း နှင့် ပြည့်စုံသော သမ္မာသမ္ဗုဒ္ဓ ဘုရားကြီးက ဟောပြမှ သိစွမ်းကြသော၊ အနုဗုဒ္ဓဘုရားတို့ပေတည်း၊

ပစ္စေကဗုဒ္ဓ ပစ္စေကမုနိ ဘုရားတို့သည်၊ ဤသမ္မာသမ္ဗုဒ္ဓ ဘုရားကြီး ပွင့်ပေါ်တော်မူသောအခါတို့၌ မပွင့်မပေါ်မဖြစ်နိုင်ဟု မှတ်။

ဤဘုရားကြီး သာသနာ မရှိကုန်သောအခါရင်း။ သုညကမ္ဘာ၌ရင်း ပွင့်ကြကုန်၏၊ ဤအခါ လောကီ ကုသိုလ် တဏှာသတ် တရားကိုသာ ဟောပြနိုင်သဖြင့် သတ္တဝါတို့သည် မဂ်, ဖိုလ်, ကို မရကြကုန်၊ တဏှာလည်းမသေ၊ ငုပ်၍နေသောကြောင့်၊ လောကီကုသိုလ်ဖြစ်ကြရကုန်၏။ ဘယ်အတွက်ဆိုလျှင် ဤပစ္စေက ဗုဒ္ဓဘုရားသည် သစ္စာလေးပါး အနုတ္တ တရားကို မိမိအလိုလိုဖြင့် ထိုးထွင်း၍ သိသော်လည်း သူတပါးအား နားလည်အောင် မဟောပြနိုင်၍ သူ၏ လက်ထက်၌ သောတာပန်, သကဒါဂါမ်,အနာဂါမ်, ရဟန္တာစသော ပုဂ္ဂိုလ်တို့ မရှိကုန်၊ဤပစ္စေက ဗုဒ္ဓါဘုရားတို့သည် လောကီကုသိုလ်ကို သတ္တဝါတို့အား များများကြီး ပေးစွမ်းနိုင်သော ဘုရားတို့ပေတည်း။ ဆုတောင်းပြည့် ဘုရားတို့ပေတည်း။ ငါတို့အရှင် ဂေါတမဘုရားတို့ထက် လောကီကုသိုလ်အရာမှာ ဆုတောင်းပြည့် သာသည်ဟု မှတ်လေ။ ။လောကုတ္တရာ ကုသိုလ်အရာ၌ ဆုတောင်းပြည့်ခြင်းသည် ငါတို့ မြတ်စွာ ဘု ရား ကဲ့သို့ သမ္မာသမ္ဗုဒ္ဓ ဘုရားကြီးတွေက သာ၏။

ဤယခုပြခဲ့သော ဗုဒ္ဓါး-ဘုရား၊ ဘကုန်း-ဘုရား၊ တောဖယား၊ ဖောင်ဖရား၊ နတ်ဖယား၊ ပြဟ္မာဘုရားစသော ဘုရားအမျိုးမျိုးတို့တွင် ဘုရားအစစ် အမှန်အဟုတ်ကို ရွေးထုတ်လိုက်လျှင် သစ္စာလေးပါးတရားကို ပရမတ္ထဉာဏ်နှင့် ဝေဘန်၍ သိသူကိုသာ ဘုရား ဟု ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ခေါ်ကိုက်၏၊ ဘယ်အတွက်ဆိုလျှင် ဘုရားပွင့်သည် ဘုရားပွင့်သည် ဟု ခေါ်ခြင်း၌၊ ဓမ္မဓိဋ္ဌာန်အားဖြင့် သစ္စာလေးပါး ပွင့်ခြင်းကို

သာ ခေါ်သည်။ ၎င်းသစ္စာလေးပါး ဓမ္မမိဋ္ဌာန်ဗုရားနှင့် ပုဂ္ဂလမိဋ္ဌာန်နှင့် တွဲသဖြင့်၎င်း။ သကပ်နှင့် ဒြပ်ကွဲသဖြင့်၎င်း၊ ဂုဏ်နှင့်သကပ်၊ ဒြပ်ကွဲသဖြင့်၎င်း။ ပုဂ္ဂိုလ်ပေါ်မှာ သစ္စာလေးပါး ပရမတ္ထတရားထင်၍၊ ၎င်းပုဂ္ဂိုလ်ကိုပင် ဗုရားဟုခေါ်ဝေါ်ပညတ် သမုတ်ကြကုန်၏။ ဘုန်းကြီးရုံမျှနှင့် ဘကုန်းဘုရားတွေကို ဗုရားအစစ် မခေါ်နိုင်၊ အဘယ်အတွက်ဆိုလျှင် ဘုန်းသာကြီး၏ ပရမတ္ထသဘာဝပတ္တသဘောတရားကို မသိခြင်းကြောင့်ပေတည်း။

လောက၌၊ ပွင့်ပေါ်လာကြသော ဘုရား အမျိုးမျိုးတို့၌ ဘုန်းကြီးသောဘုရား များကြပါ၏။ သစ္စာလေးပါး ပရမတ္ထတရားကို သိသောဗုရားနည်း၏။ ၎င်းသစ္စာလေးပါး ပရမတ္ထတရားကို သိကြ၊ ဟောကြသော ဗုရားအစစ်တို့တွင်လည်း အလိုလို ယိုးထွင်း၍ သိသူ၊ သူတပါးအား မဟောပြနိုင်သူ ဘုန်းထက်ချုပ်- မပြတ်ပါသူ ဖြစ်သော သမ္မာသမ္ဗုဒ္ဓ ဗုရားမျိုးကိုသာ ပဋ္ဌမဗုရား တစ်ဗုရား အမြတ်ဆုံးဗုရား တန်ခိုးအကြီးဆုံးဗုရား၊ ဘုန်းအကြီးဆုံးဗုရား၊ အဆင်းအလှဆုံးဗုရား၊ ဥာဏ်အကြီးဆုံးဗုရား၊ စကားပြော အကောင်းဆုံး အသိဆုံးဗုရား၊ ပုဂ္ဂလမိဋ္ဌာန်အားဖြင့် ခေါ်ထိုက်ပေသည်။ ဓမ္မမိဋ္ဌာန် သစ္စာလေးပါး ပရမတ္ထဗုရားသည် လုသဏ္ဍဝါ၊ နတ်သဏ္ဍဝါတို့ မကျံနိုင်-မစီနိုင်၊ မတုနိုင်-မယှဉ်နိုင်၊ အတုမလုပ်နိုင်၊ သဏ္ဌာန်ဒြပ် အဆင်းပုံ လက္ခဏာကိုမှ စ၍၊ မပြော မပြနိုင်သော ဗုရဓား-ဗုရားပေတည်း။

ဓမ္မမိဋ္ဌာန်၊ ဗုဓေါ် ဗုရဓား-ဗုရားသည် လောကီကုသိုလ် နည်းသော ပုဂ္ဂိုလ်တို့၏ ခန္ဓာငါးပါး၌ ကိန်းအောင်းသောအခါ။ ထိုသူကို ပုဂ္ဂလမိဋ္ဌာန်အားဖြင့်စွဲ၍ ဗုရားငယ် လေးမျိုး၊ ငါးမျိုးတို့ဖြင့် အမည်ပေး၍ ခေါ်၏၊ လောကီကုသိုလ် အကြီးဆုံး အသာဆုံး၊ ဘယ်သူမှ မတုနိုင်ဆုံးဖြစ်သော လူပုဂ္ဂိုလ်တို့၏ ခန္ဓာပေါ်၌ ကိန်းအောင်းသောအခါ လူတွင် ထင်ရှား သမ္မာသမ္ဗုဒ္ဓ ဗုရား သဗ္ဗညုတ ဥာဏ်ကို အစိုးရသော ဗုရား သည်ဖြင့် အထူးထူး အထွေထွေ မိမိတို့ ဘာသာ စကား ဖြင့် ချီးမြှောက် ဂုဏ်တင် ချီးမွမ်း၍ ခေါ်ဝေါ် သမုတ်ကြကုန်၏။ ဤကား ပုဂ္ဂလမိဋ္ဌာန်၊ ဓမ္မမိဋ္ဌာန် ဗုရားနှစ်မျိုးခွဲ၍ ပြခြင်းပေတည်း။

ဤ ပရမတ္ထ သဘာဝဖြစ်သော ဓမ္မဓါတ် ဓမ္မနိဗ္ဗာန် ဘုရားသည် သဏ္ဌာန်ဝါတိုင်း ဆည်းကပ်ကိုးကွယ် ပူဇော်ခြင်းကိုမပြုနိုင်၊ အန္ဓပုထုဇဉ်တို့ ဉာဏ်မျက်စိနှင့် မမြင်နိုင် မတွေ့နိုင်ဟုမှတ်လေ၊ ဘယ်အတွက်ဆိုလျှင် ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိသော ဘုရားဖြစ်၍ ရုပ်၊နာမ်၊ခန္ဓာ၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ်၊ ဓါတ်သစ္စာတို့ကို သိကျွမ်းနားလည်တတ်မြောက်သော သူတို့သာ ဤဘုရားကို မြင်နိုင်၊ တွေ့နိုင်၊ ပူဇော်နိုင်၊ ဆည်းကပ်နိုင်၊ ကိုးကွယ်နိုင်ကုန်သည် ဟုမှတ်။

ဘုရားကိုးကွယ်ပုံ၌ အချို့ပုဂ္ဂိုလ် ဓမ္မဓါတ်၊ ဗုဒ္ဓ-ဓါတ်၊ ဓမ္မနိဗ္ဗာန်၊ ဘုရှင်ဘုရား ပရမတ္ထဘုရား နိဗ္ဗာန်သို့ ပို့နိုင်သော ဘုရားကို ကိုးကွယ်ကြရကုန်၏၊ အချို့ပုဂ္ဂိုလ် ဤဓမ္မဓိဋ္ဌာန် ကိန်းအောင်းသော သမ္မာသမ္ဗုဒ္ဓ ဘုရားကြီးကို မှီလိုက် တွေ့လိုက် မြင်လိုက်ရ၍ ကိုးကွယ်ကြရကုန်၏၊ ဤသူတို့သည် အချို့ကား လောကီ-လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွါးကိုရလိုက်ကြကုန်၏၊ အချို့ကား ဤသမ္မာသမ္ဗုဒ္ဓ ဘုရှင်ဘုရားကို တွေ့သဖြင့် ဖြစ်မှားကြသောကြောင့် အကုသိုလ်အကျိုး အပါယ် ၄ ပါးသို့ ကျရောက်ကုန်၏၊ ဘယ်အတွက် ဖြစ်မှားကြသနည်းဆိုလျှင် အထက်ထက်က မိမိတို့ကိုးကွယ်ထားသော (ဘ)ကုန်းဘုရားကို အစွဲအမြဲကြီးခြင်းကြောင့်ပေတည်း၊ အချို့ပုဂ္ဂိုလ်တို့ကား ဤသမ္မာသမ္ဗုဒ္ဓ ဘုရှင်-ဘုရားကို မမှီလိုက် မတွေ့လိုက်၍ ၎င်းဘုရား သားတော် အနုဗုဒ္ဓ သာဝကဗုဒ္ဓ သုတဗုဒ္ဓ အာဂါရိယမုနိ၊ အနာဂါရိယမုနိ၊ သေက္ခမုနိ၊ အသေက္ခမုနိစသော ဘုရားငယ် အရိယာရှစ်ယောက်တို့နှင့် တွေ့ရှိ၍ ကိုးကွယ်ရသဖြင့် လောကီကျိုး လောကုတ္တရာကျိုး နှစ်ပါးတို့၌ မိမိ-မိမိတို့ ဆည်းပူးနိုင်သလောက် ရကြကုန်၏။ အချို့သော ပုဂ္ဂိုလ်တို့ကား ဤဓမ္မဓိဋ္ဌာန် ကိန်းအောင်းသော သမ္မာသမ္ဗုဒ္ဓကိုလည်း မတွေ့ရ၊ ဤဘုရား၏ ကပ္ပည်ဖြစ်သော သစ္စာလေးပါး-ပရမတ္ထတရားသိသူ၊ ကလျာဏ ပုထုဇဉ်အစ အရိယာ ရှစ်ယောက်တို့ကိုလည်း ဘုရားငယ်မှန်းမသိ၊ ကိုးကွယ်ရမှန်း မသိဘဲ နှင့်၊ သမ္မာသမ္ဗုဒ္ဓ၏ အတုအယောင် လုပ်ကလပ်သော (ဘ)ကုန်းဘုရားတွေ နှင့် အချိန်ကုန်၍ ကိုးကွယ်ခြင်း ပြုကြခြင်းကြောင့် အပါယ်လေးပါး သို့ သွားသူများကြကုန်၏၊

ဘယ်အတွက် အပါယ်လေးပါး၌ ကျသူများသလဲဆိုလျှင် ဤဘုရားသည် သံသရာကို လွန်အောင်လည်း တရားမဟောနိုင်၊ လောကီကုသိုလ်ပြုပုံပြုနည်း စိတ်ထားစိတ်နေကိုလည်း မဆုံးမနိုင်၊ အပါယ်ကျတတ်သော ဒုစရိုက်မှ သက္ကာယဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ အယူမှားတို့ကိုလည်း မပြောပြနိုင်၍၊ ဖယားသော၊ ဖယားအ၊ ဘုန်းကြီးသော (ဘ) ကုန်း ဘုရားကို ကိုးကွယ်မိသည့်အတွက်ကြောင့်ပေတည်း။ ၎င်း (ဘ) ကုန်း ဘုရားကိုမှီ၍ ပွဲတော်လုပ်ပြီး၊ သတ္တဝါအများတို့အပေါ်၌ လိမ်၍ ကောက်ကျစ်၍ မုသားပြော၍ ပစ္စည်းဝတ္ထုယူမှု အလွန်များကြခြင်း စသည်ဖြင့် လိမ်မှာသူများ ဥာဏ်နှင့် မြော်လေ။

ဤယခု ရေးပြလိုက်သော ပရမတ်ဘုရား၊ ပညတ်ဘုရား၊ (ဘ) ကုန်း ဘုရားတို့ကို ဖတ်မိကြသော သူတို့ကား၊ အချို့သူကား ပရမတ်ဘုရားတွေ့ကြလိမ့်မည်၊ အချို့ ရဟန်းရှင်လူ ပညတ် (ဘ) ကုန်း ဘုရားတွေ့ပေလိမ့်မည်၊ အချို့ကား ပညတ်နှင့် ပရမတ်တွဲလျက်ရှိသော ဘုရားငယ်အနုဗုဒ္ဓ ဘုရားတို့ကို တွေ့ပေလိမ့်မည်၊ ဤရဟန်းရှင်လူတို့တွင် (ဘ) ကုန်း ဘုရား လူကလုပ်သော ဘုရားကိုးကွယ်၍ ၎င်းဘုရားကိုမှီ၍ စားသောက်အသက်မွေးသူကဖြင့် အနှားပေါ်တတ်ကျ မအော့နှစ်မကို ဆဲရေးသည်ထက်၊ အဆ-ရာ၊ ထောင့်မကာ၊ အနာကြီး နာပေလိမ့်မည်ဟု ငါဆရာသိ၏၊ သိသော်လည်း ဘေးကိုမဟုတ် လက်ကိုပဓ္ဓယ်ဘဲ၊ နောင်လာမနောင်သားတို့ ရဟန်းမိုက်၊ ရှင်မိုက်၊ လူမိုက်တို့ကို ကိုးကွယ်ဆည်းကပ်မှုကြောင့် အစဉ်အဆက် မှားယွင်းသွားမည်ကို စိုးရိမ်၍ ရေးသားလိုက်သည့်တကြောင်း၊ မြတ်စွာဘုရား သာသနာတော် မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားကွယ်မြုပ်မည်ကိုသိ၍တကြောင်း၊ လောကီအလုပ် သာသနာဖျက်ဆီးမှုကြီးက ကြီးပွါးလာပြီး၊ လောကုတ္တရာ အလုပ် လုပ်ကြံသူ ရဟန်းရှင်တို့၏ ပျက်စီးတိမ်ကော ကွယ်ပျောက်မည်ကို စိုးရိမ်၍ တကြောင်း၊ မဟုတ်မတရား လူကလုပ်တဲ့ သစ်သားရုပ်၊ ကျောက်ရုပ်၊ အင်္ဂတေရုပ်တို့ကို ဂုဏ်ကြီးအောင်၊ တန်ခိုးကြီးအောင် ပြောဟော၍၊ စားသောက်နေထိုင် လိမ်လည် ကောက်ကျစ်ကြသော ရဟန်းမိုက်၊ ရှင်မိုက်၊ လူမိုက်တို့ အပါယ်ကျသည်ကို သနား၍၎င်း၊ အမျိုးမျိုးသော မေတ္တာဖြင့် ဘုရားအစစ် ရတနာကို သိစေခြင်းငှါ ရေးပြလိုက်သည်၊ စာကြည့်သူတို့ လူ

မရှည်ကြနှင့် ပါးစပ်ဒေါး မထက်ကြနှင့် အနာပေါ်တုတ်ကျ၍မခံနိုင်လျှင် ဆရာတော်နှင့် တွေ့မှ ပါးစပ်စစ် ရေးပြုကြလော့၊

ဓမ္မဓိဋ္ဌာန်၊ နိယတဘုရား အမြဲဘုရား လူနတ်ဗြဟ္မာတို့ မကြံမစည်နိုင်သောဘုရား၊ မအိုမသေသောဘုရား၊ ဤပရမတ္ထဘုရား၊ ဗုဒ္ဓဝါး ကိုယ်တော်အရှင်က ကမ္ဘာလောက၊ သတ္တလောက၊ သင်္ခါရလောက၊ သြကာသလောက၊ သုံးပါးလေးပါးတို့ကို ဖန်ဆင်းတည်ထောင်ပုံ၊ တန်ခိုးတော်ဖြင့်စီမံပုံ၊ သတ္တလောက သတ္တဝါတို့တွင် အမြဲဘုရားက တန်ခိုးတော်ဥာဏ်တော်အပ်ပုံ ကမ္ဘာနှင့်သတ္တဝါဖြစ်ပုံ၊ (ဘ)ကုန်းဘုရားဖြစ်ပုံ ဗုဒ္ဓဝါး ဘုရားဖြစ်ပုံ၊ ဗ–ရ–ဟ–မ–ကို၊ သင်္ခေပကျဉ်း၍ ဗြမာဖြစ်ပုံ၊ မြတ်သောအကျင့်ဖြစ်ပုံ၊ သတ္တဝါအမျိုးမျိုးကွဲပုံ၊ ဝေဒဂူပုဂ္ဂိုလ်တွေ ပေါ်လာပုံမှစ၍ အမြဲဘုရား၏ တန်ခိုးသတ္တိ အမျိုးမျိုးကို သိလိုကြည့်လိုကပါတို့ ဗိုရင်ရေးသားသော (သမ္မာဒိဋ္ဌိ ဘာသာကျမ်း) မှာ ကြည့်လော့၊ ရှင်းကျမ်းသည် ခရစ်ယာန် အမေးပုစ္ဆာ (၂၅) ချက်ကို လယ်တီဆရာတော်ဘုရား ဖြေဆိုထားခြင်းတရပ်၊ ရှင်းပုစ္ဆာ(၂၅)ချက်ကို ပင် ဆရာတော်ဖြေဆိုထားခြင်းတရပ်၊ လယ်တီအဖြေ၊ ဓမ္မစေတီအဖြေ နှစ်မျိုးတွဲလျက်ရှိသော ကျမ်းဖြစ်သည်၊ အားလုံးသာသာဟို ဘုရားဟောဆုတည်းတူပုံ ပြသည်။ နောက်ကာလရှည်လျား၍ အယူဘာရား ကွဲပြားကြခြင်းကြောင့် တရားကစ၍ ဘုရားကွဲသွားပုံ များလည်းပါ၏။

## တရားထူး–တရားမြတ် ပေါ်လာပုံပြခြင်း

ဤမဟာ လောကဓာတ် ကမ္ဘာလောကကြီး၌ တရားထူးတရားမြတ် ပေါ်လာရခြင်းကား သတ္တဝါအပေါင်းတို့ ၃၁–ဘုံ လုံးစုံဒုက္ခ တွေ့ကြုံနေကြရသည်ကို၊ သနားခြင်း ကရုဏာရှိတော်မူသော ဓမ္မဓိဋ္ဌာန်နိယတ အမြဲဘုရားသည်၊ လောကီ ကုသိုလ်အကြီးဆုံးပုဂ္ဂိုလ်တို့၏ ခန္ဓာပေါ်၌ ကိန်းအောင်း၍ ယိုက်သည်အားလျော်စွာ တန်ခိုးတော် ဥာဏ်တော်ပိုကို အပ်နှင်း၍ ထိုပုဂ္ဂိုလ်၏ ခန္ဓာအသက် ရှည်သလောက် ဟောပြောဆုံးမမှုပေတည်း။ ထိုကြောင့် ခရစ်ယာန်–မဟာမက် စသော ဘာသာအယူဝါဒကျမ်းတို့၌၊ ခိုးဒါဝင်ဘုရား၊ ထာဝရ ဘုရား တို့သည် မိုဃ်း

ကောင်းကင် နိဗ္ဗာန်ဘုံသို့ အဆုံးစွန်သွားခြင်း၌ အကြိုက်ဆုံး အနှစ်သက်ဆုံး စကားကို တပည့်အများအား ပြောသွားကြကုန်၏၊ ပြောပုံကား သင် တပည့်တို့သည် သတ္တဝါအများတို့အား၊ မိမိနှင့် အမျှ ချစ်လော၊ မကျူးလွန်ကြနှင့်လော။ သင်တို့၏ စိတ်ဝိညာဏ်ကို သန့်ရှင်းအောင်လုပ်ကြကုန်လော၊ သင်တို့၏ ဝိညာဏ်သန့်ရှင်းလျှင်၊ ငါဘုရားကိုယ်တော်တိုင် ပူးဘဲ့၍ နိဗ္ဗာန်ကိုပြမည်ဟု မှာ၍ သွားကြကုန်၏....၊ သတ္တဝါတို့၏ဝိညာဏ်ကို သန့်ရှင်းအောင်ပြုလုပ်သော နည်းနာကိုတော့ မပြောမပြသဲသွားကြကုန်၏။

ငါတို့ မုဒ္ဒိတာသာသာအစစ်၊ ဓမ္မဝိဇ္ဇာန်ဗုရား၊ ပြောပြပုံကို သိလိုက၊ သမ္မတိတ္ထ ဘာသာကျမ်းမှာ ကြည့်လေ၊ ငါတို့ ဓမ္မဝိဇ္ဇာန်ဗုရား ကိန်းအောင်း၍၊ လုတွင်ထင်ရှား၊ လုသားစင်စစ်ကဖြစ်သော သမ္မာသမ္ဗုဒ္ဓ ဇုဂ္ဂလမိဇ္ဇာန်ဗုရား၊ အဆုံးစွန် ပရိနိဗ္ဗာန်ပြုခါနီး၊ မှာသွားသော စကားမှုကား၊ ညီတော်အာနန္ဒာ အပူးထား၍ ချစ်သားအာနန္ဒာ၊ ငါဗုရားသည်၊ နက်ဖန်နေဝင်းသွက် ထက်သကာလ၊ ပရိနိဗ္ဗာန် ပြုတော့မည်၊ လေးဆယ့် ငါးဝါကာလပတ်လုံး၊ ဟောပြသည့်စကားတရားတို့ထက် ယခု ငါဗုရား အကြိုက်ဆုံးသော စကား၊ အနှစ်သက်ဆုံးသော စကား၊ သဘောအကျဆုံးသော စကားကို ပြော၍ သွားမည်ဟု(ဟန္ဒဒါနိ ဘိက္ခဝေ)စသည်ဖြင့် ပရိနိဗ္ဗာန သုတ်မှာ ဟောတော်မူ၍ သွားလေသည်။ အဓိပ္ပါယ်မှုကား၊ ဗြဟ္မာများ လူမည် ဟု လာသော ပန်းကုံးကြီးကို အကြောင်းပြု၍ အာမိဿဒါန သင်္ဂြိုဟ်ရကုသိုလ်၊ အကုသိုလ် တရားတို့ကို ပယ်၍ နိဗ္ဗာန်ရောက်လိုသူ မှန်က၊ ဝိညာဏ်ကို၊ စိတ်ကို၊ သန့်ရှင်းစင်ကြယ်နိုင်သော၊ ပရမတ္ထသဘာဝ၊ ရုပ်နာမ်ဓမ္မ ဝိပဿနာတရားကို သာ ...းများကြကုန်လောဟု မိန့်၍ သွားလေ၏။

ဤပုဂ္ဂလမိဇ္ဇာန် အချင်ဂေါဝမ္မပြောခြင်း အဆုံးစကားလည်း၊ ဓမ္မဝိဇ္ဇာန် အမြဲဗုရား၊က ပူး၍ စီး၍ ကဲ၍ ပြောမှုပေတည်း၊ ဤကဲ့သို့ သတ္တဝါတို့၏၊ ခန္ဓာငါးပါး အပေါ်မှာ ပူးဘဲ့၍ ပြောခြင်း ဟောခြင်း၌လည်း သတ္တဝါတို့ ခန္ဓာ၌သင် ပူးခြင်း ကဲ့ခြင်း မပြုလို့ အဘယ်ကြောင့်ဆို

လျှင် အယူးမှား ဒိဋ္ဌိကိလေသာရှိသူ၊ သာယာ ခင်တွယ်ခြင်း တဏှာ ကိလေသာရှိသူတို့၌ မကိန်းအောင်းလိုဟု မှတ်လေ။

အယူမှား မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ ဒိဋ္ဌိကြီးသုံးပါး၊ ဥစ္ဆေဒ သဿတဒိဋ္ဌိ၊ အယူမှားရှိသမျှ၊ အမှတ်မှား အထင်မှား အမြင်မှား အစွဲမှားရှိသမျှတရားတို့ကို၊ ပယ်နိုင်သူ၊ စွန့်နိုင်သူ ဖြတ်နိုင်သူအား၊ ဤဓမ္မဓိဋ္ဌာန် နိယာတ အမြဲဘုရား ပရမတ္ထဘုရား၊ ဗုဒ္ဓဓာတ်ဘုရား ဓမ္မဓာတ် သဘောတုံး သဘောခဲ၊ မကွဲမပျက် မအိုမသေသော ဘုရားဟု အမျိုးမျိုးခေါ်သော သတ္တဝါတို့ မကြံမစီနိုင်သောဘုရား၊ မတုနိုင်သော ဘုရားကြီး၊ တကြိမ် ကိန်းအောင်းလေတော့၏၊ ထိုသူကိုပင် ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ဓမ္မဓိဋ္ဌာန်နှင့် တွဲ၍ သောတာပန် ပုဂ္ဂိုလ်ဟု ခေါ်၏၊ ဤသောတာပန်ခေါ်ပုံ အမျိုးမျိုးကို သိလိုက ငါတို့စီရင် ရေးသားသော၊ သောတာပန်လမ်း-အလင်းကျမ်းမှာ ကြည့်လေ။

ထိုသူသည် တဖန်၊ ကာမတဏှာကို ခေါင်းပါးအောင် ဗြဟ္မစရိယာ သိက္ခာပုဒ်ကို စောင့်ထိန်းခြင်း၊ မိမိခန္ဓာ သူတပါး ခန္ဓာ၌ အပုပ်ကောင်၊ အသိုးကောင်၊ အရိုးကောင်၊ ၃၂-ပုံ ကောင် ထင်မြင်အောင် ရှုခြင်း စသည်ဖြင့် ပွားလပ်သူကို အမြဲဘုရား ၂-ကြိမ် အောင်းသူ၊ သကဒါဂါမ်ဖြစ်သူ-ဟူ၍ ခေါ်ကြကုန်၏။ ထိုသူသည် ကာမရာဂ သံသဂ္ဂစိတ် ဖြတ်သောအခါ ဘုရား ၃-ကြိမ်ပူးသူ၊ အောင်းသူ အနာဂါမ်ဟူ၍၎င်း၊ ကာမဂုဏ် အနာခံနိုင်သူဟူ၍၎င်း ခေါ်ကြကုန်၏။ ရုပ်၌သာယာမှု၊ နာမ်၌သာယာမှုသည် သူတပါး၌၎င်း၊ မိမိခန္ဓာ၌၎င်း၊ ကင်းပြတ်ပါက ဓမ္မဋ္ဌာန် အမြဲဘုရား လေးကြိမ်အောင်းသူ၊ ကိလေသာကုန်သူ၊ ရူပ ရာဂ၊ အရူပ ရာဂ ကင်းပြတ်သူ၊ ရဟန္တာဖြစ်သူ၊ ဘဝ မကျန်သူဟူ၍ အမျိုးမျိုး ခေါ်ဝေါ်ခြင်း ပြုကြကုန်၏။

ဤ တရားယူး-တရားမြတ် ကိလေသာကုန်ခန်း၍ နိဗ္ဗာန်ရောက်ခြင်း သဘောသည် မညီသူအားမျှ ဘုရားမကိန်းအောင်းက မပြောနိုင်ဟုမှတ်။ ဘုရားမှစစ် ကိန်းအောင်းသူသာ ပြောနိုင် ဟောနိုင်၏။ ပြောပုံကား၊ အခဲဘုရား ဓမ္မဓိဋ္ဌာန်က ဘုရားသုပန်သူ၊ လောကီကုသိုလ် အကြီးဆုံးဖြစ်သူအား ကိန်းအောင်း၍ ဟောမှုပြောမှုပေတည်း။ ၎င်းအမြဲဘုရား ပူး

တွဲခြင်းခံရသော သမ္မာသမ္ဗုဒ္ဓဘုရားက ပြောမှ ဟောမှ နားလည်ကြသောပုဂ္ဂိုလ်၊ အရိယာသာဝက ဗုဒ္ဓဘုရားငယ်တို့က တဆင့်တဆင့် သိသောနည်းသိသာ၊ အစဉ်ဟောမှု ပြောမှု ပေတည်း။

ဤစိတ်ဝိညာဏ် သန့်ရှင်းသော ပရမတ္ထ သဘာဝတရားကိုသာ သာသနာဟု ခေါ်၏။ ဤတရားတည်ရှိသမျှ သာသနာတည်၏။ ဤ တရားကွယ်က သာသနာကွယ်၏။ စာတွေကိုမဆိုလို၊ စာတွေက ပရမတ္ထသဘောတရားသိအောင် ထိုး၍ပြသော လက်သှိုးပေတည်း၊ အနန္တပုထုဇာန်အကန်းတို့ လက်သှိုးမကာ တကိုယ်သုံးထိုးပြသော်လည်း မမြင်နိုင်၊ စာနှင့်သင်ပြမှုမဆိုနှင့် ငွေးကနှင့်သင်သင် မမြင်နိုင်ဟု-မှတ်။

အဘယ်ကြောင့်ဆိုသော် ပုဂ္ဂလဓိဋ္ဌာန် အရှင်ဂေါတမသည် (အတွေ့အက္ခရာ-သညာမထော)ဟူသော ဤနှစ်ပုံးသော စကားကိုသာ ဟောတော်မူသည်၊ သဒ္ဒါရှစ်စောင်ကိုမဟော၊ သတ္တဝါတွေကို စာသင်နေသောဘုရားမဟုတ်ကုန်၊ ရင်းဘုရား၏ သားတော်တို့သည်လည်း စင်သင်၍ နေကြသည်မဟုတ်ကုန်၊ တရားသဘောကိုသာ သင်ကြ, မှတ်ကြ, ကျက်ကြ, ဆိုကြမှု ပေတည်း။

အနက်အဓိပ္ပါယ်ကား ။ဘိက္ခဝေ၊ စိတ်ဝိညာဏ်ကို ကေန်သန္နိစင်မဂ်လမ်းခွင်ကို ဝင်လိုကြပြား အို...ချစ်သား,ချစ်သမီးတို့၊ အတွေ့၊ ဇလးဆယ်ငါးဝါ ရှည်ကြာသမျှ ဟောဆုံးမသည့် ပရမတ္ထသဘော၊ အတွေ့ဆိုသည့် အနက်အဓိပ္ပါယ်ကို၊ ဝါ သံသရာထွက်မှု၊ ရုပ်စု,နာမ်စု, ခန္ဓာစုဟု၊ ဟောပြောဆုံးမ ပရမတ္ထသဘောအနက်တို့ကို အက္ခရာ၊ မိမိတို့ဘာသာ သညာအမှု အက္ခရာပြုလုပ်၍၊ ဝါ၊ အမျိုးဘာသာ ကုလားစာ, ကရင်စာ, ရှမ်းစာ, ဗမာစာ, တရုတ်စာ, အဖြာဖြာသော အက္ခရာသညာဖြင့်ပြုလုပ်၍ သညာထော၊ မင်္ဂ, ဖိုလ်, နိဗ္ဗာန်, ဆုံးခန်းတိုင်၍၊ ပိုင်ပိုင်ခပင်း ဓါတ်ဥာဏ်လင်းအောင်၊ ချက်ချင်းသာပ ပရမတ္ထကို၊ မှုချတင်တင် ဉာဏ်နှင့်မြင်အောင် ဆင်ခြင်ကျေးတော် သုခနာမှာ အဆောလျှင်စွာ စိတ်တွင်းမှာသာ မှတ်ထား၍သာ ပြုအပ်လှပေသတည်း။

သင်, ချစ်သား - ချစ်သမီးတို့သည်၊ စိတ် ဝိဉာဏ် သန့်ရှင်း၍ နိဗ္ဗာန်ရောက်ကြရအောင် မိမိနားလည်သောအက္ခရာဖြင့် ပရမတ္ထသဘောအနှစ်တို့ကို မှတ်ကြကုန်ဟု ဟောပြောသည်ကို ပရမတ္ထ သဘောမပြဘဲ၊ တောင် တောင် ဤဤ ပွေလီဆန်းပြား ကိုစာစကား၊ အသံထား, အသံယူ, အသံပြု, ဟန်ပြု, ဘာကိုဖျက်၊ ဘာကိုချေ၊ ဘာနှင့်လုပ်၊ ဘာနှင့်ကပ်၊ ဘာနှင့်ပူးဆိုတာနှင့် ဗုရားစကား ပရမတ္ထ တရားတွေ ပျောက်ပျက် တိမ်ကောမှုပေတည်း။ ခလေးသူငယ်တို့ ပြောသောပုံကလေးတခုကဲ့သို့ ဗာရာဏသီပြည်ကြီး၌ ဘာလုံးကြီးရှိ၏၊ ဤဘာလုံးကြီးထဲ၌ ဘာရှိမှန်းမသိကြသော ဘာလူကွက ဘာမှမဟုတ်သောဓါးနှင့် ခွဲ၍ကြည့်လိုက်ရာ အချို့သူက ဘာမှမရှိဘူးဟု ဆိုကုန်၏၊ အချို့ဘာကောင်တွေက ဘာမင်းသမီးကလေးထွက်လာသည်ဟု ဆို၏။ အချို့က ဘာမင်းသမီးကလေးကို ကောင်းကင်က ဘာမင်းသားဆိုလား၊ ဘာရထားနှင့် တင်သွားခြင်းကြောင့် ဗာရာဏသီပြည်မှာ ဘာမှ မကျန်ရစ်ထာဟု ခလေးချင်း ယုံတမ်းပြောကြသော စကားကဲ့သို့ ချိစကဖြင့် အတော် ကြီးကျယ်သော စကားဖြစ်၏။ ဗာရာဏသီလေး ဘာလေးနှင့်နောက်တော့ ဘာမှမဟုတ်သလို ဗမာနိုင်ငံမှာ ဗုဒ္ဓဘာသာဆိုတော့ အချို့အစကလေး အတော်သားဘဲ၊ နောက်တော့ပျက်ပုံက ဗြဟ္မာက ဆင်းသက်သော မြတ်သော အကျင့်ရှိသော ဗမာလူမျိုး၊ သစ္စာလေးပါးသိကြ၍ ယူကြ၍ ကျင့်ကြ၍ မဂ်ဖိုလ် နိဗ္ဗာန်ရောက်နိုင်သော အလေ့ဟုဆိုအပ်သော ဗုဒ္ဓဘာသာ ဤနှစ်ဖြာက ဤအတိုင်းမှန်က ဗာရာဏသီပြည်ကြီးကဲ့သို့ ခန့်၏၊ ခိုင်၏၊ မြဲ၏၊ ဘောဂပါ၏။ ယခု ၁၂၄၇-ခုနှစ်ကစ၍ ဗမာအခေါ် ပျောက်ပြီး မြန်မာဟု ခေါ်ကြကုန်၏၊ မြန်မာရေးခြင်း၌လည်း (မ) နှစ်လုံးနှင့် မြမ္မာ၊ (နသတ်) မြန်မာရေးကြကုန်၏။ သည်ကထဲက တနိုင်ငံလုံး ကျွန်ဖြစ်ကြကုန်၏၊ ဇမ္ဗူဒိပ်ကျွန်း၌ တိတ်နိမိတ်အတိုင်း ဖြစ်ပေါ်ကြကုန်၏၊ ပေါရာဏကထာ၌ မြန်မြန်မာမာရှိ၍ ကျွန်အရာက အမှုထမ်းဆောင်ခြင်းကြောင့် ယမ်းဆောင်သူတို့ကို မြန်မာဟု ပေါရာဏကထာလို ခေါ်၏၊ ဗမာလိုပြန်လျှင် ကျွန်မျိုးဟုခေါ်၏။

ဗုဒ္ဓဘာသာ၌ ဗုရားခေါ်ခြင်းကား၊ ရေးခြင်း မှတ်ခြင်းကား ဗုရမားဟု ပဉ္စမခေါ်ခြင်း၊ အနောက်ဘုရား ဖယား ဟု ခေါ်ခြင်းကြောင့်

ဗုဒ္ဓဘာသာလည်းလုပ်ကြဖါသာဖြစ်၏ ရှင်စွဘာသာ ဖြစ်၏ ဗ-ရ-တ-မ ကို အကျဉ်းအားဖြင့် ဗကို ရက ရစ်လိုက် တနှင့်မ ဆင့် လိုက် သော်၊ ဗြဟ္မာဟု အကျဉ်းခေါ်၏၊ နောက် ဗမာဟု ခေါ်၏၊ နောက် ယခုတိုင် မြန်မာဟု ခေါ်ကြခြင်းကြောင့် ရှေ့ကျန်ဘဝက တိုးတက်သို့ရာ အာ လွန်ဘဲ ခိုယဉ်း၏၊ စဉ်းစားကြ ဝမ်းစာလုနှင့်၊ ဝိုင်း-အုံ-ပိ-ဇး တို့၊ ရှေ့ကို ဘာဖြစ်မှာလဲဆိုရင် ခလေးပြောသော ပုံကလေးကဲ့သို့၊ အချိ အစက အရင်နှင့် အလယ်အဆုံးမှာ အသုံးမကျသကဲ့သို့ ဗမာနိုင်ငံမှာ ဗုဒ္ဓဘာသာတွေ့တဲ့ပုံ၊ မြန်မာနိုင်ငံမှာ လုပ်ကြ ဗလာချာတွေ့တဲ့ပုံ၊ ဗာရာ ဏသီမှာ ပါလုံးကြီးတွေ့တဲ့ပုံ၊ အပြီးသတ်တော့ ပညာရှိတို့ဥာဏ်မှာ ဘာ မှမရှိ ဘာမှမဟုတ်၊ ဖြစ်သည်ကိုသိသလို အမိမြန်မာပြည် ဟု ဆိုကြ ခြင်း၌ ငါတို့အမိသည် ကျွန်မကြီး ကျွန်မျိုးကြီး ကျွန်တိုင်းပြည်ကြီးဟု မိမိ အမိကျွန်ဖြစ်ကြောင်း မကြာမကြာ လူမိုက်တွေက မရှက်မကြောက် လို့ ပြောသည်နှင့် တူ၏။

တိုင်းပြည်ကောင်းလိုက မြတ်သော အကျင့်ရှိသော အမျိုး၊ ဗြဟ္မာ ဟုခေါ်၊ လူမျိုးတို့၏ တက်ကပ်မှုပေတည်း၊ ဘာသာအရာ၌ ကောင်း လိုသော် ပုခေါ်ဘ်နှင့် သစ္စာလေးပါးသိသော ဗုရားကို ဗလချိက်နှင့် ရေးကြ ဘတ်ကြကုန်၊ ဤကား ဘာသာကြီးပွါးမှုပေတည်း။ ဤတက် ကပ် အချိုးဘာသာနှစ်ခုကို တက်အောင်မပြု လုပ်နိုင်သမှု ကာလပတ် လုံး ဘာနိုင်ငံမှာ ဗာလ ကောင်တွေ၊ ဦးစီး ဦးကိုင် ပြုခြင်းကြောင့် ဘာလူကြီး၊ ဘာစက်ကပ်ကြီး ဘာငယ်သားတွေ၊ ဘာမတွေ၊ ဘာ ကောင်တွေဖြစ်ပြီး၊ ဘာမှ မရှိသော ဘာလုံးကြီးကဲ့သို့ အပြီးသတ် တော့ ဘာမှ မဟုတ်၊ ဘာမှ ခရီးမရောက် ဘာမှ အကျိုးမရ၊ ပါပမင်း လက်ထဲ၊ အသက်နှင့် အသပြာ အပ်နှင်း၍ ထားရ ပါသောကြောင့်။ ကပ်သုံးပါးမလွတ် ဦးပုည-ပြောသလို (ကရင်ရိုင်းနှင့် တလိုင်းသော၊ လူတောလူညစ်ပင်လယ်ကြောတွင် ဇော်ရိုင်းနှင့် သိုင်းဖြစ်)ဆိုသကဲ့သို့ (အပါယ် လေးဘုံ နှင်ဘယ်ဘုံ ကြိုက်သလဲ ထိုက်ရာကို သွားဟဲ့လို့) ဆိုသော ပေဒ္ဒကော၊ ပါတ်တိုက်လို ဖြစ်ထိုက်ကြမှာ အနန္တဖြင့်၊ ဟ ဆွဆွမြင်လှန်းလို့ သင်ခရွှန်း သတ္တဝါတွေကို သေပြန်လျှင် အပါယ် လွတ်အောင် သုံးလူ့ ထွဋ် ဗော ဂရမေ၏၊ ဟောချေသော ဒိဋ္ဌိသတ် တရားဖြင့် သတ္တဝါကျွင့်ကြွသွားရအောင် လက်ဝါးဖြင့်- တင်ပြသော

ပတ္တမြားကဲ့သို့၊ ထင်ထင်ရှားရှား ရုပ်နာမ်ဓမ္မ၊ သင်္ခါရအောက် ပရမတ်တရားတို့ကို ရေးသားစီရင်လိုက်ပါဦးအံ့။ တိုင်းပြည်အသုံး ဒိုင်နှင့်ဟုမ်းကို လုံးလုံးကင်းပြတ်၍ ပရမတ်ပေါက်ဥာဏ် အမြင်သန်၍ သောတာပန် ဖြစ်ကြပါစေသတည်း။

## တရားစစ်, တရားမှန်, ရွေးပြခက်း

နောက်ကပြခဲ့သော သမ္မာသမ္ဗုဒ္ဓဘုရားကြီး ပွင့်ပေါ်လာသောအခါမှ ပေါ်ပေါက် ဖြစ်ထွန်းလာသော အကြောင်းကား၊ ဘုရား, တရား, သံဃာဟု ရတနာသုံးပါး ပေါ်ပေါက်ခြင်းပေတည်း။

ဤရတနာသုံးပါး၌ ဓမ္မဒိဋ္ဌာန်တရား ပရမတ္ထ သဘာဝက ပုဂ္ဂလဒိဋ္ဌာန်ပေါ်၌ ကိန်းအောင်းခြင်းကြောင့် ဘုရား သံဃာဟု ပေါ်ပေါက်ခေါ်ဝေါ်ခြင်းပေတည်း။ ။အဓိပ္ပါယ်။ သစ္စာလေးတန် မဂ်ဉာဏ်ပရမတ္ထတရားအစုတို့ကို ရှေးဦးစွာ လူဆရာမရှိ အလိုလို သိသူကို ဘုရားကြီးဟု ခေါ်၏။ နောက်မှ သိသူကို ဘုရားကလေး သံဃာဟုခေါ်၏၊ ဆရာကြီး ဆရာကလေး၊ ဘုရားကြီး ဘုရားကလေး၊ တပည့်ကြီး တပည့်ကြီးကလေး ရဟန်းကြီး ရဟန်းကလေး၊ သံဃာကြီး သံဃာကလေး စသောအားဖြင့် ပုဂ္ဂလပညတ် အမျိုးမျိုးခေါ်ခြင်း ပေတည်း။

ဤ နိဗ္ဗာန်ရောက်ကြောင်း တရားစစ် တရားမှန် မဂ်လေးတန် ဖိုလ်လေးတန် ရုပ်, နာမ် ပရမတ် တရားတို့ကို၊ လောက၌ ထင်ရှားစေလိုသော နိယတ အမြဲဘုရားကြီးသည်၊ လောက၌ ပါရမီထူး, ကုသိုလ်ထူး, ရုပ်ထူး, ပုဂ္ဂိုလ်ထူး၏ ခန္ဓာတွင်၊ ကိလေသာ စင်သောအခါ ကိန်းအောင်း၍၊ ဗုဒ္ဓပယောဂဖြင့် ပူးတွဲ၍ ဤပုဂ္ဂိုလ်ထူး ခန္ဓာဒိုင်မြဲသလော လောကုတ် လောကီ အသီးသီးသော တရားတို့ကို ဟောပြော ဆုံးမ၍ နေမူပေတည်း။ ။ထို့ကြောင့် ဤဓမ္မဒိဋ္ဌာန် အမြဲဘုရား ကိန်းအောင်းသောခန္ဓာ၌၊ ကရုဏာချစ်ကွက် ခြေတော်ဗက်ရှိခြင်း၊ လက္ခဏာ ရှစ်ဆယ်ရှိခြင်း၊ မေးရိုးသည် မထောင့်ဘဲ လပြည့်ဝန်းကဲ့သို့ ချက်နှာရှိခြင်းတို့သည် အခြားမဟုတ်၊ ဘုရ်းသောခန္ဓာ ဘုရား သဘာယ်၊ ဝန်းခြင်း ဝိုင်း

ခြင်းစသော နိဗ္ဗာန် သဘောတွေ၊ ထိုပုဂ္ဂိုလ်ထူး၌ ပါလာ ပေါ်လာရ ကုန်၏။ ထို့ကြောင့် (ဝန္ဒစ်လုံးပုံး ထထင်ထူးတွင်၊ လူမှုးဗုရား အဆုံး ထားသည်. မှတ်သားပညာ သတိတည်း) ဟု ရှေးပညာရှိတို့ စပ်ဆိုကြ လေသည်။

ဝန္ဒစ်လုံးတွင် တလုံး ထက်ဝက်ပြု၍ တခြမ်းရှေ့ကတစ်ပြု၊ တခြမ်း နောက်ကမှောက်၍ ရှစ်ပြုလိုက်က [ ၁၀၈ ] ဖြစ်၏၊ တစ်ကို ပုဂ္ဂလမိဋ္ဌာန် အားဖြင့် လူတွင် ထင်ရှားသော ဗုရားတဆူ၊ ရှစ်ကိုလည်း ပုဂ္ဂလမိဋ္ဌာန် အားဖြင့် လောကတွင် ထင်ရှားသော ရှင်းလူသား ဗုရား၏ တပည့် အရိယာ ရှစ်ယောက်ဖြစ်၏၊ သညာကား ဓမ္မမိဋ္ဌာန်ဖြစ်၍ အန္ဓပုဂ္ဂလ တို့ မကြုံ မစီနိုင်သော ပနေမက်ဗုရားပေတည်း။ ကလျာဏအဝင် သံဃာ ရှစ်ပါးနှင့် ဗုရားတို့သာ မြင်ရ ထင်ရ တွေ့ရ ကိုးကွယ်ရ၊ ဆည်းကပ်ရ ကျေးဇူးတင်ရ ဖူးမြှော်ရ၊ ပူဇော်ရသော နိယတ ဓမ္မမိဋ္ဌာန် အမြဲဗုရား ပေတည်း။

ထို့ကြောင့် လောကီပညာတတ်မြောက်၍၊ လောကသုံးပါးကို အ ဖြစ်အပျက်နှင့် ယာကွ အလုံးစုံခြုံ၍ သိသော ဝေဒဂူ ပုဂ္ဂိုလ် တို့သည် ဗုရားလောင်း ဘွားစက ရပ်လက္ခာ မြင်သဖြင့်ရှင်း မဘွားမှီ နှစ်ပေါင်း တသောင်း, တထောင်, တရာ, ကသော်ရှင်း ကြိုတင်၍ ဗုရားပွင့်ရန် အကြောင်းကို ဝေဒမျက်စိ၊ ဗေဒမျက်စိ၊ ဒေဝမျက်စိဖြင့် မြင်နိုင် သိ နိုင်ကြကုန်၏၊ ဤလောကသုံးပါးကို အကြွင်းမရှိ သိကြသော ပုဂ္ဂိုလ် တို့ကို ဝေဒဂူဟုခေါ်၏ မလောကသုံးပါးကို လွန်မြောက်သော တရား သိသူကို လောကုတ္တရဂူ၊ လောကဝေဒဂူဟုခေါ်ကုန်၏၊ ဤဝေဒဂူသည် လည်း ဝန္ဒစ်လုံးပုံး ထထင်ထူးပေတည်း။ ဝတလုံး ထက်ဝက်ပြု၍ ကျန် သော ဝ ရှေ့ကတခြမ်း သဝေထိုးပြု၊ ကျန်သော တခြမ်း နောက်က ဒွေးပြု၊ ဝေဒဖြစ်၏၊ ရှင်းဝကို ဂ-ပြု ဒေဝဖြစ်၍ အများ အပြား အားဖြင့် သိရှမ်းနိုင်ခြင်း ဖြစ်၏။ ဝ-နှင့် ဃ လဲလိုက်သော် ဗေဒဖြစ် ပြန်၍၊ နက်မျက်စိကဲ့သို့လောကကို မြင်နိုင်ခြင်းဖြစ်ကုန်၏၊ ထို့ကြောင့် (ဒေဝဂူ-ဝေဒဂူ) ဟု လောကတွင် ခေါ်ပေါ်ကြကုန်၏၊ ဗုရားလောင်း ကလေး ဖွားတော်ကို ကြည့်၍ပြီး၊ လက္ခဏာတတ်သော ကောဏ္ဍည

ပုဏ္ဏားသည်၊ ဤ [၁၀၈] သဘောအတိုင်း ဟောတ်ကုန်၏၊ လောကတွင် ဂြိုဟ်ဇာတ်ဂြိုဟ်သက်(၁၀၈)နဝင်းကို ခြေဖြင့် စီးနင်းလာသူ ဖြစ်၍ရှင်း၊ တကျော့တရားပေါင်း (၁၀၈)ပါးကို ခြေဖြင့် စီးနင်းလာသူ ဖြစ်၍ရှင်း၊ ထိုခလေး လောကသုံးပါးတွင် ထင်ထင်ရှားရှား ဗုဒ္ဓ ဖြစ်မည်ဟု ဟောပြောခြင်း။ တစ်ကား ကာမ(၁၁)ဘုံ ကာမလောက၊ ရှစ်ကား ရူပ(၁၆)ဘုံ ရူပလောက၊ ယုညကား အရူပ(၄)ဘုံ အရူပလောက၊ ဤ လောကသုံးပါးမှ လွန်မြောက်နိုင်သော တရားကို ဟောနိုင်သော ပုဂ္ဂိုလ်ကျူးဖြစ်မည်ဟု ဟောပြောခြင်း။

ဗုဒ္ဓလောင်းသည်၊သောကြာသားဖြစ်၍ ပါပဂြိုဟ်သက် ၃၆–နှစ် အရောက်တွင် ဗုဒ္ဓဖြစ်မည်ဟု ဟောခြင်း။ ပဋိသန္ဓေနှစ်ယူလေ၊ တွား စကသူလျှင် ၃၅–နှစ်ဟုမှတ်။ ၄–နှင့်–၆ ပေါင်းက ၉–ဖြစ်၍ နဝင်း ပြတ်မှုကိုဟောသည်။ သောမသား,သောမဂြိုဟ်ရောက်မှ အကျိုးပေးမှု ကို ဟောသည်။ ၎င်း(၁၀၈)ကို တစ်ဖျက်, သုညကျန်၍၊ အနုလောမ, ပဋိလောမပြန်လိုက်သော်(၈၀)ဖြစ်၍ ကမ္ဘာ့ဓါတ်အိမ်တွင် ပါပ–၂၂ သူရနှ–၁၂၊ အင်္ဂါ–၁၆၊ ကောလီ–၃၀၊ အသီတိဓါတ် ၈၀–ကိုရည်၍ ခန္ဓာသုဉ်းမှု၊ နိဗ္ဗာန်ပြုမှု သက်တော် ရှစ်ဆယ်ကို ဝေဘန်၍ ဟော၏။ ၄၅–ဝါကိုပေါင်းက နဝင်း–၉ ဖြစ်ပြန်မှုတချက်၊ ၎င်း ၄၅–ကို ၅၄–ပြုက လောကတွင် အရေအတွက်ပြုသော ၁၊၂၊၃၊၄၊၅၊၆၊၇၊၈၊၉၊၁၀ အထိ ပေါင်းက ၄၅–၅၄–ရခြင်းကြောင့် နဝင်းသုဉ်းမှုကိုဟောသည်။ (၁၀၈)ကို ရှစ်ဖျက်က ၁၀–ကျန်၏၊ စနေ, တနင်္ဂနွေ အနန္တဓါတ်၊ အတွင်းငုပ်သော ဓါတ်မီးတောက် ဓါတ်မ–ဓါတ်ဖိုဖြစ်၍ တေဇော ဓါတ် အလောင်းတော်ကို လောင်မည်ဟု ဟော၏။ တဖန် သုည ဖျက် လိုက်လျှင် ၁၈–ကျန်ပြန်သဖြင့် တဆယ့်ရှစ်ရပ် ပညာမြတ်ကို မသင် ဘဲလျက် တတ်၏ဟု ဟော၏။ ၁၈–ကိုနှောချ ပေါင်းသော် ၉–ဖြစ်ပြန် ၍၊ သတ္တဝါအများတို့အား လောကုတ္တရာ တရားကိုးပါးဖြင့် ကယ်တင် ဟောပြော ဆုံးမ နိုင်သော ဗုဒ္ဓဖြစ်မည်ဟု ဟောကုန်၏၊ ဤကား– အလျဉ်းသင့်၍ အနည်းငယ်အားဖြင့် ပုဂ္ဂိုလ်ထူးတို့ လက္ခဏာ အ ကြောင်း ရေးထည့်လိုက်သည်၊ ဗေဒင် လက်ခိုး တတ်သူများ နက္ခတ် တတ်သူများ ဗုဒ္ဓကောင်းဇာတာ အုပ်ကသစ် ဂြိုဟ်ပူးပုံတို့ကိုကြည့်က

နားလည်စရာရှိပါ၏၊ ဇာတာခွင်တွင် ၁,၄,၆, ဂြိုဟ်သုံးလုံး ပူးသူများ အရိယာဖြစ်သူများ၏၊ ဘုရားဇာတာမှာ ပူး၏။

အက္ခရာ စာ ဖြစ်ပေါ်လာပုံ၊ ဗေဒင် ဖြစ်ပေါ်လာပုံ၊ လူမျိုးကွဲပုံ၊ လောကီဓါတ်ဖြစ်ပုံ၊ လောကုတ္တရာဓါတ် ဖြစ်ပုံမှစ၍ အကျယ်သိလိုက ငါတို့ စီရင်သော ဓါတုမဂ္ဂ ဝိဇ္ဇာကျမ်းမှာကြည့်လေ။ ။ယခုကား အစ နိမိတ် အရိပ်အရောင်မျှ ပြမှုပေတည်း။

ဤ သစ္စာလေးပါးသိသော လူသားဘုရားမပေါ်မီက ဘုံသုံးပ သင်္ခါရတရားသုံးပါးရှိ၏၊ ၎င်း သင်္ခါရတရားကို ဝေဒဂူ ပုဂ္ဂိုလ်များ သည် လောကသုံးပါးမှ လွန်မြောက်မလားဟု ယမ်းဆ၍ ဟောပြော ကြသော တရားပေတည်း။ ၎င်း ဝေဒဂူ၊ ဒေဝဂူ၊ ဗေဒဂူ ပုဂ္ဂိုလ်တို့သည် မိမိတို့ကို ကိုးကွယ်ဆည်းကပ်ကြသော တပည့်တကာတို့အား မိမိတို့ ဉာဏ်စွမ်းမြင်သလောက် ဟောပြောမှုပေတည်း။ ထိုပုဂ္ဂိုလ်တို့ ဟော သောတရားကား၊ ဒါန၊ သီလ၊ ဘာဝနာ၊ စသော ပုညကြိယာ ၁၀-ဖြာ သောတရား၊ ပါဏာတိပါတာ စသော ဒုစရိုက ၁၀-ပါး၊ အာကာသာ နဉ္စာယတန-စသော အရူပ တရားလေးပါး၊ အဓမ္မိကတရား ၁၀-ပါး၊ ယဇ်ပူဇော်မှု၊ ကြက်၊ ဝက် အရှင်လှူမှု-စသော တရားတည်း။ ဤသင်္ခါရ တရား အကျယ်သိလိုက ငါတို့စီရင်သော (ဓမ္မဝိဇ္ဇာနုရနိဗ္ဗာန)ကျမ်းမှာ ကြည့်လေ....။

ကမ္ဘာဦးကစ၍ လောကသုံးပါးသာသိ၍ လောကသုံးပါးမှ လွန် မြောက်ခြင်း မသိကြသော ဗေဒဂူပုဂ္ဂိုလ်တို့ ဟောသော သင်္ခါရ သုံး ပါးတရားသည်လည်း ဒုက္ခခပ်သိမ်း အကုန်ငြိမ်းသော တရားမဟုတ်၍ တရားတူ၊ တရားမြတ်၊ တရားစစ် မဟုတ်ကုန်ဟု မှတ်၊ ။ဘုရားအစစ်၏ တရားမှန်က ပစ္စက္ခတွင်လည်း ငြိမ်းအေး၏။ တမလွန်၌လည်း ငြိမ်း၏၊ သေကလည်း ငြိမ်းအေးရာဌာနသို့ ရောက်၏ဟု မှတ်။ ဘုရားအစစ်၏ တရား-ဟုတ်၊ မဟုတ်ကို သိလိုက မိမိအပူနှင့် တရားနှင့် စမ်း၍ကြည့်။ တိုး၍ပူလျှင် တရားရေပူဖြစ်၍ အလကား ဘာကုန်းဘုရား၏ တရားဟု မှတ်၊ အေးအေးသွားလျှင် တရားရေအေးဖြစ်၍ ဘုရားအစစ်၏ တရား တော်ဟု မှတ်လေ။

## အပူအေးသည်-မအေးသည် စမ်းနည်းကား

မိမိ၌ ပစ္စည်းပျက်၍ အပူ လင်သေ၊ မယားသေ၊ သားသမီးသေ၍ အပူ စသည်ဖြင့် အပူရှိသောသူသည်၊ ငါ၌ တံငါ, မုဆိုး, ယစ်နတ်ပူဇော်မှု စသော အလုပ်ကြီးများရှိပါလျက် ငွေတွေရွှေတွေ ဤအလုပ် က ရပါ လျက် ဘယ်အတွက် ဤလင့်သေမှု မယားသေမှု အပူတွေ ပူရမလဲဟု မိမိပြုထားသော အကုသလ တရားနှင့် ဖြေ၍ကြည့်၊ မပြေနိုင်လျှင် တိုး၍ပူ၏။

ငါ၌ တထောင့်,တသောင်းမက လှူဒါန်းထားသော ကျောင်း,သိမ် ဇရပ် ကုသိုလ်ကြီး အရှိသားကဘဲ၊ ဘာကြောင့် သည်အပူဟာ ပူရမလဲ ဟု စစ်တိုက်၍ဖြေကြည့်။ တိုး၍ပူလာလျှင် ၎င်းဒါနတရားလည်း အပူ အေးသော တရားမဟုတ်၊ တိုး၍သာပူသော တရားဖြစ်၍ ဘုရားအစစ် ၏ တရားရေအေးမဟုတ်၊

ငါ၌ ငါးပါးသီလ,ရှစ်ပါးသီလ, ဆယ်ပါးသီလ, (၂၂၇)ပါးသီလ စသည်ဖြင့် ငါ၌ တသက်လုံး မြဲပါလျက် ဘယ်အတွက် ဉာတိဗျသန၊ ဘောဂဗျသန၊ ပျက်စီးသော်လည်း ငါပူရမလဲဟု သီလတရားနှင့် ဖြေ၍ကြည့်၊ တိုး၍ပူလာလျှင် တရားရေပူ တရားရေအေး မဟုတ်ဟုမှတ်၊

ငါ၌ သမထ ကမ္မဋ္ဌာန်း၊ ရှုရှိုက် ကမ္မဋ္ဌာန်း၊ လူးလိမ့် ကမ္မဋ္ဌာန်း၊ ကြိမ်ပုတီး ကမ္မဋ္ဌာန်း၊ ဘယ်သူမှမပြောရတဲ့ တိတ်တိတ်ပုန်း ကမ္မဋ္ဌာန်း၊ ဆရာနှင့်တပည့်မှ နှစ်ယောက်ထဲ တိတ်တိတ် ဂူထဲဝင်ပြီး ဘာဘာ ညာ ညာ လုပ်ထားတာ၊ နိမိတ်တွေဘာတွေ၊ ဓာတ်တွေ မင်္ဂတွေ ဗိုလ်တွေ တရား ရ,ထားတာတွေ အရှိသားကဘဲ၊ ဘယ်အတွက် ဤလင်ပူ,သားပူ မယားပူ ပစ္စည်းအတွက် အပူတွေပူရမလဲဟု ကိုယ်ရတဲ့ နိမိတ်ဆိုး နမာ ဆိုးတွေနှင့် ဖြေ၍ကြည့်၊ တိုး၍တိုး၍ပူလာလျှင် တရားရေပူ မတရား ရေပူ ဖြစ်သောကြောင့် အလကား တရား၊ နွားနက် တရား နွားပြာ တရားဖြစ်၍ နဝ, နဝါ,နနီ, ကုတ်ခြင်းသာ ဖြစ်သည်၊ သုံးလောကကို လွှမ်းမြှောက်သော လောကုတ္တရာ တရား မဟုတ်ကုန် ကိုကြောင့်... သဗ္ဗာဝါတို အပူမအေးကြကုန်ဟု-မှတ်၊

ဗုဒ္ဓအစစ်၏တရားသည် အပူအေးသောတရားဖြစ်၏။ အေးပုံကား ပရမတ္ထ, ရုပ်, နာမ်, ဓမ္မ, သင်္ခါရ တရား အစု၊ အမှုသာ ရှိကြောင်းကို ကောင်းကောင်း ထင်ထင် မြင်အောင် ရှုကြည့်၍နေသူ၊ ရုပ်ဝါတ် နာမ်ဓါတ် ပရမတ်တို့ မပြတ်မစဲ တဖြစ်ထဲဖြစ် တချုပ် ထဲ ချုပ်သည်ကို ကြည့်ရှု၍နေသူ၊ ၎င်း ရုပ်ဓါတ် နာမ်ဓါတ် ပရမတ်တို့သည် မိမိ၏အလိုသို့ မလိုက်သဖြင့် ပုဂ္ဂိုလ်, သတ္တဝါ, ငါသူတပါး, ယောကျ်ား, မိန်းမ မဟုတ်ကြောင်း ရှုကြည့်နေသူ နိသတ္တ နိဇ္ဇီဝ သဘာဝံ-ဆိုသည့်အတိုင်း သတ္တဝါလည်းမဟုတ်၊ အသက်ရှိခြင်းလည်း မဟုတ်၊ ပရမတ္ထ သဘော သက်သက် ဖြစ်ပျက်၍ နေတာသာဟုတ်သည်ဟု ရှုကြည့်ဆင်ခြင် တွေး တောနေသူသည် ဘယ်အပူမျိုးမဆို လာချင်တိုင်းလာ၊ တွေ့ချင်တိုင်း တွေ့၊ ဤဆေးရေ တရားရေနှင့် သတ်လိုက်က ဆယ်ခါပူမှာ အလွန်ပူလှလျှင် တခါနှစ်ခါတဲဟု မှတ်ပါလေ။ ဤတရားမှသာ တရားရေအေးဟု မှတ်၊ ရုပ် နာမ် ဓမ္မ သင်္ခါရဓါတ် ပရမတ် တရားတို့ကို မသင်, မကြား, မတတ်,မတွေ့,မလိမ္မာသမျှ ကာလပတ်လုံး အပူခပ်သိမ်း ဒုက္ခခပ်သိမ်း ကင်းငြိမ်းတော့မည် မဟုတ်ကုန်ဟု သေသေ ချာချာ နာနာ ကြပ်ကြပ် သေသည့်တိုင်အောင် အသဲစွဲမှတ်လေ။

## ဗုဒ္ဓအစစ်က ဟောပြသော တရားအစစ်ကို ပြခက်း

ဓမ္မဓိဋ္ဌာန်၊ နီယတ- အပြဲဖြစ်သော၊ ပရမတ္ထ ဗုဒ္ဓကြီးက ပုဂ္ဂလ ဓိဋ္ဌာန်၊ သိဒ္ဓတ္ထမင်းသား၏ ခန္ဓာပေါ်၌ ကိန်းအောင်း၍ လူအမျိုးမျိုးတို့အား၊ စကားအမျိုးမျိုးဖြင့် သံသရာ ဒုက္ခမှ လွှတ်မြောက်အောင်၊ ဟောပြတော်မူသည်။ ထို့ကြောင့်၊ သက္ကတဘာသာ၊ မဂဓရာဇ်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ဗမာဘာသာဟူ၍ ဗုဒ္ဓဘာသာနှင့် ဆက်ဆံသော စကားတို့ကို ကျမ်းပြု၍ ဟောပြောခြင်း ပြုကြကုန်၏။ ယခု ဤကျမ်း၌ကြည့်ရှုကြသော ပုဂ္ဂိုလ်များသည်။ ကလျာဏ ပုထုဇဉ်ကစ၍ သောတာပန် သကဒါဂါမ် ဖြစ်ကြစေရန် တကြောင်း၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို ခဝ တန်ပိုင်းခြားသိပြီး၊ ဓမ္မကထိက ပုဂ္ဂိုလ်တွေ များများ ဖြစ်ကြစေရန် တကြောင်း။ မိန်းမကလေး ယောကျ်ားကလေးများ၊ ကျက်မှတ်ကြသဖြင့်လည်း ကလျာဏပုထုဇဉ်ကလေးတွေ ဖြစ်ကြရန်တကြောင်း၊ ယခု

အခါ သာသာနာ အရင်းအမြစ်ကျပုံမှာ မိန်းမကလေးတွေမှာ နေခြင်းကြောင့် ကကြောင်း၊ ဓမ္မကထိက လုပ်သူ အပေါင်းတို့သည်၊ မိမိကိုယ်တိုင် ပိုင်ပိုင် နိုင်နိုင်၊ ဥဒ္ဒေသသာသာတကို၊ ချိန်ကိုက်အောင် ယူနိုင်ပြောနိုင် တတ်နိုင်ခြင်း ရှိရသည်တချက်။ ရုပ်, နာမ်, ခန္ဓာ, အာယတန, ပဋိစ္စသမုပ္ပါဒ်, ဓာတ်နှင့် သစ္စာတည်းဟူသော ပရမတ္ထသဘာဝကို ထိထိရောက်ရောက် ပေါက်ပေါက် လင်းလင်း သိရခြင်းတချက်၊ ၎င်းပရမတ်တရားက၊ပရမတ္ထသစ္စာ၊ ပညတ်တရားက၊သမုတိသစ္စာဖြစ်၍ ၎င်းသစ္စာနှစ်ပါးချိန်ကိုက်အောင် ယူနိုင်ခြင်း။ သူတပါးအားလည်း ဟောပြနိုင်ခြင်း၊ ဒိဋ္ဌိသတ်တရား, တဏှာသယ်တရား, မဂ်တက်စဥ်တရားတို့ကိုလည်း ပိုင်ပိုင် နိုင်နိုင် နားလည် တတ်မြောက်ခြင်း။ ကျမ်းအစောင်စောင်တို့၌ ကျေပြွန်လိမ္မာခြင်း၊ သင့်ရာသင့်ရာ ဟောပြောနိုင်အောင်လည်း၊ ဂါထာ အမျိုးမျိုးနှုတ်ဝယ်ရှုရှု အမှန်ရ၍၊ အဓိပ္ပါယ်နှင့် တကွ ကျကျ နန တတ်မြောက်ခြင်း၊ အသံ၏ ဩဇာလည်းရှိခြင်း စသည်ဖြင့် ပြည့်စုံရန် အလွန်များ၍၊ ဤကဏ္ဍ၌ နှုတ်ရကျက်မှတ်ရန် ဆောင်ပုဒ်, ဂါထာ, သံခိပ်, ပျို့, ဘင်္ဂလိ, သက်ရိုက်, မာဂဓ, အစရှိသော စကားတို့နှင့် ရုပ်, နာမ်, ခန္ဓာ, ဓာတ် သစ္စာတရား ပဋိစ္စသမုပ္ပါဒ် ပရမတ္ထတရား သောတာပန်, သကဒါဂါမိ်လောက်ကို စာကျက်မှတ်ရင်း ဖြစ်နိုင်စေခြင်းငှါ ပဒေသာ ဆောင်ပုဒ် အမျိုးမျိုးကို စီရင်ရေးသား လိုက်သည်။

## သောတာပန်ဖြစ်ခြင်း၏ အင်္ဂါလေးပါးကို ပြခြင်း

ထေရာ အပဒါန် ဂါထာ

(၁) စတ္တာရိမာနိ ဘိက္ခဝေ၊ သောတာပတ္တိ
ယင်္ဂါနိ၊ ကတမေစတ္တာရော၊ သပ္ပုရိသ
သံသေဝေါ၊ သဒ္ဓမ္မသဝနံ၊ ယောနိသော
မနသိကာရော၊ ဓမ္မာနုဓမ္မ ပဋိပတ္တိတိ၊ ။

ဘိက္ခဝေ၊ အဓိပ္ပါယ်ကင်းရန် သောတာပန်ကို အမှန်လိုလား အို… ချစ်သား-ချစ်သမီးတို့၊ စတ္တာရိ၊ သဘော မြောက်များ လေးပါးသော တရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ ယခုဘဝအမှန် သောတာပန်

ထင်လင်း ချက်ခြင်းဖြစ်ထိုက်သော အကြောင်းတရားတို့တည်း။ ကတမေ ဓမ္မာရော၊ တကယ်မခြား အဘယ်တရားလေးပါးတို့နည်းဟူမူကား။ သပ္ပုရိသ သံသေဝေါ၊ ရုပ်နာမ်ခန္ဓာ သစ္စာနှင့် ဓာတ်ပရမတ်ကို တတ်အပ်ထင်ထင် ကျွမ်းကျင်လိမ္မာသော သူတော်ကောင်းနှင့် ပေါင်းဖော်ရခြင်းတပါး။ သဒ္ဓမ္မသဝနံ၊ ရုပ်ဓာတ်၊ နာမ်ဓာတ် ပဋိစ္စသမုပ္ပါဒ် ပရမတ္ထတရားတို့ကို ကြားနာ ဆင်ခြင် နှုတ်တွင်ရွရွ သင်အံကျက်မှတ်ကြရခြင်းလည်းတပါး။ ယောနိသော မနသိကာရော၊ နှုတ်ကရတိုင်း ဆုတ်မဆိုင်းဘဲ၊ ဟုတ်တိုင်းမြင်အောင်၊ ဆင်ခြင်နှလုံး သွင်းရခြင်း လည်းတပါး။ ဓမ္မာနုဓမ္မ ပဋိပတ္တိ၊ ခန္ဓာငါးတန် ပရမတ်ဥာဏ်ဖြင့် အမှန်တိတိ ရုပ်နာမ်သိကာ၊ ဒိဋ္ဌိဆိုတာ ငါငါထင်ချက် အမှားသက်သမို့ ပယ်ဖျက်ရခြင်းလည်းတပါး။ ဣတိဓမ္မာဒိ၊ ဤသို့ပြထား လေးပါးအင်္ဂါ ပြည့်ထိုက်စွာတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ မုချဧကန် သံမိဋ္ဌာန်ကျ ပစ္စက္ခ မဂ်ရဖိုလ်ရ လောကတွင်တဖြာ သောတာပန် အင်္ဂါ ဖြစ်ပါပေကုန်သတည်း။

## အနိပ္ပါယ် သံနိဝ်

ရုပ်နာမ်ပရမတ် တတ်တုံလပ် ဆည်းကပ်မှီခိုပါ။ သင်အံကျက်ထား ရုပ်နာမ်များ နာကြားမှတ်ယူပါ။ မှတ်မိသမျှ ဆင်ခြင်က ဒိဋ္ဌိဥာဏ်ပြင်မှာ။ ရုပ်နာမ်သာရှိ ငါမရှိ ဒိဋ္ဌိပြတ်ကင်းကွာ။ ခန္ဓာရုပ်နာမ် ကျွမ်းကြေပြန် မှတ်ရန်ကသျှာကာ။ သပ္ပုရိသ သံသေဝ ရှာမှတွေ့မည်သာ။ တွေ့လျှင်အတင်း ဆည်းကပ်ခြင်း လက်ငင်းပြုလေပါ၊ဆည်းကပ်တုံလပ် ပရမတ် တတ်မည်ကေနိသာ။ ပရမတ်ဥာဏ်မှ ငါဆိုသမျှ မုချပယ်နိုင်ရာ။ ဒိဋ္ဌိငါပျောက် ပါယ်မရောက် ကျွမ်းထောက်ပြမည်သာ။ သောတာပန်မှာ ဒိဋ္ဌိငါ ပယ်ခါရှိသေးတာ။ တဏှာ၊ မာန၊ ငါနှစ်ဝ ပယ်ကရတန္တာ။ ငါ့လင်၊ ငါ့သား၊ ငါ့မယား ထင်ရှားရှိသေးတာ၊ငါ့စိန်၊ငါ့ရွှေ ငါ့လယ်တွေ၊ မသေ့ရှိသေးတာ၊ ပညာရှိများ ဤတရား စဉ်းစားကြလေပါ။

ပိဋကတ်သုံးပုံ၊ အာဂုံဆောင်နိုင်သော်လည်း ရုပ်နာမ်ပရမတ်ဓာတ် အစိုင်အခဲတို့ကို၊ မခေါက်မချွဲနိုင်က တဏှာဒိဋ္ဌိ ဖုတ် ဘီလူး ဖမ်းစားခြင်းခံရ၏။ စာမတတ်သည်ဖြစ်စေ၊ ပရမတ် ဓာတ် ရုပ်နာမ်တို့ကို၊ ကျွမ်း

ကျင်လိမ္မာက ဖုတ်ဘီလူး ဖမ်းစားခြင်း၊ မခံရ၍ သံသရာဒုက္ခမှ လွတ်မြောက်နိုင်ခြင်း။

## (ဓမ္မပဒ ပါဠိတော်)

(၂) ဂန္ဓေဥာတေပိ နောကာယေ၊
ဂါဟော ဂါဟတိ ပုဂ္ဂလံ၊
ဂန္ဓေဥာတေ အညာတေပိ၊
ကာယေ ဥာတေ နဂါဟတိ။

ဂန္ဓေ၊ စာပေကျမ်းဂန် သိပ္ပံအတတ် ရပ်ရပ်သိမ်းချုံ ပိဋကတ်သုံးပုံတို့ကို။ ဥာတေပိ၊ သင်အံ့ပို့ချ နှုတ်ငုံ့ရ၍၊ ပလအစွမ်း တတ်ကျွမ်းပေါ်ထင်၊ စာတော်ပြင်ဟု၊ တွင်ပါသော်လည်း။ ကာယေ၊ ဇောခိမ်ဂဥာဏ် ရုပ်နာမ်ခန္ဓာဓာတ်သစ္စာနှင့် အာယတန ပဋိစ္စ၊ ပရမတ္ထတရားကို၊ နော ဥာတော၊ ဥာတပရိညာ၊ ဝိပဿနာဖြင့်၊ မှန်စွာတည့်တည့်၊ မင်္ဂဥာဏ်ထိအောင်၊ မသိမလိမ္မာ၊ မတတ်ရှာကြသော။ ကံပုဂ္ဂလံ၊ ရဟန်းရှင်လူမည်သူမဆို၊ ထိုပုဂ္ဂိုလ်ကို။ ဂါဟော၊ ဒိဋ္ဌိတဏှာ၊ သုံးဖြာမာန၊ ပမာမျှသော၊ ရာဂလွန်ကြူး ဖုတ်ဘီလူးသည်။ ဂါဟတိ၊ သံသရာစက် လွတ်မထွက်အောင်၊ နှိပ်စက်လှောင်၊ ပူးဝင်ဖမ်းစား၍ ထားလေကောင်း၏။ ဂန္ဓေ၊ စာပေကျမ်းဂန်၊ သိပ္ပံအတတ်၊ အရပ်ရပ်သိမ်းချုံ၊ ပိဋကတ်သုံးပုံတို့ကို။ ဥာတေပိ၊ သင်အံ့ပို့ချနှုတ်ငုံ့ရ၍၊ ပလအစွမ်း၊ တတ်ကျွမ်းကျော်ရန်၊ စာတော်ပြန်ပုဂ္ဂိုလ်လည်းဖြစ်စေ။ အညာတေပိ၊ (က)ကြီး (ခ) ကွေး ပုတ်သောက်ရေးသော်လည်း၊ တလေးသောတ်မျှ မတတ်ကြသည်လည်းဖြစ်စေ။ ကာယေ၊ ဇောခိမ်ဂဥာဏ် ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာနှင့်၊ အာယတန ပဋိစ္စ၊ ပရမတ္ထတရားကို၊ ဥာတေ ဥာတပရိညာ ဝိပဿနာဖြင့်၊ မှန်စွာတည့်တည့် မင်္ဂဥာဏ် ယှဉ်အောင်၊ အသိလိမ္မာတတ်ကျွမ်းပါသော။ ကံပုဂ္ဂလံ၊ အရိယာနွယ်ဝင်၊ သူတော်စင်ဆို၊ ထိုပုဂ္ဂိုလ်ကို။ ဂါဟော၊ ဒိဋ္ဌိတဏှာ သုံးဖြာမာန၊ ပမာမျှသော၊ ရာဂလွန်ကြူး၊ ဖုတ်ဘီလူးသည်။ နဂါဟတိ၊ ထွေထွေလာလာ မှာဘာအန်ပြား ဖမ်းစားပူးဝင်ခြင်းမှ၊ တတ်နိုင်စရာ၊ ဖြတ်နိုင်စရာ ဋ္ဌိပါတော့အံ့နည်း။

## အဓိပ္ပါယ် သံနိဋ္ဌ

ပိဋကတ်သုံးပုံ အလုံးစုံ အကုန်တတ်ပေကော။ ။ဒိဋ္ဌိသတ်ရန် ဥာဏ်မသန် အမှန်အနွံသာ။ စာတတ် အန္ဓလူ့ဗာလ ဂါဟပူးမည်သာ။ သံသရာစက် လွတ်မထွက် နှိပ်စက်ပူးနေတာ။ ဒိဋ္ဌိတဏှာ မာနဟာ နာနာပူးနေတာ။ ပူးနေသမျှ ဘေးဒုက္ခမှချမလွတ်ပါ။ ခန္ဓာရုပ်နာမ် ကျွမ်းကြေပြန် ဇကန်လွတ်မည်သာ။ သုံးပုံပိဋကတ် တတ်မတတ် မှတ်ဘို့မလိုပါ။ (က)ကြီး (ခ) ခွေး ပုတ်လောက်ရေး ကလေးဖြစ်ပေကော။ ရုပ်နာမ်ခန္ဓာ ခေတ်သစ္စာနှင့် အာယတန ပဋိစ္စ ကျွမ်းကြေက မှတ်ကြကလျာဏ။ ကလျာဏဖြစ်သူမှ ဂါဟမပူးဟာ။ ဒိဋ္ဌိတဏှာ ဂါဟမာ မာယာဆန်းပြားတာ။ တွေ့တွေ့လာလာ သံသရာ နာနာဖမ်းစားတာ။ ခေတ်သာလျှင်ရှိ ငါမရှိ မမိနိုင်တော့သာ။ ရာဂလွှန်ကြူး ဖုတ်ဘီလူး အထူးဖမ်းစားတာ။ နိဗ္ဗာန်မင်္ဂိုလ် အပုန်ဆို ခေတ်ကိုရှုလေပါ။ ခေတ်ပေါက်ပါမှ ပါယ်လေးဝ ရကြလွတ်မည်သာ။ အပါယ်ကင်းသူ ပုဂ္ဂိုလ်ဟူမှတ်ယူသောတာသာ။ သောတာပန်မှ ကျင့်လမ်းစ သိကြရှိရုံသာ။ အန္ဓဖြစ်လျှင် ကျင့်လမ်းစည် ထင်မြင်မသိရှာ။ ရဟန်းရှင်လူ သတိမူ မှတ်ယူ ဤကျမ်းစာ။ စာယောင်ပေယောင် မာနထောင် မိုက်ခေါင်ဝိစိမှား ယန္တသန္တ စာတတ်ပြန် အမှန်မသိရှာ။ သိယောင် တတ်ယောင် လူတို့ဘောင် ဖျားမြောင်လှပေစွာ။ ယထာဘူတ မသိသမျှ ကျင့်ရမဟုတ်ပါ။ သဗ္ဗဝါများ သိဘို့ပြား ပါးအား ရေးသည့်စာ။

သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့သည် တစုံတခုသော အရာဌာနကိုမျှ အတ္တဒိဋ္ဌိအားဖြင့် စွဲလမ်းယူမှားခြင်း မရှိသော အကြောင်းပြသော။

(ကောင်္ဂုတ္တရပါဠိတော်)

(၃) အဋ္ဌာနမေတံ ဘိက္ခဝေ၊ အနဝကာသော၊
ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော၊ ကိဉ္စိဓမ္မံ အတ္တ
တော ဥပဂစ္ဆေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။

ဘိက္ခဝေ၊ သောတာပန်အစ၊ အရဟတ္တအထိ အရိယာပုဂ္ဂိုလ် များ ထိုထိုသည် ငါ ငါ ငါ ငါဆိုသော အယူဝါဒ၏ ရှိမရှိကို သိလိုကြပြား ချစ်သားချစ်သမီးတို့၊ အနုဝကာသော ဗိဋ္ဋိတကျာ နှစ်ဖြာ အမှားတို့ကို ကြွင်းထားမရှိ၊ ပယ်အပ် ပြီးသည်လည်း ဖြစ်ကုန်သော။ ဂိဋ္ဌိသမ္မန္နော၊ သစ္စာလေးရပ် တရားမြတ်ကို တတ်အပ်ထင်ထင် သိမြင်သော ဉာဏ်နှင့် လည်း ပြည့်စုံသော။ ပုဂ္ဂလော၊ သောတာပန် အစ အရဟတ္တအဆုံး လုံးလုံးတည်ရှိသော အရိယာပုဂ္ဂိုလ်သည်၊ ကိဉ္စိဓမ္မံ၊ တစုံတခုသော တရားတို့ကို၊ အတ္တတော၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောက်ျားမိန်းမ ဟူ၍ ယံဥပဂစ္ဆေယျ၊ အကြင်စွဲလမ်း ကပ်ရောက်ရာ၏။ ဇော်၊ ဤကဲ့သို့ အဟုတ်မရှိ အထင်လွဲ၍ စွဲလမ်းကပ်ရောက်ခြင်းသည်။ အဋ္ဌာန်၊ အကြောင်းဌာန မဟုတ်ကြပေပြီ။ ဇော်ဋ္ဌာနံ၊ ဤကဲ့သို့ တွေ့မြင်တိုင်းသော အရာရာမှာ ငါ ငါ ငါဟု စွဲလမ်းကပ်ရောက်ခြင်းသည်၊ နဝိဇ္ဇတိ၊ ဘယ် ခါကာလ ဘယ်တော့မှလျှင် မုချကေန် အမှန်တည့်တည့် ရှိနိုင်စရာဟုတ် နိုင်ဝရာ ဖြစ်ပါတော့အံ့နည်း။

## အဓိပ္ပါယ် သံခိပ်

သောတာပန်အစ အရဟတ္တ မှတ်ကြအရိယာ၊ အရိယာဟူ များရှင်လူ ယူမှားမရှိပါ။ ကလျာဏာမှန် ပုထုဇာန် မှားရန်မရှိပါ။ အရိယာတွင်း ရေ ကသွင်း ပြုခြင်းဌကထား၊ အန္ဓရှင်လူ အကန်းဟူ မှားယူရှိမိစွာ။ သံသ သရဏ် ကိုးကွယ်ရန် အမှန်မကိုက်ပါ၊ ခန္ဓာရုပ်နာမ် မတတ်ပြန် မှတ်ရန် အန္ဓသာ။ လူနတ်ဦးခိုက် ပူဇော်လိုက် မထိုက်တော့သည်သာ။ သရဏ ဂုဏ်သီလ တောင်းဆိုက မရသူ့ထံမှာ။ ဓအာက်ထစ် ကလျာဏ သူ့ ထံမှ တောင်းရ သရဏဂုဏ်သာ။ သံသာစစ်တမ်း အလင်းကျမ်း မေး မြန်းရှုကြည့်ပါ။ ရဟန်းယောင်များ သာသနာထား ငါးပါးမှောက် ကုန်တာ။ ပရိယတ် ပဋိပတ် ဤနှစ်ရပ် မတတ်သူတို့မှာ၊ အစားသူကြပ် သင်္ကန်းပတ် အရပ်လှည့်လည်ကာ။ ဟိုဆဲသည်ဆဲ တရားပွဲ ရဲကလာဘ် ရတာ။ အသင်းဟူက ယောက်ပုံကြ ခိုက်စွရဟန်းသာ၊ ဝေါနေနု, ဝေါနေဝ န္တွားကိုဟော ဗုဒ္ဓေါ မိန့်မြွက်ရှာ၊ သမဏောန သာမဏော ရဟန်းဟော တွေး တော ဆင် ခြင် ပါ၊ န္တွားဝါတွေကို ဖျားလုဗိုလ်

ကြည့်ညို တက်ပေစွာ။ အဖိုက်ဆုံးရဟန်း ပဌမတန်း အရမ်းကြည်ညိုရှာ၊ ရဟန်းဖြတ် စစ် ပေါ်မဖြစ် သည်ခေတ် ခက်လိုက်တာ။

ထင်းခြောက် မြက်မှိုက်ဖြစ်ကုန်သော လောကကြီးနှင့် မိမိ ကိုယ်ခန္ဓာကို တူမျှအောင်ထားနိုင်ခြင်းငှါ ပရမတ်ဝါတ်ပေါက်အောင် ဘယ်အချိန်ကာလမှ ကြည့်ရှုနိုင်ခွင့်ရပါနည်းဟု ညည်းညူသော တာလပုဋမထေရ်-ဂါထာ၊

## ထေရအပဒါန်

(၄) ကဒါနု ကဋ္ဌေစ၊ တိဏေလတာစ။
ခန္ဓေ ဣမေ ဟံ အမိ တေစဓမ္မေ။
အဇ္ဈတ္တိကာနေဝ၊ ဗာဟိယာနိစ၊
သမံ တု လေယျံ၊ တဒိဒံ ကဒါမေ၊

အဘံ၊ တာလပုဋ နာမအမည် ငါမထေရ်သည်၊ ကဋ္ဌေစ၊ သစ်ကိုင်း သစ်တုံး, ထင်းတုံး, ထင်းချောင်း, တုတ် ခနောင်း တွေလည်း ဖြစ်ကုန်သော၊ လတာစ၊ တွေးရှုပ် ပေ့လိမ် ကြိမ်နွယ်လျှော်ချုံ လုံးစုံ အပေါင်းတွေလည်းဖြစ်ကုန်သော၊ ဗာဟိယာနိစ၊ လောကဘာဝနှင့်၊ ပြင်ဗာဟိယ ပြင်ပြင်သမျှ ရုပ်ဝါတ်တို့ကိုလည်းကောင်း၊ အမိတေ၊ မိမိသန္တာန် သူ တပါးသန္တာန် နှိုင်းယှဉ်ဖြုန်လည်း၊ ဓကန်ရေတွက်၍မကုန်၊ အပုံကြီး များစွာဖြစ်ကုန်သော၊ ဣမေခန္ဓေ၊ ဤ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မခြား ငါးပါးသောခန္ဓာကြီး၌ အဇ္ဈတ္တိကာနေဝစ၊ ပညတ်မဖေါက်တွင်း၊ အတွင်းပရမတ် ရုပ်ဝါတ် နာမ်ဝါတ်တို့ကိုရင်း၊ သမံ၊ ညီမျှမယွင်း တွင်းဓါတ် ပြင်ဓါတ် ပရမတ်မခြား တစားတည်း တထပ်တည်းမျှအောင်ကို ကဒါနု၊ အဘယ်အခါ၌သာလျှင်၊ တုလေယျံ၊ ကြည့်ရှုနိုင်းချိန် ရပါတော့အံ့နည်း။ တဒိဒံ၊ ထိုသို့ ဝိပဿနာမှု ကြည့်ရှုနိုင်းချိန် အလိမ္မာရအံ့ သောအခါသည်၊ မေ၊ တာလပုဋ နာမအမည် ငါမထေရ်အား ကဒါ ဘယ်နှစ် ဘယ်ကာလ ဘယ်ရက် ကျမြောက် ဘယ် ကလောက်ကြာချိန် အခါမှ ဘဝိဿတိ၊ ဝိပဿနာဉာဏ် ဝေဘန်ပိုင်းခြား ထင်ရှားကြည့်ရှု နိုင်ခြင်းကို ချက်ခြင်းမကြာ ဖြစ်ပေါ်၍သာ လာပါတော့အံ့နည်း။

## အဓိပ္ပါယ်သံခိပ်

သစ်ကိုင်း ယင်းချောင်း တုတ်ခနောင်း အပေါင်းလောကသား၊ ကြိမ်နွယ်လျှော်ချို့ မြက်မှိုက်ပုံ လုံးစုံလေါကသါ၊ အနှစ်သါရ မြင်သမျှ အာဗျာခန္ဓီရာ၊ မိမိသဏ္ဍာန် သူတပါးသဏ္ဍာန် နှိုင်းစံကြည့်ရှုရာ၊ ပဋိစ္စဒါတ် စက်ရဟတ် မပြတ်ခြားပမာ၊ ပညတ်ပေါက်ကင်း ပရမတ်တွင်း ထင်လင်းမြင်ဘိုရာ။ ဘယ်တော့ဘယ်ခါ ဘယ်ကလောက်ကြာ ငါမှာ ကြည့်နိုင်မှာ၊ တာလပုဒ္ဒရဟန်းပ ခွကျနေလိုက်တာ၊ ခန္ဓာရုပ်နာမ် မဒေဘာန် နှိုင်းစံငါ့ပမာ၊ အိပ်ခါ စားခါ ရဟန်းမှာ သေခါပါယ်လေးရွာ။ ဝိပဿနာဉာဏ် မတတ်မြန် သေးတန်ကျွေးတင်မှာ၊ ကျောင်း, ဆေး,သင်္ကန်း ဟင်းလျာဆွမ်း ဝန်ထမ်းညှါလေးဖြာ။ သီလမလုံ သုံးဆောင်ကုန် မှတ်တုံ ခိုးနေတာ။ ပစ္စဝေက္ခဏာမသင် သီလရှင် နေ့စဉ်ကျွေးတင်တာ၊ မကျောင်းကျွေး ဆွမ်းကျွေး သင်္ကန်းကျွေး ဆေးကျွေး မလာပ်ပါ၊ ခိုးချဉ်သုံးဆောင် သီလကြောင် မိုက်ခေါင်ဝိစိမှာ၊ ကျွေးတင် ခိုးမှု ညှိနှစ်ခု ပယ်ပြုဘိုမြတ်စွာ၊ ဝိပဿနာဉာဏ် ကျွေးကြေမြန် မှတ်ရန် ကာလျှာအား၊ သောတာပန်နစ် ကလျာဏဖြစ် စင်စစ်ဒါယဇ္ဇာ၊ ဒါယဇ္ဇမှန် အခမ္ဘံ မှတ်ရန် သားတော်သာ၊ အခမ္ဘံသား သုံးဆောင်ခြား ကျွေးကားမတင်ပါ။ ကျွေးတင် ခိုးမှု သားတော်စု ဂရုမစိုက်ပါ။ အစိုးတရ သုံးဆောင်ကြ မြတ်စွရဟန္တာ၊ အခမ္ဘံစား စိုးပိုင်စား (ဗုရား) ချီးမွမ်းတာ၊ ရှင်လူ့အများ ညှိစကား စဉ်းစားလိုက်ကြပါ၊

အိမ်ရာ တည်ထောင်သော လူတို့ဘောင်မှ ထွက်ခဲ့ပြီး မြတ်စွာဘုရား သာသနာ့ယာမ်း ရဟန်းဖြစ်ပါလျက် ဝိပဿနာတရား မပွားနိုင်အောင် ကာမဂုဏ် ဝိတက်တို့ နှောင့်ယှက်၍ ညည်းညူသော၊

### မထေရဂါထာ

(၅) နိက္ခန္တံ ဝတမံသန္တံ၊ အာဂါရာ အနာ
ဂါရိယာ၊ ဝိတက္ကာ ဥပဓါဝန္တိ၊ ပဂဗ္ဘာ
ကဏှတော ဣမေ။ ။

အာဂါရ၊ လောကဓမ္မတာ များသူငါတို့၊ အိမ်ရာ တည် ထောင် လူတို့ဘောင်မှ၊ အနာဂါရိယာ ရှင်ရှင့်ခွါခဲ့ပြီး မြတ်ဗုဒ္ဓ၏၊ သားစစ်ကောင်း ဖြစ်ရန်ရည်ဆောင်၊ ရဟန်းဘောင်သို့၊ နိက္ခန္တ၊ အခေါ်မလှော်ဘယောက်တည်းသက်သက်။ ငါထွက်ချလာခဲ့ခြင်းသည်၊ သန္တ၊ ဖြစ်ပါလျက်၊ တကာတော မည်းညစ်ဆိုးဝါး မတရားသည့်၊ နတ်သားတမန် မာရ်မင်းထံမှ၊ ပဂ္ဂတ၊ လေ့ရာထူးဆန်း ကြမ်းကြုတ်ထန်သီး၊ အမြင် နည်းကုန်သော၊ ကုမေ ပိတက္က၊ တောင်တောင်ဤဤ ပွေလီဆန်းပြား မာယာများသည့် မတရားနှိပ်စက် ဤပိတက်တို့သည်၊ မိ၊ ကိုယ်ခန္ဓာတွင် လက္ခဏာတင်၍၊ ဆင်ခြင်ပိုင်းခြား၊ ဝိပဿနာဉာဏ် ပွားများ၍ နေသော ငါ့ကို၊ ဥပဓါဝန္တိဝတ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်မပင်း ဉာဏ်အမြင် မလင်းနိုင်အောင်၊ ချက်ခြင်းမကြာ ဇွတ်အတင်းသာ ချဉ်းကပ်လာကြသတည်း။

## အနိပ္ပါယ်-သံနိဂ်

အိမ်ရာတည်ထောင် လူတို့ဘောင် ခွါရောင်ထွက်ခဲ့တာ။ ဗုဒ္ဓ ဗုဒ်မြတ်ချစ် သားတော်စစ် ဖြစ်ဖို့ရည်ဆောင်ကာ၊ အခေါ်မလှော်က် ငါ ဟာယောက် ထွက်မြောက်နိက္ခမာ၊ ရဟန်းဖြစ်လျက် နင်ဘယ်တွက် နှိပ်စက်ကာမဂုဏ်လာ။ မည်းညစ်ဆိုးပါး မတရား နတ်သား မာရ်မင်းလာ၊ တောင်တောင်ဤဤ များပွေလီ မတည်နှိပ်စက်ထာ။ မတရား နှိပ်စက် ကာမဂုဏ်ကွက် ဘယ်မဂ်မရပါ။ ကိုယ်ခန္ဓာတွင် လက္ခဏာတင် ဆင်ခြင်ရှုနေတာ၊ ငါ့ကို ဘယ်တွက် နှင်နှိပ်စက် ဝိတက်တရားဟာ။ ကိုခရာက်-သည်မရောက် အာရုံနှောက် ပျောက်သော် ဝိပဿနာ။ ဒိဋ္ဌ တကာ ငါနှင့်ငါ ခွါ၍မရပါ။ ငါမပျော်သမျှ ပါယ်လေးဝ မှချမလွှတ် ပါ။ ဒိဋ္ဌငါပျောက် ပါယ်ခရောက် မှတ်လောက် သေသတသာ။ သော တာပန်ဆင် များလူရှင် ပေါ်ပင်ရှုစေရာ၊ ငါ်သာလျှင်ဖို့ ငါမရှိ ဒိဋ္ဌ ပြုတ်ကင်းကျ၊ ကာမဂုဏ်ငါး ခံစားသော ပြားယက်နတ်ရွာ။ လူ့ပြည် နတ်ရွာ ဝုံဆန်ကာ ချမ်းသာ စည်းစိမ်ကာ။ အာရုပါး၏ တင်းတိမ်မှ

ပြန်းကြွနိဗ္ဗုတာ။ အိမ်တောင်စုံ နိဗ္ဗာန်သွားလိုပြန် သတ်ရန်ဒိဋ္ဌိငါ၊ ဘုံစဉ်စီလမ်း မြော်ကာတမ်း ဥာဏ်စွမ်း ကြည့်ရှုပါ။

သတ္တဝါတယောက်၏ ဘဝအစွမ်းကို မြတ်စွာဘုရားသော်မှ မထင်မမြင်နိုင်၍ ဒုက္ခအမျိုးမျိုး ခံစားရကြောင်း၊ ဆွေမျိုး စည်းစိမ် ပျက်စီး၍ ဆင်းရဲခြင်းအမျိုးမျိုး သင်းချိုင်းမြေကြီးလဲ မြင့်မိုရ်မက၊ ပြကွဲ့ဘုံကျော်အောင် များခြင်း၊ ထိုအတွက် သံသရာမှာ ကျင်လည်နေရခြင်းကို ငြီးငွေ့လို့ စက်ဆုပ်တို့ ကောင်းလှ၍ ဒုက္ခမှလွတ်သော မဂ်ဖိုလ် နိဗ္ဗာန် တရားကျင့် သို့ရာ ကောင်းသော အကြောင်း ဟောတော်မူသော၊

(၆) အနာဒိကော ယံသံသာရော၊ ပုဗ္ဗကောဋိ
နပညာယတိ၊ ဝေါဒီဃရတ္တံ ဒုက္ခံ တိဗ္ဗံပစ္စနု
ဘူတံ၊ ဗျသနံ ပစ္စနုဘူတံ၊ ကဋသီ
ဝဍ္ဎိတာ ဗဟုံ၊ ယာဝဉ္စ သဗ္ဗ သင်္ခါရေ။
အလမေဝ နိဗ္ဗိန္ဒိတုံ၊ အလံဝိရဇ္ဇိတုံ။
အလံဝိမုစ္စိတုံ။

(ဓမ္မဝဒ ပါဠိတော်)

အယံ သံသာရော၊ ခန္ဓာ အာယတန ပဋိစ္စသမုပ္ပါဒ်တို့၏ အစဉ်မပြတ်ခြင်းဟု ဆိုအပ်သော၊ ဤသံသရာသည်၊ အနာဒိကော'ကမ္ဘာ ကမ္ဘေ့ သင်္ချေ ရေကာတွက်လှစ် စအဖြစ်သည့် ငင်စစ် မရှိကုန်၊ ဗုဒ္ဓညာဏ်တော်၊ မကြွင်းမကျန် သိတော်မူသော၊ သမ္ဗုဒ္ဓကျွန်ုပ် သဗ္ဗညုတဥာဏ်မှ သော်လည်း၊ ပုဗ္ဗကောဋိ၊ အစရှည်ဝေး ရှေးဘဝဖြစ်သော အစွန်းကို၊ နပညာယတိ၊ ထိထိပြတ်ပြတ် မသိအပ်နိုင်ချေ။ ဝေါဒီဃရတ္တံ ထိုစဉ်ရှည်ကြာ သံသရာမှာ၊ ခန္ဓာငါးပါး ဖြစ်ပျက်၍ နေရသမျှ ကာလ ပတ်လုံး။ ဒုက္ခံ၊ မကြီးမကျယ် အနည်းငယ်သော ဆင်းရဲခြင်းကိုလည်း၊ ပစ္စနုဘူတံ၊ ကြိမ်ဖန်များစွာ အထပ်ထပ်ပြင့် မရပ်မနား ဆိုလည်းခံရ၊

သို့ ခံစားရလှ ဘူးလေတော့ပြီ၊ တိမ္ဗ၊ ဝပ်ခါးခံက် ထက်မျက်ကြီး
မား မကာရားရုဆင်းရဲမှုတို့ကိုလည်း၊ ပစ္စုနုဘူတ၊ ပဋိသန္ဓေစွဲရောက်လေ
သမျှ သချေ်မက ခံစားခဲ့ရဘူးလေတော့ပြီ။ ဗျသန် ဆွေမျိုးစည်းစိမ်
ဂုဏ်သိမ်သီလ အယူမှုဖြင့် စသည်ပျက်ယွင်း ဆင်းရဲခြင်းကိုလည်း၊ ပစ္စု
နုဘူတ၊ရောဂါမရ အနန္တဖြင့် ဘဝမခြား ခံစားရခဲ့ဘူးလှလေတော့ပြီ။
ကဋ္ဌသီး သတ္တဝါလုပ်တိုင်း သေမဆိုင်းသည့် သင်းချိုင်းမြေကြီးကိုလည်း
ဗတုံ၊ မြင့်မိုရ်မက ဖြူဖွေးဘဲပေါမျှား လွန်ကျော်အောင်။ ဝဋ္ဋိတာ၊ ရုပ်
ကောင်ပြစ်ထား မြေဖြစ်ပြေား၍ ပွားများရခဲ့ဘူးလှ လေတော့ပြီ။ ယာ
ဝဋ္ဋအတိဝိယ၊ ဤသို့ပမာ နှိုင်းယှဉ်ပါလည်း ဆရာကဲ့မှန်၊ အလွန်အမင်း
ဖြစ်ရခြင်းကြောင့်၊ သပ္ပသခါရေ၊ သုံးဆဲ့တဘုံ လုံးစုံဖြစ်ပြေား သခါရ
တရားတို့၌၊ နိဗ္ဗိန္ဒတုံ၊ နိဗ္ဗုသုခသုဘ အတ္တရှာမရ၍ ခဏချက်ခြင်း မကြာ
လျှင်းဘဲ ပျင်းမုန်း ငြီးငွေ့ခြင်းငှါ၊ အလမေဝ၊ သင့်လျော် လှတော့
သည်သာတည်း၊ဝိရဇ္ဇိတုံ၊ ခြောက်ဖြာအာရုံ ကာမဂုဏ်တရား ပွားများ
ရှာကြ လောကအမူး တဏှာရှုးကို အထူးကင်းပြတ် ဟပ်နှစ်သက်ခြင်း
မလာကျွင်းအောင် လက်ဝင်း ပယ်ရှား စေခြင်းငှါ၊ အလံမေဝ၊ သင့်
လျော်လှတော့သည်သာတည်း၊ ဝိမုစ္စိတုံ၊ ဘေးဒုက္ခအတိ ပြွန်းပြွန်းငြိ
ပေသည့် မိမိတို့နေရာ သံသရာကျော့ကွင်း၊ သို့လက်တွင်းမှ ချက်ခြင်း
ကျွတ်လွှတ် ကြစေခြင်းငှါ။ အလမေဝ၊ ပရမတ်ဥာဏ်၊ စေတန်ပိုင်း
ခြား၊ ရုပ်နာမ်များကို စဉ်းစဉ်းစားစား ရှုကြည့်ပြေား၍ မအားမလပ်
အထပ်ထပ်ဖြင့် တတ်အပ်ထင်အောင် လက်တင်နှုန်း စိတ်စက်ကူးပြီး
အထူးသဖြင့် ဆင်ခြင်ဘို့ရာ တွေးတောဘို့ရာ သင့်တော် လှတော့
သတည်း....။

## အဓိပ္ပါယ် သံခိပ်

သံသာ ဆုရကတ် စဉ်မပြတ် ပတ်ပတ်ချာချာ လည်၊ ကမ္ဘာသချေ်
ကုန်ကာကြေ မရေတွက်နိုင်ပြီ၊သတ္တဝါအစ ဘယ်ဘဝ ရောက်မဖြစ်ပြီ။
သမုဒ္ဒရေ သဗ္ဗညု ရှုလို့မမြင်ပြီ၊ သို့စဉ်ရှည်ကြာ သံသရာ သေတာ
မဆုံးပြီ၊ဒုက္ခကြီးငယ် အသွယ်သွယ် ကကာယ်မလွတ်ပြီ၊ဝပ်ခါးထက်မြက်
အခံခက် နှိပ်စက်ဒုက္ခသည်။ ပဋိသန္ဓေ စွဲရောက်လေ သချေ်မကပြီ။
ဆွေမျိုးစည်းစိမ် ဂုဏ်သိမ်သီလ အယူစ များလှပျက်လေပြီ၊ သတ္တဝါ

လုပ်ကိုင်း၊ သောမဆိုင်း သင်းချိုင်းများလှပြီ။ ဖြုတ်တုံ့ပေါ် မကကျော် မြေသော်ဖြစ်လေပြီးသို့စဉ်ပမာ နှိုင်းယှဉ်ပါ၊ ဆရာ့မကပြီ၊ ထို့ကြောင့် ပင်မျှင် ဘုံယုံးခွင် ချစ်ခင်လွှတ်ထိုက်ပြီ၊ နိစ္စသုခ ရှာမရ အတ္တဖြစ်ပေမည်၊ ခဏချက်ခြင်း မကြာလျှင်း ပျင်းမုန်းသင့်ပေပြီ၊ ကာမဂုဏ်တရား လွှန်လိုက်စား ပယ်ရှားသင့်လှပြီ။ တပ်နှစ်သက်ခြင်း၊ မလာကျင်း လက်ငင်းဖြတ်ထိုက်ပြီ၊ တရားစစ်တရားမှန် သူ့မြတ်ထံ လိုက်လံရှာသင့်ပြီ၊ တရားမှန်မှ ပါယ်ဒုက္ခ မချုသုလွှတ်မည်၊ တရားမမှန် ဘုံသုံးတန် ဖန်ဖန်ယည်ရမည်၊ အမျိုးကောင်းသား ရှင်လူများ စဉ်းစားထိုက်လှပြီ၊

စာပေကျမ်းဂန်တို့ကို အထပ်ထပ် ရွတ်ဘတ်ခြင်းမရှိက၊ မေ့လျော့၍ အညစ်အကြေးတက်ခြင်း၊ ကိုယ်ခန္ဓာနှင့် အဝတ်တို့ကို လျှော်ဖွတ်ခြင်း မရှိက၊ အညစ်အကြေးတက်ခြင်း၊ အိမ်ရာကျောင်းကန်တို့ကို ထပ်မံ၍ မပြင်ဆင်က အညစ်အကြေးတက်၍ ပျက်စီးခြင်း၊ ထိုအတူ အာရုံခြောက်ပါး တံခါးခြောက်ပေါက်တို့ကို မစောင့်ရှောက်က ကိလေသာ အညစ်အကြေးတက်၍ ရဟန်းများတောင် လူထွက်ရခြင်းကို ပြသော၊

## ဩဝါဒ ပါဠိတော်

အသဇ္ဈာယမလာ မန္တာ၊ အနုဋ္ဌာန မလာဃရာ
မလံ ဝဏ္ဏဿ ကောသဇ္ဇံ၊ ပမာဒေါ ရက္ခတော
မလံ။

မန္တာ၊ ပညာအတတ် ပရိယတ် ကျမ်းဂန် အတန်တန်တို့သည်၊ အသဇ္ဈာယမလာ ထပ်ခါထပ်ခါမပြတ်ပါဘဲ ရွတ်ဘတ်သရဇ္ဈာယ်ခြင်းကို မပြုကြလျှင် အစဉ်မမှန် မေ့ကျန်ပျောက်ပျက် အညစ် အကြေးတက်ခြင်း ရှိပေကုန်၏၊ ဃရာ၊ နေထိုင်ဘို့ရာ အဖြာဖြာဖြင့် ကောင်းစွာ ဆောက်လုပ်ကြသော ဇရပ်၊ အိမ်၊ ကျောင်းတို့သည်၊ အနုဋ္ဌာနမလာ၊ ကျိုးပဲ့ကျန လုပ်ခွင်မျှကို ဆကြွလုပ်ကိုင် ပြည့်စုံနိုင်မှ ခံစားရ၍ လုလ္လာ မရှိ ပျင်းရိခြင်းလျှင် အညစ်အကြေးရှိပေကုန်၏၊ ကောသဇ္ဇံ၊ လူရော ရှင်ပါ တန်းဆာမချုတ် အဝတ်ပုဆိုးတို့ကို လျှော်ဖွတ်သုတ်သင်ပြုပြင်

ခြင်းမရှိ ပျင်းရိခြင်းသည်၊ ဝဏ္ဏသာမလံ၊ အဆင်းအရောင် တောက် မပြောင်ဘဲ လူ့ဘောင် အညစ်အကြေးတို့ပေတည်း။ ပမာဒေါ၊ ဒွါရ ခြောက်ပါး စိတ်မိုက်နွားကို လွှတ်ထားဖျင်းပေ၊ မေ့လျော့ခြင်းတို့ သည်၊ ရက္ခတော၊ တရားစောင့်ရှောင်း ရဟန်းကောင်းနှင့် နွားကျောင်း သမား စောင့်သူများ၏၊ မလံ၊ ဣဋ္ဌာရုံ ကိလေသာထွက် လူသူ ထွက်ရ ပျောက်ပျက်နွားများ လယ်ကိုစား၍ ဘုရားစုံခံ ဒဏ်သော် ကျခြင်း လွတ်မကင်းဘဲ လက်ငင်းဖြစ်တတ်သည့် ငါးရာ့ တဆောင် များစွာမိုက်မှောင် အညစ်အကြေးတို့ပေတည်း။

## အဓိပ္ပါယ် သံခိပ်

ပညာအတတ် ပရိယတ် မပြတ်ရွတ်အံပါ။ မရွတ်မအံနေလိုက်ပြန် မေ့ကျန်ပျောက်ပျက်ထားကျောင်းကန်ဇရပ် ဆောက်ဟန့်လည်း မပြုတ် ပြုပြင်ပါ။ လုလ္လမရှိ ပျင်းရိရိ တက်ဘိညစ်ကြေးသာ။ လူရောရှင်ပါ ကိုယ်တန်းဆာ မကြာဖွပ်လျှော်ပါ။လျှော်ဖွပ်ပြုခြင်း ပျင်းရိလျှင်း လက် ငင်းချေးတက်ထာ။ အဆင်းအရောင် မတောက်ပြောင် လူ့ဘောင်ညစ် ကြေးသာ။ ထိုဘူပမာ မျက်၊နား၊နှာ၊ လျှာ၊ကိုယ်၊မနောဟာ၊ အဆင်း အသံ နံ့တွေပြန် အမှန်စောင့်ရှောက်ပါ။ ဒွါရခြောက်ပေါက် မစောင့် ရှောက် ပျောက်ပျက်နွားပမာ။ တရားစောင့်ရှောင်း ရဟန်းကောင်း နွားကျောင်းသားပမာ။ ကိလေသာထွက် လူပင်ကွက် ပျက်စီးတော့ သည်သာ။ ထို့ကြောင့်လှူင်ပင် စိတ်ကိုင်ပင် အစဉ်ဆုံးမပါ၊ ရုပ်နာမ် ပရမတ် ကျွမ်းကြေလတ် ဆုမ္မတက်သည်သာ၊ ငါးတန်ခန္ဓာ ခေတ် သစ္စာ ဝေဘန်ပိုင်းခြားပါ။ ဝိပဿနာဉာဏ် လွန်ရင့်သန် အမှန်ဒိဋ္ဌိ ကွာ၊ ဥဥကွာမှ အလိမ္မာရ မှတ်ကြများသူငါ။ ဣဋ္ဌမကွာ မှားမိတ္တာ ကယ်ခါမလွှတ်ပါ။ ရှင်လူအများ ဤတရား စဉ်းစားကြလေပါ။

ရုပ်နာမ်ခန္ဓာ၊ခေတ်သစ္စာတည်းဟူသော ပရမတ္ထတရားတို့ကိုမကျွမ်း ကြေ မလိမ္မာကြသော သူတို့သည်၊ ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါး ကို မသိနိုင်အောင် ဖုံးဖိကွယ်ကာထားသော အဝိဇ္ဇာတေတ် မှိုက်မှောင် အစဉ်ရှိကြသောကြောင့်၊ ဒုက္ခမှ လွတ်မြောက်မည် မှတ်၍ သာဂိရကုသိုလ် အကုသိုလ်တရားကို မိမိသိသိ အားသွန်ခဲ၍ အမြဲပြုလုပ်ခြင်း နိရောဓ

သစ္စာနှင့် မဂ္ဂသစ္စာတရား နှစ်ပါးကို ပိုင်ပိုင်နိုင်နိုင် မသိခြင်းကြောင့်၊ နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်းမှတ်၍ သတ္တဝါကိုများစွာသတ်ပြီး ယဇ်နတ်ပူဇော်ခြင်း မသေရန်အကျိုး ရေချိုးမီးလှုံ တချစ်ခံခြင်း၊ နတ်ဘုံးကိုလိုချင်၍ မိမိကိုယ်ကို ချောင်းကမ်းပါးသို့ ခုန်၍ချခြင်း၊ ရှေ့ တောင်ညီးညီး မှတ်ထင်ပြီး၍ ဆီမီးလျှံကို ပိုးဖလံတိုးခြင်း၊ ပျားရေ လူးထား၊ သံလျက်သွားကို အစားစုံမက် လျှာဖြင့်လျက်ခြင်း၊ သူငယ် ဉာဏ်မေ့၊ မစင်ပြေ့ကို ကိုင်ဆော့ကစားခြင်း၊ စိတ်ပျက်ငြင်ငြိ၊ သေချင်လို၍ အဆိပ်ကိုစားခြင်း၊ မြေဖုတ်ဘီလူး ဖန်ဆင်းသော ကျွတ် မြို့ကို လိုက်သွားခြင်းတို့ဘည်း။ မဲမဲသဲသဲ အားကုန်ခဲ၍ ပြုမိသကဲ့သို့၊ ဘာမှန်းမှမသိသော အန္ဓပါလပုထုဇာန်တို့သည် သခါရသုံးပါးကုသိုလ် အကုသိုလ်တရားကို လမ်းကောင်း လမ်းမှန် မှတ်ထင်၍မဲမဲသဲသဲအား ကုန်ခဲ၍ အလှူကို ပြုကျင့်နေကြသော သတ္တဝါအများ မှား၍ နေပုံကို ပြသော။

## သင်္ဂဟ ဂါထာ

ဒုက္ခာဒီသု အညာဏေန၊ အာရဘေ ဒုက္ခ
ဟေတဝေါ၊ နိရောဓေဒီ အညာဏေန၊
ယညာမရတ ပါဒီဘော၊ မရုပ္ပပါတံ ဒီပတ္တိ
မဝုလိတ္တာသာ ခလေဟန်၊ ဂူထကီဠ ဝိသံခါဒဲ။
ဝိသာ နဂရံ ယာတာ၊ မာလော ကလောတိ
သခ်ါရေ၊ တိဝိခဓ ဒုက္ခဟေ တဝေါ။

ဒုက္ခာဒီသု၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါးတို့၌။ အညာဏေန၊ မသိနိုင်အောင် ဖုံးဖိကွယ်ကာတတ်သော အဝိဇ္ဇာတရား ရှိသည်ဖြစ်၍။ ဒုက္ခဟေတဝေါ၊ သေးအတန်တန် ဒုက္ခရန်ကို ဖြစ်စေတတ်သော။ သခ်ါရဆို ထိုထိုကုသိုလ် အကုသိုလ်တရားတို့ကို၊ အာရဘေ၊ မဲမဲသဲသဲ အားကုန်ခဲ၍ အမြဲအားထုတ်ကြကုန်၏၊ နိရောဓေဒီ အညာဏေန၊ နိရောဓနှင့် မဂ္ဂချစ်ဖြာ သစ္စာနှစ်ပါးတို့ကို မသိခြင်းကြောင့်၊ ယညာမရ

ကပါဒီဘော နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းမှတ် များစွာသတ်၍ ယဇ်နတ်ပူဇော်ခြင်း၊ မသေသာရန် အကျိုး ရေချိုးမီးလှုံ တချစ်ခံဖြင့် လုံးစုံတရား အမှားတို့ကို၊ အာဂရဘော၊ မဲမဲသဲသဲအားကုန်ခဲ၍ အမြဲအားထုတ်ကြကုန်၏။ မရုပ္ပါတ်း နတ်သွီးကို ရစေလို၍ ကိုယ်ကိုချောက်ကမ်း၊ ခုန်ချလွှမ်းသို့။ ဒီပင်္ဂ၊ ရွှေဘောင်ညီးညီး မှတ်ထင်ပြီး၍ ဆီမီးလျှံကို ပိုး ဖလံတို့ တိုးဝင်ခြင်း။ မဝုလိတ္တသ လေဟာနံ၊ ပျားရေလူးထား သံလျက်သွားကို လျှင်လျှားရုံမက် လျှာဖြင့်လျက်ခြင်း။ ဂူထကိုင်း၊ သူငယ်ဥာဏ်မေ့ မစင်မြေ့ကို ကိုင်ဆော့ အတင်း သူကစားခြင်း။ ပိသံခါဒ၊ စိတ်ပျက်ငြင်ငြို သေချင်လို၍ အဆိပ်ကို စားသောက်ခြင်း။ ပိသာစ နဂရံ၊ မျက်စိလှည့်ရုပ် ဖန်ဆင်းလုပ်သည့် မြေဘုတ်ကျုတ်မြို့ လမ်းအမှားသို့ လိုက်သွားခြင်းကို။ အာဂရဘောယထာ၊ မဲမဲသဲသဲအားကုန်ခဲ၍ အမြဲအား ထုတ်သကဲ့သို့ရင်း။ ဇာလော၊ ဘာမှန်းကိုမျှ မသိကြသည့်၊ အန္ဓဗာလ၊ ပုထုဇဉ၊ လူမိုက်တို့သည်။ ဒုက္ခဝေတာဝေါ။ အိုနာသေရေး ဘေးဒုက္ခကို မှုချဖြစ်စေဘတ်ကုန်သော။ ကိဝီဓေ၊ သုံးပါးအပြားရှိကုန်သော၊ သခါရေ၊ မှုညာမှုညာအာနဥ္ဇဟု လောကသားများ သခါရလမ်းမှားတို့ကို၊ ကရောတိ။ ပညာရှိသံနည်းမခံဘဲ။ ယန္တံသနံ ပြုကျင့်၍သာ အားထုတ်၍ သာ နေကြလေကုန်သတည်း၊

## အဓိပ္ပါယ် သံခိပ်

ဒုက္ခ သမုဒယ မသိက မုဍ္ဍ အဝိဇ္ဇာ။ အဝိဇ္ဇာ ပတ် ရှိကုလတ် ပြုတတ် သခါရာ။ မဲမဲသဲသဲ အားကုန်ခဲ အမြဲ ပြုကျင့်တာ။ နီရောဓမဂ္ဂ ဉာဏ်မခ မှတ်ကြအဝိဇ္ဇာ။ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းမှတ် များစွာသတ် ယဇ်နတ်ပူဇော်တာ။ ရေချိုးမီးလှုံ တချစ်ခံ လုံးစုံအမှားသာ။ နတ်သွီးကိုရစေလို ချောက်ကို ခုံလွှမ်းကာ။ ရွှေတောင်ညီးညီး မှတ်ထင်ပြီး၍ ဆီမီးကိန့်ကျုံ ပိုးဖလံ တိုးပြန်ဥပမာ။ ပျားရေလူးထား သံလျက်သွား လျှာဖြင့်သူလျက်တာ။ သူငယ်ဉာဏ်မေ့ မစင်မြေ့ ကိုင်ဆော့ ကစားတာ။ စိတ်ပျက်ငြင်ငြို သေစေလို အဆိပ်ကိုသူစားတာ။ မျက်စိလှည့်ရုပ် ဖန်ဆင်းလုပ် မြေဘုတ်ကျုတ် မြို့သာ။ လမ်းကောက်လမ်းမှား လိုက်ပါသွား အလားဥပမာ၊ ပုထုဇဉ ဂူပါလ

အန္ဓဘာကန်းသော၊ အို,နာ,သေရေး ဒုက္ခ ဘေး မတွေး တတ် နိုင် ရှာ။ ပညာရှိထံ နည်းမခံ ယန္တံ့သန့်သော။ လောကသုံးတန် သံဒါရီ လမ်းမှန် မရှိပါ။ ဘေးဒုက္ခ၌ ဖျန်းဖျန်းငြိ စိမ်စိမ်စဉ်းစားပါ၊ ထွက်လမ်းသိက ကလျာ ဏ မှုချမှတ်လိုက်ပါ။ ခန္ဓာရုပ်နာမ် ကျွမ်းကြေပြန် မှတ်ရန်ကလျာဏာ၊ ပညာရှိအား မေးမြန်းပြီး သင်ထားကျက်မှတ်ပါ။

ရုပ်,နာမ်,ခန္ဓာ,ဓါတ်သဘောတို့ကို မကျွမ်း မကျင် မလိမ္မာကြသော သူမိုက်တို့အား သာယာဖွယ် မရှိလောက်သည်ကို သာယာအောင် ကာမဂုဏ်ဖြင့် လှည့်ဖြားခြင်း၊ မချစ်မနှစ်သက်လောက်သည်ကို ချစ်နှစ်သက်အောင် ကာမဂုဏ်ဖြင့် လှည့်ဖြားခြင်း၊ ဆင်းရဲဒုက္ခဖြစ်နေသည်ကို ချမ်းသာ,သုခ,ထင်အောင် ကာမဂုဏ်ဖြင့် လှည့်ဖြားခြင်း တို့သည် သံသရာမှ မလွတ် မထွက် နိုင်အောင် နှိပ်စက်လွှမ်းမိုး၍ ထားသော အကြောင်းကို ပြသော။

## (ဩဘာသဂါထာ-ပါဠိတော်)

(၈) အသာတံ သာတ ရူပေန ပိယရူပေန
အပ္ပိယံ။ ဒုက္ခံသုခဿရူပေန၊ ပမတ္တံ
အတိဝတ္တတိ။

အသာတံ၊ လောကသုံးပြား သံသရာ၌၊ မသာယာ လောက် သော ကာမဂုဏ်အပေါင်းကို။ သာတရူပေန၊ အများလူရှင် မသာ ယာ လျှင် သာယာချင်အောင် အသွင်လှည့်ဖြားသဖြင့်၎င်း။ အပ္ပိယံ ရွံဖွယ် ထွေး ဖွယ် စက်ဆုပ်ဖွယ်ဖြင့် တကယ်မချစ် လောက် သော ကာမဂုဏ်ကို၊ ပိယရူပေန၊ နှစ်နှစ်ခြိုက်ခြိုက် အစဉ်ကြိုက်အောင်။ ချစ်သိုက်ဖွယ်ရာ အသွင်လှည့်ဖြားသဖြင့်၎င်း။ ဒုက္ခံ၊ စိုးရိမ်ကြောင့်ကြ သောကပူပန် အ ယှဉ်တန်ဖြင့် ငြင်းဆန်မရ ဤလောက၌ ဒုက္ခဖြစ်ရသော ကာမဂုဏ် သည်။ သုခဿရူပေန၊ မှုတ္တမမြင် သုခထင်အောင် အသင်္ချေမှ ဤ လောက၌ မျက်လှည့်ဆရာပမာဖြင့်၎င်း။ ပမတ္တံ၊ မေ့သတိ နှင့်ခေါ်တိ ယတ်ကောင်းမသင် ဉာဏ်မြင်မှုန်ဝေ၍ မေ့လျော့ကြသော သူမိုက်တို့ကို

အတိဝတ္တာတိ၊ သံသရာစက် ဝဲဩယာက်က လွတ်ထွက်ဘို့မဖြင်းနိုင်အောင် လွှန့်လွှန့်မင်းမင်း နှိပ်စက်၍သာ၊ လွှမ်းမိုး၍သာ၊ ထားလိုက်လေတော့ သတည်း....။

—— ၀ ——

## အဓိပ္ပါယ်-သံခိပ်

လောကသုံးဖြာ သံသရာ ပသာယာ လောက်ထား၊ အများလူရှင်သာယာချင် အသွင်လှည့်ဖြားကာ၊ ရွှံ့ဘွယ်, ထွေ့ဘွယ်, စက်ဆုပ်ဘွယ်, တကယ်မချစ်ရာ၊ ချစ်နှစ်ကြိုက်အောင် အသွင်ဆောင် လှူ့ဘောင်လောကမှာ၊ စိုးရိမ်ကြောင့်ကြ ပူပန်ရ ဒုက္ခအဖြာဖြာ၊ သုခထင်အောင် အသွင်ဆောင် လှူ့ဘောင်လောကမှာ၊ မျက်လှည့်ဆရာ ပုံပမာ နာနာမှတ်လေပါ။ ဒုက္ခကိုပင် သုခထင် မစင်ဝက်ပမာ။ ရေအိမ် အာလယ် လောက်သဘွယ် တကယ်မှတ်ထိုက်စွာ၊ ရုပ်ဓါတ် နာမ်ဓါတ် ပရမတ်တတ်အောင် ခဲကြိုတ်ပါ။ မတတ်သမျှ သံသာရ ဒုက္ခမလွတ်ပါ၊ ခန္ဓာရုပ်နာမ် ကျွမ်းကြေပြန် အမှန်ဒိဋ္ဌိကွာ၊ ဒိဋ္ဌိသူကွာ အောက်သံသရာ ဘယ်ခါမရောက်ပါ၊ လေးပါးပါယ်ရွာ အောက်သံသရာ လွှန်စွာကြောက်ဘို့သာ။ သောတာပန်မှ ပါယ်ဒုက္ခ လွတ်ကြအမှန်သာ။ အပါယ်ကင်းမှု ဖြတ်သည်သူ မှတ်ယူလောကမှာ၊ ကုသိုလ်မှန်သမျှ သူပြုက မှုချကျိုးပေးမှာ၊ လူမိုက်ကုသိုလ် များထိုထို ပါယ်ကိုမလွတ်ပါ။ လိမ္မာသူများ ကြံစဉ်းစား တရားရမည်သား ။

တဒေယာ ရုပ်ဘဏ္ဍကွင် ဖြစ်ပျက်ချုပ်ပြီး၊ မိုကုတ်လျှက်နေသော စိတ်ကလေးသည်၊ ဒေးသောအာရုံကိုလည်း လမ်း၍ယူခြင်းငှါ တတ်နိုင်၏၊ အထည်ဖြိပ် သဏ္ဍာန်မရှိ၍ ဘမ်းယူခြင်းငှါလည်း မတတ်နိုင်။ ၎င်း စိတ်ကလေးကို ရုပ်ဓါတ် နာမ်ဓါတ် ပရမတ်တရားနှင့် တသားတည်းတွဲ၍ ထားလိုက်နိုင်က ကိလေသာ မာရ်မင်း သံသရာထောင်တွင်းမှ ကွင်းလုံးကျွတ် လွတ်မြောက်နိုင်ကြောင်း ပြသော၊

## သံဃရက္ခိတ ထေရာအပဒါန် ပါဠိတော်

(၁၀) ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေစိတ္တံ သညမေဿန္တိ၊ မောက္ခန္တိ မာရ
ဗန္ဓနာ။ ။

ဒူရင်္ဂမံ၊ ဝေးသောအာရုံ ကာမဂုဏ်ကို လှမ်းခုန်စွဲယူခြင်းငှါလည်း ရှိထသော၊ ဧကစရံ၊ ဖြစ်ပျက်ချုပ်ပေါ်၊ အပေါ်မမှီး တခုတည်းသာ ဧကစာရချီး၊ အားမကိုးခလာက်ထသော၊ အသရီရံ၊ ဟဒယ ဝတ္ထုရုပ်တွင်၊ မှီတွယ်ကုတ်လျက် မဟာဘုတ်လေးပါးသော လိုဏ်ဂူ၌ အောင်းသည်ဖြစ်၍၊ စစ်စစ်ဘမ်းယူ ကောင်းသော၊ သဏ္ဌာန်လည်းမရှိထသော၊ စိတ္တံ၊ တောမျောက်ရိုင်းသို့ ထင်တိုင်းကိုလိုက် ထင်ရာကို ကြိုက်တတ်သော၊ စိတ်မိုက်စိတ်ရိုင်းကို၊ ယေ၊ ရဟန်းရှင်လူ မည်သူမဆို၊ အကြင်ပုဂ္ဂိုလ်တို့သည်၊ သညမေဿန္တိ၊ ရုပ်နာမ်ဟာများ မှတ်သား လေ့ကျက်၊ စိတ်နှင့်ဖက်ပြီး၊ နှိပ်စက်ဆုံးမ၊ မဆိုးရအောင်၊ ကျုံကျုံနန အနိစ္စ၊ ဒုက္ခ၊ အနတ္တအပြီး စောင့်စီး၍ ထားလိုက်နိုင်ကုန်က၊ မာရဗန္ဓနာ၊ ငါးရာ ဘ ထောင်၊ မိုက်မှောင်များစွာ၊ ကိလေသာမာရ်မင်း၏ လက်တွင်းမှ၊ မောက္ခန္တိ၊ လက်ဖျောက်တီးလျက်၊ အံ့ဘွယ်မကုန်၊ လုံးစုံခပင်း၊ ဝမ်းသာခြင်းဖြင့်၊ ကျွင်းလုံးကျွတ်သော ချက်ခြင်းမကြာ၊ လွှတ်မြောက်နိုင်တော့သတည်း....။

## အဓိပ္ပါယ် သံခိပ်

ဝေးသောအာရုံ အလုံးစုံ လှမ်းခုံစွဲယူတာ။ တခုတည်းသာ ဧကစာ အပေါ်မမှီးတာ။ ဟဒယဝတ္ထု၊ မှီတွယ်ပြု ခလေးခုဘုတ်မဟာ။ လိုဏ်ဂူတွင်းမှ အောင်းနေသူ ဘမ်းယူခက်လိုက်တာ။ တောင်မြောက်အတိုင်း ပမာနှိုင်း စိတ်ရိုင်း၊ စိတ်မိုက်ဟာ ရဟန်းရှင်လူ သတ္တဝါယူ သူမှန်ပါတာ။ နှိပ်စက်သမျှ ခံနေရ ဒုက္ခအဖြာဖြာ။ ဒုက္ခထက်ကို များလှစိုးသည့် သူ့ကို ဆုံးမပါ။ စိတ်ကိုဆုံးမ မရှိက လားကြ [illegible] ရွာ။ စိတ်ကိုဆုံးမ ယဉ်ကျေးက ဒုက္ခလွတ်မည်သာ၊ ရုပ်နာမ် [illegible] ရမတ် စိတ်နှင့်ထပ် မြတ်

သည့် ပဏ္ဍိတာ၊ ဥာဏ်ဦးမလှဲ စိတ်ဓါတ်စွဲ အမြဲမင်သောတာ၊ အပါယ် ဒုက္ခ လွတ်မည့်ပ မှချမှတ်လိုက်ပါ၊ အထက်သုံးပါး မင်တရား ပွားများ နိဗ္ဗူတားကိလေသာမရှိမင်း သူ့လက်တွင်း ချက်ခြင်း လွတ်မည်သာ၊ လုံးစုံအံ့ချီး လက်ဖျောက်တီး အပြီးဝမ်းသာမှာ၊ သံသရာထောင်တွင်း လွတ်ဘို့ရင်း ချက်ခြင်း ဆုမွှေပါ၊

—— ဝ ——

လောကသုံးပါး၏ အဆုံးကို လှည်းယာဉ် လှေယာဉ် ခြေလျင်တို့ဖြင့်သွား၍ မရောက်နိုင်ကုန်၊ လောကကို မလွန်မြောက်သမျှ ကာလပတ်လုံး ဆင်းရဲဒုက္ခမှ မလွတ်မြောက်နိုင်ခြင်းကို ပြသော၊

(စတုကင်္ဂုတ္တရ-ပါဠိတော်)

(၁၁) ဂမနေန နပတ္တဗ္ဗော၊ လောကဿန္တော
ကုဒါစနံ၊ နစ အပတွာ လောကန္တံ ဒုက္ခာ
အတ္ထိ ပမောစနံ၊

ဘိက္ခဝေ၊ ဘေးအတန်တန် ဒုက္ခရန်ကို စေန်ကြောက်ခြား အိုချစ်သား ချစ်သမီးတို့၊ လောကဿ၊ မရပ်မနား သတ္တဝါများတို့ ပြေးသွားကျင်လည်ရသော လောကကြီး၏၊ အန္တော၊ သချာတွက်ခြုံး ဆုံးရာဥ္စာန ဘုံဘဝသို့၊ ဂမနေန၊ လှည်းယာဉ်၊ လှေယာဉ်၊ ခြေအဖြင့်ခြေလျင်ပြေးသွားကြ၍၊ ကုဒါစနံ၊ ကိမ်ခါဖန်ဖန် တရံတဆစ် ကလေးမျှလောက်၊ နပတ္တဗ္ဗော၊ မရောက်အပ် မရောက်ထိုက် မရောက်နိုင်ကြပေသောတည်း။ လောကန္တံ၊ လောကသုံးဖြာ သချာတွက်ခြုံး ဆုံးရာဥ္စာန ဘုံဘဝသို့၊ အပတွာ၊ တခါတခေါက် စိတ်မှန်းပေါက်၍ မရောက်နိုင်သမျှ ကာလပတ်လုံးလည်း၊ ဒုက္ခာ၊ အို-နာသေရေး ငိုကြွေးပူပန် တန်တန်မကင်း ဆင်းရဲခြင်းတို့မှ၊ ပမောစနံ၊ သုံးဆယ့်တဘုံ လုံးစုံအတွင်း သတ္တဝါ ခပင်းတို့ လွတ်ခြင်းမည်သည်၊ နစအတ္ထိ၊ လောကဓာတ်သုံးဖြာမှာ ဘယ်သတ္တဝါ တစုံတယောက်မျှ ပေါက်ပေါက်တွင်းထွင်း ဖို့နိုင်စရာ တွေ့နိုင်စရာ ဟုတ်ပါမှတော့ အံ့နည်း။

## အဓိပ္ပါယ် သံနိဝ

လောက အားလုံး သင်္ချိုင်း ဆုံးရာဌာနသာ။ လှည်းယာဉ်-လှေယာဉ် မြေအပြင် ခြေလျင်သွား၍သာ၊ တရံတခေါက် ကြိမ်ဖန်လောက် မရောက်နိုင်တော့သာ။ ဆုံးရာဌာန ဘုံဘဝ မရောက်သမျှသာ၊ အိုနာသေရေး ဒုက္ခဘေး ငိုကျွေးပူရမှာ၊ သုံးဆယ့်တဘုံ အလုံးစုံ အကုန်ဒုက္ခသားပုက္ခကိုမြင် ပဏ္ဍိရင် လွတ်ရွှင်ကြံဘိုရာ။ ပညာရှိအား မေးမြန်းပြား တရားသင်ကြပါ။ သုံးဆယ့်တဘုံ တရားစုံ အကုန်တတ်မှသာ၊ သံသရာထွက်လမ်း နယ်စခန်း မှန်း၍မျှော်မိမှာ၊ ကလျာဏ ဖြစ်သူမှ လမ်းစသူမြင်တာ၊ အန္ဓပါလ အကန်းကျ လမ်းစမမြင်ရှာ၊ လမ်းစမမြင် မျှားလူရှင် ကျင့်လျှင် အမှားသာ၊ တော်စွာ လျော်စွာ လူဖြစ်လာ များစွာသတ္တဝါ၊ စည်းစိမ်ရတနာ ရှိသူသာ အငါမှာ မှတ်ထင်တာ။ မိုက်ကောက်ညစ်ကျယ် ကပ်ကျယ်ကျယ် တတ်တယ်ထင်ကြတာ။ လောကတလွား ရှင်လူများ စဉ်းစားကြလေပါ။

—— ○ ——

အနိစ္စလက္ခဏာထင်က အနတ္တလက္ခဏာ ထင်နိုင်ခြင်း၊ အနတ္တထင်က မဟုတ်တဲ့ မာန်မှုခြင်း၊ သက္ကာယ ဒိဋ္ဌိကွာခြင်း၊ သောတာပန်ဖြစ်ခြင်းသို့ ရောက်၍၊ ယခုမျက်မှောက် ဆိုက်ရောက် ရရှိသော တရားကြောင့် အပါယ်တံခါးပိတ်ပြီး၊ သဥပါဒိသေသ-နိဗ္ဗာန်ကို ရခြင်း ပြုသော။

(၁၂) အနိစ္စသညိနော၊ မေဃိယ၊ အနတ္တ
သညာ သဏ္ဌာတိ၊ အနတ္တသညီ အသ္မိ
မာန သမုဂ္ဃာတံ ပါပုဏာတိ၊ ဒိဋ္ဌေဝ
ဓမ္မေနိဗ္ဗာနံ။ ။(မေဃိယသုတ်)

မေဃိယ၊ ဆို-ချစ်သား မေဃိယ၊ အနိစ္စသညိနော၊ ရုပ်နာမ်ခန္ဓာ သင်္ခါရတရား ပိုင်းခြားတေဘန် ကောင်- မမြဲဘူး ကောင်းစွာ

တည့်တည့်၊ သိမြင် မှတ်သားနိုင်သော သူအား။ အနတ္တသညာ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောက်ျားမိန်း ရှာမရသော အနတ္တသညာသည်။ သဏ္ဍာတိ အလိုလိုပင် ဉာဏ်အစဉ်မှာ ထင်ပေါ်၍ တည်လာရလေတော့၏။ အနတ္တသညီ ပုဂ္ဂိုလ်သတ္တဝါ ငါပါထင်ချက် ပျောက်ပျက်၍ သွား ခေတ်သားခေတ်ခဲ မလွဲ ရုပ်နာမ် ပရမတ်ဉာဏ်ကို ကောန်မှတ်သား နိုင်သော သူသည်။ အသ္မိမာနသမုဂ္ဃာတ်၊ မဟုတ်မမှန် တန်တန်ထောင်လွှား ငါသာဆိုးသော မာနတရား သူဘဲ ငါဘဲ အထင်လဲ့သည့်၊ ဒိဋ္ဌိ တရား ညှိနှစ်ပါးတို့၏ ကင်းပြတ်ခြင်းသို့။ ပါပုဏ္ဏာတိ၊ အမှန်ထုတ် ချောက် ဓါတ်ဉာဏ်ပေါက်၍ ရောက်ရလေတော့၏။ ဒိဋ္ဌေဝဓမ္မေ၊ ယခု မျက်မှောက် ဆိုက်ရောက်ရ၍ ဒိဋ္ဌိကင်းကွာ နှစ်ဖြာ ရုပ်နာမ် ဝေဘန် ပိုင်းခြား သိမြင်သော တရားကြောင့်၊ နိဗ္ဗာန်၊ အပါယ်ကျရန် ပူပန် စိုးရိမ် တည်မငြိမ်ရသော ကိလေသာအတွက် သက်သက်ငြိမ်းရေသည့် သဉပါဒိသေသ နိဗ္ဗာန်ကို။ ပါပုဏ္ဏာတိ၊ ဒိဋ္ဌိသက္ကာ ပြတ်ကင်းကွာသဖြင့် သောတာပန်စစ် ကောန်ဖြစ်ပြီး စင်စစ်မကြာ ယခုသာသနာရောက် ရလေတော့သတည်း။

## အဓိပ္ပါယ် သံခိပ်

ခန္ဓာရုပ်နာမ် ပရမတ်ဉာဏ် ဝေဘန်ပိုင်းခြားကာ၊ ရုပ်နာမ်ဓမ္မ, သင်္ခါရ, အနိစ္စထင်မြင်လာ၊ အနိစ္စမြင်လျှင် အနတ္တပင် ထင်ထင်ရောက်သည်သာ၊ ၊အနတ္တရောက် အတ္တပျောက် ဓါတ်ပေါက်တော့သည်သာ။ ပုဂ္ဂိုလ်သတ္တဝါ ငါဆိုဘာ ရှာ၍မရပါ။ဒိဋ္ဌိသက္ကာ ပြတ်ကင်းကွာ မှတ်ပါ သောတာသာ၊ မဟုတ်မမှန် မာနဉာဏ် ကောန်မရှိပါ။ ဒိဋ္ဌိပါယ်က မှားမာန တကွပါသွားတာ။ ၊ယခု မျက်မှောက် ဓါတ် ဉာဏ်ပေါက် ရောက်မည် နိဗ္ဗူတာ။ သဉပါဒိ ခန္ဓာရှိ ကြိုဘုံသုံးဖြာ၊ နတ်ရွာလူ့ ပြေ ကုံဆန်မနေ ခဏ္ဍတွေ့စံဝေးတာ။ ကာမဂုဏ်ငါးပါး တင်းတိမ်ပြေး၊ ကြွ သွားနိဗ္ဗူတာ။ အိမ်ရာတည်ထောင် လူတို့ဘောင် အခေါင်အဖျားပါ။ အာဂါရလမ်း ကျင့်စဉ်ပမ်း ဉာဏ်စွမ်းမြှော်ရှုပါ။

ရှင်တရားဖြစ်ပေါ်လာမှုသည် ဇာတိဒုက္ခ ရုပ်တရား တခဏ မှုတည် မှုသည်၊ ရောဂါအမျိုးမျိုးဖြစ်မှု ဒုက္ခ၊ ရုပ်တရား ချုပ်ပျောက် သွားမှု

သည့် မရဏာဒုက္ခစသည်တို့ကို အနုစိတ်၍ ဥပါဒ်, ဌီ, ဘင် တို့နှင့်ပြခြင်း အကြောင်း။

(ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်)

(၁၃) ယောဘိက္ခဝေ၊ ရူပဿ ဥပ္ပါဒေါ၊ ဌိတိ၊
အဘိနိဗ္ဗတ္တိ၊ ပါတုဘာဝေါ၊ ဒုက္ခဿ
သော ဥပ္ပါဒေါ၊ ရောဂါနံ ဌိတိ ဇရာ
မရဏဿ၊ ပါတုဘာဝေါ၊

ဘိက္ခဝေ၊ အို့, နာ, သေ, ရေး ဒုက္ခဘေးကို တွေး၍ ကြောက်တတ်အို့, ချစ်သား ချစ်သမီးမြတ်တို့၊ ရူပဿ၊ ရုပ်တရားအစုတို့၏၊ ယော ဥပ္ပါဒေါ၊ အကြင်အကြောင်းတိုက်ဆိုင်က ခဏခြင်း ဖြစ်ပေါ်လာခြင်းသည်၊ ဒုက္ခဿ၊ ဇာတိဒုက္ခ၏။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်လာခြင်းပေတည်း။ ရူပဿ ရုပ်တရားတစုတို့၏။ ယာ ဌိတိ၊ အကြင်ကာလ အခိုက်အတန့် ခဏတည်နေခြင်းသည်။ အဘိနိဗ္ဗတ္တိ၊ အကြင်ဥပါဒ်, ဌီ, အားဖြင့် ထွားကာနဲ နှစ်ပါး စုံဖြစ်ပေါ်လာခြင်းသည်၊ ရောဂါနံ၊ ကိုးဆယ့်ခြောက်ဖြာ ဘာဘာ ညာညာ ရောဂါအနာဆိုးတို့၏။ ဌိတိ၊ စွဲကပ်ဖြစ်ပေါ်လျက် တည်ခြင်း ပေတည်း။ ရုပ်တရားအစုတို့၏၊ ယော ပါတုဘာဝေါ၊ အကြင်, ဖြစ်, တည်, ချုပ်, ပျက်, သုံးချက်မခြား ထင်ရှားဖြစ်ပေါ်လာမှုသည်၊ အတ္ထိ၊ ပရမတ် ဉာဏ် အမြင်သန့်မှ ဧကန်ဟိတိ အဟုတ်ရှိ၏၊ သော၊ ထိုသို့ ဖြစ်, တည်, ချုပ်, ပြတ် ဤသုံးရပ်တို့ တလဲစပ် ဖြစ်ပေါ်ရခြင်းသည်၊ ဇရာမရဏဿ အို့, နာ, သေ ရေးလွတ်ထွက်လို့ မပြေးနိုင်သည့် ဘေးဒုက္ခတို့၏။ ပါတု ဘာဝေါ၊ ပရမတ္ထသဘာဝဖြင့် ဒိဋ္ဌမျက်မြင် ကိုယ်တွင် မားမားသဏ္ဌာဝါ အများတို့ ထင်ရှားလှစွာ ဖြစ်ပေါ်၍သာ လာရခြင်းပေတည်း။

## အဓိပ္ပါယ် သံခိပ်

ကံ, စိတ်, ဥ, ဟာ သဏ္ဌာဝါ ပိုင်ဆိုင်တော့သည်သာ၊ လေးဖြာကြောင်း အင် စိမ့်လျှင် အစဉ်ရုပ်ပေါ်လာ၊ ရုပ်ဓာတ်ပေါ်လာ ဘေးဒုက္ခာ မှတ် ပါဇာတိသာ၊ ရုပ်ဓါတ်ခဏ တည်သမျှ ရောဂါအဖြာဖြာ၊ ရုပ်ဓါတ်မှ

မရဏာရှ ပေါင်းစုဘေးဒုက္ခာ။ ဖြစ်,တည်,ချုပ်,ပြတ် ဤသုံးရပ် မှတ်တော့ရုပ်သက်သာ၊ အို,နာ,သေ,ရေး ဒုက္ခဘေး ပြေး၍မလွတ်ပါ။ ရုပ်နာမ် ပရမတ္ထ အနိစ္စ မြင်မှပဏ္ဍိတာ။ သူသိ,ငါသိ အနိစ္စရှိ ကဝိမဟုတ်ပါ၊ သူမြင် ငါမြင် အနိစ္စထင် ထင်မြင်အလကားသာ။ ဝိပဿနာဆိုက ပရမတ္ထ ကျနမြင်မှသာ၊ရုပ်ခေါ်တ်နာမ်ခေါ်တ် ပရမတ် တတ်ကဝိပဿနာ။ ဝိပဿနာ ဉာဏ်ဆိုတာ မှတ်ပါ ပရမတ္ထာ။ ပရမတ်မထည့် ပညတ်သိ ဗိဋ္ဌိသူမက္ခာ၊ ဝိပဿနာလိုလို သမထကို ဟောဆိုကြလေတာ၊ လူလိမ္မာများ ကြံစဉ်းစား၊ ထင်ရှားသိမည်သာ။

သတ္တဝါဟု ခေါ်ဆိုကြသော စိတ်ဓါတ်ကလေးသည်၊ ဗိဋ္ဌိ,တဏှာ, နှစ်ဖြာအဖေါ်နှင့် သံသရာမှာ ပျော်ပျော်ပါးပါး ကျင်လည် ကျက်စား၍ နေ၏။ ထိုနေ့သည်၌၊ မြတ်စွာဘုရား မဂ်တရား, ဖိုလ်တရားနှင့်တွေ့၍ ဗိဋ္ဌိတဏှာတို့ သေကြေ ပျက်စီး ခြင်း ကြောင့်၊ အဖေါ်မရှိ ပျင်းရိသော စိတ်ဓါတ်ကလေးသည် ပဋိသန္ဓေဘဝ အသစ်မဖြစ်လို၍ နိဗ္ဗာန်ကို ရောက်ခြင်းပြုသော ဒွယာကနုပဿနာသုတ်။

(၁၄) တဏှာဒုတိယော ပုရိသော ဒီဃမဒ္ဓါန
သံသရံ့ဣတ္ထဘာဝညထာဘာဝံ၊ သံသာရံ
နာတိဝတ္တတိ။ ။ဧတမာဒီနဝံ ဉတွာ၊
တဏှံ ဒုက္ခဿ သမ္ဘဝံ။ ဝီတတဏှော
အနာဒါနော၊ သတော ဘိက္ခု ပရိဗ္ဗဇေ၊ ။

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို၊ တွေး၍ကြောက်တတ်၊ အို…ချစ်သား ချစ်သမီးတို့၊ တဏှာဒုတိယော၊ ဗိဋ္ဌိတဏှာ ပေါင်ဆိုတာ နှစ်ဖြာအဖေါ်ရှိသော။ ပုရိသော၊ ထိုထိုအရာ အဖြာဖြာနှင့်၊ သတ္တဝါ ဒို-မှ, ခေါ်ဆိုသမျှသည်။ ငါ၊ သူသူ-ငါငါ သတ္တဝါဟု အဖြာဖြာ ခေါ်ဆိုကြသော စိတ်ဓါတ်ကလေးသည်။ ဒီဃံ၊ ရှည်လျား လှစွာသော၊ အဒ္ဓါနံ၊ အခွန့်အလာလာတ်လုံး၊ သံသရံ၊ တပြောင်းပြန်ပြန် အတန်တန်ဖြင့်၊ အဖန်ဖန် မပြီး သွား လျက်။ ဣမာသာဝည ဟာဘာဝံ၊

ဤလူ့ဘဝမှရင်း၊ လူ့ဘဝမှ တပါးသောဘဝဟု ဆိုအပ်သော။ သံသာရ၏ ချားရဟတ်ပမာ ချာချာပတ်ရစ်၊ တဖြစ်ထဲဖြစ်နေရသော သံသရာကြီးကို၊ နာတိဝတ္တတိ၊ ဒိဋ္ဌိတဏှာကို တခါတည်း မဖြတ်လိုးနိုင်သမျှ ဘယ်နည်းနှင့်မျှ မလွန်မကျော်နိုင်။ ဘိက္ခဝေ၊ မဂ်, ဖိုလ်, နိဗ္ဗာန်, သုံးတန်တရား လိုလားစုံမက် နှစ်သက်ကြပြား ကို....ချစ်သား-ရဟန်းတို့၊ ဥစ္ဆိန္န ဘဝတဏှာသည်၊ ဒိဋ္ဌိတဏှာ နှစ်ဖြာဘဝ ကင်းပြတ်ကြပြီး ခြင်းလည်း ရှိထသေး၏၊ ဒိဋ္ဌိတဏှာ၊ နှစ်ဖြာအစွဲ သေကွဲကြီးကွဲကြကုန်ပြီးသော၊ သန္တစိတ္တသည်၊ ကာမဂုဏ်တွက် အကုန်ပျက်၍၊ ငြိမ်သက်သော စိတ်ရှိသော။ ဘိက္ခုနော၊ ဒိဋ္ဌိတဏှာ၊ နှစ်ဖြာသေမှု၊ မည်သူမဆို ထိုပုဂ္ဂိုလ်သည်။ ဇာတိသံသရော၊ တပြောင်းပြန်ပြန် ဖန်ဖန်သံသရာ၌၊ ဇာတိဖြစ်ရခြင်းသည်၊ ဝိက္ခီဏော၊ ကုန်ခန်းလေတော့ပြီ၊ တသာ၊ ထိုသို့ ဒိဋ္ဌိတဏှာ နှစ်ဖြာပြတ်ကင်း နေရပ်ပျင်းလှသော၊ စိတ်ဓါတ်ကလေးအား ဝါ၊ နေရပ်ပျင်းလှသော စိတ်ဓါတ်ကလေးသည်။ ပုနဗ္ဘဝေါ၊ ဘဝတန်တန် နောင်တဖန်ဖြင့် ပြန်၍ဖြစ်ရခြင်းပ။ နတ္ထိ၊ မလာကဓါတ် သုံးဖြာမှာ၊ ရဟန္တာသခင် အရှင်ပုဂ္ဂိုလ်မြတ်တို့သည်။ တတ်တတ်အပ်အပ် ပြန်နိုင်စရာ ပြောနိုင်စရာ မရှိကြတော့သတည်း၊

## အဓိပ္ပါယ် သံခိပ်

ဒိဋ္ဌိတဏှာ ငါနှင့်ငါ စိတ်မှာပူးနေတာ၊ ငါငါပူးသမျှ ဘယ်ဘဝ ဒုက္ခမလွတ်ပါ။ တပြောင်းပြန်ပြန် သံသာ၏ ဖန်ဖန် ကျင်လည်တာ။ ဤဘဝ ယိုဘဝ ကူပြောင်းရ ဒုက္ခအဖြာဖြာ၊ ဒိဋ္ဌိတဏှာ ကင်းပြတ်ကွာ မှတ်ပါရဟန္တာ။ တဏှာသေမှု စိတ်ဓါတ်ဟူ အပူမရှိပါ။ တဏှာ ဒိဋ္ဌိ သူမရှိ ပြတ်ဘိသံသရာ၊ သံသရာပြတ်သူ များရှင်လူ ကြည်ဖြူဦးနိုက်ရာ။ ဇာတိဘဝ မဖြစ်ရ မှုချမှတ်လိုက်ပါ။ ဒိဋ္ဌိ တဏှာ ရှိသူမှာ သံသရာ ပျော်ထိုက်သာ၊ ဒိဋ္ဌိပြတ်မှ ပါယ်လေးဝ လွတ်ကြရုံသာ။ တဏှာအကုန် ပြတ်ကင်းတုံ သုံးဘုံမဖြစ်ပါ။ နိဗ္ဗာန်လမ်းဝ ငါ့ရေးပြ မှတ်ကြချေသတ္တဝါ။ ရှေးဦးပဌမ ကလျာဏ လုပ်ကြသောအချေ။ ကလျာဏမှန် ပုထုဇဉ်ဘ် ဧကန်ဒိဋ္ဌိကွာ၊ ဒိဋ္ဌိကွာသူ များရှင်လူ မှတ်ယူ သောတာသာ။ သောတာ ကလျာဏ ဖြစ်သူမှ မကျအပါယ်ရွာ၊ ကာမဂုဏ်ငါး

ခံစံစား၊ သေဌေးထက်နတ်ရွာ၊ အကြာဆုံးပ ခုနစ်ဘဝ မြန်းကြွ နိဗ္ဗူ။ တာ၊ ပညာရှိများ ဤတရား စဥ်းစားကြလေပါ။

ရာဂ ဒေါသ မောဟဟူသော မီးသုံးပါးကြောင့် ကာမဂုဏ်ငါးပါး ဝန်ထုပ်ကြီးကို ထမ်းရွက်ဆောင် နေရခြင်းသည် မြင့်မိုရ်တောင်ကြီးကို ထမ်းရွက်၍ နေရသကဲ့သို့ ဘဝေဘဝါ သံသရာမှာ ဒုက္ခအမျိုးမျိုးတွေ့ပုံကို အရှင် သာရိပုတ္တရာ ဟောကြားသော၊

ထေရာ အပဒါန် ဂါထာ

(၁၅) ဘဝေသာတံ နဝိန္တာမိ၊ ဒယှန္တော့တီဟိ
အဂ္ဂီဟိ၊ ဘာရိတော ရာဂဘာရေန၊
နေရုံ ဥဒ္ဓရိတော ယထာ။

အာဝုသော ဒုက္ခကိုကြဉ် ချမ်းသာကို မင်ကြသည့်၊ ငါ့ရှင်အပေါင်း သူတော်ကောင်းတို့။တီဟိအဂ္ဂီဟိ၊ ရာဂဒေါသမောဟဟုသော ပူလောင်ညီးညီး သုံးပါးမီးတို့သည်၊ ဒယှန္တော၊ ကိန်ကိန်ပြောင်ပြောင်၊ လော ကတောင်မှာ တောက်လောင်အပ်သည် ဖြစ်၍။ အဟံ၊ သာရိပုတ္တရာ သညာတော်မည် ငါမထေရ်သည်။ ဘဝေ၊ ဖြစ်လေရာရာ သံသရာဘဝ ဟုသမုတ်ခွဲ၊သာတံ၊ငြိမ်းချမ်းသာ သက်သာရာကို၊ နဝိန္ဒာမိ၊ဘယ်ခါ ထည့်တည့် မရမရှိလေတော့ပြီ၊ ရာဂဘာရေန၊ ကာမရောဂ စသည် ဆင့်ပွား၊ များပွားသော ဝန်ထုပ်ကြီးဖြင့်၊ ဘာရိတော၊ အလွန်တရာ သံသရာမှာ များစွာဝန်လေးလှဘိ၏။ ယထာ၊ ဝန်လေးပုံပမာ၊ နှိုင်းဟ၍ စာလိုက်လျှင်၊ နေရုံ၊မေရုပဗ္ဗတ် ယိုယိုနှိုင်းချင့် မြင့်မိုရ်တောင်ကြီး ကို၊ ဥဒ္ဓရိတော ယထာ၊ ဘဝအဆက်ဆက် ဒုက္ခဖက်ငြိ၊ ထမ်းရွက်၍ သာ နေရကဲ့ သကဲ့သို့ ပေလျှင်တည်း။

## အဓိပ္ပါယ် သံခိပ်

ဒုက္ခကိုကြဉ် ချမ်းသာမင် ငါ့ရှင် အပေါင်းမှာ၊ ပူလောင်ညီးညီး ရာဂမီး ဖျက်ဆီးနှိပ်စက်ထာ။ ကိန်ကိန်ပြောင်ပြောင် လောကတောင်

တောက်လောင် နေတော့တာ၊ ဖြစ်သေရာရာ သံသရာ မှတ်ပါကြကိုင်း သော၊ ငြိမ်းချမ်းသော သက်သာရာ ဘယ်ခါမရပါ၊ ကာမဂုဏ်စိတ် ခင်မင်လုပ် ဝန်ထုပ်ကြီးလှပါ။ ဝန်လေးပုံမှာ နိုင်းတုစာ မဟာမြေကြီးသာ၊ တောင်ကြီးမြင့်မိုရ် ထမ်းရွက်ဆို ထိုထိုသဏ္ဍာဝါ၊ ကာမဂုဏ်တရား ဝန်ထုပ်များ ချထားကြလေပါ၊

တဘာဝ တနပ်စာမျှ ရရှိသော သောကီ-ကုသိုလ်တွေနှင့် အချိန်ကို မကုန်ကြစေဘဲ၊ လောကုတ္တရာတရားတို့ကို ကျင့်ဘို့ရာ ကောင်းကြောင်း ပြသော၊

ဓမ္မပဒ—ပါဠိတော်

(၁၆) ဥဒယဗ္ဗယသင်္ခါရေ၊ နိဗ္ဗိန္ဒိတ္တာန။
ပဏ္ဍိတော၊ သက်ိဋ္ဌံ အနုယုဉ္ဇေယျ
မောဃံ ကာလံ နခေပယေ။

ပဏ္ဍိတော၊ ကျိုးကြောင်း နှစ်ပြာ သိမ္မာမြင်သိ ပညာရှိသူတော်ကောင်းသည်။ ဥဒယဗ္ဗယသင်္ခါရေ ဖြစ်လျှင်ပျက်စဲမပြဲလေတို့၊ တေးဘါမက ရုပ်နာမ် နှစ်ပါး၌။ နိဗ္ဗိန္ဒိတ္တာန၊ နှုတ်းလက်တင်၊ ဆင်ခြင်မှုင်းမေ့၊ ပျင်းပုန်း ငြီးငွေ့ သည်ဖြစ်၍။ သက်ိဋ္ဌံ၊ မဂ်ဖိုလ်ရကြောင်း တရားကောင်း တရားမြတ် ပရမတ္ထ သဋ္ဌာကိုသာလျှင်။ အနုယုဉ္ဇေယျ၊ ခေတ်ဉာဏ် ပေါက်အောင် ခေါက်ခေါက်ခါခါ၊ မကွာမစဲ အမြဲအားထုတ်ကုန်ရာ၏၊ မောဃံ ကာလံ တဘဝ တနပ်စာ လိုရာမပြီး အချည်းနှီးဖြစ်သော ယောကီကုသိုလ် ထိုထိုသင်္ခါရ ပြုကျင့်ရှိနေကြသော အချိန်ကာလနှင့်၊ နခေပယေ၊ ဟို ယောင် သည် ယောင် မိုက်ခေါက်ကျယ် ယောင်လေးဆသ်ဖြင့် တဘယ် မကုန်မခန်း မကျွမ်းကြရာသတည်း။

## အင်ပွါယ် သံဒိဝ်

ယောကတလွှား လူအများ မှုက်သားစေဘို့ရာ။ ဖြစ်လျှင် ပျက်ပြဲ ဝေးဘဲ မရှိတော့သည်သာ၊ နှုးသက်တင် တွေးဆင် ချင် ကင်မြင် တွေ့မည်သာ။ ကျိုးကြောင်းနှစ်ပြာ သိလိမ္မာ မှတ်ပါပဏ္ဍိတာ။ မိမိကိစ္စ

တွေးကြံဆ ဒုက္ခလွတ်အောင်ရှာ။ ယခုဘဝ မဂ်မရ ဒုက္ခဖြစ်မည်သာ၊ တမဂ်တဖိုလ် တောင်းဆုဆို လူဗိုလ်သတ္တဝါ၊မိုက်ခေါင်နက်ကျယ်ယောင် လေးဆယ် သွယ်သွယ်လုပ်ခဲ့တာ၊ တရားမရ လူ့ဗလာ မှားစွာသံသရာ၊ မင်းယောင်စိုးယောင် သူဌေးယောင် လူ့ဘောင်ကြွားအခါ၊နေ့ရက်ရှည် ကြာ အချိန်သာ များစွာဖြုန်းပစ်တာ၊ လောကီကုသိုလ် ပြုနိုင်ဆို ကိုယ် ဟန်မောက်ကြွားတာ၊ တဘဝတနုပ်စာ ချည်းနှီးသာ မှတ်ပါသခါရာ၊ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ် မတတ်အနွံသာ။ အနွံစည်းစိမ် တည် မငြိမ် ဂုဏ်သိမ်မရှိရာ။မင်းဖြစ်ပါကြ လူအနွံ ကျမည်ပါယ်လေးရွာ၊ဒိဋ္ဌိ သက္ကာ ကွာသူမှာ ဘယ်ခါမကျပါ၊လောကီကုသိုလ် များထိုထို ပါယ်ကို မလွှတ်ပါ။ ပညာရှိက နှိုင်းချိန်ဆ မုချဉာဏ်မြင်မှာ။ဒိဋ္ဌိမသေ သတ္တဝါ တွေ့ ကျလေအပါယ်ရွာ။ မင်းနှင့်သူဌေး ဉာဏ်မှာတွေး ရေးရေးမြင် လိမ့်သာ။ ။

မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရစေတတ်သော ရုပ်နာမ် ခန္ဓာ ဓာတ်သစ္စာ တရားတို့ကို အနည်းငယ်ကလေးမျှ မေ့လျော့ခြင်း မရှိရာ၊ မေ့လျော့ခြင်း ပေါင်းများစွာ ထပ်ခါထပ်ခါ ဖြစ်ပေါ်လာတတ်သော အပ္ပမာဒတရားတို့သည် ကိလေသာ မြူမှုန့်အမှိုက်ပုံကြီးနှင့် တူ၏၊ အဆောတလျင် ပယ်အပ်ကြောင်း၊

## သတ္တနိပါတ်

(၁၇) ပမာဒေါရဇော သဗ္ဗဒါ၊ ပမာဒါနုပ
တိတော ရဇော၊ အပ္ပမာဒေန ဝိဇ္ဇာ
ယ၊ အဗ္ဗူဟေ သလ္လမတ္တနော၊

ပမာဒေါ၊ သတိလွှတ်ကင်း အနည်းငယ် မေ့လျော့ခြင်း ပမာဒ တရားသည်။ ရဇော၊ စိတ်အစဉ်ကို မ ရွှင်မမြူး ညစ်ညူးစေတတ် ရှေးဦးကျလပ်သော မြူမှုန့် အမှိုက်ပါပေတည်း။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ်ဖြင့် မလပ်ပါဘဲ။ အနုပတိတော အစဉ်မပြတ် တလစပ်ဖြင့် ထပ်ခါထပ်ခါ ကျရောက် လာ သော။ ပမာဒေါ၊ လွန်မင်းကြီးစွာမေ့လျော့ပ သော ပမာဒတရားသည်၊ အနုပတိတော၊

အစဉ်မပြတ် တလစပ်ဖြင့် ထပ်ခါထပ်ခါ ကျရောက်လာသော။ ရဇော၊ မြူပေါင်းစုဆုံ ပြောမကုန်သည့် အမှိုက်ပုံကြီးတို့ပါပေတည်း။ ။ တသွာ၊ ထိုသို့ ထပ်ခါထပ်ခါ မေ့လျော့ပါသဖြင့် ပမာ မြူမှုံ အမှိုက်ပုံကြီးနှင့် တူရသောကြောင့်။ ပဋိတော၊ ကျိုးကြောင်းနှစ်ဖြာ လိမ္မာဖြင်သိ ပညာရှိသော အမျိုးကောင်း သားသမီးသည်၊ အပ္ပမာဒေန၊ နိဗ္ဗာန်ရကြောင်း၊ တရားကောင်းမှန် ရုပ်နာမ် နှင့်ရုပ် ပရမတ်ကို တတ်အပ်ထင်စွာ မမေ့ပါဘဲ၊ ဝိဇ္ဇာယ၊ ဓာတ်ဉာဏ်ခပင်း၊ ထိုးထွင်းသိတတ် ပရမတ်ဝိဇ္ဇာတတ်ကျွမ်းကာဖြင့်။ အဇ္ဈနော၊ မိမိ၏။ သလ္လံ၊ မဂ်ဉာဏ်မလင်း မြူမှုံဆင်းသော မေ့လျော့ခြင်း ပမာဒကို။ အဗ္ဗူဠှော၊ ရုပ်နာမ်မပြတ် ပရမတ်ဖြင့် ဓာတ်ဉာဏ်ခပင်း အမြင်လင်းအောင် ချက်ခြင်းမကြာ ပယ်နှုတ်၍သာ ပစ်လိုက်ကြရာသတည်း။

## အဓိပ္ပါယ် သံခိပ်

စိတ်အစဉ် ဖျင်းပေါ့ အာရုံဆော့ မေ့လျော့ ပမာဒ။ ရုပ်နာမ်ဓမ္မ သင်္ခါရ တတ်အောင်မသင်ကြ၊ ရုပ်နာမ်မသင် များလူရှင် အစဉ်မြူမှုံကျ။ ထပ်ခါထပ်ခါ မေ့လျော့လာ မှတ်ပါပမာဒ၊ မြူပေါင်းစုဆုံ ပြောမကုန် မှိုက်ပုံကြီးကျယ်စွ၊ ကိလေသာဖြစ် နှ—အနှစ် စင်စစ်မှတ်ကုန်ကြ၊ မီးခဲပြာဖုံး လူအားလုံး ပုံထုံးရှိပေစွ၊ ပြာခပ်ထူထူ ရှိသည့်သူ လေယူ ခက်လေစွ။ မီးခဲဖုံးထား ပြာတပါး တောက်ပြားကေန္တ။ သတိတရား မေ့လျော့များ မှတ်ထားပြားတူလှ၊ ခန္ဓာရုပ်နာမ် သင်ကျက်အံ့ လွင့်မြန်ပြာတွေ့ပ၊ မီးခဲတိတိ ပြာမရှိ ရတိမဂ်သောတ။ သောတာပန်မှ ပယ်မကျ ဒိဋ္ဌိမှတ်ကုန်ကြ၊ ဓာတ်ဉာဏ်ခပင်း အမြင်လင်း အတွင်း ဥဒယ။ ကိလေသာမှု အလုံးစုံ အကုန်ပယ်ကုန်ကြ။ ဝိပဿနာဉာဏ် လွန်ရင့်သန် လေးတန်ပါယ်မကျ။ ပညာရှိအား မေးမြန်းပြား တရား ရမည်ပ။

ပိန်းမများ၊ သစ္စာလေးပါး ပရမတ် ရုပ်နာမ်တရားတို့ကို မသိနိုင်ဟု ပြောဆိုကြသော သူမိုက်များအတွက် မယ်တော်ခေရီ ဂေါတမီကို ပရိနိဗ္ဗာန် ပြုခါနီးကျင် တရားဆုမှ တန်ခိုးပြခဲ့ပါဦးဟု မြတ်စွာဘုရား ဟောတော်မူသော။

ဧထရာ အပါဒါန်

(၁၈) ယိန္နံ ဓမ္မာဘိ သမယော၊ ယောဗာလာ
ဝိမတိံ ဂတာ၊ တေသံ ဒိဋ္ဌိပဟာ
နတ္ထံ၊ ဣဒ္ဓိံ ဒဿေတိ ဂေါတမီ။

ယောဗါလာ၊နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတရားမြတ်တို့ကို တတ်အပ်ထင်ထင် သွန်သင်ဆုံးမ၊ မပြောမပြနိုင်သော ဆရာတို့၏ထံ၌ နည်းခံ၍ နေကြသော အကြင် သူမိုက်တို့သည်၊ ယိန္နံ၊ ရဟန်းရှင် လူ မည်သူမဆို ထိုထိုသော မိန်းမတို့၏။ ဓမ္မာဘိသမယေး ပရမတ်ဥာဏ် ဝေဖန်ပိုင်းခြား လေးပါးသစ္စာ သိကျွမ်းသောအရာ၌။ဝိမတိံ၊ဟုတ်နိုင် စရာ ဖြစ်နိုင်စရာ တတ်နိုင်စရာ၊ ရှိပါမည်လောဟု တွေးတောယုံမှား ခြင်းသို့၊ ဂတာ၊ ရောက်ကြလေကုန်၏။ ဝါ၊ ဈေးငေါ့ မေးငေါ့ ဇာတ ဝန်ငေါ့ ငေါ့ကြလေကုန်၏။ တေသံ၊ မဂ်ဖိုလ်နိဗ္ဗာန် မိန်းမဉာဏ်မို့၊ မတန်ကြမှု၊ ယောက်ျားဆုကို ယခုတောင်းပါ ပြောဆိုကာဖြင့် သာ သနာကိုလျှက် လိုက်၍ ဖျက်သည့်၊ မည်းနက်မိုက်မဲ အမြင်ခဲသောသူ တို့၏၊ ဒိဋ္ဌိပဟာနတ္ထံ၊ ဆရာကောင်းထံ နည်းမခံဘဲ၊ ဂုဏ်ဟန်မောက် ကြွား ငါကားဘယ်သူ နင်မှုဘယ်ညာ မိစ္ဆာဉာဏ်ဝင် များလူရှင်တို့ ထင်ထင်ရှားရှား မြင်သိကြားအောင်၊ ဂေါတမီ၊ မယ်တော်ထေရ်ရီ သာကီနွယ်ဘွား၊ တရားမြင်သိ ဂေါတမီသည်။ ဣဒ္ဓိံ၊ ရုပ်အမျိုးမျိုး၊ တံခိုးဗျာဒိတ်၊ မြင်သူစိမ့်၍ ခေါင်းငြိမ့်ကြရအောင်၊ ဒဿေတိ၊ သေ သေချာချာ တောကာပြောကာ ဖန်ဆင်းကာဖြင့် ကောင်းစွာတန်တန် ပြသလိုက်ပါဦးတော့လော။

## အဓိပ္ပါယ် သံနိဋ္ဌာန်

သစ္စာလေးပါး မိန်းမများ သိခြားမရှိရာ။ ရုပ်နာမ်ဝမ္မ ပရမတ္တ တတ်ကြမရှိရာ။ မဂ်ဖိုလ်နိဗ္ဗာန် ပေါင်းဆုပန် ရ,ရန်မရှိပါ။ ဤသို့ မခြား လူအများ ပြောကြားကြလေတာ၊ ဆရာကောင်းထံ နည်းမခံ ယှဉ်သင့်သော၊ နိဗ္ဗာန်လမ်းစ သူမပြ ဆရာကပညတ်ဟာ။ ပြောတော့

ရမ်းရမ်း သော့သွမ်းသွမ်း ဘဝမ်းဘဒါသာ၊ ဈေးဝေါ်မေးဝေါ် ဇေတ ဝန်ဝေါ် [illegible]တ်ဆော့ကြလေတာ၊ ယောက်ျားဆိုကို ပန်ပါဆို နှုတ်ချို ပြောတော့တာ။ မိန္တာဥဘက်ဝင် မျှားလှုရှင် ထင် ထင် သိ အောင်သာ၊ မယ်တော်ထေရ်ရီ ဂေါတမီ ဟောသည့် သေအချာ၊ တန်ခိုးဗျာဒိတ် မြင်သူစိမ့် ခေါင်းငြိမ့်ကြရတာ၊ ပရိနိဗ္ဗာန် စံယူရန် တောင်းပန်ခွင့်အခါ၊ ဗုဒ္ဓမြတ်စွာ ရှေ့တော်မှာ ဟော တာ လေး သစ္စာ၊ တန်ခိုး ဘိ ဥဘက် အတန်တန် ဝေဘန်ပြလေတာ၊ တယောက်ထဲက တထောင်ပ ပြ၍ ဖန်ဆင်းဘာ၊ ချိုးကြာ့ကိန္နရာ အဖြာဖြာ ရှေ့မှာဖန်ဆင်းတာ။မြင်သူ အများ အံ့သြခြား လက်ဖျားခါရတာ။ ပရိသတ်ကြီး လက်ဖျောက်တီး အံ့ ချီးမကုန်ရာ။ ကဲ့ရဲ့သူများ ဤတရား စဉ်းစားကြလေပါ။

ရုပ်နာမ်ခန္ဓာ မာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ် ပရမတ္ထတရားတို့ကို အနိစ္စ ဒုက္ခ, အနတ္တ, အသုဘ, လက္ခဏာတင်၍ ဝိပဿနာ ရှုခြင်းတရားက လွဲ၍ နိဗ္ဗာန်ရောက်ကြောင်း တရားမရှိဟု ဟောတော်မူသော၊

## (ဓမ္မပဒ ပါဠိတော်)

(၁၉) ကာတမောစ ဘိက္ခဝေ၊ အသင်္ခတဂါမိ
မဂ္ဂေါ၊ ဝိပဿနာ အယံ ဝုစ္စတိ ဘိက္ခဝေ။
အသင်္ခတ ဂါမိ မဂ္ဂေါ။

ဘိက္ခဝေ၊ သံသရာထောင် သုံးအိမ်နှောင်မှ လွတ်အောင်ကြံဖြား အိ-ချစ်သား ချစ်သမီးတို့။ အသင်္ခတ ဂါမိ မဂ္ဂေါ၊ နိဗ္ဗာန်လမ်းသို့ ဖြောင့် တန်းသေချာ ကောင်းစွာရောက်သော ခရီးလမ်းသည်။ ကာတမောစ၊ အဘယ်စကား၊ အဘယ်တရား လမ်းခရီးတို့ပေနည်း။ ဝိပဿနာ၊ ရုပ် နာမ်ဓမ္မ ပရမတ္ထဖြင့် သင်္ခါရတရားအစုတို့၌။ အနတ္တ, အနိစ္စ, အသုဘ ဒုက္ခလက္ခဏာဖြင့် ကောင်းစွာ ရှုကြည့်မှု ဟူသော ဝိပဿနာ ပညာပါ ပေတည်း။ ဘိက္ခဝေ၊ သံသရာထောင် သုံးအိမ်နှောင်မှ လွတ်အောင် ကြံဖြား အိ-ချစ်သား ချစ်သမီးတို့။ အယံ ပရမတ်ကို တတ်အပ် ထင်ကာင်

လက္ခဏာတင်၍ ဆင်ခြင်ရသော ဤဝိပဿနာပညာကို။ အသခ်တဂါမိမဂ္ဂေါ၊ နိဗ္ဗာန်လမ်းသို့ ပြောင့်တန်းသေချာ ကောင်းစွာ ရောက်ရသော ခရီးလမ်းဟူ၍၊ အဂ၊ သင်တို့ဆရာ ဂုရားငါသည်။ ဝုစ္စတိ၊ ယခုဘဝ ချက်ချင်းနိဗ္ဗာန်ရအောင် ကျကျနန သေသေချာချာ ဟောဆို၍ သာ မိန့်တော်မူခဲ့ပေသတည်း။

## အဓိပ္ပါယ် သံခိပ်

မင်္ဂဖိုလ်နိဗ္ဗာန် ရဘိုရန် အမှန်ဝိပဿနာ၊ ယခုဘဝ မင်္ဂဖိုလ်ရ၊ မုချ မှတ်လိုက်ပါ။ သင်္ခါရတရား ဘုံသုံးပါး လည်ပြုံးကြနေသော။ ဝိပဿနာ ဉာဏ်ဆိုတာ ဂုဏ္ဍတောင်ထြက်ထာ။ ဝိပဿနာမဟုတ် တရားစုတ် ဒုက္ခရောက်မည်သာ၊ ဝိပဿနာ ဉာဏ်ဆိုတာ သေချာပြမည်သာ၊ ရုပ်နာမ်ဓမ္မ ပရမတ္ထ တတ်က ကလျာဏာ။အနိစ္စဒုက္ခ အနတ္တ ရှုရလက္ခဏာ။ ငါးခန္ဓာတွင် လက္ခဏာတင် ဆင်ခြင်တွေးတောကာ။ ရုပ်နာမ်သာရှိ ပရမတ်သိ ဝိဋ္ဌိပြတ်အင်းကွာ။ ဝိဋ္ဌိကွာသူ မျှားရှင်လူ မှတ်ယူ သောတာ သာ။ သောတာပန်မှာ ပါယ်လေးရွာ ဘယ်ခါမရောက်ပါ။ ငါးပြာ ကာမဂုဏ် အလုံးစုံ အကုန်ခံစားတာ။အိမ်ရာတည်တောင် လူတို့ဘောင် အခေါင်အဖျားသာ၊ ဘဝ တမျိုး စည်းစိမ်တိုး ဝေပြိုးပဒေသာ။ ယုတ်ညံ့လူစွာ အမျိုးမှာ ဘယ်ခါမဖြစ်ရာ၊ လူ ပြည်နတ်ရွာ စုံဆန်ကာ သာယာချမ်းသာစွာ၊ မင်္ဂဖိုလ်တရား ကျင့်လို့သြား ရှုစားဤကျမ်းစာ။

တောင်သူ့ယောက်ျား– လယ်သမားတို့သည် ရေကို အလိုရှိရာသို့ ရောက်အောင် ယူနိုင်ကြခြင်း၊ လေးသမားတို့သည် မြှားကို ပကွေး မယောင့်ပဲ ဖြောင့်အောင် ပြုနိုင်ကြခြင်း။ တစ်းသမားတို့သည် သစ် လုံးကို ဖြောင့်အောင် ပြုနိုင်ကြခြင်း။ ပညာရှိ လူလိမ္မာတို့သည် မိမိ၏ စိတ်ကို မကောင်းရာ မသွားရအောင် ဝိပဿနာပညာဖြင့်၊ တားဖြစ် နိုင်ကြခြင်းကို ပြသော။

(ပဏ္ဍိတဝဂ္ဂ ပါဠိ-အဋ္ဌကထာ)

(၂၀) ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊ ဥသုကာရာ
နမယန္တိ တေဇနံ၊ ဒါရုံ နမယန္တိ တစ္ဆကာ။
အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။

နေတ္တိကာ၊ စီးပွားရအောင်၊ သူ့လုပ်ဆောင်သည်။ ကောင်းသူ ယောက်ျား လယ်သမားတို့သည်။ ဥဒကံ၊ ရေကို။ နယန္တိ၊ အလိုရှိရာ ရောက်အောင်သာဟု ကောင်းစွာ ဆောင်ယူ နိုင်ကြလေကုန်၏။ ဥသုကာရာ၊ လေးသမားတို့သည်။ တေဇနံ၊ မြားကို။ ဒမယန္တိ၊ မကော့ မယောင့်၊ ဖြောင့်ဖြောင့် ပြုပြင်နိုင်ကြလေကုန်၏။ တစ္ဆကာ၊ တစ်းသမားတို့သည်။ ဒါရုံ၊ သစ်လုံးကို။ ဒမယန္တိ၊ မကော့မယောင့် ဖြောင့်အောင်ပြုပြင်နိုင်ကြလေကုန်၏။ ပဏ္ဍိတာ၊ ကျိုးကြောင်းနှစ်ဖြာ လိမ္မာမြင်သိ ပညာရှိသူ လူ့ရှင့်ရဟန်းတို့သည်။ အတ္တာနံ၊ မိမိ၏ စိတ်ကို။ ဒမယန္တိ၊ မကောင်းအာရုံ၊ အလုံးစုံဖြင့်၊ အကုန်လိုက်စား၊ အမှုများကို မသွားအောင်သာ၊ ရုပ်နာမ်နှင့်သာ တားမြစ်နိုင်ကြလေသတည်း။

## အဓိပ္ပါယ် သံခိပ်

ကောင်းသူ-ယောက်ျား လယ်သမား ယူမြောင်းရေကိုသာ။ အလိုရှိရာ ရောက်အောင်သာ ကောင်းစွာ ဆောင်နိုင်တာ။ လေးသမားများ ဖြောင့်ဖြောင့်ထား မြားကို ပြုပြင်တာ။ တစ်းသမား သစ်လုံးအား ဖြောင့်သားပြုနိုင်တာ။ ပညာရှိသူ များရှင်လူ မှတ်ယူဥပမာ။ မိမိစိတ်ကို ဆုံးမ,လို့ ဝါယ်ကိုရှုလေပါ။ မကောင်းအာရုံ အလုံးစုံ အကုန်မလိုက်ရား၊ ရုပ်နာမ် ပရမတ် ကျွမ်းကြေလပ် မှတ်တော့ ပဏ္ဍိတာ။ အဆင်း,အသံ,မြင်ကြားမြန် ရုပ်နာမ်ရှုလေပါ။ အာရုံခြောက်ပါး ပိတ်မိုက်သွား သူသွားတတ်လေတာ။ ရုပ်နာမ်ပရမတ္ထ မတတ်က ဆုံးမ,ခက်သည်သာ။ အန္ဓပါလ ဖြစ်နေသမျှ ပိုက်စွဲစိတ်တွေသာ၊ အမျိုးကောင်းသား ရှိလူများ စဥ်းစားကြလေပါ။

ဝိပဿနာ-ယောဂီပုဂ္ဂိုလ်တို့၏ စိတ်အစဥ်မှာ ပရမတ္ထခန္ဓာငါးပါးမှ လွဲ၍၊ ပုဂ္ဂိုလ်,သတ္တဝါ,ငါသူတပါး ယောက်ျား,မိန်းမ,မရှိဟု ထင်မြင်နေခြင်း၊ ငါ့ကိုယ်,ငါ့ခန္ဓာ၊ မိမိပိုင်ခန္ဓာ၊ သူတပါးပိုင်ခန္ဓာ၊ တယ်သူ ဘယ်ဝါပိုင်သော-ခန္ဓာမရှိဟု၊ ဉာဏ်အစဥ်မှာ ထင်မြင်နေကြောင်းကို ပြသော....၊

## သတိပဋ္ဌာနသုတ် အဋ္ဌကထာ

(၂၁) ကာယောဝ အတ္တိန သတ္တော၊
နပုဂ္ဂလော၊ နဣတ္ထိ၊ နပူရိသော။
နအတ္တာ၊ နအာဟံ၊ နအတ္တနိယံ၊
နမမ၊ နကောစိ၊ နကဿစိတိ။
ဧဝ မယာ သတိ ပဋ္ဌ ပဋ္ဌိတာ
ဟောတိ၊ ။

ကာယောဝ၊ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးခု၊ အပေါင်းစုတို့၏၊ ကိုယ်သည်သာလျှင်၊ အတ္တိ၊ ပရမတ်ဥာဏ်၊ အမြင်သန့်က၊ ကေန်စင်စစ်ရှိပေ၏၊ နသတ္တော၊ မြေ့ရေ့လေ့မီး၊ ဓါတ်ကြီးလေးခု၊ သုခ့ဒုက္ခ၊ ငါငါစ၍၊ သတ္တနှန်နှစ်၊ ခွဲယူဖြစ်လာ၊ သတ္တဝါဆိုတာဖြင့်၊ မရှိကြလေပြီ။ နပုဂ္ဂလော၊ သူသူငါငါ၊ ပြောကာခေါ်ဆိုကြသည့်။ ပုဂ္ဂိုလ်ဆိုတာဖြင့် မရှိကြလေပြီ။နဣတ္ထိ၊ နာမ်ရုပ်နှစ်ဖြာ၊ ခန္ဓာငါးပါးမှ လွဲတိမ်း၍၊ မိန်းမဆိုတာဖြင့် မရှိကြလေပြီ။ နပူရိသော၊ နာမ်ရုပ်နှစ်ဖြာ ခန္ဓာပါးပါးမှ လွတ်ထား၍၊ ယောကျ်ားဆိုတာတွေဖြင့် မရှိကြလေပြီ၊ နအတ္တာ၊ ငါထင်စရာအချက်၊ အသက်လိပ်ပြာ ဝိညာဉ်ဆိုတာဖြင့် မရှိကြလေပြီ၊ နအာဟံ၊ မဟုတ်မတရား၊ ငါတကားဟု။ ထောင်လွှားမာန ငါငါဆိုသမျှတွေဖြင့် မရှိကြလေပြီ၊ နအတ္တနိယံ၊ ငါ့ခန္ဓာမှာ၊ ငါငါဆိုတာ တကယ်မရှိသဖြင့်၊ ငါ၏ဥစ္စာလည်း မဟုတ်ကြလေပြီ၊ နမမ၊ ငါ့ခန္ဓာမှာ မိမိဆိုတာ တကယ်မရှိသဖြင့်၊ မိမိဥစ္စာလည်း မဟုတ်ကြလေပြီ။ နကောစိ၊ ငါ့ခန္ဓာဝယ်၊ ဘယ်သူ ဘယ်ဝါဆိုတာမှ မရှိသဖြင့်။ နကဿစိ၊ ဘယ်သူတစုံတယောက်၏၊ ဥစ္စာလည်းမဟုတ်ကြလေပြီ။ ဣတိဧဝံ၊ ဤကဲ့သို့၊ အသား၊ ရုပ်နာမ်ခန္ဓာ ကျွမ်းကြေရှာသော၊ ထိုဝိပဿနာ ယောဂီပုဂ္ဂိုလ်၏၊ သတိ၊ အောင့်မမေ့ဆင်ခြင်နိုင်သော သတိတရားသည်၊ ပစ္စုပဋ္ဌိတာ ဥာဏ်မှာကပ်၍။ အပြတ်အလျှင်၊ အစဉ်တည်နေခြင်းသည်၊ ဟောတိ၊ နှုတ်ချအနုဂ်အမှန်မပျက်၊ အသက်ထက်ဆုံးဖြစ်လေ၏။

## အဓိပ္ပါယ်-သံခိပ်

ခန္ဓာရုပ်နာမ် ပရမတ်ဉာဏ် ဝေဘန်ပိုင်းခြားကြည့်။ ခန္ဓာငါးပါး ရုပ်နာမ်များ ထင်ရှားစကန်ရှိ။ ပုဂ္ဂိုလ်,သတ္တဝါ ငါဆိုတာ ဘယ်ခါ ဘိတ်မရှိ။ မိန်းမ,ယောကျ်ား ခေါ်ဆိုထား နှုတ်ဖျားမှာသာရှိ။ အသက်လိပ်ပြာ များသူငါ ရှာလျှင်ဆိတ်မရှိ၊ ဘယ်သူဘယ်ဝါ စမ်းသပ်ရှာ ဘာညာဘိတ်မရှိ။ ရုပ်နှင့်နာမ်နှော ဉာဏ်ဦးရော သဘောထင်ရှားရှိ။ ပရမတ်ဉာဏ် အမြင်သန် အမှန်ရုပ်နာမ်ရှိ။ ရုပ်နာမ်ပိုင်သူ များရှင်လူ ဘယ်သူဘိတ်မရှိ။ မိမိမရှိ ငါမရှိ စိစိစဉ်းစားကြည့်။ မိမိမပိုင် ငါမပိုင် ဓါတ်ဆိုင်ဓါတ်သားရှိ။ ဘယ်သူဘယ်ဝါ သူ့ဥစ္စာ ဘယ်ခါဘိတ်မရှိ။ ယောဂီသူမြတ် ဉာဏ်မြင်လတ် မှတ်တော့ဤတိုင်းသိ။ စိတ်အစဉ်မှာ ဉာဏ်မြင်တာ ဘယ်မါမပျောက်ဘိ။ သောတာပန်သူ များရှင်လူ မှတ်ယူ ဤတိုင်းသိ။ ရုပ်နာမ်,ပရမတ္ထ သင်္ခါရ အန္ဓသူမသိ၊ မသိအန္ဓ ကျင့်ကြံက မှားစွမ်းဘွာရှိ။ သောတ ကလျာဏ ဖြစ်သူမှ မှချကျင့်လမ်းသိ၊ လမ်းသိပြီးမှ ကျင့်ကြံက ခအာမဂ်ဆိုက်ဘိ။ ရမ်း၍ကျင့်က လမ်းမှန်ကျ မြတ်စွာမဟောဘိ။ ပညာရှိများ ဤတရား စဉ်းစားကြလေဘိ။ ။

သက္ကာယဒိဋ္ဌိ အယူမှား၊ သာယာခင်တွယ်သော တဏှာ၊ ဤ တရား နှစ်ပါးတို့ ကင်းလွတ်စေလိုသော ပညာရှိတို့သည် ဆရာကောင်းထံ နည်းကိုခံ၍ ရုပ်,နာမ်, ဓမ္မ, သင်္ခါရ, ပရမတ္ထ တရားတို့၌ အနိစ္စ, ဒုက္ခ, အသုဘ, အနတ္တ လက္ခဏာတင်၍ ဆင်ခြင်ရှုထိုက်ကြောင်း ပြသော၊

(ပဋိသမ္ဘိဒါမဂ်-ဋီကာ)

(၂၂) သလက္ခဏဉ္စ၊ သာမည လက္ခဏဉ္စ
ဝိညူနာ။ ဂဝေသိတဗ္ဗံ။ အတ္တတ္တ နိယ
ဂါဟာဒိမောစိတုံ၊ ။

ဝိညူနာ၊ သံသရာဘေးဘယကို တွေးဆမြင်သိသော၊ ပညာရှိပုဂ္ဂိုလ်သည်၊ အတ္တတ္တနိယဂါဟာဒိ မောစိတုံ၊ အသက်လိပ်ပြာ ပုဂ္ဂိုလ်, သတ္တဝါ ငါငါဟု မှတ်စွဲတင်ကပ်သော၊ ဒိဋ္ဌိအယူ ငါ့ကိုယ်, ငါ့ဟာ,

ငါ့ဥစ္စာဟု သာယာစွဲလမ်း ကပ်ငြိပါသော၊ တဏှာအယူ စသည်တို့မှ ကင်းလွတ်စေခြင်းငှါ၊ သလက္ခဏာမှ၊ ခန္ဓာငါးတန် ရုပ်နာမ်ဓမ္မ သင်္ခါရ တရား၏၊ အသီးသီးသော၊ မိမိတို့လက္ခဏာကိုရှင်း။ သာမညလက္ခဏာ၊ ခန္ဓာငါးတန်၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏။ အနတ္တ,အနိစ္စ, အသုဘ ဒုက္ခ လက္ခဏာကိုရှင်း။ ဂဝေသီတဲ့၊ ကလျာဏအင်္ဂါ၊ လုံလောက်စွာ သည့်၊ ဆရာတို့ထံ၊ နည်းကိုခံ၍၊ ဖန်ဖန်ထပ်ထပ် အဆောလျှင်စွာ၊ လိုက်လံ၍သာ ရှာကြံအပ်လှသတည်း။

## အဓိပ္ပါယ်–သံခိပ်

သံသရာဘေး မြှော်ဆဲတွေး မြေး၍မလွတ်ပါ။ ဒိဋ္ဌိတဏှာ ငါနှင့်ငါ သံသရာ ကျင်လည်တာ။ တဏှာဒိဋ္ဌိ ပြတ်လိုတိ ပဏ္ဏိလိုက်လံရှာ။ ရုပ်နာမ်ဓမ္မ ကျွမ်းကြွေက မှတ်ကြပဏ္ဏိတာ။ ပညာရှိထံ ပရမတ်ဥာဏ် သင်အံ့ လေ့ကျက်ပါ၊ ရုပ်နာမ် ပရမတ္ထ တတ်ကျွမ်းက ရှုပ လက္ခဏာ။ အနိစ္စ, ဒုက္ခ, အနတ္တ မှတ်ကြ အသုဘာ၊ ခန္ဓာငါးတွင် လက္ခဏာတင် ကျင့်စဉ်ဤ ဟိုင်းသာ။ ခန္ဓာငါးတန် ပရမတ်ဥာဏ် မြင်ပြန်ဒိဋ္ဌိကွာ။ ဒိဋ္ဌိသက္ကာ ကွာသူမှာ မှတ်ပါ သောတာသာ။ ဖြစ်ပျက်နှစ်ဝ မြင်လာက အနိစ္စသကဒါ။ ပညတ်ရုပ်မှာ အသုဘာ ရှုပါဇောဂုစ္ဆာ။ စက်ဆုတ်ရွံရှာ ထင်မြင်လာ မှတ်ပါ အနာဂါ။ ခန္ဓာငါးခု ဒုက္ခရှု ထင်မှု ရဟန္တာ။ သမောဝိသုဒ် ကျွမ်းကိုထုတ် အဟုတ်ကြည့်လေပါ၊ ကျွမ်းကိုမချင့် ရမ်း၍ကျင့် အခွင့်မရောက်ပါ။ နိဗ္ဗာန်လမ်းစဉ် ကျင့်လမ်းရှင် ထင်မြင်တတ်မှသာ။ ကျင့်ရန်မခက် သိတိုခက် မပျက်မှတ်လိုက်ပါ။ ရှင်လူအများ ဤတရား စဉ်းစားကြလေပါ။

အနိစ္စ, ဒုက္ခ, လက္ခဏာ နှစ်ပါးတို့သည် ဗုဒ္ဓပွင့်သော သာသနာတွင်း၌ ဖြစ်စေ၊ မပွင့်သော သာသနာပ၌ ဖြစ်စေ၊ အနတ္တ လက္ခဏာ မူကား၊ ဗုဒ္ဓပွင့်သော သာသနာတွင်း၌သာ ရှိသော အကြောင်းကို ပြခြင်း....။

(၂၇) အနိစ္စ, ဒုက္ခ, လက္ခဏာနံ ဥပ္ပါဒါ ဝါ၊
တထာ ဂတာနံ၊ အနုပ္ပါဒါ ဝါ ပညာ
ယန္တိ၊ အနတ္တလက္ခဏံ၊ ဝိနာ ဗုဒ္ဓုပ္ပါဒါ
နေဝ ပညာယတိ။

အနိစ္စ, ဒုက္ခ, လက္ခဏာနှိ၊ မမြဲခြင်း–အနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ လက္ခဏာတို့သည်။ ကဿပဂေါတမ်း မြတ်စွာဘုရားသခင်တို့၏၊ ဥပ္ပါဒါဝါ၊ ဖြစ် ပွင့် ပေါ်လာကြကုန်သော်ငြား၊ အနုပ္ပါဒါဝါ၊ မဖြစ်မပွင့် မပေါ်လာကြကုန်သော်ငြား။ ပညာပန္တိ၊ လောကတလွှား သတ္တဝါများနှိ၊ ထင်ထင်ရှားရှား ရှိကြလေကုန်၏၊ အနတ္တလက္ခဏာ၊ နိုင်မြဲလှစွာ ငါငါ ထင်ချက် အသက်ဝိညာဉ် ပုဂ္ဂိုလ်ဟု ထင်လာသည့် မှန်စွာဒိဋ္ဌိ၊ ဟောဆိုပြရသော အနတ္တလက္ခဏာသည်။ ဗုဒ္ဓုပ္ပါဒ်၊ မြတ်စွာဘုရား ထင်ရှားပွင့်ရာ သာသနာရှိသော ကာလကို၊ ဝိနာ၊ ကြဉ်၍၊ နေဝပညာယတိ၊ မြေလျှိုးမိုးပျံ ဈာန်အဘိညာဏ်သမား၊ ရသေ့များတောင် ထင်ရှားတည့် တည့် သိနိုင်စရာ မြင်နိုင်စရာ ရှိပါတော့တုံ့နည်း။

## အဓိပ္ပါယ်–သံနိဒ်

အနိစ္စ, ဒုက္ခ,လက္ခဏာ မုချရှိသည်သာ။ ဘုရားပွင့်ပွင့် မပွင့်ပွင့် ရှိသင့်ရှိထိုက်စွာ။ လောကတလွှား သတ္တဝါအား အများသိသည် သာ။ သာသနာပ ခေတ်ကာလ အနတ္တာရှိပါ။ ဘုရားပွင့်မှ အနတ္တ ဟောပြ သွန်သင်တာ။ သာသနံ့, သာသနာ ခေါ်ကြတာ မှတ်ပါအနတ္တာ။ ရုပ်နာမ် ပရမတ် ထင်တိုလပ် မှတ်တော့ အနတ္တာ။ သာသနာတွင်းမှ ပရမတ္ထတတ်ကြများသူငါ၊ ပရမတ် ကွယ်ပျောက် ပညတ်ရောက် မှောက်ပေါ့ သာသနာ၊ ရုပ်နာမ်ပရမတ္ထ ကျွမ်းကြေမှ အတ္တ,ငါပျောက်မှာ။ ပရမတ္ထတရား ပေါ်လာပြား ဘုရားပွင့်မှသာ။ ဘုရားသုံးလူ မပွင့်မှ ဘယ်သူမရှိ ရှားတကျာဒိဋ္ဌိ မကွဲဘဲ ရှိသမျှရှင်လူမှာ။ ထင်မြင်မှားသမျှ ဒိဋ္ဌိပ မှတ်ကြသောအချာ။ ခင်တွယ်သာယာ ကပ်ငြိတာ မှတ်ပါတဏှာငါ။ အမှားအယူ ပယ်နိုင်မှ ဖြစ်ဝင်ဒိဋ္ဌိကွာ။ ဒိဋ္ဌိကွာသူ များရှင်လူ မှတ်ယူသောတာသာ။ ငါ့လင်,ငါ့သား,ငါ့မယား ပယ်ရှားမရှိပါ။ ငါ့စိန်,ငါ့ရွှေ,ငါ့လယ် တွေ ပယ်လေမရှိပါ။ဒိဋ္ဌိကွာမှ အိပ်ထောင်ကျ မှတ်ပ ဝိသာခါ၊ သူ့ဇနီးနှင့် သား မြေးတွေများ စဉ်းစားကြည့်လေပါ။ပညတ်ကွယ်ပျောက် ပရမတ်ရောက် ခတ်ပေါက်ရုံမျှသာ။

ပညာရှိ သူတော်ကောင်းတို့၏ တရား စကား ကို မကြာမကြာ ကြားနာ မှတ်သားရခြင်းသည်၊ အကြား အမြင် များသော သုတမယ

ဉာဏ် ဖြစ်ခြင်း၊ သုတမယဉာဏ်ရှိမှ ဟုတ်မဟုတ် စဉ်းစား ကြံစည် တတ်သော စိန္တာမယဉာဏ်ဖြစ်ခြင်း၊ စိန္တာမယဉာဏ်ရှိမှ အဟုတ် အမှန်ကို သိနိုင်သော ယထာဘူတဉာဏ် ဖြစ်နိုင်ခြင်းကို မဟာ ဗုဒ္ဓထေရ် အား ဟောသော....

## ထေရဂါထာ

(၂၄) သုဿူသာ သုတဝဍ္ဎနီ၊ သုတံပညာယ
ဝဍ္ဎနံ၊ ပညာယ အတ္ထံ ဇာနာတိ၊ ဉာတော
အတ္ထော သုခါဝဟော။

သုဿူသာ၊ သူတော်ကောင်းတရား မှတ်သားနာခံ၊ သင်အံလေ့ကျက်ရခြင်းသည်။ သုတဝဍ္ဎနီ၊ အကြားအမြင် များမြင့်ပေါ်ရယ်၊ သွယ်သွယ်ဉာဏ်မျိုးတို့ကို ပွါးတိုးစေတတ်လေတော့၏။ သုတံ၊ အကြားအမြင် အလွန်ပင်များသည့် သုတမယဉာဏ်မျိုးသည်၊ ပညာယ၊ တွေးတော ဆင်ခြင် အစဉ်စဉ်းစားတတ်သော၊ စိန္တာမယဉာဏ် ပညာမျိုးကို။ ဝဍ္ဎနံ၊ ပညာပြည့်ဖြိုး ရေနှင့်အိုးသို့ တိုးပွါးစေတတ်လေတော့၏။ ပညာယ၊ တွေးတောကြံစည် အလီလီ စဉ်းစားတတ်သော၊ စိန္တာမယဉာဏ်မျိုးသည်။ အတ္ထံ၊ ယထာဘူတံ၊ ဟုတ်တိုင်းမှန်သည့် အနက်ဉာဏ် သဘောကို။ ဇာနာတိ၊ မဆုတ်မဆိုင်း ဟုတ်မှန်တိုင်းကို ဉာဏ်နှိုင်းချိန်ချ သိတတ်လှပေ၏။ ဉာတော၊ ထိုးထွင်း၍ပ ဟုတ်မှန်ကြသည့် ယထာဘူတ သိအပ်လှသော၊ အတ္ထော၊ အနက်အဓိပ္ပါယ် အသွယ်သွယ်ဖြင့်၊ တကယ် ဟုတ်သော သဘောသည်၊ သုခါဝဟော၊ တောင့်တရည်မှတ် လူနတ်နိဗ္ဗာန် သုံးတန်ခရီး ချမ်းသာကြီးကို အပြီးတိုင်သာ ရွက်ဆောင်ခြင်းငှါ တတ်နိုင်လေတော့သတည်း။

## အဓိပ္ပါယ်သံခိပ်

သူတော်တရား မှတ်သားနာခံ သင်ကျက်အံ များပြန်ကြားအမြင်၊ အမြင်အကြား အလွန်များမှ ပွါးကိုးဉာဏ်မှာ တွေးတောတာ စိန္တာ ပညာပင်၊ စိန္တာပယ၊ ကြံနိုင်မှ ကျနဉာဏ်မှာထင်၊ ယထာဘူတံ အမြင်

မှန် နိဗ္ဗာန်လမ်းအစဉ်။ ကြံ့ကိုင်းမှန်မှ ရည်ရွယ်သမျှ သုခချမ်းသာအင်၊ လူနတ် နိဗ္ဗာန် သုံးတန်ချမ်းသာ လိုသူမှာ များစွာကြွားအမြင်။ ရုပ်နာမ်ခန္ဓာ သစ္စာလေးရပ် ပရမတ် တတ်အောင်ကြိုးစားသင်။ လောကုတ္တရာ လိမ္မာများစွ ကျွမ်းကြေကြွက လောက–အလကားမြင်။ လောကကိုမူ သိမြင်သူ မှတ်ယူအနှပင်။ အန္ဓဗာလ ဖြစ်သမျှ မုချ လမ်းမမြင်။ ရှင်လူသတော ဥာဏ်မှာနှော တွေးတောရှုဆင်ခြင်။

## သက္ကာယဒိဋ္ဌိကို, မခွါတတ်လျှင်၊ ဝိပဿနာရှုရင်း ဒိဋ္ဌိပြန်၍ ကပ်နေပုံပြသော

(ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ)

(၂၅) အဟံ ဝိပဿာမိ မမ၊ ဝိပဿနာတိ
ဂဏှာတော။ ဒိဋ္ဌိသမုဂ္ဃာတနံ နာမ
နဟောတိ။

ဟိ၊ ဒိဋ္ဌိကို မခွါတတ်လျှင် ပြန်၍ ကပ်တတ်သည် ဆိုသော စကားသည် မှန်ပါ၏။ အဟံ၊ ငါသည်။ ဝိပဿာမိ၊ ဝိပဿနာရှု၏။ မမ၊ ငါ၏။ ဝိပဿနာ၊ ဝိပဿနာတည်း။ ဣတိ၊ ဤသို့ ငါဝိပဿနာရှုသည်။ ရှုသော ငါသည်ပင်လျှင်ပင် ငါဟူ၍။ ဂဏှတော၊ မှတ်ထင်စွဲလမ်း၍ နေသော သူအား။ ဒိဋ္ဌိသမုဂ္ဃာတနံနာမ၊ ဒိဋ္ဌိကို ပယ်ရာ ခွါရာ နှုတ်ရာ ဖြုတ်ရာ ရောက်ခြင်းမည်သည်။ နဟောတိ၊ မုချကေန်၊ အမှန်စင်စစ် မဖြစ်လေတော့ပြီ။

—○—

## သက္ကာယဒိဋ္ဌိကို ပယ်ခွါတတ်သူများ၊ ခွါ၍ရှုပုံပြသော ရှင်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ

(၂၆) သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ။
ဝဝတ္ထာ ပေန္တိ၊ ပရိဂ္ဂဏှန္တိ။
ပရိစ္ဆိန္ဒန္တိတိ၊ ဂဏှတော ပန။
ဒိဋ္ဌိသမုဂ္ဃာတနံနာမ ဟောတိ။

ပန်၊ တကယ်ဒိဋ္ဌိကို တကယ်ခွါ၍ တကယ်ကွာသော နည်းဟူသည်ကား။ သင်္ခါရာဝ၊ ခန္ဓာငါးတန် ရုပ်နာမ်နှစ်ဖြာ၊ သင်္ခါရတရားတို့သည် သာလျှင်၊ သင်္ခါရေ၊ ခန္ဓာငါးတန် ရုပ်နာမ်နှစ်ဖြာ၊ သင်္ခါရတရားတို့ကို။ ဝိပဿန္တိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါငါဆိုကာ မရှိကြောင်းကို၊ ကောင်းစွာသိရအောင် ဝိပဿနာ ရှုကြလေကုန်၏။ ပဝတ္တာပေန္တိ၊ ငါငါဆိုတာ ရုပ်မှာ နာမ်မှာ အပိုလာ၍ ခြားမညှပ်ရအောင်။ ရုပ်နာမ်ပရမတ် ဓါတ်တို့ကိုသာ တတ်တတ်အပ်အပ် မှတ်သားကြကုန်၏။ ပရိဂ္ဂဏှန္တိ၊ ငါငါဆိုတာ အပိုလာ၍ ဝင်မရှုပ်ရအောင် ရုပ်နာမ်နှစ်ပါးကို၊ သိမ်းဆည်းကြကုန်၏။ ပရိစ္ဆိန္ဒန္တိ၊ ငါငါဆိုကာ အဝိုလာ၍ ပူးဝင်မကပ်ရအောင်၊ ပိုင်းဖြတ်၍ပစ်ကြကုန်၏။ ဂုတိ၊ ဤသို့၊ အသက် လိပ်ပြာ သတ္တဝါဟု၊ ငါငါထင်မှတ် သက္ကာယဒိဋ္ဌိကို ပယ်ဖြတ်ပြီး၍၊ ဂဏှတော၊ ပိုင်ပိုင်နိုင်နိုင် ဓါတ်ဆိုင်-ဓါတ်ခဲ သဘောခဲကို၊ အမြဲမှတ်ယူ၍ ထားနိုင်သူအား။ ဒိဋ္ဌိ ဥဂ္ဃာဋိတနာမ တကယ်ဒိဋ္ဌိကို ပါယ်ရာ, ခွါရာ, ဖြတ်ရာ, တောက်ရာ ရောက်တော့သည်။ ဟောဘိ၊ ဖြစ်၏။

ဒါန, သီလ, ဘာဝနာ, ပစာယန - စသော၊ လောကီကုသိုလ် ပုညကြိယာ ဆယ်ပါးတရားတို့၏၊ အရှိန်သည်။ လူ့ပြည်, နတ်ပြည်, နေဝသညာ နာသညာဘုံ၊ ဘဝဂ်အထက်ဆုံးသို့ ရောက်အောင် ပို့နိုင်သော်လည်း။ ငါငါဆိုသော သက္ကာယဒိဋ္ဌိကြိုးက ဆွဲချလိုက်ခြင်းကြောင့် အပါယ်လေးပါးသို့ ပြန်၍ ကျရောက်ပုံကို ပြသော။

(အင်္ဂုတ္တရ-ပါဠိတော်)

(၂၇) ဥက္ကိတ္တာပုညတေဇေန၊ ကာမ
ရူပ ဂတိံ ဂတာ၊ ဘဝဂ္ဂန္တမ္ပိ။
သမ္ပတ္တာ၊ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။ ။

ပုညတေဇေန၊ ဒါန,သီလာ ဆယ်ဖြာပုည၊ ကုသလရှိန်ဆော်၊ အာနုဘော်သည်။ ဥက္ကိတ္တာ၊ လွှတ်ကော်မြှောက်တင် အပ်ကုန်သည်ဖြစ်၍။ ကာမ ရူပ ဂတိံ၊ လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်သို့၊ တခါတခေါက်ကံကောင်းထောက်၍၊ လာရောက်ကြကုန်သော သူတို့သည်၊ ဘဝဂ္ဂန္တံ၊

နေဝသညာ၊ နာသညာဖြင့်၊ ဘုံတကာ အထက်ဆုံးသို့၊ သမ္ပတ္တာပီ၊ သမာဓိမြောက် ဈာန်တုန်ပေါက်၍၊ ရောက်ကြကုန်သော ပုထုဇ္ဇန်-ဗြဟ္မာကြီးတို့သည်လည်း။ ပုန၊ အဝီစိလောက် ဒိုးယိုပေါက်၍ အောက်သို့ တန့်ခေါက်တဖန်။ ဒုဂ္ဂတိ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်, အပါယ်လေးဘုံသို့၊ အာဂန္တွာ၊ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ငါငါဆိုတာက၊ ဆွဲယိုက်က အမြဲကြီးမကွာ တခါလဲသာ ကျရောက်ပြန်ရသတည်း။

သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်နိုင်သော သစ္စာလေးပါးတရားကို၊ ရုပ်,နာမ်, ခန္ဓာတို့၌ အကြားအမြင်များသော အနုဗောဓ-ဉာဏ်နှင့် မမြင်မသိခြင်းကြောင့်ရင်း၊ ပညတ်ကွယ်ပျောက် ပရမတ်ရောက်၍၊ ပေါက်ပေါက်မြင်လျက် မဂ်စိတ်တည်းဟူသော၊ ပဋိဝေဓဉာဏ်နှင့် ထိုးထွင်း၍ မမြင်ကြခြင်းကြောင့်ရင်း။ သင့်, ချစ်သားချစ်သမီးတို့နှင့် ငါဘုရားသည်ပင်လျှင်၊ အရှည်ရှည်ကြာ သံသရာမှာ များစွာသော ဒုက္ခဖြင့် တပြောင်းပြန်ပြန် ခံစားပြေးသွား ကျင်လည်နေရခြင်းကို ဟောတော်မူသော။

(အင်္ဂုတ္တရ-ပါဠိတော်)

(၂၈) စတုန္နံ ဘိက္ခဝေ၊ အရိယာ သစ္စာနံ
အဇာနတာ အပဿတာ မမဉ္စေဝ
တုမှာကဉ္စ။ ဒီဃ မဒ္ဓါနံ သံသာရိ၊

ဘိက္ခဝေ၊ လောကသုံးတန် ဒုက္ခရန်ကို၊ ကောန်ကြောက်ခြား၊ အို-ချစ်သားတို့။ စတုန္နံ၊ ဒုက္ခသမုဒယ နိရောဓ၊ မဂ္ဂမည်တွင် လေးအင်တရားဖြစ်ကုန်သော။ အရိယာသစ္စာနံ၊ သောတာပန်အစ၊ အရဟတ္တအထိ ဖြစ်ဘိကုန် မပေါက်ပြန်သည့် အမှန်တရားတို့ကို။ အဇာနတာ၊ ရုပ်နာမ်ခမ္မ၊ သင်္ခါရ တရားတို့၌၊ အကြားအမြင် များခြင်းဖြစ်သော၊ အနုဗောဓဉာဏ်နှင့် အမှန်လျော်စွာ မသိမမြင်ကြခြင်းကြောင့်။ အပဿတာ၊ ပညတ်ကွယ်ပျောက် ပရမတ်ရောက်၍ ပေါက်ပေါက်မြင်လျက်၊ မဂ်တည်းဟူသော ပဋိဝေဓဉာဏ်နှင့် အမှန်ထိုးထွင်း၍ မမြင်

ကြခြင်းကြောင့်၊ မမဋ္ဌဝ၊ သင်တို့ဆရာ ဗုဒ္ဓရှင်ပါသည်ရှင်း။ တုမှာကာဋ္ဌ၊ သင့် ချစ်သား - ချစ်သမီးတို့သည်ရှင်း၊ ဝီဿမဒ္ဓါနံ၊ စ,ဆုံး,မရှိ၊ ပကတိ ရှည်ကြာစွာသော ကာလပတ်လုံး၊သံသာရ၊ တပြောင်းပြန်ပြန် ဖန်ဖန် ထပ်ထပ် မရပ်မနား ဆုံလည်နွှားသို့၊ပြေးသွားရှိသော ချွဲးရဟတ်ပမာ ကျင်လည်ကြရသတည်း။

အနုဗောဓဉာဏ်၊ ပဋိဝေဓဉာဏ် နှစ်ပါးတို့၌ အနုဗောဓဉာဏ် ဆို ခြင်းကား၊ ရုပ် နာမ် ဓမ္မ သင်္ခါရ ပရမတ္ထတရားတို့၌ အကြား အမြင် များခြင်းကိုခေါ်သည်၊ရှင်းဉာဏ်သည်၊ လောကုတ္တရာဉာဏ်ဖြစ်၍ ယခု ပစ္စက္ခတွင် ပညာရှိအား မှီရဖြား၍၊ သင်ကြား ကျက်မှတ်သော ဉာဏ် ပေတည်း၊ ရှင်းလောကီဉာဏ်ဖြစ်သော အနုဗောဓဉာဏ်သည် နိရောဓ သစ္စာ၌ရှင်း၊ မဂ္ဂသစ္စာ မဂ်ဉာဏ်၌ရှင်း၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၌ အကြား အမြင် များသော သုတမယ ဉာဏ်မျိုးနှင့် ကြံစည်စဉ်းစားနိုင် သော စိန္တာမယ ဉာဏ်မျိုးကြောင့် ရှင်းသစ္စာနှစ်ပါးကို ရော်ကာရမ်း ၍ မှန်းဆပြီး၊ မြင်နိုင် သိနိုင်ခြင်းပေတည်း။

ပဋိဝေဓ ဉာဏ်ကား၊ ပညတ်ကွယ်ပျောက် ဓါတ်ဉာဏ် ပေါက်၍ မဂ်ရောက် ဖိုလ်ရောက်ဖြစ်သော လောကုတ္တရာ ဉာဏ်ပေတည်း။ ရှင်း ပဋိဝေဓ လောကုတ္တရာဉာဏ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ပရိညာ,ပဟာန သစ္ဆိကရိယာ,ဘာဝနာ လေးဖြာသော ကိစ္စအားဖြင့် သစ္စာလေးပါး ကို ထိုးထွင်း၍ သိမြင်ခြင်းပေတည်း။ ထိုကြောင့် ဤဉာဏ်နှစ်ပါးကို ခွဲခြား၍ပြသော....။

(ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ)

(၂၆) တတ္ထအနုဗောဓ ဉာဏံ လောကိယံ၊
အနုဿဝါဒိဝသေန၊ နိရောဓ မဂ္ဂေစ
ပဝတ္တတိ၊ ပဋိဝေဓ ဉာဏံ လော
ကုတ္တရံ၊ နိရောဓ မာရမ္မဏံ ကတွာ
ကိစ္စတော၊ စတ္တာရိ သစ္စာနိ ပဋိ ဝိဇ္ဈတိ၊

တတ္ထ၊ ထို အနုဗောဓဉာဏ် ပဋိဝေဓဉာဏ် နှစ်ပါးတို့၌၊ အနုဗောဓ ဉာဏံ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၌၊ အကြားအမြင်များသော အနု

ဗောဓဉာဏ်သည်။ လောကီယံ၊ လောကီဉာဏ်သည်။ ဟုတွာ၊ ဖြစ်၍။ နိရောဓေစ၊ နိရောဓသစ္စာ၌ရှင်း။ မဂ္ဂေစ၊ မဂ္ဂသစ္စာ၌ရှင်း။ အနုဿဝါဒိဝသေန၊ အဆင့်ဆင့်စကား တရားများကို၊ ကြားနာဘူးခြင်း ဟူသော သုတမယဉာဏ်၊ ကြားနာရလျှင် ဆင်ခြင်ကြံစည်ခြင်း ဟူသော စိန္တာမယဉာဏ်တို့၏ အစွမ်းဖြင့်။ ပဝတ္တတိ နိဗ္ဗာန်မဂ်လမ်း ရောက်ကာရမ်း၍ မှန်းဆဟုံလစ်၊ သိခြင်းသာဖြစ်၏။ ပဋိဝေဓဉာဏံ၊ ပညတ်ကွယ်ပျောက် ဓါတ်ဉာဏ်ပေါက်၍ မဂ်ရောက် ဖိုလ်ရောက် တည်းဟူသော ပဋိဝေဓဉာဏ်သည်။ လောကုတ္တရံ၊ လောကုတ္တရာဉာဏ်သည်၊ ဟုတွာ၊ ဖြစ်၍၊ နိရောဓံ၊ ကိလေသာမကပ် ဆိပ်ကင်းပြတ်သည့် မြတ်သော နိဗ္ဗာန်ကို၊ အာရမ္မဏံကတွာ၊ အာရုံပြုလျက်။ ကိစ္စတော၊ ပရိညာ၊ ပဟာန သစ္ဆိကရဏ မဂ္ဂဘာဝနာ၊ လေးဖြာသော ကိစ္စအားဖြင့်၊ စတ္တာရိသစ္စာနိ ဒုက္ခသမုဒယ၊ နိရောဓ၊ မဂ္ဂသညာ၊ လေးသစ္စာတို့ကို။ ပဋိဝိဇ္ဈတိ၊ ပိုင်ပိုင်နိုင်နိုင် ကျောက်တိုင် ကျောက်မျဉ်း ပမာကိုးပြီး ထိုးထွင်း၍သာ သောတာပန်မှာ သိမြင်နိုင်တော့ သတည်း။

ဗုဒ္ဓဘာသာ လူမျိုးတို့သည် သံသရာ၌ ကျင်လည်ရသော ဒုက္ခကို ရွေးကိုက်မှာလောက်မျှ မကြောက်ကြခြင်း၊ တကယ်ဒုက္ခကြောက်သော ပညာရှိတို့သည် သောတာပန်အစ အရဟတ္တမဂ် အဆုံးဖြစ်သောတရားကို၊ ကျကျနန သင်ပြ ဟောပြောနိုင်သော ဆရာထံ မှီခို၍ သင်ကြားလေ့လာဘို့ သင့်ကြောင်းပြသော။

## (ဓမ္မပဒ ပါဠိတော်)

(၃၀) ဂုဏ္ဍိတာ ရမ္မကံ ဂိဒ္ဓါန သဒ္ဓမ္မံ ရစဋ္ဌိစ၊
သံသာရံ သွာတ်သာဘိတာ၊ ဘာသာယ၊
ဝတ္တာပိ တာသ္မာတိ တေဝ ဘိတာပိ၊
ဂဏှောယျုံ မေမေသနာ။

ဘာသာယ၊ ဘာသာတကာတွင် ဘုရင်အဖြစ် ပုရားစစ်ကြည်ညို နဂိုရိုးရာ ကြုံကြိုက်လာကြသော ဗုဒ္ဓဘာသာ လူမျိုးတို့သည်။ ဝတ္တာပိ အဟုတ်ကေန် အမှန်စင်စစ် တကယ်ပင် ဖြစ်ကြားသော်လည်း။ သံသာရံ၊

ဘဝမှားစွာ ကမ္ဘာထိုထို ဟိုဟိုမစဲ အမြဲမျောမျုပ် အဟုတ်ကြောက် စဖွယ် တကယ်ကြီးကျယ်လှစွာသော သံသရာကြီးကို၊ သွာတံသာ စိုက် စိုက်သွားရာ နောက်ကာလ၌ ခွေးကိုက်ထားလောက်တမျှ နဘီတာ၊ တကဲ့အဟန် စိတ်ကကြံ၍ အမှန်ထိုလောက် မရှုံမကြောက်ကြလေကုန်၊ ဣဓ ဟုမှုရှုး ဒိုင်အာကီ နှစ်လီထကြွ သောင်းကြမ်းသော ကာလ ခါသ မယာ၌၊ဣဓ္ဓိတာ ရမ္မဏ်၊ လင်,သား,မယား ဝတ်စားတန်ဆာ ရဘိုရာဖြင့် ဝမ်းစာကိုလု ပျက်မှုမျိုးရိုး အဆိုးလိုက်စား မတရားအာရုံ အလုံးစုံကို၊ ဂိဒ္ဓါ မက်မက်မောမော ရက်ရောနှစ်ချိုက် ကာမဂုဏ်မိုက် ဝမ်းစာလု ကြိုက်သလောက်မူ၊သဒ္ဓမ္မ၊သူတော်ကောင်းနှင့် ကျင့်ဘိုစဉ်ထား နိဗ္ဗာန် သွားရာ သောချာမဟုတ် ရုပ်နာမ်ခန္ဓာ သစ္စာအာယတန ပဋိစ္စမာတ် သမုပ္ပါဒ်တရား ဝိပဿနာများကို၊ နရုစန္တိ၊ စစ်စစ်မြစ်မြစ် တစ်ကစ်ရှုရှု စိတ်၌ရှုနှင့် ကျကျနန မနှစ်သက် မယုံကြည်ကြလေကုန်၊ တသွာ၊ ထိုသို့ ခွေးကိုက်မှာလောက် မကြောက်သံသရာ ကာမဂုဏ် မခင် မြတ် တရား ဟုန်းဒိုင်းအမှု ဒြင်းခုံပြု၍ ဝမ်းစာလုသော များကြသောကြောင့်....၊ ဘီတာဒိ၊ ဒုက္ခတန်တန် ဖန်ဖန်ခါခါ သံသရာကို၊လျှင်စွာကြောက်ပြီး တမေဝမေသနာ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တရားမြတ် ပရမတ္ထမခြား လိုလားစုံမက် နှစ်သက်ရှာကြံကြသော သူတော်ကောင်း အပေါင်းတို့သည်၊ ဣဓမေဝ၊ လရောင်,နေရောင် ခြည်တထောင်ဖြင့် ထွန်းပြောင်လှစွာ ဉာဏ်ပုရားသာသနာ၌သာလျှင်၊ ဂဇ္ဈောယျ၊ ပညာ ရှိအား မှီခြားခိုဝင် သင်အံကျက်မှတ် ပရမတ်ကို တတ်စွမ်းနိုင်သလေ့ ကျင့်ကြံ၍သာ ပွါးများ၍သာ ပြုအပ်လှပေသတည်း။

သိက္ခာသုံးပါး သင်္ဂဟတရားလေးပါး၊ ပေါင်းခုနစ်ပါးနှင့် ပြည့်စုံ သောသူမှ မိတ်ကောင်းဖြစ်၍ ပေါင်းအပ်သည်၊ရင်းခုနစ်ပါးနှင့် ပြည့်စုံ သောသူ၌ ချစ်ခင်ထိုက်သော ပိယဂုဏ်၊အရိုအသေပြုအပ်သော ဂရုဂုဏ် ချီးမွမ်းအပ်သော ဘာဝ နီယဂုဏ်၊ သူတပါးအား ကဲ့ရဲ့ပြစ်တင်၍ပြော လျှင် ထုံးပြ ဆို့ဆုံးမတတ်သော ဝတ္တာဂုဏ်၊ မသိသူတို့ မေးလျှောက် သော စကားကို အမေးခံနိုင်သော ဝစနက္ခမဂုဏ်၊ ရုပ်နာမ်ခန္ဓာ မာတ် သစ္စာတို့နှင့် စပ်သော နက်နဲသည့် တရားစကားကို ဟောကြားနိုင်သော ဂမ္ဘီရကထာ ကတ္တာဂုဏ်၊ အကျိုးမဲ့လပ်၊ မလျောက်ပတ်သော အရာ

ဋ္ဌာန၌၊ မတိုက်မတွန်း မယှဉ်စေတတ်သော။ အဋ္ဌာနေ နော စ နိယောဇိတာဂုဏ်၊ ဤကလျာဏ မိတ္တဂုဏ် ခုနစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို လိုက်လံ ရှာဖွေအပ်ကြောင်း၊ ဟောတော်မူသော၊

## ကလျာဏ မိတ္တသုတ် သတ္တင်္ဂုတ္တရ ပါဠိတော်

(၃၁) ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ နော စဋ္ဌာနေ နိယောဇိ
တာ ယမှိ ဧတာနိ ဌာနာနိ၊ သံဝိဇ္ဇန္တိဓ ပုဂ္ဂ
လေ၊ သောမိတ္တော မိတ္တကာမေန၊ ဘဇိတဗ္ဗော
တထာ ဝိဓော။

ဘိက္ခဝေ၊ မိတ်ကောင်း ကလျာဏ ရှာကြံကြသည့် အာကတမှု များရှင်လူတို့။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်၊ ပိယောစ၊ သီလ သမာ ပညာရောကြိုတ် သိက္ခာသုံးပါး ဒါန-ဝေယျာဝစ္စ၊ အတ္တစရိယာ သမာနတ္တတာ၊ ဤလေးဖြာသော သင်္ဂဟတရား၊ ဤခုနစ်ပါး တရားပြည့် လပ်၊ ချစ်ခင်အပ်သော ပိယဂုဏ် ရှိသည်လည်း၊ ဟောတိ၊ ဖြစ်၏။ ဂရုစ အရိုအသေအလေး အမြတ်ပြုအပ်သော ဂုဏ်ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏၊ ဘာဝနီယောစ၊ ချီးမွမ်းအပ်လှ၊ ဘာဝနိယ ဂုဏ်ရှိသည်လည်း ဟောတိ ဖြစ်၏။ ဝတ္တာစ၊ သူတပါးကိုပင် ကဲ့ရဲ့ပြစ်တင် ပြောလျှင်-ထုံးပြ ဆိုဆုံးမတတ်သော၊ ဝတ္တာဂုဏ်ရှိသည်လည်း၊ ဟောတိ၊ ဖြစ်၏၊ ဝစနက္ခမောစ၊ မသိသူများ မေးလျှောက်ထားက ဖြေကြား ပြသနိုင်သော၊ ဝစနက္ခမဂုဏ်ရှိသည်လည်း၊ ဟောတိ၊ ဖြစ်၏။ ဂမ္ဘီရဉ္စကထံ ကတ္တာ၊ ရုပ်နာမ်ခန္ဓာ သစ္စာနှင့်ဓာတ် ပရမတ်တရား နက်နဲသော စကားကို ဟော ပြော ပြသနိုင်သော။ ဂမ္ဘီရကထံ ကတ္တာ၊ ဂုဏ်နှင့်လည်း ပြည့်စုံသည်၊ ဟောတိ၊ ဖြစ်၏၊ အဋ္ဌာနေ နော စ နိယောဇိတာ၊ အကျိုးမဲ့ လပ် မလျော် ပတ်သော အရာဋ္ဌာန၌ မတိုက်မတွန်း မယှဉ်စေတတ်သော၊ အဋ္ဌာနေ နိယောဇိတာဂုဏ်နှင့်လည်း ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ မိတ်ကောင်းကလျာဏ ရှာကြံကြသည့် အာကတမှု များရှင်လူတို့၊ ယမှိ

ပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ ဓေယာနိ ဒွါနာနိ၊ ဤဘာဝဝနီယ၊ ပိယာဂရု၊ စမ္မဆင့်ပွါး ကလျာဏမိတ္တဖြစ်ကြောင်း အင်္ဂါခုနစ်ပါးတို့သည်၊ သံဝိဇ္ဇန္တိ ကောင်းစွာပြည့်စုံ ရှိကြပေကုန်၏၊ မိတ္တကာမေန၊ မိတ်ဆွေကောင်းကို ပေါင်းဘော်လိုအင် သူတော်စဥ်သည်။ တထာဝိဓော၊ ထိုသို့သဘော ရှိသော၊ သောမိတ္တော၊ အင်္ဂါခုနစ်ပါး ရှိပေသော၊ မိတ်ဆွေမှတ်အပ် ထိုသူမြတ်ကို။ ဘဇိတဗ္ဗော၊ မဖွေ့ ဖွေ့အောင် ကြံဆောင်ရှာဖွေ နယ် ပြေအတွင်း၊ မေးမြန်းခြင်းဖြင့် လက်ဝင်းမကြာရ၊ မှီဝဲ၍သာ ဆည်းကပ် မကွာ ပူအပ်လှပေသတည်း။

အို့၊ နာ့၊ သေ့၊ ရေး ဘေးဒုက္ခ မလွတ်သော၊ ငိုခန်း၊ ပိုခန်း၊ မောခန်း သောခန်း ဘရမ်း ဘတာ ဗလချာဖြင့် သာယာဆင့်ဆင့် အဟင့်အဟင့် ထဲ့၍ အကဲ့အဟုတ် ရဟန်းစုတ် ရဟန်းမြုပ်တို့၊ ဟောကြ ပြောကြ သော-ဂါထာသည်။ ရာ့၊ ထောင်၊ မကမျှားပါသော်လည်း နိဗ္ဗာန်ရ ကြောင်း မဟုတ်၊ သံသရာမှာ မြုပ်၍ နေသောကြောင့် မမြတ်ကုန်၊ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာနှင့် စပ်ဆိုင်သော ဂါထာသည်။ နိဗ္ဗာန်ရ ကြောင်း လမ်းကောင်းကျ၍ တပုဒ်တည်းပင် ဖြစ်သော်လည်း အမြတ် ဆုံးဖြစ်ကြောင်းကို မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဗာဟိယဒါရု စီရိ ထေရ်ကို ဟောသော....

## (ဓမ္မပဒ ပါဠိတော်)

(၁၂) သဟဿမပိ စေ ဂါထာ၊ အနတ္ထ ပဒ
သံဟိတာ၊ ဧကံ ဂါထာပဒံ သေယျော
ယံ သုတွာ ဥပသမ္မတိ။

ဘိက္ခဝေ၊ ဓမ္မကထိက ပြုလုပ်ကြသည့် များစွာတောင်သောင်း၊ အို...ချစ်သားအပေါင်းတို့။ အနတ္ထပဒသံဟိတာ၊ နိရတ္ထက ဘာတခုမျှ ကျိုးမရသည့်၊ အလကား၊ ဟောဘွဲ့ တောင်ဘွဲ့ မယ်ဘွဲ့-စသော ပုဒ်တို့ နှင့် စပ်ယှဉ်သော၊ ဝါ၊ ရယ်ခန်း၊ မောခန်း၊ သောခန်း၊ လွမ်းခန်း၊ ငိုခန်း၊ ပိုခန်း အမေ့ ပုမ်းတတ်သည့်။ ဘရမ်းဘတာ၊ ဘာကလေးတခု

မျှ အနှစ်သာရမရှိအပ်သည့် ပုဒ်ပါဌ်တို့နှင့်ယှဉ်သော။ ဂါထာ၊ ငိုတော့မလို၊ ယိုတော့မယို၊ ရွှဲတော့မလို၊ အဟုံဟုံနှင့် ရွတ်ဘတ် ပြောဟောကြသော ဂါထာသည်။ သဟဿမပိ၊ လူတို့ဘောင်မှာ၊ ရာ့ထောင့်မက များ။ပါသော်လည်း။ သစေဟောတိ၊ အကယ်စင်စစ် ဖြစ်စေငြားအံ့။ နသေယျော၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကိုမကျ၍၊ မမြတ်လှတော့သည်သာတည်း။ အတ္ထပဒသံဟိတာ၊ မဂ်ဖိုလ်နိဗ္ဗာန် ကေန်အမှန်ရ ရန်အကျိုးနှင့် စပ်ယှဉ်သော။ယံ ဂါထာပဒံ၊ ခန္ဓာရုပ်နာမ် သတိပဋ္ဌာန်သစ္စာ၊ အာယတနဓါတ်၊ ပရမတ်အနှစ်၊ တရားအစစ်တို့နှင့် စပ်ယှဉ်သော အကြင်ဂါထာပုဒ်ကို။ သုတွာ၊ စိတ်မှာစိုက်စိုက်၊ နှစ်ချိုက်ကြည်သာ ကောင်းစွာ ကြားနာရသည်ရှိသော်။ ဥပသမ္မတိ၊ ဆယ့်တမီးဟူ အပူခပ်သိမ်း အကုန်ငြိမ်းလေတော့၏။ ဝါ၊ နေမလားလို့ တရားနာပူဆာသာနှင့် တွေ့ဘတ်ခြင်းမှ ကင်းလွတ်လေတော့၏။ တံ ဂါထာပဒံ၊ ငါးရာ့တဆောင်၊ မိုက်မှောင်များစွာ ကီလေသာကို၊ ငြိမ်းစေတတ်သော ရုပ်နာမ်ဓမ္မ သင်္ခါရဓါတ်၊ ပရမတ်နှင့်စပ်ဆိုင်သော၊ ထို ဂါထာပုဒ်သည်။ ဧကံ၊ တဂါထာ၊ တပါဒ၊ တပုဒ်တည်းမျှ။ သစေဟောတိ၊ အကယ်စင်စစ်၊ ဖြစ်စေငြားအံ့၊ သေယျော၊ အပါယ်ကင်းလျက်၊ တမဂ်တဖိုလ် ရလိုကြောင်း၊ တရားကောင်းလမ်းစ အမှန်ကျသဖြင့် သောတာပန်ဆင့် လောကတခွင် အမြတ်ဆုံးပေတည်း။

—— ၀ ——

ဓါတ် တဆယ့်ရှစ်ပါးကို နာမ်ရုပ်လုပ်၍၊ ဖြစ်ပျက်ပုံ အနိစ္စရှုနည်းကို၊ ဗာဟိရဒါရုစီရိကို ဟောသော....

## (ဥဒါန်း–ပါဠိတော်)

(၃၃) တသ္မာတိဟတေ ဗာဟိယ၊ ဧဝံသိက္ခိ
တဗ္ဗံ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ
သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ
ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ
ဘဝိဿတိ။

ဗါဟိယ၊ မြင်ဗါဟိယ ရှိသမျှအာရုံ၊ လုံးစုံလိုက်စား အို....ချစ်သား ဗါဟိယ၊ ယသ္မာ၊ အကြင်ကဲ့သို့ အကြောင်းကြောင့်။ တေ၊ သင်အား။ ခေါ်၊ ဤကဲ့သို့။ သိက္ခိတဗ္ဗံ၊ တဆယ့်ရှစ်တန် ဝိပဿနာဉာဏ်ဖြင့် အမှန်ပြုကျင့်အပ်ကုန်၏။ ဒိဋ္ဌေ၊ မျက်စိအဆင်း တွေ့ခြင်းအာရုံ၊ အလုံးစုံမှ တရားစုဉ်း၊ ဒိဋ္ဌမတ္တံ မြင်လိုက်သည့်ခဏ အနည်းငယ်မျှ မကြာလှဘဲ။ ဘဝိဿတိ နာမ်ရုပ်နှစ်ခု ဖြစ်ပျက်မှုတို့ ပေါင်းစု၍ ဖြစ်ကြလေကုန်၏။ သုတေ၊ နားနှင့်အသံ ပေါင်းဆုံပြန်၍ ကြားရန်အမှု အာရုံစုဉ်း၊ သုတမတ္တံ ကြားလိုက်သည့်ခဏ အနည်းငယ်မျှ မပိုမူ၍ ကြားခါ မတ်တတ်မျှသည်။ ဘဝိဿတိ၊ နာမ်ရုပ်နှစ်ခု ဖြစ်ပျက်မှုတို့ ပေါင်းစု၍ဖြစ်ကြလေကုန်၏။ မုတေ၊ နှာခေါင်း၊ ကိုယ်၊ လျှာ အင်္ဂါတို့တွင် တွေ့ထင်လာသော အာရုံစုဉ်း။ မုတမတ္တံ တွေ့ထိကာမျှ တခဏထက်မပိုမူ၍ တွေ့ကာ မတ်တတ်မျှသည်၊ ဘဝိဿတိ၊ နာမ်ရုပ်နှစ်ခု ဖြစ်ပျက်မှုတို့ ပေါင်းစု၍ ဖြစ်ကြလေကုန်၏။ ဝိညာတေ၊ စိတ်နှစ်လုံးတွင် ကြံဆင်ခြင်၍၊ ဆင်း၊ သံ၊ နံ့၊ ရ၊ ဖောဋ္ဌဗ္ဗ–စသော ငါးဝအာရုံ မြင်လာတုံခိုက်၊ မနောအကြည်၌။ ဝိညာတမတ္တံ ကြံလိုက်ခါပ သိခါမျှဖြင့် တခဏထက်မပိုမူ၍။ ဘဝိဿတိ နာမ်ရုပ်နှစ်ခု ဖြစ်ပျက်မှုတို့ ပေါင်းစု၍ ဖြစ်ကြလေကုန်၏။ ဣတိ၊ ဤသို့။ ရုပ်နာမ်ပရမတ် နှစ်ရပ်ဖြစ်ပျက် ခေါ်အချက်ကို ဉာဏ်ဖြင့်သက်ပြီး၊ တေ သင်ချစ်သား ဗါဟိယအား၊ သိက္ခိတဗ္ဗံ၊ ခေါ်ဆယ့်ရှစ်ပါး ရုပ်နာမ်များကို ပိုင်းခြားဝေ့ငုံ မြင်အောင်ရှုပြီး ယခုလျင်စွာ ပြုကျင့် ဆင်ခြင်၍သာ မှတ်အပ်လှပေသတည်း....။

ပုဏ္ဏားတယောက်သည်၊ မြတ်စွာဘုရားအား ဘိက္ခုခေါ်ခြင်းကို မေးမလျှောက်သဖြင့်၊ ဟောကြားတော်မူသော....

## (ဓမ္မပဒ–ပါဠိတော်)

(၃၄) သဗ္ဗသော နာမ ရူပသ္မိံ၊ ယဿ နတ္ထိ
မမာယိတံ၊ အသတာ စ န သောစတိ
သ ဝေ ဘိက္ခူတိ ဝုစ္စတိ။

ဗြဟ္မာဏ၊ ဘိက္ခုခေါ်ခြင်း အဓိပ္ပါယ်ရှင်းအောင် ထင်လင်းသိလို၊ အို....ပုဏ္ဏားအို၊ သဗ္ဗသော၊ အလုံးစုံလည်း ဖြစ်ကုန်သော၊ ယဿ၊ အကြင် မိန်းမ-ယောကျ်ား၏။ နာမရူပသ္မိံ၊ မိမိခန္ဓာ သူတပါးခန္ဓာ တည်းဟူသော၊ နာမ်ရုပ်နှစ်ပါးတို့၌၊ မမာယိတံ၊ငါငါဟူသော ဒိဋ္ဌိအယူရှင်း ငါ၏ဥစ္စာဟူသော တဏှာဖြင့် တွယ်တာမြတ်နိုးခြင်းသည်။ နတ္ထိ၊ မရှိကြလေကုန်။ အသတာစ၊ ကိုယ်ခန္ဓာနှင့် ရတနာ,ရွှေ,ငွေ သေကြေပျောက်ပျက်ကြသော်လည်း။ နသောစတိ၊ စိုးရိမ်ပူပန် ငိုကြွေးရန်ဖြင့် အမှန် မရှိကြလေကုန်သော၊ ထိုကဲ့သို့သော ရဟန်း မိန်းမ၊ ရဟန်း ယောကျ်ားကို၊ ဝေတနု၊ ထိုသို့ ကိုယ်ခန္ဓာနှင့် ရတနာ,ရွှေ,ငွေ သေကြေပျောက်ပျက် ဖြစ်ရချက်ကို နှစ်သက်တွယ်တာ သာယာစိုးရိမ် ကြိမ်ဖန်ဆတွေး မှုဆွေးခြင်း မရှိသောကြောင့်၊ ဝေ၊ မချကောန် အမှန်စင်စစ်အားဖြင့် ဘိက္ခုတိ၊ ရှင်လူအများ ပေးကမ်းမှ စားရပြီး၊ တရားသဖြင့် နေနိုင်သော ဘိက္ခုဟူ၍။ ဝုစ္စတိ၊ ဆိုသင့်, ဆိုအပ်,ဆိုထိုက် လှပါပေ၏ ချစ်သား....။

မိမိကို သူတပါးတို့က ကဲ့ရဲ့သည်ဖြစ်စေ၊ ချီးမွမ်းသည်ဖြစ်စေ၊ ရင်းစကားတို့သည် ကြားလိုက်ခါမတ္တ တခဏမျှဖြစ်သည်ဟု အနိစ္စသဘော ဆင်ခြင်၍ အရေးမယူရာ။ ပစ္စုပ္ပန်,သံသရာ နှစ်ဖြာသောအကျိုးစီးပွါး ရှိ,မရှိကိုသာ ဆင်ခြင်၍ အရေး ယူသင့် ကြောင်း။ နိဗ္ဗာရကြောင်း တရားဟုတ်-မဟုတ်ကို ဆင်ခြင်၍ အရေးပြုရခြင်း စသော၊ ဝိဝေက-ပီတိကို ဖြစ်အောင် ဟောကြားသော....

## (ဓမ္မပဒ-ပါဠိတော်)

(၃၅) ဂရဟာစ ပသံသာစ၊ အနိစ္စာဘာဝ
ကာလိကာ၊ အပ္ပကာစေ ကဒေသာဝ
နုတာဂုဏကွေယျပဏ္ဍိတော၊ ဓမ္မာဓမ္မံဝ
ဂုဏကွေယျ အတ္တာ နတ္တံ ဟိတာ ဟိတံ။

ဂရဟာစ၊ ဂုဏ်ရှိသူကို ညှုဂုစောင်းမှု ကဲ့ရဲ့ပြစ်တင်ခြင်းသည်လည်းကောင်း။ ပသံသာစ၊ ဂုဏ်ရှိပြန်လျှင် ကြည်ရှင်လန်းလန်း မော်ကာ

လွှမ်းအောင်၊ ချီးမွမ်းကဲ့ရဲ့ခြင်းသည်လည်းကောင်း၊ တာဝ ကာလိယာ၊ ထိုသို့ ကဲ့ရဲ့ချီးမွမ်း ဤနှစ်လမ်းသည်၊ စမ်းဆော်ရှာမရ အခိုက်အတန့် ကာလ တခဏမျှဖြစ်ကုန်၍။ အနိစ္စာ၊ အဆိုင်အမာ ခိုင်မြဲတာ သည် အာကလေးတခုမျှ မရှိကြလေကုန်၊ ကေဒေသာဝ၊ ကြားလိုက်ခါပ သိကျွမ်းရာ တဆိတ်ကလေးမျှ ဖြစ်ကုန်၏၊ အပ္ပကာစ၊ မကြီးမကျယ် အနည်းငယ်ကလေးမျှလည်း ဖြစ်ကုန်၏။ ပဏ္ဍိတော၊ ကျိုးကြောင်းနှစ်ဖြာ အရာရာကို လိမ္မာသိမြင် ပညာရှင်သည်။ တော၊ ထိုမြဲခြင်း ချီးမွမ်းမြွက်တင် တမင်ကဲ့ရဲ့ခြင်းတို့ကို၊ နက္ခမွေယျ အလေးဂရု အရေးပြု၍ မရှုမငဲ့သင့်ပေရာ၊ ဓမ္မာဓမ္မံဝ၊ နိဗ္ဗာန်,မဂ်,ဖိုလ် ရလိုရခြား တရား ဟုတ်သည် မဟုတ်သည်ကိုသာလျှင်။ ဣက္ခေယျ၊ အလေးဂရု အရေးပြု၍ ရှုသင့်ငဲ့သင့်ပေရာ၏၊ အတ္တာနတ္တံဝ ၊ ပစ္စုပ်သံသာ နှစ်ဖြာပွါးတိုး မိမိအကျိုး ရှိမရှိကိုသာလျှင်။ ဣက္ခေယျ၊ အရေးဂရု အလေးပြု၍။ ရှုသင့်ငဲ့သင့်ပေရာ၏။ ဟိတာဟိတံဝ၊ ပစ္စုပ် သံသာ နှစ်ဖြာစီးပွါး၊ အကျိုးတရား များ,မများကိုသာလျှင်။ ဣက္ခေယျ၊ လောကတခွင် ဥာဏ်သမ္မာဥဇ်ဖြင့် ဆင်ခြင်သမှု အရေးပြုပြီး ဂရုစိုက်ခါ၊ ရှုငဲ့၍သာ နေသင့်လှပေသတည်း။

ဤခန္ဓာကိုယ်ရုပ် မသာလောင်းအစစ် အနှစ်မရှိသော အကောင်ပုပ်၌ နေ့-ည, စိုဝိုစီးကျသို့သော၊ ရွံဘွယ်စက်ဆုပ်ဘွယ်တို့ကို ပြ၍၊ ဝိမ္မိသာရမင်းကြီးအား ဟောတော်မူသော။

(ပါဠိတော်)

(၃၆) ဒွိပါဒကော ယံ အသုစိ၊ ဒုဂ္ဂန္ဓော ပရိဟာရတိ။
နာနာ ကုဏပပရိ ပူရော၊ ဝိဿ ဝန္တော
တတော တတော။

ဒွိပါဒကော၊ ခြေနှင်းသော အပေါင်းအခြေနှစ်ချောင်းတို့ဖြင့်လည်း ရှိထသော၊ အသုစိ ဘင်, ဘွင်းသဘွယ် မစင်မကြယ် ရွံဘွယ်ရာလည်း ရှိထသော၊ ဒုဂ္ဂန္ဓော ပုပ်နံ့ ညှီစော်နံး မကောင်းသော အနံ့တော လည်း ရှိယသော။ နာနာကုဏပပရိပူရော၊ နှစ်သက်ဖွယ် တကယ်

မဟုတ်၊ အထူးထူးသော အပုပ်တို့ဖြင့်လည်း ပြည့်ထသော၊ တတောတတော၊ ခန္ဓာကိုယ်မှာ ထိုထိုဒွါရအမာဝဖြင့်။ ဝိသာဝန္တော၊ မစင်မကြယ် ရွံစဘွယ်ကို ထုတ်ပယ်နေသည့် ယိုစီးကျတတ်သော၊ အယံကာယော၊ ခန္ဓာကိုယ်ရုပ် မသာလောင်းအစစ် အနှစ်မရှိသော ဤအကောင်ပုပ်ကို၊ မရိုဟရတိ ထက်အောက်ဝန်းကျင် လှအောင် ဆင်၍ ပင်ပင် ပန်းပန်း မြင်မခန်းအောင် ယမ်းမှုတ် သည်ပိုး၍သော ဆောင်ထားကြလေသတည်း။

—၀—

## ၎င်းနည်း ဗိမ္ဗိသာရမင်းကြီးအား ဟောခြင်း

(၃၇) ဧတာဒိသေန ကာယေန၊ ယော မညေ
ဥဏ္ဏမေတဝေ၊ ပရံဝါ အဝဇာနေယျ
ကိံ မညတြ အဒဿနာ။ ။

ယော၊ ရုပ်နာမ် ပရမတ်ဓာတ်ကို မမြင်မဆင်ခြင်တတ်သော အကြင်ပုထုဇဉ် အမိုက်အကန်းသည်။ ဧတာဒိသေန၊ ဤသို့ နေ့ည စိုစိုစီးကျ ယိုသည့်၊ ထိုထိုဒွါရအမာဝဖြင့် ရွံစွတကာယ် စက်ဆုပ်ဘွယ် သဘောရှိသော၊ ကာယေန၊ ခန္ဓာကိုယ်ရုပ် မသာလောင်းအစစ် အနှစ်မဟုတ် အကောင်ပုပ်ဖြင့်၊ ဥဏ္ဏမေတဝေ၊ ငါတော, ငါကား, ငါတကာ ဟု ထောင်လွှား မောက်မို့ခြင်းငှါ။ မညေ၊ ပရမတ်ဉာဏ် မြင်မသန်၍ အမှန်မှတ်ယင်ရာ၏။ ပရံဝါ၊ ပရမတ်ဉာဏ်ဝင် သူတော်စဉ်နှင့် ပညာရှင်များ သူတပါးကိုလည်း၊ အဝဇာနေယျ၊ မမယမလေးမှဲ့ အရှုံ့တိုက်ခါ အောက်မေ့ ပြုလုပ်ရာ၏၊ တဿ၊ ထိုသို့ သူတော်စဉ်နှင့် ပညာရှင်ကို မရိုဝင်ခြား မထေလေးစား လူမိုက်များ၏၊ အဒဿနာ၊ ဗောဓိမဂ်ဉာဏ် ရုပ်နာမ်ခန္ဓာ သစ္စာမထင် ဉာဏ်အမြင်ကုန်း အမိုက်ဖုံးသည်ကို၊ အညတြ၊ ရှောင်ကြဉ်၍ ဖယ်ထား၍။ ကိံ၊ တပါးသောကို ခြူ၍ ထောင်လွှား မာန်ဆောင်ကြွားလျက် လေးစားမထီ ပြုလုပ်ရာသည်း၊ ပရမာ အနုမြူ ကလေးလောက်မျှ ရှိကြွစရာ မောက်ကြွစရာ သင့်ပါမတော့ဘဲနည်း။

## အဋ္ဌိကမ္မဋ္ဌာန်းကို ဝတ်ပေါက်အောင်ရှုပြီး ဒိဋ္ဌိခွါပုံ

( ဓမ္မပဒ ပါဠိတော် )

(၃၈) အဋ္ဌိပုဉ္ဇော အယံ ကာယော၊ တစမံသာဝ
လိမ္ပိတော၊ နသဿတောဝနိဇီဝေါ၊ ဗျာပါရ
ရဟိတော သဒါ။ ။

အယံကာယော၊ စိတ္တဇဓာတ် လေဟုန်ခပ်၍ လှုပ်ပတ်သွားလာ ခန္ဓာကိုယ်ရုပ်၊ ဤကောင်ပုပ်သည်။ တစမံသာဝလိမ္ပိတော၊ အသား အရေ မသွေ့ပေါ်ရန် လိမ်းကျံဖုံးအုပ်အပ်ထသော၊ အဋ္ဌိပုဉ္ဇော သုံးရာ မက ရေကာပြုလျှင် ပမာန အရိုးစုပါပေတည်း။ အယံကာယော၊ စိတ္တဇ ဓာတ် လေဟုန်ခပ်၍ လှုပ်ပတ်သွားလာ ခန္ဓာကိုယ်ရုပ် ဤအရိုးစု အကောင်ပုပ်သည်။ နသဿတော၊ သူတဲ့, ငါတဲ့, အထင်လွဲစရာ ပုဂ္ဂိုလ် သတ္တဝါ ငါ-ငါ ဆိုတာဖြင့် မဟုတ်ကြလေတော့ပြီ၊ နိဇီဝေါ၊ ဓါတ်ကားရုပ်ရှင် မှန်ဟုင်အရိပ် ပုံတံဆိပ်မို့ တဆိပ်စာလေခံမျှ အသက် ဆိုတာဖြင့် မရှိကြလေတော့ပြီ၊ သဒါ၊ သွားဟန်လာဟန် ပြုံးရယ်ဟန် ဖြင့် သဏ္ဌာန်တူစွာ အခါခပ်သိမ်း၊ ဗျာပါရ ရဟိတော၊ အဘယ်မှာ လျှင်၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး-ယောက်ျား မိန်းမ ဆိုတာ တွေ့ လာ၍ ပြောဆိုနေတာ သွားလာနေတာ ရှိပါတော့အံ့နည်း။

ဤခန္ဓာကိုယ်ကြီးကို အမျိုးမျိုး ပြုပြင်စောင့်ရှောက်ရသည့် အတွက် လေးစွာသော ဝန်ထုပ်ကြီးဖြစ်၏။ ဤခန္ဓာကိုစွန့်ချ၍ ပဋိသန္ဓေ မယူရ ခြင်းသည် မြတ်သော နိဗ္ဗာန် ချမ်းသာကြီး ဖြစ်ကြောင်း။

### ဓမ္မပဒ ပါဠိတော်

(၃၉) ဘာရာဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရောစ
ပုဂ္ဂလော၊ ဘာရာဒါနံ ဒုခံ လောကေ။
ဘာရနိက္ခေပနံ သုခံ။ ။

ပဉ္စက္ခန္ဓာ၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး တရားစုတို့သည်။ ဟဝေ၊ စင်စစ်ကေန် အမှန်မုချအားဖြင့်။ ဘာရာ၊ ဝတ်စားတန်ဆာ ဘယ်ခါ မပြတ် ဘာလစပ်ပေး မွေးကျွေးသုတ်သင် ဘေးအင်ပရောက် အမြဲစောင့် ရှောက်ရသည့်အတွက် လေးလှသော ဝန်ထုပ်ကြီးဖြစ်ပေ၏။ ပုဂ္ဂလောစ၊ ခန္ဓာဝန်ကို မှန်မှန်မြတ်မြတ် မပြယ်ထမ်းဆောင်ရသော ပုဂ္ဂိုလ်သည် လည်း။ ဘာရာဟရော၊ ဝန်ထမ်းကူလီ အတည်မှတ်ထိုက်ပါပေ၏။ လောကေ၊ ဖြစ်လျှင်ပျက်စဲ မမြဲလေတုံ့ ဘေးဘုံမက သံ့ါရလောကထဲ၌။ ဘာရာဒါနံ၊ ပဋိသန္ဓေ စွဲနေခန္ဓာ၊ မကြာဝန်ကို ထိုထိုယူရခြင်းသည်။ ဒုခံ၊ ဆင်းရဲငြိုငြင် ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ် ရှိလှလေတော့၏။ ဘာရနိက္ခိပနံ၊ ခန္ဓာဝန်ကို ဆုံးစွန်ပစ်ချ နိဗ္ဗာန်သို့၊ ခဏ၊ ချက်ခြင်း၊ ငင်ရခြင်းသည်။ သုခံ၊ ကိလေသာရန် ပူပန်ဘို့အတွက် ဘာကလေး တခုမျှ မရောမယှက်သဖြင့် သက်သက်သာသာ ငြိမ်းရှေ့သာ ချမ်းသာ လှတော့သတည်း။

(ရှင်း ဓမ္မပဒ ပါဠိတော်)

(၄၀) နိက္ခိပိတွာ ဂရုံဘာရံ၊ အညံဘာရံ
အနာဒိယ၊ ပရိက္ခီဏာ သဝါပုဒ္ဒါ။
နိဗ္ဗာယိံသု သဘာဝတာ။

ဂရုံ၊ လေးလံလှစွာသော။ ဘာရံ၊ ခန္ဓာဝန်ဟောင်းကို။ နိက္ခိပိတွာ၊ သံသရာမှာ တခါတည်းပစ်ချခဲ့၍။ အညံ၊ တပါးသော။ ဘာရံ၊ ခန္ဓာဝန် သစ်ကို။ အနာဒိယ၊ ပဋိသန္ဓေ မနေတဘန် မယူပြန်၍။ ပရိက္ခီဏာသဝါ ဝိဋ္ဌတဏှာ လေးဖြာအာသဝေါ ကုန်ခန်းပြီးသော တရားရှိသည်ဖြစ်၍။ သဘာဝတာ၊ ကျွတ်ထိုက်များစွာ ဝေနေယျာမှီ တပည့်သာဝက ထိုထို မျှတို့နှင့်။ ဗုဒ္ဓါ၊ ဂင်္ဂါဝါဠု၊ သဲစုမက ပွင့်ကြပေပြီး ဘုရားရှင် ကိုယ် တော်မြတ်တို့သည်။ နိဗ္ဗာယိံသု၊ နာမ်ရုပ်နှစ်တန် မဖြစ်ပြန်တဲ့ နိဗ္ဗာန် စံကိန်းဖြင့် ဇာတ်သိမ်း၍သာ ချုပ်ငြိမ်းပြီးကာ သွားကြ လေကုန် သတည်း။

မြစ်ညာက ဒ မိုးသည်းရွာ၍ ဧရာဝတီမြစ်၌ ရေဒလဟော စီးဆင်း သော်လည်း၊ ရေကြောင်းကို နားလည်သော လှေသူကြီးသည်၊

ချက်, တက်, ကြိုး, ဝါး, တန်ဆာ, အစုံတို့နှင့် မိမိအလိုရှိရာ မြို့ရွာ ဆိပ်ကမ်းသို့ ဆိုက်ရောက်အောင် သွားဘိသကဲ့သို့ ယုံအတူ သဗ္ဗဝါ တို့၌ ဆိုးကံကောင်းပြုမိရကား၊ သံသရာမှာ အဆိုးအကောင်းနှင့် တွေ့ သော်လည်း၊ ပညာရှိပုဂ္ဂိုလ်ဝင် သူတော်စဉ်တို့သည်၊ ကြိုး, တက်, ချက် အစုံတို့နှင့် ကူးခတ်သည့် အလား ရုပ်နာမ်ခန္ဓာ သစ္စာလေးရပ် ပဋိစ္စ သမုပ္ပါဒ်တတ်တရားတို့နှင့် အသင့်အတင့် နှစ်လုံးသွင်းပြီး၊ မဂ်ဖိုလ် နိဗ္ဗာန် သုံးတန်ဆိပ်ကမ်း ခေမာနန်းသို့ ရောက်အောင် ကူးသွားခြင်းကို ပြသော....

(ဓမ္မပဒ-ပါဠိတော်)

(၄၁) နဒ္ဒေဿပရိသု ဝုဋ္ဌတ္တာ၊ မဟောဃေပိ သမာ
ဂတော၊ ဥဇုကံ ဖိယာ ရိတ္တေဟိ ပါယာတိ၊
နာဝိကောယထာ၊ကတတ္တာနာနာ ကမ္မာနံ
ဣဋ္ဌာ နိဋ္ဌေပိ အာဂတော။ ယောနိသော
တိတ္ထံသန္တာယ၊စရေယျ ပဏ္ဍိတော တထာ။ ။

နဒ္ဒေဿပရိ၊ ဧရာဝတီ နာမည်တွင်သ အထက်မြစ်ညာ အစရှိ၊ သုဝုဋ္ဌတ္တာ၊ မိုးသည်းကြီးသီးစွာ မကြာမကြာ ဆက်ခါဆက်ခါ ရွာသည်၏ အဖြစ်ကြောင့်၊ မဟောဃေ၊ အဟုန်ဒီးဒီး မြစ်ကြီးရေယာဉ် များဖျင် ဖျင်သည်၊ သမာဂတေပိ၊ ပြင်းစွာဒလဟော တသောသောဖြင့် လတ် တလောခြင်း စီးဆင်း၍ လာသော်လည်း၊ နာဝိကော၊ ကြီးစွာမြစ် ကြောင်း၊ ရေအခေါင်းကို ကောင်းစွာ လိမ္မာသော လှေသူကြီးသည်၊ ဖိယာရိတ္တေဟိ၊ ကြိုးတက်ချက် ထိုးဝါးစုံတို့ဖြင့်၊ ယောနိသော၊ ဥာဏ် ချိန်ချင့်ပြီး အသင့်အားထုတ်လျက်။ ဥဇုကံ၊ နှစ်ဘက်ကမ်းကို ဘေးမဲ့ ဘေးတော တိုက်ခါမစောင်း ကောင်းမွန်ဖြောင့်စွာ၊ တိတ္ထံ၊ အလိုရှိရာမျှော် ကြည့်ခါဖြင့် မြို့ရွာနိဂုံး စခန်းဆုံးသို့။ သန္တာယ၊ ညည်ရော်အမူး လှေဦး တန်း၍။ ပါယာတိယထာ၊ ချက်ကုန်ဖွင့်လှပ် အမြန်ကပ်အောင် လှော် ခတ် သွားရောက်သကဲ့သို့၊ တထာ၊ ထိုနည်းတူစွာ ပုံပမာဖြင့်၊ နာနာ ကမ္မာနံ၊ ကံကောင်း, ကံဆိုး အမျိုးမျိုးတို့ကို၊ ကတတ္တာ၊ ပြုမိခဲ့ပြီဖြစ်

လေသောကြောင့်၊ ဣဋ္ဌာနိဋ္ဌေ ကောင်းဆိုး အရုံ ဣဋ္ဌာရုံ အနိဋ္ဌာရုံ နှစ်ပါးသည်။ အာဂတော၊ ဆိုက်ရောက်တွေ့ကြုံ အလုံးစုံဖြင့် အကုန်လာခြားသော်လည်း။ ပဏ္ဍိတော ကလျာဏ သူတော်စဉ်ဆို ထိုထိုသော ပညာရှိတို့သည်၊ ဖိယရိတ္တေဟိ တက်ရွှက်ဖုံ ထိုးဝါးစုံတို့နှင့် ပုံပမာတူသော ခန္ဓာငါးတန် သတိပဋ္ဌာန်သစ္စာ အာယတနဓာတ် ပဋိစ္စသမုပ္ပါဒ်တို့ဖြင့်။ ယောနိသော၊ ခြောက်ဖြာအာရုံ လုံးစုံတွေ့လှင် ဥာဏ်တွင် ချိန်ချင့် အသင့်အားထုတ်လျက်။ ဥဇုကံ၊ သဿတ ဥစ္ဆေဒ နှစ်တွေတရား ဘယ်ဘက်ကမျှ မသွားရအောင် ချိန်သားကျကျ။ ဖြောင့်မတ်စွာဖြင့်။ တိတ္တံ၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်ချမ်းသာ လိုရာဆိပ်ကမ်း ခေမာနန်းသို့။ သန္တာယ၊ အနုဗောဓ၊ ဥာဏအမှန်၊ ရည်သန်စိတ်မှန်း အာရုံတန်း၍။ စရေယျ၊ သစ္စာလေးတန် ဝေဘန်ပိုင်းခြား ထင်ရှားမျက်မှောက်ဓာတ်ဥာဏ်ပေါက်အောင် တယောက်စွမ်းအား ရှုကြည့်ခြား၍ မခြားယခုဘဝ လောကအခေါင် သောတာပန်အောင် ပြုကျင့်ထိုက်လှသတည်း။

ဦးစီးခေါင်းဆောင် လူကြီးကောင်းမှ နောင်လာ နောက်သားကောင်းခြင်း- ပြသော....

## ဓမ္မပဒ ပါဠိတော်

(၄၂) ဥက္ကဋ္ဌာ သုန္ဒရာယေဝ၊ သေသာပိ
အနုဝတ္တကာ၊ ဥက္ကဋ္ဌာနာနု ဝတ္တကာ။
တသ္မာပေတိဝ သုန္ဒရာ ဥဇုံ နေတ္တေ
ဂဓတယန္တိ၊ သဗ္ဗသေသာ ဂဝေါ ယထာ။

လောကေ၊ လောကသုံးဖြာ လူ့ဘုံရွာ၌။ ဥက္ကဋ္ဌာ၊ မှုဝန်စိုးပိုင် ချုပ်ခိုင်ကြီးမား ခေါင်းဆောင်သမားတို့သည်။ သုန္ဒရာယေဝ၊ လောကီလောကုတ် မဟုတ်စေရ၊ အဟုတ်ကောင်းကြမှသာလျှင်၊ သေသာပိ၊ နောက်လိုက်ငယ်သူ ကျင့်ကြံသူတို့သည်လည်း။ အနုဝတ္တကာ၊ ကြီးသူကိုပင် အတုသင်၍ အစဉ်လိုက်ကြလေကုန်၏။ ဥက္ကဋ္ဌာ မှုဝန်စိုးပိုင် ချုပ်ခိုင်ကြီးမား ခေါင်းဆောင်သမားတို့သည်၊ နသုန္ဒရာ၊ လောကီ

လောကုတ်မယုတ်စေရန် အမှန်မကောင်းကြသည်ရှိသော်။ အနုဝတ္တကာ
မကောင်းကိုပင် ငယ်သားမြင်က အစဉ်လိုက်ကြလေကုန်၏။ တသ္မာ၊
ထိုသို့ခေါင်းဆောင်ကိုပင် အတုသင်၍ အစဉ်ငယ်သား လိုက်တတ်ခြား
နှင့် မတရားဘေးမဲ့ ကရွဲ့ကစောင်း၊ သောင်းပြောင်းမညီ ဖြစ်တတ်
သည့်အကြောင့်၊ တေ၊ ထိုအစီးအချုပ် အကြီးလုပ်သူတို့သည်၊ အတိ၊
ငယ်သူ့ခတွက်၊ ကိုယ်တိုင်ဖက်ပြီး ဆထက်ဆောင်ရာ မကသာအောင်။
သုန္ဒရာ၊ ပစ္စုပ်သံသာ နှစ်ဖြာကျိုးရှိ သတိကြီးထား ဥာဏ်စဉ်းစား၍
များများကြီး ကောင်းလိုယ်ကြပါကုန်လော၊ ယယာ၊ နှိုင်းရာတန္တု၊
ပုံစံကိုပြုလိုက်လျှင်၊ နေ့တွေ၊ များစွာသောင်းသောင်း နှင်ကာမောင်း
သည့် နွားအပေါင်းတို့တွင် ခေါင်းစီး ခေါင်းဆောင် နွားလားကြီးတ
ကောင်သည်၊ ဥဇု၊ မနစောင်းမရွဲ့ ကဲ့ကဲ့ဖြောင့်ဖြောင့်၊ ဂဏာ၊ သွားနဲ့
သည်ရှိသော်၊ သဗ္ဗေသသာ၊ များစွာဥဿုံ လုံးစုံကြွင်းကျန်ကြကုန်သော၊
ဂဝေါ၊ နွားထီး နွားလှ နွားမ နွားငယ် နွားသိုး ရွယ်တို့သည်၊ ယန္တိ၊
တွင်တွင်နောက်က ဘေးမရွဘဲ လမ်းပြရှေ့သွား အားကိုးထား၍ မမှား
အောင်သာ ဖြောင့်မတ်တည့်စွာ လိုက်ကြလေကုန်သတည်း။

———○———

လူ့ဗိုက်များ၌ သမုဒ္ဒရာလောက်မျှ ဥစ္စာပစ္စည်း ရှိပါသော်လည်း
မည်သူတစုံတယောက်မှ မှီခိုအားထားစရာမရှိ၊ ပညာရှိ လူလိမ္မာတို့၌
စမ်းချောင်းကလေးလောက် ဥစ္စာ ပစ္စည်း အနည်းအငယ် ရှိစေကာမူ
များသူငါတို့ မှီခိုဆည်းကပ်၍ မကုန်နိုင်ကြောင်းပြသော။

(ဓမ္မပဒ-ပါဠိတော်)

(၄၃) ဒဗ္ဗမပ္ပံပိ သာဓူနံ၊ ဇလံကူပေဝ
နိဿယော၊ ဗဟုကမ္ပိ အသာဓူနံ၊
နဒပါရိဝ အဏ္ဏဝေ။

သာဓူနံ၊ လောကုတ် လောကီ နှစ်ပါးအကျိုး တရားချိုတို့ကို ပွားတိုး
ဖျော်မှုန်း ပညာရှင်ဖြစ်ခေါင်း သူတော်ကောင်းတို့၏။ အပ္ပံ လောက

သုံးဖြာ သတ္တဝါပုံယဉ် ခုံမင်မွန်မြတ် နှစ်သက်အပ်သော ရတနာ ဥစ္စာသည်၊ အပ္ပံပိ၊ သူဋ္ဌေးနည်းလို မကြီးမကျယ် သေးငယ်ကလေးမျှ ရှိလေကလည်း။ ကူပေ၊ တောင်ထိပ်တွေချာ ပေါ်မှာမယွင်း စမ်းရေတွင်း၌ မိုပင်းဥသုံ လုံးစုံသုံးစား မကုန်ပြားသည့်၊ ဇလံဝ၊ မကုန်မခမ်း ပြည့်ကာလျှမ်း၍ စိမ့်ဝမ်းရေယဉ်ပမာသွင်သို့။ နိဿယော၊ သူသူငါငါ သတ္တဝါတို့ မှီရာခိုရာ ကောင်းစွာအစစ် ဖြစ်ကြီးဖြစ်ကြ ပကုန်၏။ အသာခုန်၊ လောကုတ်လောကီ နှစ်လီအကျိုး တရားမျိုးတို့ကို ပွားတိုးမျှော်မြင် ပညာရှင်မဟုတ် လွန်ကပ်ကုတ်သည့် သူယုတ်မာအပေါင်းတို့၏။ ဒဗ္ဗံ၊ မလောကသုံးဖြာ သတ္တဝါပုံယဉ် ခုံမင်မွန်မြတ် နှစ်သက်အပ်သော ရတနာဥစ္စာသည်။ ဗဟုကမ္ပိ၊ ကုဋေကုဋာ ရေတွာမရ၊ အနန္တအလား အပုံကြီး များကြပါသော်လည်း။ အဏ္ဏဝေ၊ ကျယ်ဝန်းလှစွာ သမုဒ္ဒရာပင်လယ် ရေပြင်ကျယ်သော အဏ္ဏဝါကြီး၌၊ ပါနိဝ၊ ဘယ်သူမသုံး လုံးလုံးပစ်ထား ဆားငန်ရေ ပုံအလားကဲ့သို့၊ နစနိဿယော၊ အဘယ်မှာလျှင် သူသူငါငါ များစွာခယ သတ္တဝါဟူသမျှတို့သည် အသပြာတပဲလောက်မျှ မှီခိုစရာ အားထားစရာ မှိပါယောဘုံ့နည်း။

ဝိပဿနာ ဉာဏ်ပညာ နှင့် ပြည့်စုံ၍ ရုပ်နာမ် ပရမတ်ဓာတ်တို့၏ သဘောကို ခွဲခြမ်းဝေဘန် နိုင်သော သူသည်။ စူဠသောတာပန် ဖြစ်ကြောင်း၊ အပါယ်ဘေးအတွက် ပူပန်စရာမရှိကြောင်း၊ မြတ်ဘုရား သာသနာမှာ အမြစ်စိုက်မိကြောင်း၊ ခိုင်မြဲသော ဂတိ အလား ရှိကြောင်းပြသော....

(အဋ္ဌကထာ)

(၄၄) ဣမိနာပဉ္စဓာဉာဏေန၊ သမန္နာ ဂတော
ဝိပဿကော ဗုဒ္ဓသာသနေ၊ လဒ္ဓ
ဿာသော၊ လဒ္ဓပတိဋ္ဌော။ နိယတ
ဂတိကော စူဠသောတာပန္နော နာမ
ဟောတိ။

ဣမိနာပနဥာဏေန၊ဤဝိပဿနာ ဉာဏ်ပညာနှင့်။သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ရုပ်,နာမ်,ပရမတ် မါတ်တို့သဘော တွေး တောဝေဘန် ဝိပဿနာဉာဏ်ရှိသောသူသည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာ ဗုဒ္ဓ ဟောကြားမိန့်မြွက်၊ ထားခဲ့ပေသော သာသနာတော်မြတ်ကြီး၌၊ လဒ္ဓသာတော၊ အပါယ်ကျရန် ပူပန်ခြင်းအတွက်၊ သက်သာရာကို ရ အပ်သည်ဖြစ်၍၊ လဒ္ဓပတိဋ္ဌာ၊ သံသရာမှာ ဆောက်ရာ,တည်ရာ,မှီရာ, တွယ်ရာ, ဘယ်ခါမပြတ် ရအပ်သည်ဖြစ်၍၊ နိယတ–ဂတိကော၊ သေ လျှင်အမှန် ခြောက်တန်နတ်ရွာ လားရာမလွဲ ခိုင်မြဲသော ဂတိရှိသော။ စူဠသောတာပန္နောနာမ၊ သောတာပန်တွင် သူပင်အငယ် တကယ် ခေါ်ဆိုရခြင်းသည်၊ ဟောတိ ပုထုဇာန်နှင့် နှိုင်းရန်မတူ ဇမ္ဗူတလွှား ပြိုင်စံရှားအောင်၊ ကျော်ကြား၍သာ ထင်ပေါ်၍သာ ဖြစ်ပါပေကုန် သတည်း....။

## ပညတ်အားဖြင့် မှားယွင်း၍ သဍ္ဍဝါခေါ်ပုံ ဓမ္မပဒ ပါဠိတော်

(၄၅) အနိစ္စေဒုက္ခေ နဇာတော။ ပစ္စုပ္ပန္နေနဇီဝတိ။
စိတ္တ ဘင်္ဂါ မတော လောကော။ ပညတ္တိ
ပရမတ္ထိယာ။

အနိစ္စေဒုက္ခေ၊ မျက်မှောက်စင်စစ် ဖြစ်ဆဲပျက်ဆဲ မဟုတ်သော အ ဟိဟ်, အနာဂါတ်ဘဝတို့၌၊ ဝါ၊ ရှေ့ဘဝ, နောက်ဘဝ၊ အတိတ်, အနာဂါတ်-စသော စိတ်တို့ကို၊ နဇာတော၊ သတ္တဝါအစစ် ဧကန်ဖြစ် သည်ဟု စင်စစ်မခေါ်ပေ၊ မသမုတ်ကြလေကုန်။ ပစ္စုပ္ပန္နေ၊ မျက် မှောက်ဘဝ၌ တွေ့ကြမြင်ကြ ဖြစ်ဆဲပျက်ဆဲ ခဏတို့၌သာလျှင်၊ ဇီဝတိ၊ အသက်ရှင်၍ အမြင်နှင့်သာ သတ္တဝါဟု ခေါ်ပေါ်ခြင်း ပြုကြလေကုန် ၏၊ စိတ္တဘင်္ဂါ၊ စိတ်ခါတ်တွေပေါ ကုန္ဒေကုန်ဒ ရေကာမရ၊ အနန္တချုပ် ပျောက်ခြင်းကြောင့်၊ လောကော၊ သတ္တဝါယောင် ဟန်ပင်ဆောင်ကြ ဖြစ်ချက်နှစ်ဝ ဤလောကသည်၊မတော၊ ကြိမ်ဖန်ထပ်ထပ် မလပ်မသွေ

ကေန်မှသျှ သောကြလေကုန်၏၊ ဝေံသန္တပိ၊ ဤသို့မသေ့ စိတ်ဓါတ်တွေ ဟာ များစွာသေ၍ နေပါသော်လည်း၊ ပညာတို့၊ တည်ဆဲ–တည်ဆဲ စိတ် ကိုစွဲလျက် အမြဲအသက်ရှင်ကြ၏ဟု၊ သမုတိအများ၊ ပရမတ္ထအလား သတ္တဝါဆိုသော စကားသည်၊ ပရမတ္ထိယာ၊ မပျိမပျက် ဘဝအဆက် ဆက် မအက်မကွဲ၊ ပရမတ်နည်းကဲ့သို့၊ မြဲမြဲကြီးသာ ခိုင်ခိုင်ကြီးသာ ဖြစ်နေကြလေသတည်း....။

—— ၀ ——

## သတ္တဝါခေါ်ခြင်း၊ နာရဒဇာတ်ပါဠိတော်

(၄၆) သတ္တိမေ သဿတာကာယာ၊ အဆဇ္ဇာ
အဝီ ကောပိနော၊ တေဇော ပထဝီ
အာပေါ၊ ဝါယော သုခံ ဒုက္ခဥ္စိမေ၊
ဇီဝေစ သတ္တမေ ကာယော၊ ယေသံ
ဆေကာ နုပိဇ္ဇတိ။

သတ္တ၊ ခုနစ်ပါးအပြားရှိကုန်သော၊ ဣမေကာယာ၊ ဤခန္ဓာကိုယ်တို့ သည်၊ သဿတာ၊ မြဲသောအားဖြင့်၊ အဆဇ္ဇာ၊ မပြတ်ဖြစ်ကုန်၏။ အဝိကောပိနော၊ ပျက်စီးခြင်းလည်း မရှိကြလေကုန်။ ကတမေသတ္တ၊ အဘယ်ခုနစ်ပါးတို့နည်းဟူမူကား၊ တေဇောစ၊ မီးဓာတ်ရင်း၊ ပထဝီစ၊ မြေဓာတ်ရင်း၊ အာပေါစ၊ ရေဓာတ်ရင်း၊ ဝါယောစ၊ လေဓာတ်ရင်း၊ သုခဥ္စ၊ ချမ်းသာခြင်းရင်း၊ ဒုက္ခဥ္စ၊ ဆင်းရဲခြင်းရင်း၊ သတ္တမေ၊ ခုနစ်ခု မြောက်သော၊ ဇီဝေစ၊ အသက်လိပ်ပြာရင်း၊ ဣမေကာယာ၊ ဤခုနစ် ပါးသော အပေါင်းအစု ကိုယ်တို့သည်။ ယေသံ၊ အကြင်ပုဂ္ဂိုလ် ထိုထို သတ္တဝါတို့အား၊ ဆေကာ၊ ပြတ်၍သွားခြင်းသည်။ နုပိဇ္ဇတိ၊ မရှိကြ လေတော့ပြီ။ ဣတိ၊ ဤသို့၊ သဿတဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန်အားဖြင့် မှားကြ၍သာ သတ္တဝါ သတ္တဝါ ခေါ်ခေါ် ခြင်းပေတည်း။

ခန္ဓာရုပ်နာမ် ပရမတ်ဉာဏ် ပေတန်ပိုင်းခြား၍ သိသောသူသည်၊ မိမိနှင့် အသိတူသော သူကိုရင်း၊ မိမိထက်လျော့ကျ မသိသူကိုလည်း သိနိုင်၏။

ပရမတ်ဉာဏ် ဘောန်၍ မသိသော သူသည်၊ မိမိနှင့် တန်းတူကိုမျှ မသိနိုင်ကြောင်း။

(ဓမ္မပဒ–ပါဠိတော်)

(၄၇) ပဿတိပဿော ပဿန္တံ၊ အပဿန္တဉ္စ
ပဿတိ၊ အပဿန္တော အပဿန္တံ။
ပဿန္တဉ္စ နပဿတိ။

ပဿော၊ အရိယာလမ်းစဉ် ကျင့်လမ်းစွင်ကို ထင်ထင်ရှားရှား သိကြားနားလည်သော သူသည်။ ပဿန္တဉ္စ၊ မိမိနှင့်အတူ ထပ်တူထပ်မျှ၊ သိမြင်ကြသောသူကိုလည်း ပဿတိ၊ ဉာဏ်မှာကပ်၍ ဆုံးဖြတ်ပိုင်းခြား ထင်ရှားသိမြင်နိုင်လေ၏။ အပဿန္တဉ္စ၊ အရိယာလမ်းစဉ်၊ ကျင့်လမ်းစွင်ကို မမြင်မသိသော သူကိုလည်း ပဿတိ၊ ဉာဏ်မှာကပ်၍ ဆုံးဖြတ်ပိုင်းခြား ထင်ရှားသိမြင်နိုင်လေ၏။ အပဿန္တော၊ အရိယာလမ်းစဉ် ကျင့်လမ်းစွင်ကို မမြင်မသိသောသူသည်၊ အပဿန္တဉ္စ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တရားမြတ်ကို တတ်အပ်ထင်ထင် မသိမြင်သော–သူကိုရင်း၊ ပဿန္တဉ္စ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တရားမြတ်ကို တတ်အပ်ထင်ထင် သိမြင်သော သူကိုရင်း။ နပဿတိ၊ ဉာဏ်မျက်စိမပါ၊ သူမလိမ္မာ၍ ကမ္ဘာအနန္တ ဆုံးတိုင်ကြအောင် ကျကျနန သိနိုင်စရာ မြင်နိုင်စရာ ရှိပါတော့အံ့နည်း။

ရုပ်နာမ်ခန္ဓာ၊ ခေတ်သစ္စာတို့၌ ကျွမ်းကြေလိမ္မာသော ပညာရှိတို့သည်။ ပုထုဇဉ်နှင့် အန္ဓတို့ မသိနိုင်သော သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား၍ သိနိုင်ခြင်း။

(ဓမ္မပဒ–ပါဠိတော်)

(၄၈) သုဒုဒ္ဒသံပိ ပဿန္တိ၊ ပဏ္ဍိတာ၊
ဓမ္မ ကောဝိဒါ၊ သုဒုဒ္ဒသံ ဝိပိ။
ဗုဒ္ဓါနံ ဝိညုနာ အတ္ထကောဝိဒါ။

ဓမ္မကောဝိဒါ၊ ခန္ဓာရုပ်နာမ် သတိပဋ္ဌာန်သစ္စာ။ အာယတန ပဋိစ္စ၊ ပရမတ္ထဉာဏ်၊ ဝေဘန်ပိုင်းခြား သိကြားနားလည်သော။ ပဏ္ဍိတာ၊ ရှေ့နောက်ဆင်ခြင် မျှော်မြင်လိမ္မာ ပညာရှိအပေါင်းသည်။ သုဒ္ဓ သံပိ၊သူသူငါငါ သတ္တဝါတို့ လွန်စွာသိနိုင် မြင်နိုင်ခဲလှသော မဂ်ဖိုလ် နိဗ္ဗာန် သုံးတန်မခြား မြတ်တရားကိုလည်း။ ပဿန္တိ၊ မုချတိုင်တိုင် ပိုင်ပိုင်နိုင်နိုင် သိနိုင်မြင်နိုင်ကြကုန်၏။ အတ္တကောဝိဒါ၊ရုပ်နာမ်ခန္ဓာ သစ္စာနှင့် ဓာတ် ပရမတ်တရားတို့ဝယ် အနက်အဓိပ္ပါယ်၊ အသွယ်သွယ်ဖြင့် အကျယ်ကို သိမြင်သော။ ဝိညူနာ၊ ကျိုးကြောင်းနှစ်ဖြာ လိမ္မာမြင်သိ ပညာရှိသူ ရှင်လူရဟန်းတို့သည်။ သုဒုဗ္ဗောခံပိ၊ ပုထုဇဉ်အန္ဓ မသိမမြင်နိုင်ကြကုန်သော တရားကိုလည်း။ ဝုဋ္ဌန္တိ၊ သစ္စာလေးအင် ထင်ထင်ရှားရှား လက်တွင်ပတ္တမြား တင်ကာထားသို့ တရားမှန်သမျှ ပိုင်းခြား၍ သာ ဝေဘန်၍သာ သိကြားနားလည်ကြသတည်း။

ရုပ်နာမ် ပရမတ် ဓာတ်ပေါက်သော–သူတို့သည်၊ လရောင်နေရောင် အနိုက်မှောင်မှ တလင်းထဲ- လင်း၍ နေသကဲ့သို့ရှင်း၊ ဉာဏ်မျက်စိ အောက် အနိစ္စဓာတ်ပေါက်နိုင်ခြင်းရှင်း, ပြသော။

## သုတ္တနိပါတ်

(၄၉) သတဉ္ဉု ဝိဝဋ္ဋံ ဟောတိ၊ အာလော

ကော ပဿတံမိဝ၊ သန္တိကေနံ။

ဝိဇာနန္တိ၊ မဂ္ဂါမဂ္ဂဿ ကောဝိဒါ၊

ပဿတံ၊ ဗောဓိမဂ်ဉာဏ် ဝေဘန်ပိုင်းခြား ထင်ရှားပိုင်သ မြင်စွမ်းနိုင်ကြသော။သတဉ္ဉု၊အရိယာနွယ်ဝင် သူတော်စဉ်ဆို ထိုပုဂ္ဂိုလ်မှုကား။ အာလောခကာဗ္ဗဝ၊ လရောင် နေရောင် ခြည်သည်းတောင်ဖြင့် ပြောင်တဝင်းဝင်း မိုက်မှောင်ကင်းသကဲ့သို့။ ဝိဝဋ္ဋံ၊ ပွင့်လင်းစီပင် ထင်ထင်ရှားရှားသည်။ ဟောတိ၊ မုချကေန် အမှန်စင်စစ် ဖြစ်လေ တော့၏။ မဂ္ဂါမဂ္ဂဿ၊အကြောင်းအကျိုး ဆိုးကောင်းယုတ်မြတ် ဟုတ်အပ် မဟုတ်

အပ်တို့၌။ တောဝိဒါ၊ အမြော်အမြင် ဉာဏ်သမ္မာဒိဋ္ဌိနှင့် အစဉ်ပြည့်စုံကြကုန်သော ပုဂ္ဂိုလ်တို့သည်။ နံ၊ ယို ကျိုးကြောင်းနှစ်ဝ၊ ဖြစ်ပျက်ကြသည့်၊ အနိစ္စခေတ် ပရမတ်ကို။ သန္တိကေ၊ မြင်ကြားရှိက ဉာဏ်မျက်စိအောက် အနီးရောက်၍။ ဝိဇာနန္တိ၊ ဘုံသုံးဆိုင်မှာ ပိုင်ပိုင်နိုင်နိုင် ခေတ်ဆိုင်ခေတ်ခဲ သဘောခဲကို မလွဲကြေနိ် အပြဲအမှန် သိမြင်ကြလေသတည်း။

မိမိခန္ဓာကိုယ်ကို ရေမြှုပ်-ရေပွက်တွေ ချုပ်ပျောက် သကဲ့သို့ တွေ့မြင်အောင် ရှုကြည့်နိုင်က သေမင်းရှာ၍ မတွေ့နိုင်ကြောင်း။

(ဓမ္မပဒ-ပါဠိတော်)

(၅၀) ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ
ပဿေ မရီစိကံ၊ ဧဝံ လောကံ
အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။

ပုဗ္ဗုဠကံ၊ မိုးသီးပွား-မိုးသီးပေါက် တဖျောက်ဖျောက်ဖြင့် ကျရောက်ဖြစ်ပျက်၊ ရေပွက်ကလေးတွေကို။ ပဿေယထာ၊ ဒိဋ္ဌထင်ထင် ဉာဏ်အစဉ်မှာ တွေ့မြင်ရသကဲ့သို့ရင်း။ မရီစိကံ၊ ကွင်းပြင်လွင်ပြင် အိမ်မိုးမြင်ထိပ် တရိပ်ရိပ် တလျှပ်လျှပ် တဖြတ်ဖြတ်ချုပ်ဆုံး ကွယ်ပျောက်၍သွားသော တံလျှပ်တွေကို၊ ပဿေယထာ၊ ဒိဋ္ဌထင်ထင်ဉာဏ်အစဉ်မှာ တွေ့မြင်ရသကဲ့သို့ရင်း။ ဧဝံတထာ၊ ဤရေပွက် တံလျှပ် ပမာကပ်၍ ထပ်တူ ထပ်မျှသလျှင်။ လောကံ၊ သတ္တဝါဖို-မ ခေါ်ဆိုကြသည့် ငါးဝခန္ဓာ ခေတ်သစ္စာကို။ အဝေက္ခန္တံ၊ ဖြစ်ပျက်မစဲ တသဲသဲနှင့် ပြောင်းလဲချုပ်မှု စေ့ငုသေချာ ရှုနိုင်ပါသော အာဇာနည်ဟူ၊ ထိုမျှသူကို မစ္စုရာဇာ သုံးဆယ့်တနိုင်ငံ ပိုင်စံပိုးနင်း အာဏာပြင်းလှသော ရှင်သေမင်းသည်။ နပဿတိ၊ သတ်ဘို့သတ်ရန် လိုက်လံရှာတွေ့ ထွေထွေဆန်းပြား ကြံစည်ကြားသည်း၊ နှစ်ပါးနာမ်ရုပ် ဖြစ်ပျက်ချုပ်၍ အဟုတ်မှန်စွာ ခေတ်ပမာဖို့ ဘာညာကယ်သင်း ရှာတွေ့လျှင်းသော် လက်ငင်းပါမှု တွေ့နိုင်စရာ မြင်နိုင်စရာ ရှိပါတော့အံ့နည်း။

ကျောက်တောင်ကြီးကို လေတိုက်၍ မယိမ်းမယိုင် သကဲ့သို့ ပညာရှိများ ကဲ့ရဲ့ချီးမွမ်းခြင်းတို့၌ မတုန်မလှုပ်ကြောင်း။

(ဓမ္မပဒ ပါဠိတော်)

(၅၁) သေလော ယထာ ဧကဃ္ဃနော၊ ဝါတေန
န သမီရတိ၊ ဧဝံ နိန္ဒာ ပသံသာသု၊ န သ
မိဉ္ဇန္တိ ပဏ္ဍိတာ၊ ။

ဧကဃ္ဃနော၊ မပျိုမပျက် တခဲနက်ကျည်း ခိုင်မာပြီးသော၊ သေလော၊ မြင့်သွားအံ့ချီး၊ မိုးဆီးပါးနီးသည့် ကျောက်တောင်ကြီးသည်။ ဝါတေန၊ လေပြင်းမုန်တိုင်း ရပ်မဆိုင်းဘဲ ဝိုင်းအုံ၍ တိုက်ခတ်သဖြင့်၊ န သမီရတိ ယထာ၊ ယိမ်းယိုင်လှုပ်ရှား ညွတ်တွားကိုင်းရှိုင်းခြင်း မရှိသကဲ့သို့၊ ဧဝံ တထာ၊ ထိုနည်းတူစွာ ကျောက်တောင်ကြီးဥပမာ ကဲ့သို့သာလျှင်၊ လောကေ၊ လူနတ်ဗြဟ္မာ၊ သတ္တဝါဖို-မ ခေါ်ဆိုကြသည့်၊ လောကကြီး၌၊ နိန္ဒာပသံသာသု၊ ကဲ့ရဲ့ချီးမွမ်း နှစ်လမ်းနှစ်ဘက် တွေ့လျက်ခါခါ ရှိတုံပါလည်း။ ပဏ္ဍိတာ၊ ရုပ်နာမ်ခန္ဓာ လိမ္မာပေစွ ပညာရှိ ဟူသမျှတို့သည်၊ န သမိဉ္ဇန္တိ၊ အဘယ်မှာလျှင် တွေတွေလာလာ တာညာဘယ်သင်း စိတ်ကသွင်း၍ အလျှင်းပါမျှ ယိမ်းယိုင်စရာ တုန်လှုပ်စရာ ရှိပါတော့ အံ့နည်း။

ဘုရား ရဟန္တာ ဆရာသမားတို့သည် လမ်းညွှန်-လမ်းပြသာ တတ်နိုင်သည်။ မိမိကိစ္စကို မိမိပြုလုပ်မှ ပြီးစီးကြောင်း ပြသော။

(ပါဠိတော်)

(၅၂) တုမှေဟိ ကိစ္စံ အာတပ္ပံ၊ အက္ခာတာရော
တထာဂတာ ပဋိပန္နာ ပမောက္ခန္တိ၊
ဈာယိနော၊ မာရဗန္ဓနာ ။

ဘိက္ခုဝေ၊ တမင်္ဂ တဖိုလ်၊ ရလိုရကြောင်း ဆုမွန်တောင်းကြသည့် ဒိုး–ချစ်သား ချစ်သမီးအပေါင်းတို့၊ တထာဂတာ၊ အမျိုးမျိုးရာ၊ ဗုရား ရဟန္တာ ဆရာသမားတို့မည်သည်ကား၊ အက္ခာတရော ကောင်းစွာကျွန လမ်းညွှန်ပြ၍ ဟောကြားရုံမျှသာ တတ်နိုင်ကြကုန်၏။ ကိစ္စံ၊ မဂ်ဖိုလ် နိဗ္ဗာန် ရရန်တသွယ် ပြုဘွယ်ဟူသမျှ မိမိကိစ္စကိုမူကား၊ တုမှေဟိ၊ သင် ချစ်သား ချစ်သမီး တပည့်ကြီး တပည့်ငယ်တို့သည် သာလျှင်။ အာတပ္ပံ၊ ဝီရိယထား လွန်ကြိုးစား၍ ပွားများ အားထုတ်အပ်ကုန်၏။ ဈာယိနော၊ ဝိပဿနာ ကမ္မဋ္ဌာန်း ကြိုးပန်းသင်ကြား ဝင်စားကြည့်ရှုကြကုန်လျက်။ ပဋိပတ္တိ၊ ရုပ်ခုတ်၊ နာမ်ခုတ်၊ ပဋိစ္စခုတ်၊ ပရမတ်ပေါက် အထ မြောက်အောင် တယောက်စွမ်းအား ရှုစား ကျင့်ကြံ နိုင်သော သူတို့။ မာရဗန္ဓနာ၊ ဝိဋ္ဌတာဏှာ သုံးဖြာမာရ်မင်း နှောင်ဖွဲ့ခြင်းမှ။ ပါး သံသရာ နှောင်အိမ် ပုရှိန်လောင်ပြင်း ဆင်းရဲခြင်းဒုက္ခ အပေါင်းမှ။ ပမောက္ခန္တိ၊ ကွင်းလုံးကျွတ်လှုက် ဝဋ်မြစ်နှစ်ဖြာ ပြတ်ကွာပယ်ရှင်း လောကတွင်းမှ ခုက်ခြင်း ထုတ်ချောက် တောလျှင်စွာ တဘဝမကြာ လွတ်မြောက်လေ တော့သတည်း။

―― ပ ――

## သစ္စာလေးပါးနှင့်-ဒိဋ္ဌိဓါနည်း
## အင်္ဂုတ္တိုရ်–ပါဠိတော်

(၅၃) ဒုက္ခမေဝဟိ နော ဒုက္ခိ၊ ကာရိယာဝန ကာရကော၊
နိဗ္ဗုတိဝ နိဗ္ဗုတောနံ၊ မဂ္ဂေါဝ ဂမကောနိဝ။

ဤ၌၊ သာသနာဝါးတောင် ထွန်းပြောင်ထိန်လင်း ဤပါဗုရား သာ သနာအတွင်း၌။ ဒုက္ခမေဝ၊ ပရမတ္ထသဘာဝ ပုချမလွဲ ဆင်းရဲသော ဒုက္ခသစ္စာသာလျှင်။ အတ္တိ၊ အမှန်မသေ ကောန်မှချ ပရမတ္ထအားဖြင့် ထင်ရှားရှိကြလေကုန်၏၊ ဒုက္ခိ၊ ဆင်းရဲသူကြောင်း၊ သားရေယှင်းလို ကိုယ် စိတ်ဆင်းရဲသော သတ္တဝါသည်။ နော၊ အတ္တိ၊ အမှန်မသေ ဥဿဏ်နှင့်မေ့ လျှင် ကောန်မှချ ပရမတ္ထအားဖြင့် ထင်ရှားမရှိကြလေကုန်၊ ကာရိယာဝ၊

ရုပ်နာမ်ဖြစ်ရန် စိမ့်ပြုဖြင့် သင်္ခါရဟူသော သမုဒယသစ္စာသာလျှင်၊ အတ္ထိ အမှန်မသွေ ဧကန်မုချ ပရမတ္ထအားဖြင့် ထင်ရှားရှိကြလေကုန်၏။ ကာရကော၊ ရုပ်နာမ်ဖြစ်ရန် စိမ့်ပြုဖြင့် ချဲ့ထွင်တတ်သော သတ္တဝါသည်။ နတ္ထိ၊ အမှန်မသွေ ဉာဏ်နှင့်မွေ့လျှင် ဧကန်မုချ ပရမတ္ထအားဖြင့် ထင်ရှားမရှိကြလေကုန်။ နိဗ္ဗုတိပ၊ ဒုက္ခသမုဒယ ငြိမ်းရာမှန်သော နိဗ္ဗာန် နိရောဓ သစ္စာသာလျှင်၊ အတ္ထိ၊ အမှန်မသွေ ဧကန်မုချ ပရမတ္ထအားဖြင့် ထင်ရှားရှိကြလေကုန်၏။ နိဗ္ဗုတော၊ ဒုက္ခခပ်သိမ်း အကုန်ငြိမ်း၍ ဇာတ်သိမ်းသော သတ္တဝါသည်၊ နအတ္ထိ၊ အမှန်မသွေ ဉာဏ်နှင့်မွေ့လျှင် ဧကန်မုချ ပရမတ္ထအားဖြင့် ထင်ရှားမရှိကြလေကုန်။ မဂ္ဂေါ၊ မဂ်ဖိုလ်နိဗ္ဗာန် ရရန်လမ်းကြောင်း တရားကောင်း မဂ္ဂသစ္စာသာလျှင်၊ အတ္ထိ၊ အမှန်မသွေ ဧကန်မုချ ပရမတ္ထအားဖြင့် ထင်ရှားရှိကြလေကုန်၏။ ဂမကော၊ နိဗ္ဗာန်လမ်းကို ဖြောင့်တန်းသေချာ ကောင်းစွာ သွားတတ်သော သတ္တဝါသည်။ နအတ္ထိ၊ ပရမတ္ထအလို ထိုထိုအရာ ဖွေရှာဖွင့်လှစ် ဉာဏ်နှင့်စစ်သော် အနှစ်မြှုပ် ရှာမရ၍ ဇီဝလိင်ပြာ သတ္တဝါခေါ်ဆို ပုဂ္ဂိုလ် ထင်ရှား ယောက်ျား၊ မိန်းမ၊ ငါကောင်၊ စသဖြင့် ပြနိုင်စရာပြောနိုင်စရာ ရှိပါတော့အံ့နည်း။

## အဓိပ္ပါယ်-သံနိဝ်

ဒုက္ခသစ္စာတရားသာ မှန်စွာဧကန်ရှိ၊ ဒုက္ခဖြစ်သူ သတ္တဝါဟူ ဘယ်သူသိတ်မရှိ။ ဖြစ်ပျက်မှန်စွ သမုဒယ မုချဧကန်ရှိ၊ သံသရာချဲ့သူ သတ္တဝါဟူ ဘယ်သူတိတ်မရှိ။ ဒုက္ခသမုဒယ ငြိမ်းရာမှန် နိဗ္ဗာန်ဧကန်ရှိ၊ နိဗ္ဗာန်ရောက်သူ များရှင်လူ ဘယ်သူတိတ်မရှိ။ နိဗ္ဗာန်လမ်းစဉ် ရှစ်မဂ္ဂင် ထင်ထင်ရှားရှားရှိ၊ မဂ္ဂင်ရှစ်ဖြာ ကျင့်ကြတာ သတ္တဝါတိတ်မရှိ။ ရှင်လူအများ ဤတရား စဉ်းစားကြလေဘိ၊ သဒ္ဓါလေးတန် ပရမတ်ဉာဏ် ပေဘန်ပိုင်းခြားကြည့်၊ ဒိဋ္ဌိသက္ကာ ဝိစိကာ ဘယ်ခါတိတ်မရှိ။ ပရမတ်ဉာဏ် အမြင်သန် သောတာပန်မှသိ၊ အန္ဓပါလ တွေးကြံဆ၊ မုချမှန်မသိ၊ သတ္တဝါအား ညာသနား ငါကားရေးလိုက်ဘိ၊ မဂ်ဖိုလ်နိဗ္ဗာန် တောင်းဆုပန် ဖန်ဖန်စဉ်းစားကြည့်၊ သောတာပန်ရှာ ဝိသာခါ၊ သစ္စာဤတိုင်းသိ၊ သစ္စာဉာဏ်ရောက် သတ္တဝါပျောက် မှတ်လောက်

ပါယ်ဒိဋ္ဌိ၊ ဒိဋ္ဌိအယူပယ်နိုင်မှု လေးဆူသစ္စာသိ။ သစ္စာကိုသိ ပရမတ်ထည့် ဖြစ်၏ သောတာပန်၊ သောတာပန်မှ ပါယ်ခကျ မုချမှတ်ဘို့ရန်၊ နိဗ္ဗာန် ရကြောင်း အမျိုးကောင်း ကျင့်ကြောင်းလမ်းအမှန်။

## ဝေဒနာ ရွှေ-ဝိနေ–ကမ္မဋ္ဌာန်းရှုပုံ

(၅၄) ရူပက္ခန္ဓာ, အမြဲမရှိ-အနိစ္စ၊ ဝေဒနက္ခန္ဓာ, အမြဲမရှိ-အနိစ္စ၊ သညာက္ခန္ဓာ, အမြဲမရှိ အနိစ္စ၊ သင်္ခါရက္ခန္ဓာ, အမြဲမရှိ အနိစ္စ၊ ဝိညာဏက္ခန္ဓာ, အမြဲမရှိ-အနိစ္စ၊ ပဉ္စက္ခန္ဓာ, အမြဲမရှိ အနိစ္စ၊ ရူပက္ခန္ဓာ ဆင်းရဲလှ၏၊ ဒုက္ခ။ ဝေဒနက္ခန္ဓာ ဆင်းရဲလှ၏၊ ဒုက္ခ။ သညာက္ခန္ဓာဆင်းရဲလှ၏၊ ဒုက္ခ၊ သင်္ခါရက္ခန္ဓာ ဆင်းရဲလှ၏၊ ဒုက္ခ။ ဝိညာဏက္ခန္ဓာ ဆင်းရဲလှ၏၊ ဒုက္ခ။ ပဉ္စက္ခန္ဓာ ဆင်းရဲလှ၏၊ ဒုက္ခ။ ရူပက္ခန္ဓာ အနတ္တ၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ-မဟုတ်။ ဝေဒနက္ခန္ဓာ အနတ္တ။ ပုဂ္ဂိုလ် သတ္တဝါ၊ ငါသူတပါး ယောကျ်ား မိန်းမ–မဟုတ်။ သညာက္ခန္ဓာ အနတ္တ၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမ–မဟုတ်။ သင်္ခါရက္ခန္ဓာ အနတ္တ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမ–မဟုတ်၊ ဝိညာဏက္ခန္ဓာ အနတ္တ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမ–မဟုတ်၊ ပဉ္စက္ခန္ဓာ အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား – မိန်းမ မဟုတ်။

## ကမ္မဋ္ဌာန်းပျို့

စေ့စေ့သေချာ၊ ဘွေကြည့်ပါလော၊ သင်္ချာများလှ၊ လူထိုမျိုး မနှဉ်မယုတ်၊ သုတ်သင်ရေချိုး၊ မွှေးမျိုးယုံကာ၊ နံ့သာထွေထွေ၊ ရွှေ, ငွေ, စိန်, ကျောက်၊ ထိန်တောက်ပုလဲ၊ ပိုးဖဲထိန်လျှပ်၊ သက္ကလပ်ရှပ်ထည်၊ ပါချည်သွယ်သွယ် ဆင်ယင်သွယ်ဖြင့်၊ တင့်တယ်မငြီး၊ ဆင်ယင်ပြီးသော် ကျော်လှော်ကြိုင်နံ့၊ ပြင်ပျံ့ရသာ၊ ကောင်းရာရာဖြင့်၊ စိတ်မှာမညှိုး၊ စားသောက်မျိုလျက်၊ အလိုအကြိုက်၊ လိုက်ခါပိုက်ခါ မွေးမြူပါလည်း၊ မနွာကိုယ်ရုပ်၊ အပုပ်ပမ်းမေါ်ငြီး ဟညာအောင်းကာ၊ မကောင်းရှိဘွယ်

မစင်ကြွယ်သည့်၊ တကယ်စင်စစ်၊ အပုပ်ဖြစ်၍၊ ယုတ်ညစ်ပေတော့မသေ
လည်းပုပ်၊ သေလည်းပုပ်နှင့်၊ စက်ဆုပ်အပ်စွာ၊ ရွံရှာယ်ရာဖြင့်၊ ကိုးဖြာ
မွှါရ၊ အမာဝမှ၊ နေ့ညစိုစို၊ စီးကျယိုသား၊ သူ့ကိုယ်သက်မျှ၊ ချစ်မဝတဲ
ဟုယာလုပ်ကျေး၊ လွန်မြတ်လေးလျက်၊ ကိုယ်သွေးဖေါက်ခါ၊ သောက်
စေပါလည်း မေတ္တာတုံ့ပယ်၊ ချစ်မလှယ်တဲ့၊ သူ့ဝယ်အထူး၊ အာရုံကူး
၍၊ ကျေးဇူးမကူ၊ တစိမ်းသူနှင့်၊ ကြည်ဖြူစိုက်စိုက်၊ ခေါ်ရာလိုက်သည်၊
ဆိုးမိုက်ညစ်စွာ၊ ပမာပုံထုတ်၊ မယားယုတ်နှင့်၊ မဟုတ်နိုင်းရာ သူငါ
လေးမြတ်၊ ပျိုပြင်ယဟ်လည်း မပြတ်သိုးပုပ်၊ ဒုက္ခသစွာ၊ ကိုယ်ခန္ဓာကား၊
သတ္တဝါပုဂ္ဂိုလ်၊ အလိုမလိုက်၊ အကြိုက်ဘယ်ခါ၊ သူမပါတဲ့၊ နာသည်တ
ခြား၊ ယားသည်တဖုံ၊ ထုံသည်တကြောင်း၊ ညောင်းသည်တသိုက်၊
ကိုက်သည်တအင်၊ ကျင်သည်တမျောင့်၊ အောင့်သည်တထူး၊ မူးသည်
တရေး၊ အေးသည်တမူ၊ ပူသည်ဘသွယ် အနန္တရာယ်ဟက်ထွေး ဘေးအ
တန်တန်၊ ရန်အဖုံဖုံ၊ မကုန်ပြောပြ ဒုက္ခဒြစ်ဆိုး၊ အပြစ်မျိုးကို ဇာတ်တိုး
သက်သက်၊ လက်ွချက်ဖြင့်၊ ငါဘက်သူ့လူ၊ ပိုင်ယူနိုင်းရှ ဖြစ်နေမှုကြောင့်၊
ပျိုကျိုးမထင်၊ ပြင်ကျိုးမပေး၊ မွေးကျိုးဆိတ်ဆိတ်၊ ဘယ်မနုပ်တဲ့၊ လေးရပ်
ကြောင်းဘိတ်၊ ကံ စိတ် ဥ ဟာ၊ ရာဇာတုရင်၊ သူအရှင်တို့၊ ပျိုပြင်ကုန်
ကြ၊ အာဟာပြလျှင်၊ ဘယ်ကနက်လူ၊ ဘယ်သူတန်တန်၊ ငြင်းဆန်ဘယ်
ခါ၊ မရပါတဲ့၊ တာသာတတ်တိုင်း၊ ဖြစ်ချင်တိုင်းသား၊ ရပ်ဆိုင်းမရ၊
ခဏမလစ်၊ လျှပ်စစ်တိမ်တောင်၊ မီးရောင်တမျှ၊ နေ့ညမဆိုင်၊ တညိတ်
ညိတ်ဖြင့်၊ မငြိတ်မစဲ၊ ပြောင်းလဲရုတ်ရုတ် အဟုင်ချုပ်၍၊ နေ့ရုပ်နေ့သာ
ညဉ့်မှာညဉ့်ပျောက်၊ မိုးသောက်နေဝင်၊ မပါချင်တည့်၊ ဤသခါရ၊
ကိုယ်ကစ၍၊ ပုပ်လှန်ညှီ၊ လောကီကျိုးဆက်၊ ရေပွက်ပမာ၊ တိုခန္ဓာ
သည်၊ အကာစင်စစ်၊ အနှစ်မှဲမျိုး၊ ကောင်းကျိုးယုတ်၊ အိပ်မက်အလား
အင်္ဂါးညှစ်စွာ၊ သူ့ဟာတမျှ၊ စိုးမရ၍၊ ခဏအနိုင်၊ မပိုင်ဝက်မွေး၊ အကျွေး
ဝါးယူ၊ ဝါသောသူနှင့်၊ နိုင်းယှူဆင်ခြင်၊ မိုးကောင်းတင်၍၊ ခုဆင်
ခုမြင်း၊ ကြည့်ရင်းလှူသွင်၊ မြင်ရင်းနွှားလွဲ၊ အနိုနိုဖြင့်၊ ပြောင်းလဲ
ရုတ်ရုတ်၊ မပဲချုပ်၍၊ အဟုတ်ကိုးရာ၊ ဘယ်ဟာတခု၊ မရမှုကြောင့်၊
သူ့ကိုတွယ်တာ၊ သာတာစုံမက်၊ မနှစ်သက်ကောင်း၊ မတောင်းအပ်စွ၊
မတာထိုက်ဆို၊ မလိုသင့်စွာ၊ ဤခန္ဓာဝယ်၊ နိစ္စသုခ၊ အတ္တသုဘာ၊ မှေ့ရှာ
စင်းစင်း၊ မရလျှင်းတည့်၊ ယက်ငင်းစိတ်တွင်၊ ထင်ကာမြင်ကာ မနိုင်

မာဘဲ၊ ချမ်းသာသုခ၊ မြူမှုမကပ်၊ သတ္တဝါပုဂ္ဂိုလ်၊ အလိုအကြိုက်၊ မလိုက်သည့်ပြင်၊ ခင်မင်တွယ်ရာ၊ မရှိပါ၍၊ ငါငါထင်ကာ၊ ငြူစူစွာဟု တဏှာဒိဋ္ဌိ၊ မျှောက်နဲ့မိလျက် ကပ်ငြိခင်တွယ်၊ မမင်ဘွယ်သည်၊ ပျက်လွယ်တိမ်ရှုပ် အကျူတည်း။

## မဃဒေဝ ဆရာတော်ဘုရား ဆုံးမတော်မူသော တရားတော်

(၅၅) ပုတ္တာမတ္ထိဓနာ မတ္ထိ ဣတိ ဗာလော၊
ဝိဟညတိ၊ အတ္တာပိ အတ္တနော နတ္ထိ၊
ကုတော ပုတ္တာ ကုတော ဓနံ။

ဣဓလောကေ၊ သူသူငါငါ သတ္တဝါတို့ ကျင်လည်ရှာရ၊ ဘုံဌာနဟု ပြောပြမပြီး ဤလောကကြီး၌ဗာလော၊ ရုပ်နာမ်ခန္ဓာ သစ္စာနှင့်ဓါတ် ပရမတ်ကို တတ်အပ်ထင်ထင် မကျွမ်းကျင် မလိမ္မာကြသော၊ သူမိုက်တို့သည်။ ပုတ္တာ၊ လင်နှင့်မယား သားနှင့်သမီး ဆွေကြီးမျိုးကြွယ်၊ သွယ်သွယ်ဝဝ၊ မြေးမြစ်-စသည်တို့သည်။ မေ၊ ငါ့အား၊ အတ္ထိ၊ခိုင်လုံမပျက် ဤတသက်မှာ၊ ဆက်လက်၍ အမြဲရှိပေ၏။ ဓနာ၊ ပေါများရွှေငွေ ဆန်ရေစပါး၊ ကျွဲ နွား ဆင် မြင်း ကျွန်သင်းပင်းတို့သည်။ မေ၊ ငါ့အား။ အတ္ထိ၊ ခိုင်လုံမပျက်၊ ဤတသက်တွင် ဆက်လက်၍ အမြဲရှိပေ၏။ ဣတိ၊ ဤသို့။ ဒိဋ္ဌိတဏှာ နှစ်ဖြာစွဲခင်၊ လူတွင်ပူးကပ် အမှတ်အသား အထင်မှားကြသောကြောင့်။ ဝိဟညတိ၊ ဆွေမျိုးစည်းစိမ် ဂုဏ်သိမ်မပျက် သားသမီးပျက်တာ အဖြာဖြာဖြင့် ပူဆာကြောင့်ကြ လွမ်းတ ငိုကြွေး မဒေ့ကွ စိုးရိမ်ကြလေကုန်၏။ ဘာသာ၊ ထိုသို့ ပရမတ်ရုပ်နာမ် မတတ်မြန်၍ လောကဝံတရား ငါ့သား ငါ့သမီး ပွါးစီးဥစ္စာ နှစ်သက်ခါဖြင့် မနေရှာပေကြ၊ လူ့ဗာလတို့အား။ အတ္တနော၊ မိမိ၏။ အတ္တာပိ အားကိုးအားထား မှတ်ထင်ငြားလည်း၊ ပျက်ပြားမရှိ ပကတိ အလျောက်၊ မဖေါက်မလွဲ အမြဲခန့်ခိုင် တည်တန့်နိုင်သော အဆိုင်အသ ငါငါ ငါငါ ဆိုသော အတ္တ

သဘောမှသော်လည်း၊ နုတ္တိ၊ ပရမတ်ဉာဏ် ဘေဝန်ပိုင်းခြား၊ ခေတ်ခွဲ၍ ထားလိုက်က ထင်ရှားမရှိကြလေပြီ။ ဂူထိ၊ ဤသို့၊ ခန္ဓာ ရုပ်နာမ် သတိပဋ္ဌာန်သစ္စာ အာယတန ခေတ် ပရမတ်ဉာဏ် ဝေဘန် ပိုင်းခြား ခေတ်ခွဲ၍ ထားလိုက်နိုင်က၊ ကုသေပုဗ္ဗာ၊ အဘယ်မှာလျှင် ငါ့လင် ငါ့မယား ငါ့သား၊ ငါ့သမီး၊ ငါ့မြေး၊ ငါ့မြစ် ဟူ၍၊ ကုပေါခန့်အတ္တ အဘယ်မှာလျှင် ငါ့စိန်၊ ငါ့ရွှေ၊ ငါ့ငွေ ငါ့လယ်၊ ငါ့ဝယ် ကျွဲနွား ငါ့စပါး ဟူ၍ ခေါ်ဆိုစရာ ပြောဆိုစရာ ရှိပါတော့အံ့နည်း။

## အဓိပ္ပါယ်–သံခိပ်

လောကတလွှား လူအများ မှတ်ထားရှိစဉ်လာ၊ ငါ့လင်၊ ငါ့သား၊ ငါ့မယား ထင်မှားသတ္တဝါ၊ ငါ့စိန်၊ ငါ့ရွှေ၊ ငါ့လယ်တွေ ထွေထွေများ ပြားစွာ၊ အန္ဓဗာလမှတ်ထင်ကြ မုချ ဤတိုင်းသာ၊ ခေတ်ဉာဏ်မျက်စိ မြင်အောင်ကြည့် ရှိမည်မဟုတ်ပါ။ ပိုင်းခြားဝေဘန် ပရမတ်ဉာဏ် တန်တန်ရှုစေရာ၊ ရုပ်ခေတ်နာမ်ခေတ် သမုပ္ပါဒ် တတ်အပ် ထင်မည်သာ။ ခေတ်ဆိုင် ခေတ်ခွဲ သဘောတဲ့ မလွဲတော့သည်သာ။ ခေတ်ဉာဏ်ပေါက် မှ ကလျာဏ မုချဖြစ်သည်သာ။ ခေတ်သာလျှင်ရှိ ငါမရှိ၊ ဒိဋ္ဌိပြတ်ကင်း ကွာ၊ ဒိဋ္ဌိသက္ကာ ကွာသူမှာ မှတ်ပါသောတာသာ၊ သောတာ ကလျာဏ ဖြစ်လေက မကျ အပါယ်ရွာ။ ကာမဂုဏ်တရား ခံစား၊ သွေပြား ထက်နုတ်ရွာ။ အကြာဆုံးပ ခုနစ်ဘဝ မြန်းကြနိဗ္ဗုတာ။ ထို့ကြောင့် ပင်လျှင် များလူရှင် ခေတ်ပင်ရှုစေရာ၊ နိဗ္ဗာန်လိုလား အမျိုးသား ကြိုးစားကြလေပါ။ ဓမ္မစေတီ အရှင်ထေရ်သခင် သွန်သင်ညွှန်ပြတာ၊

## ဓမ္မစေတီ ဆရာတော်ဘုရား ဆုံးမတော်မူသော တရားတော်

(၅၄) အနတ္တမေ ပဋိက္ကန္တာ၊ ကသာံ ဘူရိဝ

ရိတ္တကာ။ ကုဝေါဒုံဝ သာသာ။

သုညံ ပက္ခိပေတာလတာ။

ဤမေ ပဥ္စကွန္တာ၊ ဖေါက်ပြန်တတ်ရှာ၊ ရုပ်နာမ် ခန္ဓာနှင့် သာယာ ခံစား မှတ်သားစီမံ၊ သိကြောင်းကြံသော၊ ဤခန္ဓာငါးပါး ရုပ်နာမ် တရားစုတို့သည်။ အနတ္တာ၊ ကံ စိတ် ဥတု အာဟာရ လေးဖြာကြောင်းအင် စီရင် သမျှ ခံနေကြရသဖြင့် ခဏာဘဝဟုတ် ဖြစ်ချုပ်ကြိမ်ဖန် အတန်တန် ကြောင့် ကေန်မမြဲ သူ့ဘဲ့ငါဘဲ၊ အထင်လွဲစရာ ပုဂ္ဂိုလ်သတ္တဝါ ငါငါ ငါငါ ဆိုဟာဖြင့်။ မဟုတ်ကြလေတော့ပြီ၊ ကသိဏ်ဘုရိဝ၊ အတွင်းသို့ ပုပ်၊ အဟုတ်ဟန်ပန် မြင်ရုံမှာတင်၊ ပြူးရောင်ဝင်းလျှက် အချင်းမရှိ ပကတိအမှာ အကာလုံးလုံး အသုံးမပြု ခရုယောက်သွား ပုံအလားကဲ့သို့၊ ရှိတ္တကာ၊ ငါးခန္ဓာတွင် လက္ခဏာတင်၍ ဆင်ခြင်ပိုင်းခြား။ ဤကား– ဖေါက်ပြန် မှတ်ရန်ခံစား သိခြားကြံစည် ငါးလီခန္ဓာ စစ်လိုက်ပါသော် ဘာဘာညာညာ သာယာတို့မှ တခုမယှဉ် အစဉ်ဆိတ်ကင်း သဖြင့်။ အသုံးအဖျင်း တို့သာတည်း။ ဗုဒ္ဓနာဆာယာဓ၊ သွားဟန် လာဟန်၊ ပြုံးရယ်ဟန်ဖြင့် သဏ္ဌာန်တူစွာ မြင်ရပါခြား ခေတ်ကား ခေတ်ပုံ၊ လုံးစုံရုပ်ရှင် မှန်တွင်အရိပ် ပုံတံဆိပ်ကဲ့သို့၊ တုစွာ ငါယောင်သူယောင် ဟန်ဆောင်သည့်နှယ်၊ မြင်ကထယ်သည်း တကာယ်ဆပ်ဆပ် အတွင်း မာတ်၌ ပရမတ်ဉာဏ် ဝေဘန်ရှုက မြူမျှအနှစ် စင်ဝစ်မရှိ ပကတိသဘော ငှက်ပျောလက်ပံ ပုံသဏ္ဌာန်ကြောင့် ကေန်အချည်းအနှီးတို့သည် သာတည်း။ ပဏ္ဍုပထောယထာ၊ ကိုးဆယ့်ခြောက်မှန် ဘေးဒုက်ရန် များ တွေ့ကြုံခြားက အားထားအားကိုး ကတိုးကဝီ ရ မရှိဘဲ၊ အတိ အဇ္ဈတ္တ အာကာကောင်းကင် လွှင့်ပြင် ဒလဟာ ပုံပမာသို့။ သုည၊ လောကသုံးဖြာ သတ္တဝါ–ဗိုလ်–မ သတ္တချူလျှင် ဘာမျှလုံးလုံးမရှိသုဉ်း၍ ရုပ်တုံး၊ နာမ်တုံး သဘောတုံးကြောင့် ကန့်ဆုံးချုပ်မှာ ခေတ်ပဒါမို့ ငါကောင်အဟုတ် ရှာဖွေထုတ်သော်။ သန်းဥကျောင်းပမာနှ တွေ့နိုင် စရာ မြင်နိုင်စရာရှိပါတော့အံ့နည်း။

## အဓိပ္ပါယ်–သံခိပ်

ရုပ်နာမ် နှစ်ဖြာ ငါးခန္ဓာ မှန်စွာကေန်ရှိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါအတ္တာ ဘယ်ခါဟုတ်မရှိ။ ခရုယောက်သွား ပုံအလား မှတ်သားကြလေဘိ။ ငါးခန္ဓာတွင် လက္ခဏာတင် ဆင်ခြင်ပိုင်းခြားကြည်၊ ဘာဘာညာညာ

အဖြာဖြာ သာယာသိုမရှိ၊ ဖေါက်ပြန်တတ်ငြား ရုပ်တရား လေးပါး နာမ်သာရှိ၊ ဓါတ်ကားရုပ်ချင်း အရိပ်သွင် မှန်တွင်ပမာကြည့်၊ အသက်လိပ်ပြာ သတ္တဝါ ငါငါဘိတ်မရှိ၊ ငါယောင့် သူယောင် ဟန်ပင်ဆောင် လူ့ဘောင်ပလီဘိ၊ အတွင်းဓါတ်မှန် ပရမတ်ဉာဏ် ဝေဘန်ပိုင်းခြား ကြည့်၊ အနှစ်မြူမျှ ရှာခရ တုစ္ဆဖြစ်လေဘိ။ ကိုးဆယ့်ခြောက်မှန် ဘေး ဒုက္ခ တွေ့ပြန်လက်ခံဘိ၊ အားကိုးအားထား မှတ်ထင်ငြား အမှားမိစ္ဆာ ရှိ၊ ကောင်းကင်အဇ္ဈာ ဒလဟာ ပမာဖြစ်လေဘိ၊ လောကသုံးဖြာ သတ္တဝါ နှစ်ဖြာ ဖို-မ,ရှိ၊ သဏ္ဌုချလျှင် ဓါတ်သာပင် ဉာဏ်တွင်ထင် ရှားရှိ၊ ဓမ္မစေတီ ခရေကာစိ နယ်ပြည်သိလေဘိ။ ဒိဋ္ဌိသက္ကာ ပြတ်ကင်း ကွာ ငါငါဘိတ်မရှိ၊ ရုပ်ဓါတ် နာမ်ဓါတ် ပရမတ် ဆပ်ဆပ်ကေန်ရှိ။ ပြသည့်ကိုပင် ဉာဏ်မှာမြင် ပယ်ခွင်လွှတ်လေ၏၊ သိကြား-ဝိသာခါ ပုံပမာ သောတာပန်လေဘိ။ သောတာပန်လို များလူ့ဗိုလ် ဓါတ်ကို ပေါက်အောင်ကြည့်၊ ဓါတ်ကိုပေါက်က သက္ကာယ မုချကွာလေဘိ၊ လူ့ပြည်နတ်ရွာ စုံဆန်ကာ ချမ်းသာအတိတိ။ ကာမဂုဏ်ငါး ခံစံစား ပျက်ပြားဘိတ်မရှိ၊ မဂ်ဖိုလ်တရား ရလိုငြား ရှုစားကြလေဘိ။

## ဥတုဇရုပ် အကောင်ပုပ်ကြီး၌၊ ကံ,စိတ်,ဥတု, အာဟာရကြောင့် ဖြစ်ပေါ်၍လာရသော နာမ်ရုပ်နှစ်ပါးသိ၍ ဒိဋ္ဌိကွာ သောတာပန်ဖြစ်ခန်း

(၅၇) နာမရူပ မိဒံကာယော၊ ဥပ္ပါဒဝယဓမ္မိကံ၊
ဥပဇ္ဇိတွာ နိရုဇ္ဈတိ၊ အနိစ္စံ ဝ ခယဋ္ဌတော၊
ဒုက္ခံစေဝ ဘယဋ္ဌေန၊ အနတ္တာအသာရ
ကဋ္ဌတော။—

ကာယော၊ ပဋိသန္ဓေ စွဲနေအစ စုတိုင်ကျအောင်၊ ဥတုဇရုပ် အကောင်ပုပ်ကြီး၌၊ ဤနာမရုပ်၊ ဥပထမ္ဘက ပစ္စကွတွင် စိရင်-ဥဟာ လေးဖြာ-ကံ,စိတ်၊ ကြောင်းနိမိတ်ကြောင့် အရိပ်ရုပ်ချင် ဉာဏ်တွင် ထင်ငြား၊ ဤပရမတ္ထ ရုပ်နာမ်နှစ်ပါးတို့သည်၊ ဥပ္ပါဒဝယဓမ္မိနော၊

ကွန်းသည့်ဆီမီး စီးသည့်မြစ်ရေ၊ တွေတွေဆင်းလျက် ဖြစ်ပျက်ခြင်း သဘောရှိကြကုန်၏။ ဥပဇ္ဇိတွာ၊ မျက်၊ နား၊ နှာ၊ လျှာ ကိုယ်မနာနှင့် ခြောက်ဖြာအာရုံ ပေါင်းဆုံတွေ့မှ ဘာချက်ခြင်း ပေါ်လာလျှင်းမျှ၊ နိရုဒ္ဓံဝ၊ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် တမဟုတ်ဖြင့် ချုပ်ပျောက်သွားကြလေကုန်၏။ ခယဋ္ဌတော၊ ဖြစ်ချုပ် ဖြစ်ချုပ် ထိုနာမ်ရုပ်တို့ အဟုတ်ကုန်ခန်းတတ်သော အနက်သဘောကြောင့်။ အနိစ္စံဝ၊ ခိုင်မြဲ၏ ထင်စရာ ငါ ငါ ငါ ငါ ဆိုကြတာသည်။ ဘာကလေးတခုမျှ မရှိကြလေတော့ပြီ။ ဘယဋ္ဌေန၊ ဥတုဇရုပ် အကောင်ပုပ်မှာ၊ နာမ်ရုပ်ဖြစ်ပျက် ဝင်နှိပ်စက်၍၊ ကြောက်မက်ဘွယ်ကောင်းသော အနက်သဘောကြောင့်။ ဒုက္ခံစေဝ၊ ကိုယ်စိတ်နှစ်ဖြာ များစွာခဲ အမြဲဆင်းရဲလှလေ၏။ အသာရကဋ္ဌေတော၊ အနှစ်အမာ ခိုင်မြဲတာသည်၊ ဘယ်ခါဘယ်ဘဝ၊ ရှာမရသော အနက်သဘောကြောင့်။ အနတ္တာ၊ အဘယ်မှာလျှင် ပုဂ္ဂိုလ်၊ သတ္တဝါ ငါသူတပါး ယောကျ်ား၊ မိန်းမ၊ ဟူ၍ ဟုတ်နိုင်စရာ ဖြစ်နိုင်စရာ ရှိပါတော့အံ့နည်း။

## အဓိပ္ပါယ်-သံခိပ်

သန္တတည်း ရုပ်ကာယ မှုချရှိသည်သား။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ကြောင်းလေးဖြာ ဥပထမ္ဘက၊ ပစ္စယမှာ ကံကြောင့်သာ နှစ်ဖြာရုပ်နာမ်သာ။ စိတ္တဇဓါတ် လေဟုန်ခပ် မှတ်တော့ ရုပ်နာမ်သာ။ စားသမျှတွေ အာဟာရ ပေါ်လေရုပ်နာမ်သာ။ ရုပ်ကြီးပေါ်မှာ နာမ်ရုပ်သာ များစွာဖြစ်ပေါ်တာ။ ရုပ်ကြီးဖယ်ထား နာမ်ရုပ်အား များများမှုစေရာ။ အကြောင်းဆိုက်ခါ ဖြစ်ပေါ်လာ အာဂန္တုကပါ။ အာဂန္တုက ရုပ်နာမ်မှ မှချအနိစ္စာ။ ရှိရင်းရုပ်မှာ ဝိပဿနာ ဘယ်ခါမရှုရာ။ ၃၂-ကောဋ္ဌာ ရုပ်ကာယာ ဖယ်ကာထားလေပါ။ ပရမတ်ရုပ်နာမ် ဖြစ်ပျက်ပြန် ကံ၊ စိတ်၊ ဥတု၊ အဟာ။ သီးခြားနာမ်ရုပ် ဉာဏ်နှင့်ယှဉ် အဟုတ်ကြည့်လေပါ၊ ဖြစ်ပျက်နှစ်ဝ အနိစ္စ တုဿခဘား ဒုက္ခာ၊ အနှစ်အမာ ခိုင်မြဲတာ ဘယ်ခါမရပါ။ အလိုအလိုက် ကိုယ်အကြိုက် အပိုက်ရှုံးပါးသာ။ ထို့ကြောင့်ဝင်လျှင် ဉာဏ်အမြင် ဓါတ်ပင်ရှိသည်သာ။ ရုပ်ဓါတ်နာမ်ဓါတ် ပရမတ်တတ် အပ်တွေ့မှသာ၊ ဓါတ်သာလျှင်ရှိ ငါမရှိ ဒိဋ္ဌိပြုတ်ကင်းကွာ၊ ဒိဋ္ဌိသက္ကာပြုတ်ကင်းကွာ။ မှတ်ပါသောဟာသာ၊ သောတာပန်စစ် ရောက်

ပြန်လစ်၊ စင်စစ်အနတ္တာ၊ အနတ္တာရောက် အတ္တပျောက်၊ ဝါတ်ပေါက်
တော့သည်သာ။ ဝါတ်ပေါက်ပါမှ ပါယ်လေးဝ မုချလွတ်မည်သာ။ ဝါတ်
ကိုမရှု ထင်ရာပြု အမှုမငြိမ်းပါ၊ အိုနာသေရေး ဒုက္ခဘေး တွေးလော
ဉာဏ်နှင့်သာ။ လေးဆယ်သမထ မ်ာရမ မုချမှတ်လိုက်ပါ။ ဘုရားပွင့်မှ
သက္ကာယ သိကြတို့သူငါ၊ ဒိဋ္ဌိမရှိ၊ တကျော်ရှိ ဘယ်ခါမရပါ။ အနိစ္စ
ဒုက္ခ အသုဘ မှတ်ကြတကျော်ရှိ။ အနတ္တာ ဒိဋ္ဌိရှိ မြတ်စွာဟောပေမှာ။
ဘုရားပွင့်မှ အနတ္တ ဟောပြသွန်သင်တာ၊ ငါ့လင်၊ ငါ့သား၊ ငါ့မယား
မှတ်ထားတကျော်ငါ။ ငါသာလျှင်တတ် ငါသာမြတ် မှတ်ကြမာနငါ။
ပုဂ္ဂိုလ် သတ္တဝါ ထင်မြင်လာ မှတ်ပါဒိဋ္ဌိငါ။ သောတာပန်မှာ ဒိဋ္ဌိပါ
ပယ်ခါရှိသေးတာ၊ တကျော်မာန ငါနှစ်ဝ ပယ်ကရဟန္တာ။ သိမှုပယ်မှု
တရားစု ဟောပြုတို့မြတ်စွာ။ သမထလို အကျင့်ကို ဟောဆိုမမိန့်ပါ။
ပညာရှိများ ကြံစည်းစား ဉာဏ်အားထင်လေမှား၊ ဉာဏ်အားထင်ကြယူ
လိုက်က ဗုဒ္ဓဟောတာသာ။ ဟောတာဗုဒ္ဓ ဖြစ်လေက မကျအပါယ်ရွာ။
ကာမဂုဏ်ငါး ခံစားစား သေဖြွားထက်နုတ်ရွား၊ အပါယ်တင်းလို တောင်း
ဆုဆို ဝါတ်ကိုရှုစေရာ၊ နိဗ္ဗာန်လိုလား အမျိုးသား ကိုးစားကြလေပါ။

## သက္ကာယဒိဋ္ဌိ ပယ်ဘို့ရာ အရေးကြီးခြင်း
## ပါဠိတော်

(၅၇) သတ္တိယာဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ
မတ္ထကေ၊ သက္ကာယဒိဋ္ဌိ ပဟာ နာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။

သတ္တိယာ၊ အသွားထက်ချွန် လှန်လှန်မင်းမင်း ကြီးမားခြင်း ဖြစ်သော လှံဖြင့်၊ ဩမဋ္ဌောဝိယ၊ မြင်သူမစဲ အသဲဖိုလိုက် တုန်တုန်ရိုက်မဘတ် လန့်ဖြတ်ကြောက်ဘွယ် ရင်လယ်စိုက်သူ ထိုလူ အလားကဲ့သို့ရင်း၊ (ဝါ) လှံဘူးရာတွင် လျှင်လျှင်မြန်မြန် နုတ်ရန်ဆပေး အရေးလွန်စွာ ကြီးဘိသကဲ့သို့။ မတ္ထကေ၊ ကိုယ်ခန္ဓာတွင် အမြတ်ပင်ဟု မှတ်ထင်သိမ်းကြုံးလေသည့်၊ ဦးခေါင်းတခုလုံး၌၊ ဍယှမာနောဝ၊ မီးရှိန်ဖိုးရှူးမြင်သူ မူးမူ့ ဟူးဟူးပြောင်ပြောင် တောက်လောင်၍ နေသော သူကဲ့သို့ရင်း၊

ဝါ၊ ဟူးဟူးမြောင်မြောင် တောက်လောင်နေသူ ခုမှုချက်ခြင်း မီးငြိမ်းခြင်းကို အရေးကြီးသကဲ့သို့ရှင်း၊ သက္ကာယဒိဋ္ဌိပဟာနာယ၊ ငါးခန္ဓာကို ငါသူတပါး ယောကျ်ားမိန်းမ မှတ်ထင်ကြသည့်သက္ကာယခုန် တွန်းလှန် ပယ်ရှား ပျောက်ပြီးကေန် သောတာပန် ဖြစ်ကြစေခြင်းငှါ၊သဘော ရုပ်မှတ် နာမ်မှတ် ပရမတ်ကို တတ်အပ် သင်ကြား သတိတရားရှိကြသည်ဖြစ်၍ (ဝါ)မမေ့မလျော့ မပေါ့မတန် မြဲမြံသင်ကြား ဆင်ခြင်ခြင်း သတိတရား ရှိကြသည်ဖြစ်၍၊ ဘိက္ခဝေ၊ အပါယ်ကင်းလို ပေါင်းဆုဆိုပြား ချစ်သား အပေါင်း သူတော်ကောင်း ချစ်သမီးတို့သည်၊ ပရိဗ္ဗဇေ၊ ဝိပဿနာဉာဏ် ဝေဘန်ပိုင်းခြား ရုပ်နာမ်များကို ထင်ထင်ရှားရှား ရှုကြည့်ပြီး၍ စိတ်ထားပေါ့ဖျင်း မနေလျှင်းဘဲ လက်ငင်းမကြာ နာရီမိနစ် မလစ်ပလပ် ချားမပြတ်အောင် ပါဒ်ဗီဇနာ ကလေးမကျန်ရ ကြိုးစား၍သာ အားထုတ်၍သာ နေသင့်လှပေသတည်း။

## အဓိပ္ပါယ်ပျို့

လောကသုံး သတ္တဝါတို့ ငါငါထင်သမျှ သက္ကာယသည်၊ ကြီးစွတေားတည်း၊ အရေးကြီး၍ စောယီးမြတ်စွာ ပမာပုံပြု ရင်ဝလှံစုး မီးရှူး ဥဇသျောင် ဟုံးဟုံးလောင်ကို သေအောင်သဘ်ရ လှံမှ ကိုနှုပ် အရေးထုတ်ပြီး တမဟုတ်အမြန် ပြုကျင့်ရန်ကို တန်တန်သာပ ပမာပြုသို့ ဗိဝလိပ်ပြာ သတ္တဝါထင်ရှား ယောကျ်ား မိန်းမပေါကောင်မျှတို ပါယ်ကျသိုရာ နှစ်ဖြာရုပ်နာမ် ခန္ဓာငါးပါး မှတ်ကားဆယ်ရှစ် ဆယ်နှစ်အာယတန ပဋိစ္စသမုပ္ပါဒ်ဖြင့် တတ်အပ်သေချာ ကျွမ်းလိမ္မာက ငါငါယင်သမျှ သက္ကာယသည်။ ပျောက်ရစေကန် သောတာပန် ဟု သမုတ်ပြုရ၏။ သုံးလူ မြတ်စွာ ဟောပေရှာသည်၊ ငါးဖြာကာမဂုဏ် လုံးစုံခံစား၊ မျက်ပြားမရှိ ပုဂ္ဂိုလ်အပါယ် တကယ်လွတ်ရ နိဗ္ဗာန်နန်းကို မြန်းကြွလိုမှ များ ရှင်လူတို့ ကြည်ပြုသာယာ ခန္ဓာရုပ်နာမ် လေးတန်သစ္စာ အာယတနဓာတ် ပရမတ်ကို တတ်အပ်သေချာ သင်ကြားပါက မကြာလျှင်မြန် သောတာပန်ဆည့် အမှန်တုဌ် ပကားတည်း။

## အနိစ္စ, ဒုက္ခနှင့် အနတ္တတွဲပြီး ဒိဋ္ဌိခွါ
## ဝိပဿနာရှုနည်း ပါဠိတော်

(၇၉) နိစ္စာစေဟ နိစ္စစ္ဆေယျ နတ္တာစေယျ
သုခါကာ ဒုက္ခါယတိ၊ ဝသောဝတ္တေယျ
အတ္တာစေ အတ္တာဝေါ နတ္တနိယော။

သင်္ခါရာ၊ ခန္ဓာငါးတန် ရုပ်နာမ်နှစ်ပြား သင်္ခါရတရားများ ဟူသမျှတို့သည်၊ စေနိစ္စာ အကယ်မလျှ မြဲခိုင်မြဲကြော ကမ္ဘာလနေ၊ ပုံသေမလဲ မြဲကြသည်ဖြစ်ပါငြားအံ့။ နိစ္စဆွေသူကံ့ စိတ်ဥတု၊ အာ လေးဖြာကြောင်းအင် မစီရင် မပြုလုပ်ကြလျှင် လက်ငင်းကမဟုတ်၊ နာမ်ရုပ်ခပင်းတို့ ချက်ခြင်း မချုပ်ပျောက်ကြလေရာ၊ ထိုသို့ခါ၊ မျက်နှာ နှာ လျှာ ကိုယ် မနာနှင့် ခြောက်ဖြာအာရုံ တွေ့ဆုံပါမှ ဖြစ်ပေါ်ရသည့် သုခဝေဒနာ၊ ချမ်းသာစင်စစ် အကယ်ဖြစ်ပါငြားအံ့။ နိစ္စဆွေ ကံ့ စိတ် ဥတု အာ လေးဖြာကြောင်းအင် စီရင်လိုက်က ခဏချက်ခြင်း လက်ငင်းမကြာ ဖျားနာကိုက်ခဲ မူးလဲယုံညောင်း ဒုက္ခပေါင်းသည်။ ပြောင်းလဲထပ်ထပ် နေ့ညဥ့်ကပ်၍ ခရုပ်မစဲ မဆင်းရဲ–မနာကျင်ကြလေကုန်ရာ၊ မဇ္ဈိမာ၊ ကမ္ဘာသခင်၊ ကုန်ခါမကြာသည်း မသေမပျက် အသက်လိပ်ပြာ သတ္တဝါ, ပုဂ္ဂိုလ် ထိုသို့အရာ သူငါယောကျ်ား ထင်ရှား–မိန်းမ ကာကယ်ဘဲ ရှိကြသည်ဖြစ်ပါငြားအံ့။ ဝသောဝတ္တေယျ မိမိအလို တောင်းဆိုသမျှ ခနချက်ခြင်း ပြည့်စုံလျှင်း၍ လက်ငင်းမိုက်စိုက် ကိုယ့်အကြိုက်ကို သိုက်မြိုက်မသွေ လိုက်ကြပေရာ၏၊ ဘုရားသခင်၊ သံသရာမှာ ချမ်းသာလေစွ၊ ထင်ကုန်ကြသည့်၊ သုခသဘော သံသရာမှာ ဘယ်ခါမပျက် အသက်အလေး ဟာ ငြိ၏ဟု ထင်ကြသော အနိစ္စသဘော ပုဂ္ဂိုလ် သတ္တဝါ၊ ငါသူအပါး ယောကျ်ား–မိန်းမ မှတ်ထင်ကြသည်။ အတ္တ သဘော၊ ဤသုံးဘာသုံးဖြာ ခန္ဓာငါးတန် ရုပ်နာမ်ထဲမှာ တကယ်ဘဲ မရှိခြင်းကြောင့်၊ နတ္တနိယော အကယ်မှုတ်လျှင် ငါ့ဟာ–ငါ့ဟာ ငါ့ဥစ္စာ ဟု ခန္ဓာငါးစု၊ ခင်တွယ်မှုကို ပယ်ရှားအား ထုတ်ဆောင်ရွက်ယောက်မျှ ရှုကိုစရာ သာသနာစရာ ရှိပါတော့သည်။

## အဓိပ္ပါယ်ပျို့

ခန္ဓာငါးတန် ရုပ်နာမ်နှစ်ဖြာ သံသရာမှ တရားစုသည် မြေထုစကြာ ကမ္ဘာလနေ ပုံသေမလွဲ မြဲသည်မှာ ဖြစ်ပါကြမူ။ လေးပကြောင်း ဟိတ် ကံစိတ်ဥတုအာ စီရင်လာမှ သုမပြုကျင် ယခုအမြန် နာမ်ရုပ်ခင်း ချက်ခြင်းမချုပ် တမဟုတ်မြန်စွာ။ မပျောက်ရာတည့်၊ မျက်နှာနှင်းလှ ကိုယ်မနာနှင့် ခြောက်ဖြာအာရုံ ပေါင်းဆုံပါမှ ဖြစ်ပေါ်ရသည့် ဥခ တကာ ချမ်းသာစင်စစ် တကယ်ဖြစ်အံ့၊ လှစ်လှစ်မကြာ ဖျားနာကိုက်ခဲ ဆူးလဲတုံညောင်း ဒုက္ခပေါင်းသည်။ ပြောင်းလဲထပ်ထပ် နေ့ညဥ့်ကပ်၍ မရပ်မစဲ မဆင်းရဲမနာမကျင်ရာတည့်၊ ကမ္ဘာသခင် ကုန်ခါကြေလည်း မသေမပျက် အသက်လိပ်ဖြာ သတ္တဝါ ပုဂ္ဂိုလ် ယိုယိုအရာ၊ သူငါ ယောက်ျား ထင်ရှားမိန်းမ အကယ်ဖြစ်လည်း မှုချဘည့်တည့် အမှန်ရှိမူ မိမိအလို တောင်းဆိုသမျှ ခံယူချက်ခြင်း ဖြည့်စုံလျှင်း၍ လက်ငင်းစိုက် စိုက် ကိုယ့်အကြိုက်ကို သိက်မြိုက်မသွေ လိုက်ရာပေတည့် ငဲ့ဝေ့ဥာဏ် မှာ ဆင်ခြင်ပါသော် သံသရာမှာ ချမ်းသာလေစွ ထင်ကုန်ကြသည့် သုခသဘော သံသရာမှာ၊ တယ်ခါပျက် အသက်ကလေးတော ကမ္ဘာ တိုင်စွဲ မြဲထင်ရ နိစ္စသဘော ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး ယောက်ျား မိန်းမ မှတ်ထင်ကြသည့် အတ္တသဘော ဤသဘောသုံးဖြာ ခန္ဓာငါးတန် ရုပ်နာမ်ကဲ့မှာ တကယ်တဲ့မရှိ အမှန်သိမှု၊ ဝိဇ္ဇာသတ္တာ ဖြတ်ကင်းကွာသည်၊ သောတာပန်စင် ဖြစ်ကြောင်းတည်း။

### မျက်စိနှင့်မြင်မှုမှာ ခန္ဓာငါးခု ဖြစ်ပေါ်တာသိ၍ ဒိဋ္ဌိပယ်၊ ဝိဘင်း အဋ္ဌကထာ

(၆၀) ဧတ္ထဟိ စက္ခုဉ္စေဝ၊ ရူပါနိ စ ရူပက္ခန္ဓော၊
ဒဿနံ ဝိညာဏက္ခန္ဓော၊ တံသမ္ပယုတ္တာ
ဝေဒနာ ဝေဒနက္ခန္ဓော၊ သညာ သညာက္ခန္ဓော။
ဖဿာ ဒိကာ၊ သင်္ခါရက္ခန္ဓော ဧဝ မေ
တေသံ ပဉ္စန္နံ ခန္ဓာနံ၊ သမ ဝါယေ။
အာလောကနေ ဝိလောကနံ ပညာယတိ၊
တတ္ထကော [illegible] ဝိလောကေ တိ၊
ကောဝိ လောကေသိ၊

ဟိသာစ္စံ၊ မြင်မြင်သမျှ အရာမှာ ပုဂ္ဂိုလ်သတ္တဝါ ငါငါမရှိဟု ဆိုသော စကားသည် မှန်ပါ၏။ ထွေ၊ ဤမြင်လိုက်သော အခါတို့၌။ ဖကျွံ့စေပ၊ မျက်စိအခံမြင်တို့ရန်ဖြင့် အကြည်မှန်တံခါးသည်ဂုဏ်း ရှုပါနိစ၊ လုံးဝန် သဏ္ဍာန် ရောင်လျှံမြည်တူး နိမ့်မြင့်ကြောင်ကြား အဝါအနက်များ စသော အဆင်းတို့သည်ဂုဏ်း ရှုပက္ခန္ဓာ ပေါက်ပြန်တတ်ပြား ချုပ်ပျောက် သွားသဖြင့် ရုပ်တရား အစုတို့ပါပေတည်း။ ဒသနံ၊ မြင်တတ်သော မျက်စိ စိတ်သည်။ ဝိညာဏက္ခန္ဓာ၊ အဆင်းမှန်က မြူမျှမကြွင်း အကုန် လင်းအောင် သိခြင်း ဝိညာဏက္ခန္ဓာ ပါပေတည်း။ တံသမ္ဖဿော၊ သဏ္ဍာန်မကြွင်း အကုန်လင်း၍ အဆင်းဟူသမျှ သိနိုင်ရသည့်။ ထိုစိတ် နှင့် တကွ ယှဉ်ပြိုင်၍ ဖြစ်ပေါ်လာကြသော၊ ဝေဒနာ၊ ဆိုးကောင်းနှစ် ဖြာ ဘာဘာညာညာ သာယာခံစားခြင်း ဝေဒနာသည်။ ဝေဒနက္ခန္ဓာ၊ ဆိုးကောင်း နှစ်တန် ဖန်ဖန်ခံစားမှု ဝေဒနက္ခန္ဓာ ပါပေတည်း။ သညာ၊ အဆင်းအာရုံ အလုံးစုံကို အကုန်မှတ်သားခြင်း သညာသည်၊ သညာ က္ခန္ဓာ၊ မဟုတ်မတရား အထင်မှားသည့်။ မှတ်သားမှု သညာက္ခန္ဓာပါ ပေတည်း။ ဖဿောဒိကော၊ တွေ့ထိယှဉ်ပြိုင် စေ့ဆော်နိုင်သော၊ ဖဿ စေတနာတရားသည်။ သင်္ခါရက္ခန္ဓာ၊ အဆင်းအာရုံလုံးစုံကြံစည် လိုလို စဉ်းစား စေ့ဆော်မှု တရားသည်၊ သင်္ခါရက္ခန္ဓာ ပါပေတည်း။ ဧဝံ ဤ ကဲ့သို့၊ ခေတ်သံ ပဉ္စန္နံ ခန္ဓာနံ၊ ဤသို့ပြပြား ခန္ဓာငါးပါး ရုပ်နာမ်တရား တို့၏။ သမဝါယော၊ မြင်မှုကလေးတကွက်မှာ တချက်တည်းပေါင်းဆုံ ညီ ညွတ်ကြသောအခါ၌။ ဒါ၊ တချက်တည်းပေါင် ဆုံ ညီညွတ်ကြသောအ ခါမှ၊ အာလောကေနဝိလောကနံ၊ တည့်တည့်ကြည့်မှု၊ စောင်း၍ကြည့်မှု ဤနှစ်ခုသည်။ ပညာယတိ၊ ထင်ရှား၍ လာရလေတော့၏။ တတ္ထ၊ ထိုသို့ မြင်မှု ကလေးတကွက်မှာ တချက်တည်းပေါ်လာရသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌၊ ကောစေကော၊ အဘယ်ကလာ၍ ပုဂ္ဂိုလ် သတ္တဝါ ငါငါဆိုသော တယောက်သည်၊ အာလောကေတိ၊ တည့်တည့်ကြည့်လာ ပါသေးသနည်း။ ကော၊ အဘယ်မှာလျှင်၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမဆိုတာတွေသည်။ ဝိလောကေတိ၊ စောင်း၍ကြည့်လာ ပါသေးသနည်း။ နတ္ထေဝ၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး မျက်စိ၌ ဖြစ် ပေါ်မှုမှတပါး ကြည့်တတ် ရှုတတ် မြင်တတ် သိတတ်သော အကောင်

သတ္တဝါ ငါငါဆိုတာဟူ၍၊ ပရမာ အနုမြူကလေးလောက်မျှ မှိနိုင်စရာ တွေ့နိုင်စရာ ဟုတ်ပါတော့အံ့နည်း။

## အဓိပ္ပါယ်–သံခိပ်

မျက်စိအဆင်း ပေါင်းဆုံလျှင်း ချက်ခြင်း ရုပ်နာမ်သာ၊ ရုပ်နာမ် နှစ်ဖြာ ငါးခန္ဓာ ငါငါမရှိပါ။ အဆင်းဟူသမျှ မြင်လိုက်က ဖြစ်ရငါး ခန္ဓာ။ အဆင်းမျက်စိ နှစ်ခုရှိ သိလော ရုပ်ခန္ဓာ။ ဆိုး ကောင်း နှစ်ဖြာ ခံစားတာ မှတ်ပါဝေဒနာ။ မှတ်ခြင်းသညာ သင်္ခါရာ စေ့ဆော်စေ တနာ။ သိမှုမှန်က ဝိညာဏ ပေါင်းက ငါးခန္ဓာ။ ခန္ဓာငါးပြင် များကူ ရှင် ဝင်၍မကြည့်ပါ၊ ဘယ်ကငါငါ လာ၍သာ ကြည့်တာမဟုတ်ပါ။ ထင်ထင်ရှားရှား ခန္ဓာငါး ကြည့်ပြားသေအချာ၊ ယထာဘူတံ အမြင် မှန် ဧကန် ဒိဋ္ဌိကွာ။ ပုဂ္ဂိုလ်သတ္တဝါ ငါကောင်ဟာ ပျောက်ခါ သွား သည်သာ။ ငါကောင်ပျောက်တာ ပဌမ မှတ်ပါအနုဿာ၊ အနုဿ ရောက် အဿပျောက် မှတ်လောက် သောတာသာ။ သောတာပန်မှာ ဒိဋ္ဌိကွာ ပါယ်ရွာမရောက်ပါ၊ မျက်,နား,နှာ,လျှာ ကိုယ်မနာ ခြောက် ဖြာ အာယတနာ၊ ငါးခန္ဓာတွေ့ ဖြစ်ပေါ်နေ တွေ့တွေ့များပြား စွာ ဝိပဿနာဉာဏ် အတန်တန် ဖန်ဖန်ရှုလေပါ၊ အဟုတ်အမှန် မြင်လိုက် ပြန် ဧကန်ဒိဋ္ဌိကွာ။ မဂ်ဖိုလ်နိဗ္ဗာန် ကောင်းဆုံးနှင့် ကျင့်ရန်ဤတိုင်းသာ။ အမျိုးကောင်းသား ရှင်လူများ အားထားရှုလေပါ။

## နှစ်,လ,ရက်,အချိန်ကို ဖြုန်း၍ပစ်သော ရဟန်းအား ဆုံးမ,ဟောကြားသော

## သုတ္တန်ပါဠိ

(၆၁) သုညတော လောကံ၊ အဝေက္ခဿု၊ မောဃ
ရာဇ သဒါ သတော၊ အတ္တာနုဒိဋ္ဌိံ ဉဟစ္စ။
ဧဝံ မစ္စု တရော သိယာ၊ ဧဝံ လောကံ၊
အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။

မောဃရာဇ၊ နေ့ရက်ရှည်ကြာ အချိန်ကိုသာ များစွာ ဖြုန်း၍ပစ်သော အို-မောဃရာဇ ချစ်သားရဟန်း။ ဤ၊ သင်ချစ်သားသည်။ အတ္တာနုဒိဋ္ဌိံ၊ အသက်လိပ်ပြာ သတ္တဝါ ပုဂ္ဂိုလ် ထိုထိုအရာ ငါငါဟု မှတ်ထင်စွဲယူမိသော သက္ကာယ ဒိဋ္ဌိတရားကို၊ ဥဟစ္စ၊ ပယ်စွန့် ဖြုတ်တောက်၍ ပစ်လိုက်ပါတော့၊ ဝါ၊ ပယ်စွန့် ဖြုတ်တောက်၍ ပစ်နိုင်စေခြင်းငှါ။ လောကံ၊ သတ္တဝါကောင် ငါကောင်ဟု မှတ်စွဲထင်အပ်သော သတ္တလောကကြီးကို။ သုညတော၊ ပရမတ်ရုပ်နာမ် ကေနိသိက ဒိဋ္ဌိ တဏှာ နှစ်ဖြာချုပ်ဆုံး အကုန်လုံးကွယ်ပျောက် ကင်းသုဉ်း၍သွားခြင်းငှါ။အဝေက္ခဿု၊ ဝိပဿနာဆင်ခြင် လက္ခဏာတင်၍ မြင်အောင်ရှုကြည့်လိုက်ပါလော့။ ဧဝံ၊ ဤသို့ ရုပ်နာမ်ပရမတ် ခေတ်ပိုင် ခေတ်ခံ သဘောခံကို မလွဲမြင်တိ ဒိဋ္ဌိကင်းကွာ ပုဂ္ဂိုလ်သတ္တဝါ ငါငါ- ငါငါ ဆိုတာပျောက်၍ သွားခဲ့သည်ရှိသော်၊ မစ္စုတရော၊ သေမင်းနိုင်ငံ အတန်တန်ကို၊ အမှန်လွန်မြောက်၍ သွားခြင်းသည်။ သိယာ၊ မုချကေန် ဖြစ်ပေရာ၏။ ဧဝံ၊ ဤကဲ့သို့။ သင်တို့ဆရာ ဗုဒ္ဓါငါသည် ကောင်းစွာ ဟောကြားတော်မူသည့်အတိုင်း။ သဒ္ဒါ၊ နေ့ရောညဥ့်ပါ၊ ဘယ်ခါမပြတ် အထပ်ထပ်ဖြင့်။ သတော၊ မမေ့မလျော့ မပေါ့မတန် မြဲမြန်သော သတိတရားရှိသည်ဖြစ်၍။ လောကံ၊ သတ္တဝါကောင် ငါကောင်ဟု မှတ်စွဲထင်အပ်သော သတ္တလောကကြီးကို၊အဝေက္ခန္တံ၊ပုဂ္ဂိုလ်သတ္တဝါ၊ငါငါကင်းပျောက် ခေတ်ဉာဏ်ပေါက်၍ တယောက်စွမ်းအား မြင်ပြားရှုကြည့်နိုင်သော သူကို။ မစ္စုရာဇာ၊ သုံးဆယ့်တနိုင်ငံ ပိုင်စံစိုးနင်း အာဏာပြင်းလှသော၊ ရှင်သေမင်းသည်၊ နာနုပဿတိ၊ သတ်ဘို့သတ်ရန်၊ လိုက်လံရှာဖွေ၊ တွေ့တွေ့ဆန်းပြား မာယာများလည်း ခေတ်သား ခေတ်တုံး မရှိသုဉ်း၍ လုံးလုံးချုပ်ရာ နိဗ္ဗာန်မှိ၊ သေချာအပြီး ရွေ့ကဆီးသော် ဘယ်နည်းနှင့်မှ တွေ့နိုင်စရာ မြင်နိုင်စေရာ ရှိပါတော့အံ့နည်း။

—— ၀ ——

## အဓိပ္ပါယ်—သံခိပ်

နေ့ရက်ရှည်ကြည့် အချိန်သာ များစွာဖြုန်းပစ်ထာ။ မောဃရာဇာ ရဟန်းမှာ အတ္တာဒိဋ္ဌိသာ။ သူရောငါ ငါ သတ္တဝါ မှတ်ပါဤတိုင်းသာ။

ဗိဋ္ဌိသတ္တာ အယူတာ၊ လျှင်စွာပယ်ဘိုများ၊ လောကသုံးဖြာ သတ္တဝါ ငါ ငါပျောက်အောင်သာ။ ရုပ်ခေတ် နာမ်ခေတ် ပရမတ်၊ တတ်အပ်ရှုလေပါ။ ရုပ်နာမ်သိခြင်း ဒိဋ္ဌိကင်း သေမင်းမတွေ့ပါ၊ ငါးခန္ဓာတွင် လက္ခဏာကင် ဆင်ခြင်ရှုစေရာ၊ ငါငါပျောက်က ပါယ်လေးဝ မှုချမရောက်ပါ။ သုံးဆယ့်တနိုင်ငံ ပိုင်စံစိုးနင်း ရှင်သေမင်း ဘယ်တင်းမတွေ့ပါ။ ဖြစ်ချုပ်ပျက်ခါ ခေတ်တွေ့သာမို့ ဘာညာဘယ်ဟင်း ရှင်သေမင်း လက်ငင်းမတွေ့ပါ၊ ခေတ်သာလျှင်ရှိ ငါမရှိ၍ စိစိသေချာ လိုက်လံရှာ ဘယ်ခါမခွေ့ပါ။ ဒိဋ္ဌိတကျာ ငါနှစ်ငါ သေချာတတ်အောင်သာ။ ပညာရှိအား မေးမြန်းထား တရားသင်ကြပါ။ ဒိဋ္ဌိသတ်ရန် မရည်သန်ကြ အန္ဓအများ မစဥ်းစား အလကား ရက်ကုန်တာ။ အန္ဓဗာလ ကျင့်ကြံက မချအလုံ့သာ။ အတ္တကိုလနုရောဂ ဗုဒ္ဓဟောမြွက်ထား၊ ကိုယ်ခန္ဓာကို များစွာနှိပ်စက် ညှင်းပန်းလျက် သက်သက်မကျင့်ရာ၊ ကာမသုခလ္လိက နုရောဂ ယုတ်စွာအကျင့်ပါ။ အယုတ်တရား ဤနှစ်ပါး ဗုဒ္ဓများဟောပေရှာ။ ဓမ္မစကြာ သုတ်ဒေသနာ ရှာ၍ ကြည့်လေပါ။ ဓမ္မစကြာအနတ္တသုတ် ဉာဏ်နှင့်ထုတ် အဟုတ်ပိဋ္ဋကာ၊ ဒိဋ္ဌိပြုတ်ကာ ထိုသူမှာ မှတ်ပါသောတာသာ၊ သောတာပန်စစ် ရောက်ပြန်လစ် မဖြစ်အပါယ်မှာ။ ကာမာရုဏ်ငါး ခံစံစား သေပြားထက်နုတ်ရှာ။ အကြာဆုံးပ ခုနစ်ဘဝ မြန်းကြွနိဗ္ဗူတာ၊ လိမ္မာသူများ ဤတရား စဥ်းစားကြမည်သာ။ နိဗ္ဗာန်လမ်းစ ငါရေးပြ အနွမယုံရှာ။ ကဲ့ရဲ့ကြတာ ရှင်လူမှာ ဗာလအမိုက်သာ။ အမျိုးကောင်းသား သိဘို့ပြား ငါ့အား ရေးသည့်စား။

—— ○ ——

## အနိစ္စရှုနည်း ဝိပဿနာ ပါဠိတော်

(၆၂) နိစ္စာဒူဝါစေသင်္ခါရာ ကသ္မာစပေန္တိ
ပစ္စယေ၊ အဟုတွာစေ နိဿာယေဝ၊
ဇာတာတာတတ္တနိစ္စတာ။ ။

သင်္ခါရာ ခန္ဓာငါးတန် ရုပ်နာမ်နှစ်ဖြာ သင်္ခါရတရား ဟူသမျှတို့ သည်၊ စေနိစ္စာ၊ အကယ်မဲ့သွေ မြဲပြဲမြဲကြ၊ ကမ္ဘာလေနေ ပုံသမဲ့

မြဲကြသည် ဖြစ်ပါငြားအံ့၊ စေဝ္ဝါ၊ အကယ်မသော မိုးသည်းမြေစကြာ ကမ္ဘာလနေ၊ ပုံသေပိုင်ပိုင် ခိုင်ခိုင်ခံ့ခံ့ ဖြစ်ပါငြားအံ့၊ ပစ္စယ၊ ကောင်းဆိုးနှစ်တန် ကံသင်္ခါရ ကြံသမျှသိမှု နှစ်ခုရောကြိုက် စိတ်သင်္ခါရ၊ မှေ့ပူမှု ဥတုသင်္ခါရ စားသမျှအတွေ့တွေ့ အာဟာရသင်္ခါရ တောက်မ-မပျက် ဆက်လက်ဆင့်ပွား အကြောင်းတရား လေးပါးတို့ကို၊ ကသ္မာ ပေက္ခန္တိ၊ တသ်အတွက်ကြောင့် ငဲ့ကွက်စောင့်ဆိုင်း၍ နေကြကုန်သနည်း။ အဟုတ္တာ၊ ကံစိတ်ဥတုအာ လေးဖြာကြောင်းအင် မစီရင် မပြုလုပ်သမျှ၊ ရုပ်ခုတ် နာမ်ခုတ် ထပ်ခါသွားကာနဲ့ ပေါ်မြဲစင်စင် မဖြစ်နိုင်ကြကုန်၊ နိသာယေ၊ ကံစိတ်ဥတုအာ လေးဖြာကြောင်းအင် စီရင်မှုကို အမှီပြုရမှ သာလျှင်၊ စေတာ၊ ရုပ်နာမ်ဓါတ်သစ် ကလပ်သစ်တို့ လျှပ်စစ်တန်ခွန်း ပြုံးကနဲ မြန်စွာ ဖြစ်ပေါ်၍ လာနိုင်ကြကုန်၏။ တဏှာ၊ ယို့သို့ လေးဖြာကြောင်းအင် စီရင်လေမှု ခုခုမကြာ ဖြစ်ပေါ်လာလည်း၊ မြန်စွာ တခဏ ခုတ်ရုပ်ရှင်သို့ ချုပ်ပျောက်ပြောင်းလဲ တေးဘုံထဲမှာ အမြဲထင်ရ ဒုက္ခသစ္စာ၊ ခန္ဓာငါးခု ရုပ်နာမ်စု ဟူသမျှတို့သည်၊ ကာနိစ္စတာ၊ ပရမတ်ရုပ်နာမ် ဖြစ်ပျက်ဟန်ကို ဖန်ဖန်မေ့ ဉာဏ်နှင့်ရှုလျှင်၊ ဥတု အာဟာရ ကံစိတ်မျှ၍ လေးဝကြောင်းအင် စီရင်မကင်း သူ့လက်တွင်းမှာ ဘယ်ဘင်းဘာမျှ မြဲနိုင်စရာ ခိုင်နိုင်စရာ ရှိပါတော့အံ့နည်း။

## အဓိပ္ပါယ်-သံဒိဋ်

ရူပဝေဒနာ သညာသင်္ခါရ ဝိညာဏ မှတ်ကြငါးခန္ဓာ။ ပေါက်ဖြန်ခံစား မှတ်သားစိမံ သိကြောင်းကြံ မှတ်ရန်အကျဉ်းသာ။ ပေါက်ဖြန်ပျက်ပြား ရုပ်တရား လေးပါးနာမ်ခန္ဓာ။ နာမ်ရုပ်နှစ်ဖြာ ငါးခန္ဓာ ဘယ်ခါမမြဲပါ။ မိုးသီးမြေစကြာ ကမ္ဘာလနေ ပုံအမြဲ ကေနိုမမြဲပါ။ ကံစိတ်ဥတုအာ လေးဖြာကြောင်းအင် သူ့အရှင် စီရင်ပြုပြင်သာ။ ကောင်းဆိုးနှစ်တန် ကံသင်္ခါရ စီရင်က မချမ်းမြဲတာ။ ကြံသမျှသိမှု နှစ်ခုရောကြိုက် စိတ်သင်္ခါရ ပြုပြင်က ဒိဋ္ဌမမြဲပါ၊ မှေ့-ပူမှု ဥတုသင်္ခါရ စီရင်က မချမ်းမြဲတာ၊ စားသမျှ အတွေ့တွေ့ အာဟာရ-သင်္ခါရ စီရင်က မချမ်းမြဲတာ၊ လေးဖြာကြောင်းစု အမှီပြု ပေါ်မှ ရုပ်နာမ်သာ ပျက်ခါ ဆက်ခါ ကြောင်းလေးဖြာ စီရင်ပြုပြင်တာ။ သတ္တဝါအား ပိုင်ဆိုင်ပြား

မှတ်ထားကြောင်းလေးဖြာ၊ ကံစိတ်ဥဟာ သဒ်ါရာ ငါငါပုန်းနေတာ။ ပုန်းပုံသေချာ သိအောင်သာ ကောင်းစွာပြလိုက်မှာ။ အကုသလ ကုသလ ပြုသမျှ ငါငါပါ၊ ကြံသိပါကြ စိတ်ဟူသမျှ ဒိဋ္ဌိငါမကွာ၊ အနေအပူ ဥတုဘူ ငါမူခွဲလန်းတာ၊ အစားအစာ အာဟာရာ ငါငါခွဲလန်းတာ၊ ငါငါထင်သမျှ ဒိဋ္ဌိပ၊ မှတ်ကြသောအချာ၊ ဥဟာစိတ်ကံ ခွဲလန်းပြန် မှတ်ရန်တကျာငါ၊ ဒိဋ္ဌိတကျာ ကွဲအောင်သာ ဉာဏ်မှာစုလေပါ၊ အထင်မှားသမျှ ဒိဋ္ဌိပ ပယ်က မဂ်သောတာ၊ ကံစိတ်ဥဟာ ငါ့ဥစ္စာ ပယ်ခွါရယန္တာ၊ သောတာပန်ဆင် မှားအမြင် လွတ်ခွင်ရှိသေးတာ။ ခင်တွယ်သာယာ တကျာငါ ထယ်ခါမလွတ်ပါ၊ ငါ့လင်, ငါ့သား, ငါ့မယား ထင်ပြားရှိသေးတာ။ ငါ့စိန်, ငါ့ရွှေ, ငါ့လယ်တွေ မသွေရှိသေးတာ။ ကုက်တိုင်းမှန်သမျှ ကြွားမာန မုချရှိသေးတာ၊ မဟုတ်မမှန် မာနဉာဏ် ကေန်မရှိပါ၊ ထင်မြင်မှားချက် မိစ္ဆာသက် ပယ်ဖျက် သောတာမှာ။ မိစ္ဆာယူပျောက် ပယ်မရောက် ကျမ်းထောက်ပြမည်သာ။ ကာမဂုဏ်ငါး ခံစား သေပြား ထက်နုတ်ရွှာ၊ အိမ်ထောင်စုံ နိဗ္ဗာန် သွားလိုပြန် ပယ်ရန်ဒိဋ္ဌိငါးလုံးစုံတကျာ မပယ်ခွါ နာနာမှတ်လေပါ၊ ကာမဂုဏ်ငါးဝ တင်းတိမ်မှ မြန်းကြနိဗ္ဗူတာ၊ အာဂါရိယလမ်း ကျင့်စဉ်တန်း ဉာဏ်စွမ်း မပျော်ရှုပါ။

—○—

## ကုသိုလ် အကုသိုလ်တရားနှစ်ပါးနှင့်၊ ငါ့မရှိ၍, ဒိဋ္ဌိခွါပုံ

(အင်္ဂုတ္တိုရ်-ပါဠိတော်)

(၆၃) ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿစ
ဝေဒကော၊ သုဒ္ဓဓမ္မာ ပဝတ္တန္တိ ဧဝံတံ
သမ္မဒဿနံ။

ကမ္မဿ ကုသိုလ်-အကုသိုလ်၊ ထိုထိုအရာ ကံနှစ်ဖြာတို့ကို၊ ကာရကော၊ ပြုလုပ်အပ်ပွဲ သတ္တဝါ၊ ပုဂ္ဂိုလ် ထိုထိုအရာ၊ ငါငါ ငါငါ ဆိုကြတာသည်၊ နတ္ထိ၊ မုချအကန် ပရမတ်ဉာဏ်ဖြင့် အမှန်မရှိကြလေကုန်။ ဝိ

ကာသ၊ ကုသိုလ်–အကုသိုလ် ထိုထိုအရာ နှစ်ဖြာသောကံတို့၏ အကျိုးတရားကို။ ဝေဒကော၊ ခံစား၊ စံစား ပျော်ပါးတတ်စွာ၊ သတ္တဝါ ပုဂ္ဂိုလ် ထိုထိုအရာ၊ ငါငါ-ငါငါ ဆိုကြတာတို့သည်လည်း၊ နတ္ထိ၊ မုချ ဧကန် ပရမတ်ဉာဏ်ဖြင့် အမှန်မရှိကြလေကုန်၊ သုဒ္ဓဓမ္မာ ပုဂ္ဂိုလ် သတ္တဝါ၊ ငါငါ-ငါငါ ဆိုတာနှင့် မရောမယှက်ကြသည့် ဖြစ်ပျက်မှန်လှ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်သာလျှင်၊ ပစ္စတ္ထိ၊ မုချမသွေ၊ ဉာဏ်နှင့်မွေ့လျော်၊ ဧကန်စင်စစ် အမှန်သာဖြစ်ကြလေကုန်၏။ ဝေ၊ ဤကဲ့သို့၊ သင် တို့ ဆ ရာ ဗု ရား ငါ သည်၊ ဟောင်းမှာ ဟောကြားတော်မူသည့် အတိုင်း၊ တော်ဒသာန်၊ ဤကဲ့သို့ ပုဂ္ဂိုလ်၊ သတ္တဝါ ငါ ကင်းပျောက် ဓါတ်ဉာဏ်ပေါက်၍၊ တယောက်စွမ်းအား မြင်ပြားရှုကြည့်နိုင်သော သူသည်သာလျှင်၊ သမ္မဒဿန်၊ မဖေါက်မပြန် ဝိပဿနာဉာဏ်ဖြင့် ဧကန်တည့်တည့် အမြင်ရှိ၍၊ အသိမှန်လှ ပြောပြရန်တဖြာ သောတာပန်အလိမ္မာ ဖြစ်ပါပေကုန်သတည်း။

## အဓိပ္ပါယ် သံခိပ်

အကုသလ ကုသလ မုချရှိသည်သာ၊ ပုဂ္ဂိုလ်သတ္တဝါ ပြုကျင့်တာ ဘယ်ခါမရှိပါ။ အကျိုးတရား ကံနှစ်ပါး ထင်ရှားမရှိတာ။ ခံစားစံစား သတ္တဝါအား ထင်ရှားမရှိပါ။ ငါကား-ငါတော သတ္တဝါနှော မရောမယှက်ပါ။ ပရမတ္ထ သဘာဝ ဉာဏ်ကနှိုင်းချိန်ပါ။ ရုပ်နာမ်ဓမ္မ သင်္ခါရ မုချရှိသည်သာ၊ ဗုရားမြတ်စွာ မိန့်ပေရှာ သူငါမသိပါ၊ ပညာမရှိ ပရမတ်သိ ဒိဋ္ဌိပြုတ်ကင်းကွာ။ သောတာပန်တာ အလိမ္မာ မှတ်ပါဤအတိုင်းသာ။ အယူပယ်မှု တရားစု ဟောပြုတို့မြတ်စွာ၊ သမထလို အကျင့်ကို ဟောဆိုမမိန့်ပါ။ အယူမှားသမျှ ပယ်လိုက်က ကျင့်ရမဟုတ်ပါ။ ပညာရှိအား မှီခိုပြား သင်ကြားကျက်မှတ်ပါ။ အမှားအယူ တရားမူ ပြုစင်သိမည်သာ။ ခန္ဓာရုပ်နာမ် ကျွမ်းကြေပြန် ဧကန်ဒိဋ္ဌိကွာ။ သိမှုတရား ကျင့်ကြံပြား အသကားတုန့်သာ။ ကျင့်လို့ မသိ ပြောမှသိ စိစိစဉ်းစားပါ။ ပရမတ်ရုပ်နာမ် တတ်ကျွမ်းပြန် မှန်မှန်ကလျာဏ၊ အယူမှားသမျှ ကလျာဏ မုချသိသည်သာ၊ အနုတဝ လူ့ဇာလ မှားသမျှမသိပါ။ ပိုင်ပိုင်သိမှ ကျင့်ကြံက ခဏအမှားဆိုက်မှာ၊ အကာလိကော သုက္ခ

တော ဗုဒ္ဓေါ် မိန့်မြွက်ရှာ၊ မသိသမျှ ကျင့်နေရ မှုချအမှားသာ၊ သိမှ ပယ်မှု တရားစု ဟောပြုတို့မြွက်စွာ။ အကျင့်မှန်က လောကီပ ဗြဟ္မ မှတ်လိုက်ပါ။ အမှန်တရား သိသူအား ခေါ်ပြောသောတာသာ၊ သောတာပန်မှာ ပါယ်လေးရွာ ဘယ်ခါမဖြစ်ပါ။ နိဗ္ဗာန်လိုလား ဤတရား များ များ စဉ်းစားပါ။ သာသနာဝင် များလူရှင် ဆင်ခြင်တွေးတောပါ။

## ဝါတ်တဆယ့်ရှစ်ပါးကိုသိက ဒိဋ္ဌိကွာ၍
## သောတာပန်ဖြစ်ခြင်းကိုပြသော အဋ္ဌကထာ

(၆၄) ဝိဇာနန္တ နသဘာဝေ။ ဝိညာဏော ဇီဝသညီနံ
သညာ သမူဟန နတ္တံပိ အဋ္ဌရသော ဝ
ဝုတ္တာ။

ဝိဇာနန္တ နံသဘာဝေ၊ ခြောက်တန်အာရုံ လုံးစုံတွေ့ထိ မြင်ကြားရှိက သိခြင်းသဘောဘာဝဖြစ်ကုန်သော။ ဝိညာဏေ၊ မှတ်ရန်ခံစားသိကြားကြံစီ လေးလီမဆိပ် ပရမတ္ထ ဝိညာဉ်စိတ်တလေး၌၊ ဇီဝသညီနံ၊ အသက်လိပ်ပြာ သတ္တဝါပုဂ္ဂိုလ်၊ ထိုထိုအရာ ငါငါငါဟု မှတ်ထင်စွဲကြသော သူမိုက်တို့ကို၊ ဝါ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောက်ျား-မိန်းမ၊ မှတ်ထင်ကြကုန်သော သူမိုက်တို့၏၊ သညာသမူဟန နတ္တံပိ၊ မှားယွင်းဖေါက်ပြန် တန်တန်မိစ္ဆာ၊ သက္ကာယာယုတ်၊ တရားစုတ်ကို ပယ်ယုတ်တော်မူခြင်းငှါလည်း။ အဋ္ဌာရသော ဝ မျက်၊နား၊နှာ၊လျှာ၊ ခြောက်ဖြာအခံ ဆင်း၊သံ၊ခြောက်ပါး၊ ပေါ်ပြားခြောက်ရပ် ဓါတ်တဆယ့်ရှစ်ပါးတို့ကိုသာလျှင်၊ ဘဂဝတော၊ ဘုန်းတော်နေနှိန် ထိန်ထိန်တောက်ပ သမ္ဗုဒ္ဓသခင် ဘုရားရှင်သည်။ ဝုတ္တာ၊ ဒိဋ္ဌိသက္ကာ ပြတ်ကင်းကွာ၍ သောတာပန်စစ်၊ ကောန်ဖြစ်အောင် ဖွင့်လှစ်၍သာ ဆုံးမ၍သာ ဟောဟော်မူခဲ့ပေသတည်း။

## အခြေပွါယ်—သံခိ

မျက် နား နှာ လျှာ ကိုယ်မနာ ခြောက်ဖြာအခံခေါ်တ်။ ဆင်းသံနံ့ရ တွေးကြံဆ ခြောက်ဝအတိုက်ခေါ်တ်။ မြင်ကြား နံလျက်ထိ ရုပ်မှတ်ဘိ သိသမျှနာမ်ဟုမှတ်။ မျက်စိအဆင်း ပေါင်းဆုံလျှင်း မြင်ခြင်းရုပ်နာမ်ပေါ်၊ နားနှင့်အသံ ပေါင်းဆုံမှန် ကြားပြန် ရုပ်နာမ်ပေါ်။ နှာနံ့နှစ်ရ

ပေါင်းဆုံပြီ နံမှုရုပ်နာမ်ပေါ်၊ လျှာရနှစ်ခု ပေါင်းဆုံပြီ လျက်မှုရုပ်နာမ်ပေါ်၊ ကိုယ်နှင့်သိမှု ပေါင်းဆုံပြီ တွေ့မှုရုပ်နာမ်ပေါ်၊ မနောကြံဆ ပေါင်းဆုံက မနရုပ်နာမ်ပေါ်။ မနှံ့သော နာမ်တိုက်လာ နှစ်ဖြာနာမ်ချည့်ပေါ်။ သိမှုစိတ်ခေတ် အမြဲမှတ် တတ်အပ်ဗာလခေါ်။ ။ စိတ်ကိုအမြဲ ငါငါဘဲ မလွှဲဗာလနော်။ အန္ဓဗာလ မှတ်ထင်ကြ မှချဉာဏ်တိုင်းနော်၊ ခေတ်ဆယ့်ရှစ်ပါး မတတ်ပြား အမှားဒိဋ္ဌိခေါ်။ ဒိဋ္ဌိပျောက်ရန်၊ ဆယ့်ရှစ်တန်၊ ခေတ်မှန်ကြည့်မှနော်။ ခေတ်ကိုမရှု ပညတ်ရှု အမှုမငြိမ်းနော်။ သိမှုစိတ်မှာ ဒိဋ္ဌိငါ နာနာငြိသနော်။ ပညတ်ရုပ်မှာ တဏှာငါ နာနာငြိသနော်၊ စိတ်ခေတ် အနိစ္စ ရှုနိုင်မှ မုချဒိဋ္ဌိကွာ။ ငါငါထင်သမျှ သက္ကာယ သို့မှပယ်နိုင်ရာ။ ဒိဋ္ဌိသက္ကာ ပယ်သူမှာ မှတ်ပါသေသတာသာ။ ကာမဂုဏ်ငါး ခံစံစား ပျက်ပြားမရှိပါ၊ သိကြားဝိသာခါ ပုံပမာ မှတ်ပါယုံးစဉ်လာ။ အိမ်ရာထောင်ကြ အာဂါရကြာလှုခုနှစ်ဘဝ။ ဝိပဿနာဉာဏ်၊ လွန်ရင့်သန်၊ ကောလံကောဝိဇာ၊ ကာမရာဂ၊ ပြတ်လိုက၊ ရှုကြအသုဘာ။ စက်ဆုပ်ဘွယ်ရာ၊ ဇေဂုစ္ဆာ ထင်လာအနာဂါ။ အနာဂါစစ်၊ ရောက်ပြန်လစ်၊ မဖြစ်ကာမရွာ။ ငါးတန်သုဒ္ဓါ၊ ဗြဟ္မာရွာ၊ သွားရာရှိသည်သာ၊ ခန္ဓာငါးခု၊ ဒုက္ခရှု၊ ထင်မှုရဟန္တာ။ အောက်မဂ်ဖြိုးမှ၊ တောင့်တသ၊ ရှုရအသုဘာ၊ ဋ္ဌိနံဖလာနံ၊ သာကိပဋ္ဌာန်၊ အမှန်ကြည့်လေပါ၊ ယောဟိကောစိ၊ ဘိက္ခုဝေရို၊ သတိမှုလေပါ၊ အထက်နှစ်မဂ်၊ ကျင့်သို့တွက်၊ ဟောမြွက်တို့မြတ်စွာ၊ လေးသတိပဋ္ဌာန်၊ ငါးရုပ်ခန်၊ စင်ရန်ရှုဘို့ရာ၊ ကာယာနုမှာ၊ ရုပ်ခန္ဓာ၊ ရုပါအသုဘာ၊ ဝေ့နှစ်ခုမှာ၊ ဘေးဒုက္ခာ၊ ရှုရာတဏှာခွါ၊ သင်သဉ်နှစ်ခု၊ ဓမ္မရုံ ရှုခလာအနတ္တာ၊ စိတ်နှင့်ဝိဉာဏ်၊ ဤနှစ်တန်၊ ရှုရန်အနိစ္စာ၊ အနိစ္စနှင့် အနတ္တတိုင် ကပ်ရှုနိုင်၊ ငိုင်ငိုင်ဒိဋ္ဌိကွာ။ အသုဘဒုက္ခ၊ ရှုနိုင်က မုချရဟန္တာ၊ သောတာပန်မှာ၊ ပယ်ဒုက္ခာ၊ လွှတ်ရာရှိသေးတာ။ ကာမပုဏ္ဏ၊ အနာဂါ ပြတ်ခါသွားသည့်သာ။ သုံးဆယ့်တဖြာ၊ ဘေးဒုက္ခာ လွှတ်ရာရဟန္တာ။ လေးပါးမဂ်စဉ် ဉာဏ်အမြင် ဆင်ခြင်ရှုလေပါ။

## ဝိပဿနာ ရှုနည်း၊ တဏှာဒိဋ္ဌိ မဖြစ်ရန်

(၆၅) စက္ခုရှုပေန သံဝါသာ၊ ရာဂပုတ္တ
ဝိဇာယတိ၊ မဟာနုတ္တ ကရော
မေယာဘိ၊ သံဝါသံ တေနဝါရယေ။

စကျွ၊ သဏ္ဍဝါဒီ မ၊ ထိုထိုမျှတို့ ကြည်စု ရှင်မူ၊ ကြည့်ရှုဟိုဂီ မျက်စိ အကြည်သည်။ ရှုပေန၊ အဆင်းဟူသမျှ၊ လှပတင့်တယ် အသွယ်သွယ် တို့နှင့်။ သံဝါသာ၊ အကြောင်းသင့်လျော်၊ နှစ်ဖော်မျှလျက်၊ ပေါင်း ဘော်ချက်ကြောင့်၊ ရာဂပွဲ၊ နှစ်ဖြာရုပ်နာမ်၊ ခန္ဓာငါးပါး ရာဂသား ကို။ ဝိဇာယတိ၊ ခြောက်ဖြာအာရုံ၊ ကာမဂုဏ် ငါးပါး တွေ့ကြုံခြား၍ သားပေါင်းများစွာ၊ ဖွားမြင်လာ၏၊ သောပုံတ္တော၊ မျက်နှာနှာလျှာ ကိုယ်မနာက ဖွားလာသည့် သား သိုထားမဖြစ် ယိုသားညစ်သည်။ မဟာနုဋ္ဌကရော၊ မဂ်ဖိုလ်နိဗ္ဗာန် မရရန်ကို ကေနံချိုးဖွဲ့ အကျိုးမဲ့အောင် ဆိုးရွဲမသေ ပြုတတ်ချေ၏။ တဘွားကိ ကာသွာဝေ၊ ထိုသို့မျက်စိအဆင်း ပေါင်းဆုံခြင်းကြောင့် ချက်ခြင်းဖွားရ၊ သားရာဂသည်၊ ကာမျှအကျိုး မပွားတိုးဘဲ၊ အဆိုးသက်သက် ဖြစ်ပေါ် ချက်ကြောင့်။တံစကျွ၊ အဆင်း ဟူသမျှ ကြည့်ပေရသည့် ပသာဒမှီ ထိမျက်စိသည်။ တေနရှုပေန၊ ထိုသို့ အဆင်းမျိုးစုံ ရူပါရုံအထပ်ထပ် ဆိုးကောင်းနှစ်ရပ်တို့နှင့်။ သံဝါသံ၊ မျက်စိအဆင်း အာရုံသင့်၍ မညင်းသာမှု ပေါင်းဘော်ခြင်းအစုတို့၌၊ ဝါရယေ၊ ဒိဋ္ဌိတဏှာ ငါးဖြာကာမ ရာဂထိုသား မပေါက်ဖွားအောင် နှစ်ပါးနာမ်ရုပ် ဖန်ဖန်လုပ်၍ အဟုတ်ကေန် ပမေတ်ဉာဏ်ဖြင့် ဝေ ဘန်စေ့ငု မြင်အောင်ရှုပြီး၊ ယခုလျင်ကွာ ပယ်ရှား၍သာ ထားမြစ်၍ သာ ပစ်လိုက်ကြရာသတည်း။

## အဓိပ္ပါယ်-သံခိပ်

လောကသုံးဖြာ သတ္တဝါ နှစ်ဖြာဖို-မရို၊ တယောက် တယောက် မျက်စိအောက် မပျောက်စေလိုဘဲ၊လှပတင့်တယ် အသွယ်သွယ် တကယ် တကျွာပြီ။ ခန္ဓာငါးပါး ရာဂသား သူဖွားမြန်ရလေဘဲ၊ခြောက်ဖြာအာရုံ အလုံးစုံ အကုန်ထပ်တူသိ၊သိုထားမဖြစ် ယိုသားညစ် ဝင်စစ်ဉာဏ်၌သိ။ မဂ်ဖိုလ်နိဗ္ဗာန် မရရန် ကေနံကျိုးမရှိ၊ အဖို့၌ကား ရာဂသား။ သိုထား ဘိတ်မရှိ၊ အမောဂ သားဟူသမျှ မှချသိုရဘဲ။ ယစဉ်မခြား သားပျက် များ သွန်းပြားမှတာရှိ။ ဆင်းသံနံ့ရ တွေ့ကြံဆ ခြောက်ဝအာရုံထိ။ ခြောက်ပါးအာရုံ အလုံးစုံ ဖွါးတုံးရာဂချည့်။ ငါငါမှိုသမျှ သားရာဂ ပိဋ္ဌဖွါးဇာဘိ။ ငါငါပျောက်ကွာ ရာဂသာ ပယ်ခါဘိတ်မရှိ။ ခန္ဓာရုပ်

နာမ် ကျွမ်းကြေပြုန် အမှန်ငါမရှိ၊ ငါမရှိသူ မျှားရှင်လူ မှတ်ယူသော တာသိ၊ သောတာပန်ဆင် ဉာဏ်အမြင် ပါယ်ရှင်လွှတ်လေဘိ၊ အပါယ် လွှတ်မှ ကုသလ ပွါးသမျှအကျိုးရှိ၊ အနန္တိယမ် ကုသလကြွယ် အပါယ် ကျေးနိုင်ဘိ။ တာဝတနပ်စာ လာဘိုရာ ဉာဏ်မှာ နှိုင်းချိန်ကြည့်၊ သောတာပန်မှု ပါယ်ကင်းသူ ကြည်ဖြူသဒ္ဓါရှိ၊ ရတနာသုံးပါး သဒ္ဓါ ပွါး သေပြွားသုဂတိ။ ဝိပဿနာလက်နက် ရန်သူတွက် ပယ်ဖျက်ဉာဏ် နှင့် ကြည့်။ ဆင်းသံနံ့ရ တွေ့ထိက မှတ်ကြရုပ်သာရှိ၊ ဆိုးကောင်းရှိ သမျှ ကြံသိက မှုချနာမ်ဇာတိ၊ ရုပ်နှင့်နာမ်မှာ သဘောသာ ပြစရာ ဘာမရှိ။မှုချကောန် ပရမတ်ဉာဏ် မြင်ပြန်ပါယ်ဒိဋ္ဌိ၊ ဒိဋ္ဌိသက္ကာ ပျောက် ကင်းကွာ ပါယ်ချွာမရောက်ဘိ၊ ငါးဖြာကာမဂုဏ် အလုံးစုံ အကုန်ခံ စားရှိ။ သောတာပန်လို မျှားလူဗိုလ် ခေတ်ကို ပေါက်အောင်ကြည့်၊ အမျိုးကောင်းသား ဤတရား ကြိုးစားကြလေဘိ။

## မင်္ဂိုလ်အလိုရှိသူတို့ အကျင့်မြတ် ဝိပဿနာတရားကို ကျက်မှတ် သင်ကြား အားထုတ်သင့်ကြောင်း

### ပါဠိတော်လာ-အဋ္ဌကထာ

(၆၆) ဣတိ နေကေဟိ နာမေဟိ၊ ကိတ္တိ
တာယာ မဟေ သိနာ၊ ဝုဋ္ဌာန
ဂါမိနီ သန္တာ၊ ပရိသုဒ္ဓါ ဝိပဿနာ
ဝုဋ္ဌာတုကာမော သံသာရ၊ ဒုက္ခပင်္ကာ
မဟာဗ္ဘယာ။ ကရေယျ သတတံ
တတ္ထ၊ ယောဂံ ပဏ္ဍိတ ဇာတိကော။

ဣတိ၊ ဤသို့။ အနေကေဟိနာမေဟိ၊ ရုပ်နာမ်ခန္ဓာ၊ သစ္စာလေးရပ် ပရမတ္ထတရား မျှားစွာသော အမည်တို့ဖြင့်။ ဝုဋ္ဌာနဂါမိနီ၊ ရဟန်းရှင် လူ မည်သူမဆို ကျင့်လိုပါက ကျင့်နိုင်ကြသည့် မဂ်ရဗိုလ်ရ မဇ္ဈိမမပြတ်

အလပ်စားဖြစ်ကုန်သော။ သန္တာ မီးဆယ် ဟစ်ဟူး အပူခပ်သိမ်း ကင်း လွတ်ငြိမ်းစေတတ်ကုန်သော။ ပရိသုဒ္ဓါ၊ ဒိဋ္ဌိတကျွာ ငါးရာတထောင် မိုက်ခမှောင်များစွာ ကိလေသာတို့ကို ကောင်းစွာ စင်ကြယ်လှပေသော။ ယာဝိပဿနာ၊ ယခုဘဝမဂ်ဉာဏ်၊ ကောန်တည်ရာ ခန္ဓာနာမ်ရုပ်၊ ဤ ဝိပဿနာ အလုပ်ကို၊ မတေသိနာ၊ မဟာကြီးငယ် သွယ်သွယ်မှန်က ပန် ဆင်ကြရသည့် သမ္ဗုဒ္ဓသခင် ဗုရားရှင်သည်။ ကိတ္တိဟာ၊ သာယာခြင်း ဖန်ဖန်ချိမ့်ကျော် ဟောပေါ်ချီးမွမ်းတော်မူလေပြီ။ မဟာဗ္ဗယာ၊ ကြောင်း ဘွယ်ခမှန်း ဘေးဘျမ်းဧရာ ကြီးကျယ်လှစွာသော သံသာရဒုက္ခပင်လ္လာ သုံးဆယ့်တဘုံ လုံးစုံဆင်းရဲ သံသရာ ရှုံညွှန်ထဲမှ။ ဝဋ္ဋာကုကာမော၊ ကူးတက်ထမြောက် မင်ဖိုလ်နိဗ္ဗာန် ကောန်ထုဘ်ချောက် ရောက်ကြလို ကုန်သော။ ပဏ္ဍိတဇာတိကော၊ ကျိုးကြောင်းနှစ်ဖြာ လိမ္မာပေစွ၊ ပဏ္ဍိ တအမျိုး သားသမီးတို့သည်၊ တတ္ထ၊ ထိုသို့ခန္ဓာရုပ်နာမ် ဝေဘန်ပိုင်းခြား ရှုစားကြည့်မှုဖြစ်သော ဝိပဿနာဉာဏ်၌၊သတတ်၊နေ့ရောညဉ့်ပါ ဘယ် ခါမပြတ် အထပ်ထပ်ဖြင့် ခြားမလပ်အောင်။ ယောခုံ၊ ကျက်မှတ်သင် ကြား ပွားများစီးဖြန်း ခါတ်ကမ္မဋ္ဌာန်းကို ကရေယျ၊ ဆရာကောင်းထံ နည်းကိုခံ၍ ကောန်မုချ မင်ဖိုလ်ရအောင် ကျကျ နန အားထုတ်၍ သာ ကျင့်ကြံ၍သာ ပြုလိုက်လှပါပေသတည်း။

## အဓိပ္ပါယ်–သံနိဗ်

ဗုရားမြတ်စွာ ဟောပေရှာ သံသရာတွက်ဘုံရာ။ မယုတ်မလွန် ဟရား မှန် သွန်သင်ပြသည်သာ။ ငါးတန်ခန္ဓာ ဓာတ်သစ္စာ ပွားရာဝိပဿနား ဆယ့်တမီးဟူ ခပ်သိမ်းလူ အပူငြိမ်းသည်သာ။ဒိဋ္ဌိတကျွာ ထောင့်ငါးရာ မရှိပျောက်ဘင်းကွာ။ ကြောက်ဘွယ်လှစွာ သံသရာ ဉာဏ်မှာ တွေးတို့ ရာ၊ အပါယ်ဒုက္ခ ကြောက်သူမှ မုချကျင့်ကြံမှား။ ကျိုးကြောင်းနှစ်ဖြာ ဆင်ခြာလာ မှတ်ပါပဏ္ဍိတာ ခန္ဓာရုပ်နာမ် ပရမတ်ဉာဏ် ဝေဘန်ပိုင်း ခြားကာ၊ နေ့ရောညဉ့်ပါ မလပ်ရာ ထပ်ခါရှုကြည့်ပါ။ ကျက်မှတ်သင် ကြား စီးဖြန်းပွား ဘရားရမည်သား ဝိပဿနာဉာဏ် လွန်ရင့်သန် ကောန်ဒိဋ္ဌိကွာ၊ ဒိဋ္ဌိပျောက်ကွာ ဝိစိကာ ဘယ်ခါမရှိရာ၊ ဆရာကောင်းထံ နည်းကိုခံ ဖန်ဖန်ကျက်မှတ်ပါ။ ဆရာမပြ နည်းမကျ အန္ဓ ဗာလ မှာ။

နည်းလမ်းမသိ ကျင့်လိုက်ဘိ ဒိဋ္ဌိသူမကွာ။ ဒိဋ္ဌိမကွာ အပါယ်ရွာ ဘယ်ခါမလွတ်ပါ။ အပါယ်လေးပါး ကျသူများ မှတ်ထားဒိဋ္ဌိပါ။ လူ့ပြည်နတ်ရွာ သံသရာ မှတ်ပါတဏှာငါ။ နှစ်ဆယ်ပြဟ္မာ ကျင်လည်တာ ရူပတဏှာငါ။ သုံးကြောင်း သုံးဖြာ သံသရာ တဏှာဒိဋ္ဌိပါ။ သူ့ကိုမဖြတ် ရမ်း၍သတ် မပြတ်သံသရာ။ ဒိဋ္ဌိငါပျောက် ပါယ်မရောက် ကျွမ်းထော်ပြမည်သာ။ သောတာပန်မှာ ဒိဋ္ဌိငါ ဘယ်ခါမရှိပါ။ ကာမတဏှာ ပြတ်ကင်းကွာ မှတ်ပါအနာဂါ၊ လူ့ပြည်နတ်ရပ် ကာမပေါ်တ် နောက်ထပ်မဖြစ်လာ။ ငါးဘန်သုဒ္ဓါ ပြဟ္မာ့ရွာ လားရန်ရှိသည်သာ၊ ရူပအရူပ ငါနှစ်ဝ ပြတ်က–ရဟန္တာ။ ဒိဋ္ဌိတဏှာ ပဋ္ဌမြစ်ဟာ ဘယ်ခါမရှိရာ။ ဥက္ကခပ်သိမ်း အကုန်ငြိမ်း ဇာတ်သိမ်းတော့သည်သာ။

## သက္ကာယဒိဋ္ဌိအယူမှားကို ဝိပဿနာဉာဏ်မှ ပယ်နိုင်ခြင်း ပိသုဒ္ဓိမဂ်–အဋ္ဌကထာ

(၆၇) နာမရူပံ ပရိဂ္ဂဏှန္တဿပန နာမရူပ
ပဏ္ဏတော၊ ဥဒ္ဓံ၊ အညသကာယဿိ
အဘာဝဒဿနတော စ၊ သရီရနိက္ခေပ
ပဝဿညိတော အတ္တာ၊ အတ္တိဝေဿ
ကရောတိ၊ ပဋိသံဝေ ဒေသိသံသရတ္တ
သန္ဓာဝတိတိ ဧဝံပဝတ္တာ၊ ဒိဋ္ဌိပဟီယတိ။

နာမရုပ်၊ နာမ်ရုပ်နှစ်ဖြာ ခန္ဓာငါးခု အပေါင်းအစုကို၊ ပရိဂ္ဂဏှန္တဿပန၊ ဝိပဿနာဉာဏ် တန်တန်ပညာ အဖြာဖြာဖြင့်၊ ကောင်းစွာသိမ်းဆည်းတတ် သော ယောဂီ သူမြတ်တို့ကား။ နာမရူပမတ္တတော၊ လေးဖြာကြောင်းအင် စိရင်သမျှ တလုပ်လုပ်တရွရွ ဖြစ်နေကြရသော နာမ်ရုပ်နှစ်ပါးမှ၊ ဥဒ္ဓံ၊ အထက်၊ ဝါ၊ အပိုအလွန်ဖြစ်သော၊ အညသ၊ တပါးသော၊ ကာယဿိ၊ တစုံတခုသောတရား၏။ အဘာဝဒဿနတော စ၊ သက်သက်မရှိသည်ကို၊ သိမြင်ခြင်းကြောင့်လည်း။ သရီရနိက္ခေပ ဝါ၊ ကိုယ် သဏ္ဍာန်ပို၏ ကိုယ်ခန္ဓာအတွင်း၌၊ ဝိဝသညိတော၊ အသက်

ဝိညာဉ်ရှိ၏ဟု မှတ်ထင်၍နေကြသော၊ အတ္တာ၊ ငါကောင်ကလေး အတ္တဆိုသော တရားတမျိုးသည်။ အတ္တ၊ ဝိပဿနာဉာဏ်မကပ်သူတို့မှာ မပြတ်ရှိ၍နေကြကုန်၏။ သော၊ ထိုအသက်ဝိညာဉ်ဟု မှတ်ထင်၍နေကြသော ပုဂ္ဂိုလ်သတ္တဝါ–ငါငါ အတ္တဆိုသော တရားတမျိုးသည်။ ကရောတိ၊ မြင်ခြင်း၊ ကြားခြင်း၊ သွားခြင်း၊ လာခြင်း၊ စားခြင်း၊ သောက်ခြင်း–စသော အမှုကိစ္စကိုလည်း ပြုတတ်ကုန်၏။ ပဋိသံဝေဒေတိ၊ သတ္တဝါတို့၏ ခန္ဓာကိုယ်ထဲမှာ အမြဲကပ်လျက် အရပ်ရပ်သော အာရုံတို့ကို တွေ့ကြုံတိုင်း သိတတ်ခံစားတတ်၏။ သံသရတိ၊ ခန္ဓာကိုယ်ကြေမရသောအောင် သေခါလာကြသော်လည်း ဘယ်ခါမှ မပျောက်ပျက်၍ မသွားမှုကြောင့် နှစ်ခုသောဘဝတို့၏ အကြားမှာ သွားလာကျင်လည်၍နေပါတ်၏။ သန္ဓာဝတိ ဘဝအဆက်ဆက်မပျက်ဘဲ အမြဲတည်၍နေတတ်၏။ ဟူတိစေ၊ ဤသို့ပြဆိုခဲ့သည့်အတိုင်း။ ပဝတ္တာ၊ ပုထုဇန်တို့၏ သန္တာန်ပြင်တွင် စွဲကပ်ဖြစ်ပေါ်၍နေကြသော ဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အတ္တနုဒိဋ္ဌိ အတ္တဝါဒုပါဒါန်၊ မိစ္ဆာဒိဋ္ဌိအယူမှားကြီးကို။ ပဇဟိယာတိ၊ ဝိပဿနာဉာဏ် ကောန်မြင်ခြား ရှင်လူအများတို့သည်၊ ပယ်ရှားရ၍သာ ဖြတ်တောက်၍သာ စွန့်ပစ်နိုင်ကြလေသတည်း၊

## အဓိပ္ပါယ်–သံခိပ်

အန္ဓအများ မိစ္ဆာမှား ယူခြားကြလေတာ။ အသက်လိပ်ပြာကိုယ်ခန္ဓာ ဝိညာဉ်ရှိသည်သာ၊ ငါငါအတ္တ သဇီဝ အနိစ္စအမြဲသာ၊ ကမ္ဘာသချေ့ကုန်ခါကြေ မသေမပျက်ပါ၊ ကိုယ်ခန္ဓာမှာ ငါကောင်ပါဒေါင်းကာ နေတော့တာ။ မြင်ခြင်း၊ ကြားခြင်း၊ သွားလာခြင်း၊ စားခြင်း၊ သောခြင်းသာ၊ အမှုကိစ္စဟူသမျှ သူကရွက်ဆောင်တာ။ ခန္ဓာကိုယ်ထဲ သူအမြဲ မလွဲကိန်းအောင်းကာ၊ တွေ့တိုင်းအာရုံ အလုံးစုံ အကုန်ခံစားတာ။ ရုပ်ခန္ဓာတွေ များစွာသေ နှစ်ထွေဘဝမှာ။ ကူးပြောင်းခံစား ဘဝခြား သွားလာကျင်လည်တာ၊ ပြသည့်အလား မှတ်ထင်ခြား အများအန္ဓမှာ။ သက္ကာယဒိဋ္ဌိ သဿတရှိ မှားသိယူမိစ္ဆာ။ ရုပ်နာမ်ခန္ဓာ မလိမ္မာ မှတ်ပါဤကိုင်းသာ၊ ခန္ဓာရုပ်နာမ် ပရမတ်ဉာဏ် ကောန်သိသူမှာ။ မိစ္ဆာယူမှား ယိုတရား တားလေးစျှိပါ၊ ဒိဋ္ဌိသုဉ္ဉာ မိစ္ဆာယာ ပဟိရာဝိပဿနာ။

ဝိပဿနာဉာဏ် အမြင်သန့် မှတ်ရန်ဝိဋ္ဋိကြာ။ ဝိဋ္ဋိပြတ်သူ များရှင်လူ မှတ်ယူသောတာသာ၊ သောတာပန်မှ ပါယ်မကျ မှချမှတ်လိုက်ပ။ လောကီကုသိုလ် များထိုထို ပါယ်ကိုမလွတ်ပါ၊ ပညာရှိများ ကြံစဉ်း စား ဉာဏ်အားထင်မည်သာ။ အပါယ်ကိစ္စ စိတ်ဇချ ဝိဋ္ဋဉာဏ်မြင်မှာ။ သင်္ခါရတရား ဘုံသုံးပါး လည်ပြားနေကြသာ၊ ပုထုဇဉ်အနွ ပြုကျင့်ကြ မှချမလွတ်ပါ။ ကလျာဏ ပြုကျင့်ကြ ရှိသမျှကုသိုလ်တာ။ မဂ်ဖိုလ် ရကြောင်း တရားကောင်း ပြောင်း၍သွား သည် သား၊ သောတာ, ကလျာဏ ဖြစ်သူမှ လွတ်ကြပါယ်လေးရွာ။ အပါယ်ကင်းလို တောင်းဆု ဆို ဝါတ်ကိုပွားစရာ။ အမျိုးကောင်းသား သမီးများ ကျက်ထားထိုဂါထာ။ နှုတ်ပယ်ရက ကလျာဏ ဖြစ်ရကြောင်းသာ။ အမှန်တရား သိသူများ လွန် အားတက်ကိုရာ။ နိဗ္ဗာန်လိုလား ရှင်လူများ ကြိုးစားကြလေပါ။

## မာနရောက်၍ လူမိုက်နောက်ပါ၊ ဂုဏ်လုပ်ခါနေကြသောသူတို့ အပါယ်ကျခြင်း (ဓမ္မပဒ–ပါဠိတော်)

(၆၇) နမာနေ မာနနံ မာနေသ၊ ဗာလ မိတ္တောဟိ
မာနဝါ၊ ပဏ္ဍိတ်ကု ပဏ္ဍာယ၊ ဗာလော
ဗာလ ဂတိ ဂတော။

မာနေသ၊ မိုးသီးစွန်မားမား တံခွန်လွှားသို့၊ တက်ကြွားသောမာန် အတွင်းခံရှိသောသူသည်၊ မာနနံ၊ သူဘာပါးတို့ မြောက်စားဝပ်စင်း၊ မြတ်နိုးခြင်းကို။ နမာနေ၊ မှီနီး၍အလိုက်၊ ဝမ်းပန်းလှိုက်၍ အမြှောက် မကြိုက်လှန်းပေရာ။ ပါသစ္စ၊ သူဟာပါးမြှောက်တိုင်း စိတ်ကရှိုင်း၍၊ အားတိုင်းအမြှောက် မကြိုက်နှင့်–ဆိုသောစကား မှန်ပါ၏။ မာနဝါ၊ အမြှောက်ကြိုက်လှန် မာန်တံခွန်ဖြင့်၊ မိုးသီးစွန်မထောင်လွှား တက်ကြွား ကြွကြွ၊ ဝါကြွားတတ်သော ရတန်းရှင်လူသည်၊ ဗာလမိတ္တော၊ မြှောက် ၍စားမည့် လူပါးလူလျှပ် လူကပ်လူလိမ် လူမလိမ္မာ လူပယ်သာလျှင် ဆတာမိတ်မှန် ကျေးကျွန်နောက်ပါ၊ ဟတာတာပည့် ရှိတတ်၏။ ဝါ၊

လူမလိမ္မာ လူငယ်ကိုသာ သဟာမိတ်မွန် ကျေးကျွန်နောက်ပါ တကာ တပည့် လုပ်ချင်တတ်၏။ ပဏ္ဍိတ်တု၊ မကောင်းမြစ်တား ကောင်းရာ ပဲ့ပြင် သွန်သင်ကျိုးကြောင်း မိတ်ကောင်းသဟာယ အပြစ်တင်ပြ ဆို ဆုံးမ တတ်သော၊ ပညာရှိကိုကား၊ ပစ္စက္ခာယ ပေါင်းမိပါသော် အ နာပေါ်တတ်ကျ မျက်နှာမရ၊ ဟန်မရ၍ မာနအစွန်း စွန်းခွါပယ်ကြဉ်၊ မရိဝင်ကြဘဲ။ ဗာလော၊ ကိုယ့်ကိုမြှောက်သည့် လူနောက်တို့လို ကိုယ် ပါရောလျက်။ ဗာလဂတိ၊ တပည့်တကာ များသူငါတို့ တွေ့ရာမြှောက် ပိုင်း ဆ မနိုင်းသဲ၊စိတ်ရှိုင်းစိတ်မိုက် အမြှောက်ကြိုက်သည့် ငမိုက်ဗာလ သွားရှာရသော၊ ဒုက္ခဖြာဖြာ ပါယ်လေးရွာသို့။ ဂတော၊ မှာက္ခတွင် လူရှင်ရှုံ့မဲ့ ကဲ့ရဲ့ခံရ ဟန်မလှဘဲ၊ သေကချက်ခြင်း ဒုက္ခတွင်းသို့ မယွင်း မှန်စွ လက်ငင်းမကြာ ကျရောက်၍သာ သွားလေတော့သတည်း။

## အစိပ္ပါယ်–သံခိပ်

ရဟန္တာရှင်ငွေ ပြည့်စုံလေ ထွေထွေမောက်ကြွားကာ၊ အဆင်းအင်္ဂါ ပြည့်စုံလာ ငါငါမောက်ကြွားတာ။ မင်းမှိန်စိုးရှိန် တောက်ပယိန် မငြိမ် မောက်ကြွားတာ။ ကုသိုလ်ဒါန ပြုနိုင်က နေ့ ည မောက်ကြွားတာ၊ ကျောင်း၊ ကန်၊ ဇရပ် ဆောက်နိုင်လပ် မပြတ်မောက်ကြွားတာ၊ မင်္ဂ ဖိုလ်ရမယောင် ဟန်ပင်ဆောင် လူ့ဘောင် မောက်ကြွားတာ၊ တရားရ ယောင် သီလကြောင် ပြောင်ပြောင် မောက်ကြွားတာ၊ ရဟန်းရှင်လူ မာနပူ မိုက်သူရှာပေါင်းတာ၊ နောက်လိုက်ငယ်သား မြှောက်ခါစား ပျော်အားဝမ်းပန်းသာ၊ လူမိုက်ကိုသာ နောက်လိုက်ရှာ လိမ်ကာကြွား အဝါ။ ပညာရှိထံ နည်းမခံ ဂုဏ်ဟန်ပြောဆိုကာ။ ပညာရှိအား ပေါင်း မိငြား အလကား ထင်တတ်တာ၊ ပညာရှိက ဆိုဆုံးမ မချအမှန်သာ၊ ဆုံးမ ပါသော် အနာပေါ် လျှော်လျှင် တုတ်ကျတာ၊ အပြစ်တင်ပြ ဆို ဆုံးမ မချပဏ္ဍိတာ၊ပဏ္ဍိတာအား မမိငြား သေသွားအပါယ်ရွာ၊ ရဟန်း ယောင် ရှင်ယောင် သူတော်ယောင် မိုက်ခေါင်ဝီစိမှာ၊ရဟန်းစစ်ရှင်စစ်၊ သူတော်စစ် မဖြစ်အပါယ်ရွာ၊ အိုးရေညှိုးကြီးက အိုးငယ်ပ လုပ်ရခက် လိုက်တာ၊ ဗုရားစွဲ ကျောင်းစွဲ ဆရာစွဲ အမြဲဖျက်တာ။ လမ်းပြဆရာ မလိမ္မာ နောက်ပါအမှားသာ၊ သိဉ္စည်းတပည့် အလားရှိ ဝိစိစဉ်းစားပါ။

ဆရာငဲ့ကွက် မစွန့်ရက် ဘယ်မက်မရှာ။ အမှန်တရား သိလျက်သား အများအားပါးနာ။ အမေ့ါပေါင်းအတွက်၊ အောက်နရက် ဆက်ဆက် လိုက်သွားရှာ။ မိုက်လို့ မဆုံး မိုက်ခေါင်ယုံး မိုက်ဟုံးရှိသေးတာ။ မိုက် မှုန်းသိက ပယ်စွန့်ချ ဝိဋ္ဋပဋိတာ။

## ခန္ဓာငါးပါးကို အနတ္တ၊ အနိစ္စ၊ အသုဘ၊ ဒုက္ခလက္ခဏာ လေးပါးနှင့် ခွဲဝေ၍၊ မဂ်လေးပါး၊ မဂ်တက်စဉ်ကိုပြသော ပေဋကော ပဒေသ-ပါဠိတော်

(၆၉) ပဉ္စန္နံ ခန္ဓာနံ၊ ပရိဘာဂ ဝတော
ဒေသိတာ၊ တတ္ထ အသုဘ သညာ။
ရူပက္ခန္ဓဿ ပရိညတ္ထံ၊ ဒုက္ခသညာ၊
ဝေဒနက္ခန္ဓဿ၊ ပရိညတ္ထံ၊ အနတ္တ
သညာ။သညာက္ခန္ဓဿ သင်္ခါရက္ခန္ဓဿစ
ပရိညတ္ထံ၊အနိစ္စသညာ၊ ဝိညာဏက္ခန္ဓဿ။
ပရိညတ္ထံ။

ပဉ္စန္နံခန္ဓာနံ၊ ဖေါက်ပြန်တတ်စွာ၊ ရုပ်ခန္ဓာနှင့် သာယာခံစား။ မှတ်သားစိမ်း သိကြောင်းကြံသော ဤခန္ဓာငါးပါး ရုပ်နာမ်တရားအစုတို့၏၊ ပရိညာ၊ ဝိပဿနာ ပညာထက်သန် ပေဘန်ပိုင်းခြား၍ သိခြင်းငှာ၊ ဘဂဝဘော၊ ဘုန်းတော်နေရှိန် ကိန်ထိန်တောက်ပ သမ္ဗုဒ္ဓသခင် ဘုရားရှင်သည်။ဒေသိတာ၊လေးပါးမဂ်စဉ် တက်လမ်းရှင်ကို ထင်ထင်ရှားရှား ဟောကြား ဆုံးမတော်မူလေပြီးတကား၊ ထိုသို့ အနိစ္စဒုက္ခအနတ္တ အသုဘ သညာလေးဖြာ ခန္ဓာငါးပါးတို့တွင်။ အသုဘ သညာ၊ တဏှာကျ၍ အနာဂါမ်ရဟန္တာ ကောင်းစွာဖြစ်အောင် မဖွယ်မရာ ရွံ့ရှာယ်သာဟု၊ များစွာ ကြည့်ရှုရသော အသုဘသညာသည်၊ ရူပက္ခန္ဓဿ၊ ဖေါက်ပြန် တတ်စွ။ ရူပကာယာ၊ ခန္ဓာကိုယ်ကြီးကို၊ ပရိညတ္ထံ၊ ကာယနုပဿနာ၊ နှစ်ဖြာသုံးဆယ် တကယ်ပေဘန်၍ သိခြင်းငှာ၊ ဒေသိတာ၊ သာယာ

ခြင်၊ ဖန်ဖန်ချိမ့်ကျော် ဟောဖေါ် ညွှန်ပြတော်မူလေပြီ။ ဒုက္ခသညာ၊ ဆိုးကောင်းနှစ်ဖြာ ဘာဘာညာညာ သာယာခံစားခြင်း ဝေဒနာမှာ တကျာပြတ်၍ အရတတ္တမက်သို့ တက်ဘို့စေရာ ဘယ်ခါမလစ် ဖြစ်ချုပ်ကြိမ်ဖန် အဘန်တန်ကြောင့် ကောန်ဆင်းရဲလှသော ဒုက္ခသညာသည်။ ဝေဒနက္ခန္ဓာ၊ အဆင်းအသံ မြင်ကြားပြန်က အမှန်ပေါ်လာ သာယာခံစားခြင်း ဝေဒနာကို။ ပရိညတ္တ၊ ခြောက်ဖြာအာရုံ၊ လုံးစုံဝေဘန် ကောန်ပိုင်းခြား၍ သိခြင်းငှာ။ ဒေသိတာ၊ သာယာခြင်း၊ ဖန်ဖန်ချိမ့်ကျော် ဟောဖေါ် ညွှန်ပြတော်မူလေပြီ။ အနတ္တသညာ၊ ဗိဋ္ဋကွာ၍၊ သောတာပန်ဖြစ်ဘို့ရာ၊ ဝါ၊ ပျော်အောင်ရှုကြည့်ရသော အနတ္တသညာသည်၊ သညာက္ခန္ဓာသာစ၊ အဆင်းအသံ မွှေး,နံ့,,လုက်,ထိ,တွေ့ရှိအာရုံ၊ အလုံးစုံဖြင့် အကုန်အစင် ထင်ထင်ရှားရှား မှတ်သားမှု သညာက္ခန္ဓာကိုရင်း။ သင်္ခါရက္ခန္ဓာသာစ၊ ဆိုးကောင်းဖြစ်ရန် ဖန်ဖန်ပြုပြင် စီရင်တတ်သော သညာက္ခန္ဓာကိုရင်း၊ ပရိညတ္တ၊ ခြောက်ဖြာအာရုံ လုံးစုံတွေ့လျှင် ဆင်ခြင်ပိုင်းခြား ဝေဘန်၍ ထားနိုင်ခြင်းငှါ။ဒေသိတာ၊ သာယာခြင် ဖန်ဖန်ချိမ့်ကျော် ဟောဖေါ်ညွှန်ပြတော်မူလေပြီ။ အနိစ္စသညာ ဗိဋ္ဋကွာလျက် သောတာမက်သို့ ပျက်ဆိုက်ကပ်အောင် စိတ်ဓာတ်၏ မမြဲကြောင်းကို ကောင်းကောင်းထင်ထင် ဆင်ခြင်ရှုကြည့်ရသော အနိစ္စသညာသည်၊ ဝိညာဏက္ခန္ဓာ အကြောင်းသင့်မှ ခဏခြင်းပေါ်လာပြီး တခါတည်း ချုပ်ပျော်သွားတတ်သော ဝိညာဏက္ခန္ဓာကို၊ ပရိညတ္တ တဆယ့်ရှစ်တန် ဓာတ်မှန်ပေင်းပိုင်းခြားဝေဘန်၍ သိခြင်းငှါ။ ဒေသိတာ၊ ကမ္မဋ္ဌာန်းပြဆရာ ဒေသနာမစုံ ဟန်ဂုဏ်မောက်ကြွား လုဝါကားယို့ ဆင်ရှားချက်ခြင်း အမြင်လင်းအောင် ဘယ်သင်းကောက်မက် အထက်မက်ယု။ တောဒဂ်တင်ပြ သဗ္ဗုဒ္ဓသည် ကျကျနန သန့်သင်၍သာ ဆုံးမ၍သာ ဟောတော်မူခဲ့ပေသတည်း။

## အဓိပ္ပါယ်–သံခိပ်

လေးသတိပဋ္ဌာန် ဝါးရမ်ခန်း ဗပ်ရန်ဖြတ်ဆိုပြ၊ ဝိပဿနာ ရှုဘို့ရာ သေချာမှတ်ကုန်ကြ၊ လေးပါးမဂ်စဉ် တက်လမ်းစွင့် ထင်ထင်ရှားရှားပ။ ကာယာနုမှာ ရုပ်ခန္ဓာ ရုပ်ပါအကုသ။ အနာဂါမ် ရဟန္တာ ဖြစ်ဘို့ရာ သေ

ချာမှတ်ကုန်ကြ၊ ဝေနှစ်ခုမှာ ဘေးဒုက္ခာ မြင်လာတင်အောင်ပ။ အောင်
မင်္ဂပြီးမှ ရှုကုန်ကြ မုချအရဟတ္တ၊ သင်သည့်နှစ်ခု ဓမ္မာနှ ရှုလောအနုဿ။
ပုထုဇာန်အစ ကလျာဏ သောတာပန်ကုန်ကြ၊ စိတ်နှင့်ဝိညာဏ် ဤနှစ်
တန် ရှုရန်အနိစ္စ၊ အနိစ္စနှင့်အနတ္တတိုင် ရှုကြည့်နိုင် ပိုင်ပိုင်မင်္ဂသောတာ၊
သောတာပန်မှ ပါယ်မကျ ဒိဋ္ဌိမှတ်ကုန်ကြ၊ မင်္ဂဖိုလ်နိဗ္ဗာန် လိုသူမှန်
ဖန်ဖန်ပြမည်ပ၊ အန္ဓဘဝ ရှိနေက လုပ်ကြကလျာဏ၊ ခန္ဓာရုပ်နာမ်
ကျွမ်းကြေပြန် အမှန်ကလျာဏ၊ ကလျာဏမဖြစ်က ဘယ်ဘဝမင်္ဂမရ၊
ရုပ်နာမ်ခမ္မ ကျွမ်းကြေမှ ရှုရကမ္မဋ္ဌာန်းပ။ ဘာညာမသိ အန္ဓရှိ ရှုကြည့်
အလကားပ၊ လမ်းပြဆရာ မလိမ္မာ နောက်ပါအများရ၊ ရှေ့သွားစဉ်
တိုက် လမ်းမဆိုက် နောက်လိုက်အများကျ၊ ဝိပဿနာလိုလို သမထကို
ဟောဆို မိန့်မြွက်ကြ၊ နည်းပြဆရာ မလိမ္မာ နောက်ပါ ဟော့ရမ်းလှ၊
ဝိပဿနာ သမထ မကွဲသမျှ အန္ဓလူဗာလ၊ ဓမ္မကထိက ဟူသမျှ သိရ
ပရမတ္ထ၊ ရုပ်နာမ်ပရမတ် ကျွမ်းကြေလပ် မှတ်တော့ပဏ္ဍိတ၊ တရား
ဟောဆရာ မလိမ္မာ ဘယ်ခါမင်္ဂမရ၊ တကာ-တကာမ နှုတ်ချိုပြ သူ
လာဘ်ရအောင်ပ၊ ဝိလုပ်တန်လုပ် ရဟန်းဝတ် နှုတ်ကချိုချိုပ၊ ဝိဟန်
နှုတ်ချို ထိုပုဂ္ဂိုလ် ကြည်ညိုတတ်လေစွ၊ ကြည်ညိုသမျှ လူဗာလ ပါမျှ
ညာဏ်မခ၊ ဂေါန ဂေါနော နွားကိုဟော ရောနှော ပေါင်းကုန်ကြ၊
တမဏ သမနော ရဟန်းဟော ဗုဒ္ဓေါမိန့်မြွက်ပြ၊ ပညာရှိအား ရှင်လူ
များ စဉ်းစားယူလေကြ၊ ပညာမရှိ လူဒိဋ္ဌိ မသိဘယ်ကာလ၊ ဗုရားမှန်
တရားမှန် သံဃာမှန် တွေ့ရန်ခက်ပေစွ၊ တော်စွာ လျော်စွာ လူဖြစ်
လာ ဘယ်ခါမသိကြ၊ လိမ္မာသူများ သိဘို့ငြား ငါအားရေးသည်ပ။

—— ၀ ——

သတ္တဝါ ဖို-မ ခေါ်ဆိုကြသော လောကကြီးကို ပရမတ်ခေတ်
ပေါက်၍ ယင်းချောင်းမြက်မှိုက် တုတ်ခနောင်းကဲ့သို့ ထင်သဖြင့် သော
တာပန်ဖြစ်၍ အပါယ်ကျရန် ပူပန်စရာမရှိခြင်း။

## ထေရဂါထာ—ပါဠိတော်

(၇၀) တိဏကဋ္ဌသမံ လောကံ၊ ယော ပညာယ
ပဿတိ၊ မမတ္တံ သော အသံဝိန္ဒံ၊ နတ္ထိ
မေတိ န သောစတိ။

ယော၊ ရဟန်းရှင်လူ မည်သူမဆို အကြင် ပုဂ္ဂိုလ်သည်။ လောကံ၊ သတ္တဝါကောင် ငါကောင်ဟု မှတ်စွဲထင်အပ်သော သတ္တလောကကြီးကို။ တိအကဏ္ဍသမံ၊ မြက်မှိုက် ထင်းချောင်း တုတ်ခနောင်းတို့နှင့် မထူးမခြား တစားတည်း တထပ်တည်း တူမျှအောင်၊ ပညာယ၊ ရုပ်ဓါတ်နာမ်ဓါတ် ပရမတ်သဘော တွေးတော ဆင်ခြင် ဉာဏ်သမ္မာဒိဋ္ဌိ ဖြင့် ပဿတိ၊ စေ့စေ့ငုငု ကြည့်ရှုဆင်ခြင်လေတော့၏။ ယဒါ၊ ဤသို့မကြာ ဆင်ခြင်ပါ၍ ခန္ဓာရုပ်နာမ် ပရမတ်ဉာဏ်ကို ကေန်မြင်သော အကြင်အခါ၌။ မံအတ္တ°၊ အထည်ဖြပ် သကပ်သဏ္ဍာန် ငါဟန့်ငါယောင် ငါဟုဆောင်သော ငါကောင့်ငါပ ငါငါဟုဆိုသမျှသည်။ အသံဝိန္ဒ°၊ အဟုတ်ကေန် အမှန်မရှိ ရှုကြည့်ဖွေရှာ မရပါ၍။ သော၊ ထိုသို့ဝိပဿနာဉာဏ်အတန်တန်ဖြင့် လိုက်လံဖွေရှာ ရှုကြည့်ပါသော၊ မေ၊ ငါ၏။ သန္တကံ၊ ဗိဋ္ဌိဘဏ္ဍာ ငါနှစ်ငါဖြင့် သာယာစွဲလန်း တပ်မက်ခြင်းသည်။ နတ္ထိ၊ မရှိလေတော့ပြီ။ ဣတိ၊ ဤသို့။ ယထာဘူတ ကျနသေချာ၊ ပိုင်းခြားကာဖြင့် ကောင်းစွာတည့်တည့် သိမြင်ခြင်းကြောင့်။ နသောစတိ၊ ငရဲ တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်၊ လေးသွယ်အပါယ် ဒုက္ခကကင်း-ကျရောက်ခြင်း အတွက်ကသာဖြင့်၊ ပရမာ၊ အနုမြူကလေးလောက်မျှ စိုးရိမ်စရာ ပူပင်စရာ ရှိပါတော့အံ့နည်း။

## သောဏာစစ်သူကြီး–ထေရဂါထာ

(၇၁) ဟတ္ထိခန္ဓာ ပပတိတံ၊ ကုဥ္စရော
စေအနုက္ကမေ၊ သင်္ဂါမေ မေမတံ
သေယျော။ ယဥ္စေ ဇီဝေ ပရာ
ဇိတော။ ။

ဟတ္ထိခန္ဓာ၊ သောဏာမည်သော် လူဖြစ်စဉ်က၊ တိုက်ဆင်ကိုစီး စစ်ပွဲကြီးမှာ စစ်ထိုးရာ ဆင်-ကျောက်ကုန်းပေါ်မှ၊ အဝပတိတံ၊ စောက်ထိုးဇွန်းပြန် အတန်တန်ဖြင့် လခဲ၍ကျသောငါ့ကို၊ ကုဥ္စရော၊ နွယ်ပြောင်ဖြူသီး အားအင်ကြီးပေသည့် ငါစီးသောတိုက်ဆင်သည်၊ စေအနုက္ကမေ၊ နှိန်မှန်ညက်ခြေ နင်းခြေပစ်သား သေကယ်ကဲဖြစ်ပါငြားအံ့၊ သင်္ဂါမေ၊

ရန်ခြင်းတော့ဆိုင် ၎င်း-နိုင်ဖြစ်မြဲ ပကတိသောစစ်ပွဲကြီး၌။ မေ သော‌တာ သော‌တာ လောကအမည် ငါမထေရ်၏။ မင်း၊ ကေန်မသူ သေရခြင်း သည်၊ သေယျော၊ ကောင်းမြတ်ပါသေး၏၊ ပရာဇိတော၊ သာသနာ ထမ်း လွန်တင့်ဆန်းသည်။ ရဟန်းဖြစ်ပါလျက် ဒိဋ္ဌိတကျော၊ ကိလေသာ ရန်စစ်မက်မှ မဖက်နိုင်၍သည်ဖြစ်၍၊ မေ၊ သော‌တာ-သော‌တာ လောက အမည် ငါမထေရ်၏၊ ဇီဝေ၊ ခန္ဓာမပျက် အသက်ရှည်ရှည် ပုံအခြေဖြင့် နေရခြင်းသည်၊ယဥ္စေသေယျော၊ ဘုရားမြတ်စွာ သာသနာမှာ သံသာဟု သမုတ်သော်လည်း၊ လူလုပ်၍နေတာလောက်မျှ ဟန်ဟန်ပန်ပန်ကလေး မကျ၍ မုချအမှန် ဒိဋ္ဌကေန် မမြတ်လှပေ့သတည်း။

## ရုပ်,နာမ်,ပရမတ် ဓါတ်တရား-တည်းဟူသော ဝိပဿနာ ဉာဏ်ပညာကို အားမထုတ်၍ ဆုတ်ယုတ်ခြင်းကြောင့် ခန္ဓာငါးပါးတွင် ဒိဋ္ဌိတကျော နှစ်ပါး စွဲဝင်ပုံပြခြင်း၊

(၇၂) ပညာယ ပရိဟီနေန၊ ပဿလောက်
သဒ္ဒေ ဝကံ၊ ဝိနိဗ္ဗ နာမ ရူပဿံ။
ဂုဒ် သစ္စနိ မညတိ၊

သိက္ခမေ၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်တရား လိုလားစုံမက်ကြကုန်သော ဒို....ချစ်သား,ချစ်သမီးတို့၊ ပညာယ၊ ဝိပဿနာ ဉာဏ်ပညာမှ။ ပရိဟီ နေန၊ ဆရာကောင်းထံ နည်းမခံဘဲ၊ မကြံမစည် ထို ဤမျှားရှုပ် အား မထုတ်၍ ဆုတ်ယုတ်ခြင်းကြောင့်၊ သစ္စနိ၊ ပရမတ်ဉာဏ် အဟုတ်မှန် သည့် ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးရပ် တရားမြတ်ကို။ နမညတိ၊ ကောင်း စွာတည့်မတ်သည့် မသိနိုင်ကြကုန်၊ ဂုဒ်၊ ဤသို့ ဝိပဿနာ ပညာဆုတ်ယုတ် အားမထုတ်၍၊ အဟုတ်တရား မသိပြားကြသော၊ သဒေဝကာ၊ ထိုထို သတ္တဝါ နတ်ဗြဟ္မာနှင့် တကွသော။ နာမရူပသ္မိံ၊ နာမ်ရုပ်နှစ်ဖြာ ခန္ဓာ ငါးခု တရားအစု၌၊ ဝိနိဗ္ဗ၊ ဒိဋ္ဌိတကျော သတ္တဝါပုဂ္ဂိုလ် ထိုထိုအရာ ငါငါ မှတ်ထင် စွဲဝင်၍နေကြသော။ လောကံ၊ သတ္တဝါ ဗိုလ်မနေ သိကြသည့် လောကကြီးကို။ ပဿ ဓေ ဓေ ပုင ကြည့်ရှုလိုက်ကြပါလော့ဓလော၊

## ဘာဝနာဖလ–သံဂဟ

ဝိပဿနာဉာဏ် မန္တဲပြန် မှတ်ရန်အနှစ်သာ၊ ဆရာကောင်း နည်းမခံ ဂုဏ်မာန် မောက်ကြွားခါ။ ရုပ် နာမ် ပရမတ် တရားမြတ် ဟုမ်အပ် မသိရာ။ လောကသုံးဖြာ သတ္တဝါ ဉာဏ်မှာရှုလိုက်ပါ၊ ဗိဋ္ဌိကတ္တာ ငါး ခန္ဓာ နာနာကပ်ငြိတာ။

(၇၃) ပညာဟိ သေဋ္ဌာ လောကသ္မိံ၊
ယာယံ နိဗ္ဗေဓ ဂါမိနီ၊ ယာစ
ယဒ္ဓာ ပဇာနာတိ၊ ဇာတိဘဝ
ပရိက္ခယံ။

ဘိက္ခဝေ၊ ဒိဋ္ဌိတဏှာ၊ နှစ်ဖြာကင်းပြတ် တရားမြတ်ကို တတ်အပ်လိုလား အို…ချစ်သား ချစ်သမီးတို့။ လောကသ္မိံ၊ သုံးဆယ် တကဲ့ လုံးစုံ ဘွန် ခေါ်ဆိုကြသည့် လောကကြီး၌၊ ပညာဟိ၊ မဂ်ဖိုလ်နိဗ္ဗာန် ရရန် ရကြောင်း ကောင်းစွာတည့်တည့်တည့် အမှန်ကိုသိနိုင်သည့် ဝိပဿနာ ဉာဏ်ပညာသည်သာလျှင်၊ သေဋ္ဌာ၊ ဒါန, သီလ, ဘာဝနာ၊ သမထ တရားတို့နှင့် ဆ,ရာယိမ်းကြုံး၊ ပြိုင်စံလျှင်ရှုံးရသမို့ အမြတ်ဆုံး ပါပေ တည်း။ ယာယံပညာ၊ ယခုဘဝ မဂ်ဖိုလ် ရနိုင်သည့် ဗိဋ္ဌမမ္မဖြစ်သော အကြင် ဝိပဿနာ ဉာဏ်ပညာသည်၊ ယဒ္ဓာ၊ အကျင့်အလေ့ ရှိခြင်း ကြောင့်၊ နိဗ္ဗေဓဂါမိနီ ပုဂ္ဂိုလ်သတ္တဝါ ငါကောင်,ငါဘဲ အထင်လွဲ၍ နေကြသော၊ ရုပ် နာမ် ဓမ္မ ဃန,အစိုင်အခဲတို့ကို ဖေါက်ခွဲ၍ သွားတတ် ကြလေကုန်၏။ ယာစ၊ ဗိဋ္ဌိတဏှာ ကိလေသာရန် တွန်းလှန်ဖြိုဖျက်နိုင် သော ထို ဝိပဿနာ ဉာဏ်ပညာသည်လည်း။ တဒ္ဓာ၊ ထိုသို့ ပုဂ္ဂိုလ် သတ္တဝါ၊ ငါကောင်,ငါဘဲ အထင်လွဲ၍နေကြသော ရုပ်နာမ်ဓမ္မ ဃန အစိုင်အခဲတို့ကို ဖေါက်ခွဲ၍ထားနိုင်သောကြောင့်။ ဇာတိဘဝပရိက္ခယံ၊ ပဋိသန္ဓေ တည်နေဇာတိ၊ ကုန်ခန်းချုပ်ပေသော နိရောဓသစ္စာကို၊ ပဇာနာတိ၊ မုချတိုင်တိုင် ပိုင်ပိုင်နိုင်နိုင် ဓါတ်ဆိုင်ခါက်ခဲ ဖေါက်ခွဲ၍ မပွဲအောင်သော အဘုတ်မှန်စွာ သိမြင်နိုင်ကြလေသတည်း။

ဝိပဿနာဓါတ် ပရမတ် အမြတ်ဆုံးဟုသာ၊ ဗုဒ္ဓမြတ်စွာ ဟောမေ ရှာ သေချာမှတ်လိုက်ပါ။ ဒါနဲ့သီလာ သမထဟာ နိုင်းယှဉ်မယှဉ်ရာ။ ဝိပဿနာဉာဏ်မှ ငါဆိုသမျှ မှုချမြတ်ကင်းကွာ၊ သနစိုင်ခဲ ပေါက်ခါနဲ့ မလွဲရှုနိုင်တာ၊ ဓါတ်ကိုပေါက်က နိဗ္ဗာန် မှုချမဂ်ဆိုက်မှာ။

(၇၄) တေသံ ဒေဝါ မနုဿာစ၊ သမ္ပုဏ္ဏာနံ
သတိမတံ၊ ဝိယတ္တိ ဟာသ ပညာနံ၊
သရီရန္တိမဓါရိနံ။

ဘိက္ခဝေ၊ ခန္ဓာနာမ်ရုပ် ပရမတ်ဉာဏ်ကို ကောန်လိုလား၊ အို… ချစ်သား ချစ်သမီးတို့၊ သမ္ပုဏ္ဏာနံ၊ သစ္စာလေးဆင့် ကောင်းစွာ ပွင့်ကုန် ပြီးသည်ဖြစ်၍။ သရီယန္တိမဓါရိနံ၊ အဆုံးစွန်သော ကိုယ်ကို ဆောင် ကုန်ထသော။ သတိမတံ၊ မမေ့မလျော့ မပေါ့မတန် မြဲမြံနိုဝေသော သတိတရား နှင့် လည်း ပြည့်စုံကြကုန်သော၊ တေသံ၊ ဟာသပညာနံ၊ ရွှင်လန်းကြည်စွာ ဝိပဿနာထက်သန် ဉာဏ်ပညာ ရှိကြကုန်သော ထို ပုဂ္ဂိုလ်တို့ကို၊ ဒေဝါစ၊ နတ်ပြဟ္မာတို့သည်လည်းကောင်း။ မနုဿာစ၊ ပညာရှိဟူ ခပ်သိမ်းသူတို့သည်လည်းကောင်း။ ဝိတန္တိ၊ လွှန်လွှန်ထူးထူး ထူးတွေ့မြင်လို ကြည်ညိုတောင့်တ ရှာကြံကြပြီး ချစ်ကြ၍သော ခင်ကြ၍ သော ပူဇော်ကြလေကုန်သတည်း။

ဝိပဿနာဉာဏ် လွန်ထက်သန် ခံပေးတန်သစ္စာသိ၊သစ္စာသိသူ များ ရှင်လူ ပူဇော်ကြလေဘိ၊ ရုပ်နာမ်ပရမတ် တတ်တုံလပ် မှတ်ကြမြတ် ပုဂ္ဂိုလ်၊ အရိယာဟူ မြတ်သည့်လူ သူငါချစ်ခင်ဘိ။ ထူးတွေ့မြင်လို မြတ် ပုဂ္ဂိုလ်ထိုထိုသတ္တဝါရှိ၊သူမြတ်တွေ့မှ နည်းနာရ မှုချတရားသိ။မှုချတရား သိသူများ ပန်ကြားသောတာရှိ၊ သောတာပန်မှ ပါယ်လေးဝ ဒိဋ္ဌိလွတ် မလေဘိ။ အပါယ်ကင်းလို တောင်းဆုဆို ဓာတ်ကို မြင်အောင်ကြည့်။ ရုပ်နာမ်ကိုသိ ပရမတ်သိ ဒိဋ္ဌိကွာသိ။

## ဒွယတာနုပဿနာသုတ်

(၇၅) ဥပါဒါဒ္ဒါ ရုသာဂန္တာ၊ ဖဿ ဝဋ္ဋာစ
ဓာဝလာ၊ ရုပ္ပါ တဏှာ မနုဿါစ
ယာဝ အဣ္ဍိတိ ရုဏ္ဍိ။

ဘိက္ခဝေ၊ သုံးဆယ့်တဘုံ လုံးစုံဒုက္ခ ငြိမ်းလိုကြသည့် သာသနာတွင်ကြား အိုချစ်သားတို့၊ လောကေ၊ ကာမရူပ, အရူပ,ဟု လောကသုံးဖြာ လူတို့ရွာ၌၊ ဣဋ္ဌာ၊ သတ္တာဝါ, ဖို-မ ထိုထိုမျှတို့ အလိုရှိကြကုန်သော၊ ကန္တာ၊ သူသူငါငါ ဘယ်ခါစိတ်မပျက် အလွန်နှစ်သက်အပ်ကုန်သော၊ မနာပါ၊ မည်သူမဆို ထိုထိုသော သတ္တဝါတို့၏ စိတ်နှလုံးကို ရွှင်မြူးနှစ်သက် ပွါးစေအပ်ကုန်သော။ ကေဝလာ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ရူပါ၊ မြင်သမျှမကြွင်း အဆင်း ရူပါရုံတို့သည်လည်းကောင်း။ သဒ္ဒါ၊ ကြားသမျှ အတန်တန် အသံသဒ္ဒါရုံတို့သည်လည်းကောင်း။ ဂန္ဓာ၊ မွှေးကိုင်လှိုင်ထုံ ဂန္ဓာရုံတို့သည်လည်းကောင်း။ ရသာ၊ ချို,ဆိမ့်,ခဉ်,ဖန်,စပ်,ငံ,မခြား ရသာများတို့ သည် လည်းကောင်း။ ဖဿာ၊ နူးညံ့ပျော့မာ ကြမ်းတမ်းသိမ်မွေ့ အတွေ့ ဖေါဋ္ဌဗ္ဗာရုံတို့သည် လည်း ကောင်း။ ဓမ္မာ၊ ဆင်း, သံ, နံ့,, ရ, တွေ့,ထိ, စသော၊ ငါးဝအာရုံ ကာမဂုဏ်ကို လုံးစုံစိတ်ကူး အထူးထူး အပြားပြား ဓမ္မာရုံတရားတို့သည်လည်းကောင်း။ ယာဝတာ၊ အကြင်မျှလောက်။ အတ္ထိတိ၊ ရှိကုန်၏ဟူ၍၊ ဝစ္စတိ၊ မှချဧကန် အမှန်မလွဲ အမြဲဆိုအပ်လှပေသတည်း။

(၇၆) သဒေဝကဿ လောကဿ၊ ဧတေခေါ

သုခသမ္မတာ၊ ယတ္ထစေတေ နိရုဇ္ဈန္တိ။

တံနေသံ ဒုက္ခ သမ္မတံ။

ဘိက္ခဝေ၊ နိဗ္ဗာန်သုခ လောကချမ်းသာ ထိုနှစ်ဖြာကို ကောင်းစွာတည့်တည့် သိလိုကြပြား အို-ချစ်သား ချစ်သမီးတို့၊ သဒေဝကဿ၊ နတ်ပြဟ္မာနှင့် တကွသော။ လောကဿ၊ အန္ဓဗာလာ ဘာမှန်းမှ မသိကြသည့် လောကလူအပေါင်းတို့သည်။ ဧတေ၊ ဤခြောက်ဖြာအာရုံ ကာမဂုဏ်ပွါးများ။ ဒုက္ခတရားတို့ကို။ သုခ သမ္မတာ၊ ချမ်းသာသုခ လွန်ကောင်းစွဟု အားရပါးရ သမုတ်အပ်ကြလေကုန်၏။ ယတ္ထ၊ ဒုက္ခခပ်သိမ်းကင်းလွတ်ငြိမ်း၍ ဇာတ်သိမ်းကြမှန် အကြင်နိဗ္ဗာန် မြတ်ကြီး၌ကား။ ဧတေ၊ ဤအာရုံခြောက်ပါး ကာမဂုဏ်ပွါးများ ဒုက္ခတရားတို့သည်။ နိရုဇ္ဈန္တိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံဖြင့် အကုန်ချုပ်ငြိမ်းကြကုန်၏။ တံ၊ ထိုခြောက်ဖြာအာရုံ ကာမဂုဏ်ပွါးများ ဒုက္ခတရားတို့၏ ချုပ်ရာ

ဆုံးရာ ကုန်ရာ ငြိမ်းရာ သိမ်းရာအမှန် နိဗ္ဗာန်သုခကြီးကို၊ နေသံ၊ ဘာ မှန်းမသိ၊ အတိအန္ဓ ဗာလခေါ်ကြသော ပြဟ္မာနတ်လူ အများတို့သည်။ ဒုက္ခသမုဒယ၊ ဘာ ဘာ ညာညာ က လေး မျှ မပ်စားရ မခံစားရသည့် အတွက် ဒုက္ခသက်သက်ကြီးဟူ၍ ပြောကြပြီးခါ ဆိုကြပြီးခါ သမုတ် ကြကုန်သတည်း။

(၇၇) သုခံဝိဋ္ဋ မရိယေဟိ၊ သက္ကာယဿ
ပရောဓနံ ပစ္စနီက မိဒံဟောတိ။
သဗ္ဗလော ကေန ပဿတံ။

ဘိက္ခဝေ၊ ချမ်းသာသုခ လိုရှိကြသည့် အာဂတမှ များရှင်လူတို့၊ သက္ကာယဿ၊ရုပ်နာမ်ခန္ဓာ အာယတနဓာတ်ပဋိစ္စသမုပ္ပါဒ်တရားကြီး၏။ ဥပရောဓနံ၊ ချုပ်ဆုံးရာဌာန အမတပုဒ်၊ နိဗ္ဗာန်ချမ်းသာ မြတ်ကြီးကို၊ အရိယေဟိ ပညာရှိဆို ယောဂီပုဂ္ဂိုလ် ထိုထိုသော အရိယာတို့သည်။ သုခံ၊ နှိုင်းပြိုင်စရာ ရှာမရအောင် ချမ်းသာတက အထွဋ် အမြတ်ကြီး ပေဟု။ ဒိဋ္ဌံ၊ ယထာဘူတ ကျနထင်ထင် သိမြင်ကြ ပေ ကုန်တော့၏။ ဘိက္ခဝေ၊ ချမ်းသာသုခ လိုရှိကြသည့် အာဂတမှ များရှင်လူတို့။ ပဿတံ၊ ပညာသမ္မာဉ် ဉာဏ်အမြင်နှင့် အစဉ်ပြည့်စုံ ကြကုန်သော၊ ယောဂီပုဂ္ဂိုလ် ထိုထိုသော အရိယာတို့နှင့်။ သဗ္ဗလောကေန၊ အန္ဓဗာလ မိုက်စွမဆုံး တလောကလုံး မိုက်ခေါင်တုံးတို့နှင့်၊ ဣဒံဝေပစ္စနီကံ၊ ဤသို့ မပျက် တဘက်တလမ်း ဖြောင့်တန်းဆန့်ကျင်ဘက်ကြီးသည်၊ဟောတိ၊ သုံးဆယ် တဘုံ လုံးစုံအတွင်း ရှေ့ကြုံ၍ မကင်းသမျှ လူချင်း ခဏခဏ ငြင်းခုံဘိုရာ ရန်ဘက်ချင်းသာ ဖြစ်ကြလေကုန်သတည်း။

(၇၈) ယံပရေ သုခတော အာဟု၊ တဒရိယာ
အာဟု ဒုက္ခတော။ ယံပရေ ဒုက္ခတော
အာဟု၊ တဒရိယာ သုခတောဝိဒူ။

ဘိက္ခဝေ၊ တရားအမြတ် ပရမတ်ကို ထပ်အပ်ထင်ထင် လိုချင်ကြ ကြသော ဘို-ချစ်သားချစ်သမီးတို့၊ ပရေ ယောဂီပုဂ္ဂိုလ် ထိုထိုအရိယာမှ

တပါး အခြားသော သူတို့သည်၊ ယံ၊ ခြောက်ဖြာအာရုံ ကာမဂုဏ်ပွားများ အကျင့်တရားကို။ သုခတော၊ အကောင်းဆုံးပ၊ ချမ်းသာတက အထွဋ်အထိပ်ကြီးဟူ၍။ အာဟု၊ ပြောဆို မှတ်ထင် ကြလေ ကုန်တော့၏။ တံ၊ ထိုအန္ဓဗာလ လူဟု သမုတ်ခေါ်မျှ ရှိကြသော သူတို့၏ သုခချမ်းသာဟု ပြောဆိုကြသောတရားကို။ အရိယာ၊ သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့သည်၊ ဒုက္ခတော၊ ကောန်မုချဆင်းရဲဒုက္ခကြီးဟူ၍။ အာဟု၊ ဟောပြော မိန့်ဆို ကြကုန်၏။ ယံ၊ သောတာပန်အစ အရဟတ္တပုဂ္ဂိုလ်တို့ ခံစားအပ်သော အကြင်နိဗ္ဗာန်သုခတရားကို၊ ပရေ၊ တော်စွာလျော်စွာ လူဖြစ်လာ၍ ခန္ဓာအာယတန, ပဋိစ္စခေတ်, ပရမတ်ကို မတတ်မလိမ္မာ မကျွမ်းကျင်ရှာသော ဗာလချာအန္ဓ မိုက်ပေစွတို့သည်။ ဒုက္ခတော၊ ကာမဂုဏ်တရား မခံစားရ မစံစားရ မပျော်ပါးရသဖြင့် အလကားမဟုတ်စွ၊ ဒုက္ခတရား အဆင်းရဲကြီးဟူ၍။ အာဟု၊ ပြောကြဆိုကြ ငြင်းခုံကြကုန်၏။ တံ၊ ထိုအန္ဓဗာလတို့ ဒုက္ခပြောဆိုတဲ့ မဂ်ဖိုလ်နိဗ္ဗာန်တရားကို၊ အရိယာ၊ သောတာပန်အစ အရဟတ္တအထိ အရိယာပုဂ္ဂိုလ်တို့သည်။ သုခတော၊ နှိုင်းပြိုင်စရာ ရှာမရအောင် ချမ်းသာတက အထွဋ်အထိပ်ကြီးဟူ၍။ ဝိဒူ၊ ပညာသမ္ဗောဇ်ဉာဏ် အစဉ်၌၊ သိမြင်ကြကုန်၏။ ဘိက္ခဝေ၊ တရားမြတ် ပရမတ်ကို တတ်အပ်ထင်ထင် လိုချင်ကြပြား အို–ချစ်သား ချစ်သမီးတို့။ ပေပစ္စနိကံ၊ ဤကဲ့သို့ တဘက်တလမ်း ခြောင့်တန်းဆန့်ကျင်ဘက်ကြီးဖြစ်၍ နေပုံကို။ပသာ ပညာဉာဏ်စွမ်း လောကမှန်းပြီး ရှုစမ်းလိုက်ကြပါကုန်လော၊

—— ၀ ——

နာမ်တရား စိတ်ခေတ်ကလေးသည် အခံခေတ် အဘိုက်ခေတ်ဟို ကပေါ်လာသည် မဟုတ်၊ ၎င်းအကြားကလည်း ပေါ်လာသည် မဟုတ်။ ခာတ်သဘောအားဖြင့် ဖြစ်ပေါ်လာခြင်း အကြောင်းပြသော၊

## ပါဠိတော်

(၇၉) နဝဏ္ဏာရမဏာ နာမံ နပိဥဇိန္နမဇ္ဈရ၊
ယောတို့ ပဋိစ္စ သမ္ဘောတိ သမ္ဘော၊၊
ပဟာတာယ ဘောဂိယာ၊၊

ဝဏ္ဏာရမဏာ၊ မျက်၊ နား၊ နှာ၊ လျှာ ကိုယ်မနောတို့ မှီရာဆိုင်ရာ၊ ဖြိုင်ရာမတ္တရာ ယိုရာဖြစ်သော ဆင်း၊ သံ၊ နံ့၊ ရ၊ တွေ့ကြုံဆသည့်၊ ခြောက်ဝအာရုံ၊ ဆယ့်နှစ်ဖုံတို့မှ၊ နာမံ၊ မှတ်ရန်ခံစား သိပြားစေ့ဆော် လေးဘော်သော နာမ်တရားသည်၊ နသမ္ဘာတိ၊ အလကား သက်သက် ထွက်ပေါ်လာ၍ ဖြစ်ကြသည် မဟုတ်။ ဥဘိန္န၊ ဝတ္ထုအာရုံ နှစ်ပါးစုံ အခံခုတ် အတိုက်ခတ်တို့၏၊ အနုရာပိစ၊ မျက်စိအဆင်း ပေါင်းဆုံလျှင်းကြသည့် ခြားအဟွင်း၌လည်း၊ နသမ္ဘာတိ၊ အလကား သက်သက် ထွက်ပေါ်၍ ဖြစ်လာကြသည် မဟုတ်၊ ယဟာတာယ၊ ဟိုးခပ်ရိုက်နှက်အပ်သော၊ဘေရီယာ၊ ဗျော၊ စည်၊ ဗုံ ပေါင်း ခေါင်းလောင်းကြေးစည် ဘေဟိစည်၏၊ သဒ္ဒေါယထာ စည်သံ ခေါင်းသံ ဗုံသံ ပတ်သံ ဗျောသံ ဆိုင်းသံ ကြေးသံကဲ့သို့၊ ဟေတုံ၊ မျက်စိအဆင်း အလင်းမနသိကာရစသော အကြောင်းတရားကို၊ ပဋိစ္စ၊ စွဲ၍၊ သမ္ဘာတိ၊ စိတ်ဝတ်တွေ့ဟာ၊ မရေသာအောင် သဘာဝသဘော လဟ်ဟာလေလာဖြင့် အဆောလျင်စွာ ဓာတ်အားဖြင့်သာ ချက်ခြင်းမကြာ ဖြစ်ပေါ်လာကြသတည်း၊

(၁၀) စက္ခာဒိ ဘေရိ အာဒါသတိလာခရာရဏီ
ယထာ၊ ဒဏ္ဍာဒိဝိယ ရူပါဒီ၊ စိတ္တံ သဒ္ဒါ
ဒယောယထာ။

စက္ခာဒိ၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်မနော စသည်တို့ကို၊ ဘေရီ အာဒါသတိ လာခရာရဏီ ယထာ၊ စည် ကြေးမုံ ပြင် နှမ်းသွင်ပွတ်ခုံ လုံးစုံရပ်ရပ် ဓာတ်သဘောတို့ကဲ့သို့၊ ဒဋ္ဌဗ္ဗာ၊ ကိုယ်ခန္ဓာတွင် ဉာဏ်အမြင်ဖြင့် ဆင်ခြင်ရှုအပ် မှတ်အပ်ကြရာ၏၊ ရူပါဒီ၊ အဆင်း၊ အသံ၊ အနံ့၊ မုန်သမျှ၊ ရသာ-စသည်တို့ကို၊ ဒဏ္ဍာဒီဝိယ၊ လက်ခတ်စည်ချက် နှာ ကျူရေမွှေ့ပွတ်စာ အဖြာဖြာတို့ကဲ့သို့၊ ဒဋ္ဌဗ္ဗာ၊ ကိုယ်ခန္ဓာတွင် ဉာဏ်အမြင်ဖြင့် ဆင်ခြင်ရှုအပ် မှတ်အပ်ကြကုန်၏။ စိတ္တံ၊ မြင်ကြားနံ့၊ လျက်သိ အရာရာသိဟယ်သော စိတ်ဝိညာဉ်ကို၊ သဒ္ဒါဒယောယထာ၊ စည်သံ မှန်ရိပ် ဆီမီးလျှံ တံဆိပ် တို့ကဲ့သို့၊ ဒဋ္ဌဗ္ဗာ၊ ပရမတ်ဉာဏ် အမြင်သန်၍

ခန္ဓာကိုယ်တွင်း ဓာတ်ခပင်းကို ချက်ခြင်းလျင်စွာ ရှုကြည့်၍သာ ဆင်ခြင်၍သာ မှတ်အပ်လှပေသတည်း။

(၁၁) ဒုက္ခာ သင်္ခတာ၊ ပုဗ္ဗာပရန္တေသု ဝိဝဋ္ဋေ
ပေယာ၊ သုဘာဒ္ဓုဝ သုခတ္တတ္တ သုညတော၊
ဟေတု ဝုတ္တိတော။

သင်္ခတာ၊ ကံစိတ်ဥဟာ လေးဖြာကြောင်းအင် စီရင်သမျှ ခံနေကြရသော ရုပ်နာမ်ပရမတ် ဝဋ်ဆင်းရဲ သဘောတို့သည်။ ပုဗ္ဗာပရန္တေသု၊ အကြောင်းသင့်က ခဏမြန်စွာ ဖြစ်ပေါ်လာကြသော ဥပါဒ်တို့၏ ရှေ့ဖြစ်ပြီးသည့်နောက် ချက်ခြင်းကွယ်ပျောက် ကုန်ဆုံးရောက်ရသော ဘင်ခဏတို့၏နောက် အစွန်းနှစ်ဘက် ဖြစ်ပျက်မှန်လှ ရှေ့နောက်နှစ်ဘက်တို့၌၊ ဝိဝဋ္ဋတော၊ ကင်းဆိတ်ကွယ်ဘိ မရှိလုံးလုံး သုဉ်းသော အားဖြင့်ရှင်း၊ သုဘာဒ္ဓုဝသုခတ္တတ္တသုညတော၊ တင့်တယ်မြဲစွာ ချမ်းသာသုခ အစိုးရသော အဖြစ်မှ ကင်းဆိတ်ကွယ်သုဉ်း၊ လုံးလုံးပကတိ မရှိသော အားဖြင့်ရှင်း၊ ဟေတုဝုတ္တိတော၊ အကြောင်းသင့်မှ ခဏလျင်စွာ ဖြစ်ပေါ်လာရသော အားဖြင့်ရှင်း။ ဒုက္ခာ၊ အနိစ္စ အတ္တ ဝိပဿနာဉာဏ်ဖြင့် ဝေဘန်ပိုင်းခြား ရုပ်နာမ်များကို ထင်ရှားအောင်ပ ရှုကြည့်၍သာ ဆင်ခြင်၍သာ မှတ်အပ်လှပေသည်။

## မြတ်စွာဘုရား ရတနာသရ စကြီလျှောက်သော ဂါထာ

(၁၂) တသ္မိံ စက်မနနမိရော၊ ဒွတ္တိံသာကာရ
လက္ခဏော၊ ဝိရောစမာနေသမ္ဗုဒ္ဓေါ
စက်မေ စက်မိဳဝေနား

တသ္မိံ စက်မနနေ၊ နတ်တို့သော်နှင်း သိကြားမင်းသည် ဖန်ဆင်းတော်မူအပ်သော ကို ရတနာသရစင်္ကြံ၌၊ ဝိရော၊ မြဲမြန် စင့်နိုင် တည်ကြည်နိုင်သော သဘောဖြင့်လည်း ရှိတော်မူ ပေတတ်သော။

သာကာရလက္ခဏာ၊ ၃၂-ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာလည်း ရှိတော်မူပေထသော။ သမ္ဗုဒ္ဓေါ၊ အမှန်လေးချက် တရားနက်ကို လက်ဝယ်တင်ထား စိန်မြလားသို့ ပိုင်းခြားစည့်စည့် အစွမ်းကုန်သိနိုင်သော မိပတိထွန်းထား ဗုရားကိုယ်တော်မြတ်သည်။ ဝိရောဓိမာနေ၊ မျှားစွာဆင့်ဆင့် တင့်တင့်သေချာ ကောင်းစွာ စံပါယ်တော်မူလျက်။ ဇိနော၊ မာရ်ငါးပါးကို ထွားထွားညက်ညက် ပယ်ဖျက်တော်မူနိုင်သော ဇိနထွင့်ထား ဗုရားကိုယ်တော်မြတ်သည်၊ စက်မေ၊ နတ်တို့သေဌ်နှင်း သိကြားမင်းသည် ဖန်ဆင်းတော် မူအပ်သော နတ်စကြံ ရတနာ၏ အတွင်း၌၊ စက်မိ၊ ရွှေပောင်ကြီး အလား တမားမားဖြင့် ပြန်သွားတုံ့ခေါက် စကြံလျှောက်၍ တယောက်တည်းသာ။တုကုံဖလာ၊ နေရှာတော်မူလေသတည်း။

သတ္တဋ္ဌာနအတွက် ရတနာသာရစကြံ၌ သတ္တဝါအမျှားတို့အားတရားဟောရန် ကြံစီတွေးတောရာ၊ သတ္တဝါတို့၏ သဏ္ဍာန်၌ ကိလေသာထူပြော၍ ငြိးညူသောဂါထာ။

(ဂ၃) ကိစ္ဆေန မေ အဓိ ဂတံ၊ ဟလံဒါနိ
ပကာသိတုံ ရာဂ ဒေါသ ပရေတေဟိ
နာယံ ဓမ္မော သုသမ္ဗုဒ္ဓေါ။

မေ မယာ၊ငါးဗုရားသည်။ ကိစ္ဆေန၊ သချေ်လေးထပ် တသိန်းကပ်စည့် ငြိုငြင်ဆည်းပူးပါမှ။ အဓိဂတံ၊ ရအပ်သိအပ်ပြီးသော၊ဓမ္မံ၊သစ္စာလေးပါး မြတ်တရားကို။ပကာသိတုံ၊ဝေဘန်ဟောကြား သတ္တဝါအား၌ ထင်ရှား ဖေါ်ပြခြင်းငှါ၊ အလံ၊ မသင့်လှလေတော့ပြီ၊ ရာဂ ဒေါသ ပရေတေဟိ၊ ကာမဂုဏ် ရာဂ ဒေါသ စသဖြင့် နှိပ်စက်အပ်ယသော သတ္တဝါတို့သည်။ အယံဓမ္မော၊ ဤငါဗုရား ဟောကြားလိုသော သစ္စာလေးပါးမြတ်တရားကို။သုသမ္ဗုဒ္ဓေါ၊ကောင်းစွာထင်ထင် သတ္တဝါတို့၏ ဉာဏ်အစဉ်မှာ သိမြင်နိုင်ခြင်းသည်၊ နဟောတိ၊ သဘောတိ၊ အဘယ်မှာလျှင်၊ ဒေါသာပန်ဆင်ဉာဏ်မြင်ထမြောက်မက်စည့်ပေါက်အောင် တယောက်ဟနေသာကလေးမျှ ရှိနိုင်စရာ ဖြစ်နိုင်စရာ ခက္ခပါတော့အံ့နည်း။ ငြင်းနည်း ဂါထာ။

(၁၄) ပဋိသောတ ဂါမိံ နိပုဏံ၊ ဂမ္ဘီရံ
ဒုဒ္ဒသံ အဏုံ၊ ရာဂရတ္တာ နဒက္ခန္တိ၊
တမော ခန္ဓေန အာဝုတာ။

ပဋိသောတဂါမိံ၊ မလွန်မယုတ် အဟုတ်ညီစွာ မဇ္ဈိမပဋိပဒါသာလျှင် အကျင့်ရှိသော။ နိပုဏံ၊ သိမ်မွေ့နူးညံ့လှစွာသော။ ဂမ္ဘီရံ၊ နက်နဲစွာလည်းရှိထသော။ ဒုဒ္ဒသံ၊ အန္ဓဗာလ မြင်နိုင်ကြဖို့ များစွာခဲယဉ်းခြင်းလည်းရှိထသော။ အဏုံ၊ နတ်နှင့်ဗြဟ္မာ မမြင်ရာတည့် ပရမာအနုမြူ အသေးဟုသော။ ဣမံဓမ္မံ၊ ဤခန္ဓာရုပ်နာမ် သင်္ခါရပဋ္ဌာန်းသစ္စာ အာယတနဓာတ် ပဋိစ္စသမုပ္ပါဒ် ပရမတ်တရားကို။ ရာဂရတ္တာ၊ ကာမရာဂ ဘဝရာဂ ဒိဋ္ဌိရာဂဖြင့်၊ တပ်မက်ကုန်သော သတ္တဝါတို့သည်၊ တမောခန္ဓေန၊ အဝိဇ္ဇာလုံး အမိုက်တုံးဖြင့်။ အာဝုတာ၊ ပိတ်ဖုံး မှေးယှက် အပ်ကုန်သည်ဖြစ်၍။ နဒက္ခန္တိ၊ နေ့ရော ညဉ့်ပါ ဘယ်ခါမလပ် အထပ်ထပ်ပြော၊ ဘယ်လိုပင်ဟောသော်လည်း၊ လူမိုက်တို့၏ သဘောဉာဏ် ထင်နိုင်စရာ မြင်နိုင်စရာ ရှိပါတော့အံ့နည်း။

သံသရာထွက်ကြောင်းကို မသိနိုင်အောင် အတွင်းအပြင် သတ္တဝါများ ရှုပ်နေပုံကို သိကြားမင်းက ဘုရားမင်းအား လျှောက်ထားခြင်း။

## သဂါထာ–ဝဂ္ဂသံယုတ်

(၁၅) အန္တောဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာ
ပဇာ၊ တံ-တံဂေါတမ ပုစ္ဆာမိ၊ ကော
ဣမံ ဝိဇဋယေ ဇဋံ။

ဂေါတမ၊ လုံးစုံမသွေ ဓမ္မတရား ဟောဆိုကြားနိုင်သည့် အို…ဘုရားဂေါတမ။ တံ၊ ရှင်ပင်ဘုရားကို။ ပုစ္ဆာမိ၊ တပည့်တော် သိလိုရေးနှင့် မေးလျှောက်လိုက်ပါ၏ အရှင်ဘုရား။ လောကော၊ သတ္တဝါဖို မ ခေါ်ဆိုကြသည့် သုံးလောကကြီး၌။ အန္တောဇဋာ၊ သံသရာထွက်ကြောင်း တရားကောင်းမသိ၊ အတိအန္ဓအတွင်းက ရှုပ်နေတာလည်း တမျိုးပါ

ပုရား။ ဗဟိဇ္ဇာ၊ သူမပြော ငါပြော တသောသောနှင့် တွေးတောမမြင် အပြင်ကရှုပ် လမ်းမဟုတ်ဘာလည်း တမျိုးပါပုရား။ တာယဇ္ဇာသာ၊ ဆရာကောင်းနည်း နိသျှည်းဖြင့်၊ သိသည်း သော်ချာမရပါ၍၊ ဘယ်ညာ တွင်းပြင် နှစ်အင်တွေးရှင် ထိုအချုပ်က။ ပဇာ၊ လူနတ်ပြဟ္မာ သတ္တဝါဟူ များရှင်လူတို့ကို၊ ဇဋိတာ၊ ရှင်းမရအောင် အဓမ္မအဟုတ် ရှုပ်ချင်တိုင်း ရှုပ်၍နေပါကုန်၏ အရှင်ပုရား။ တံတသ္မာ၊ ထိုသို့ သတ္တဝါကို ဘယ်ညာမပြတ် တလစပ်အဟုတ်၊ ရှုပ်ခြင်းရှုပ်၍ နေပါသောကြောင့်။ ကုမံဇဋံ၊ သတ္တဝါကို တကျာဒိဋ္ဌိ စွဲဝင်ငြိ၍ ကာယိကအောင့် နေမဖြောင့်အောင် အမှောင့်ပူးထုပ် ဤအရှုပ်ကို။ ကော၊ လောကသုံးဖြာ သတ္တဝါဟူ အဘယ်သူ တစုံတယောက်သည်၊ ဝိဇဋယေ၊ သူသူငါငါ သတ္တဝါစိတ်တွင်း ဉာဏ်မြင်လင်းအောင် ဖြေရှင်း၍သာ သုတ်သင်၍သာ နေနိုင်ပါအံ့သနည်း။

## မြတ်စွာဘုရားက သိကြားအား ဖြန်၍ဖော၍ကြားတော်မူသော (ဝဂ္ဂသံယုတ်)

(၇၆) သီလေ ပတိဋ္ဌာယ နရော သပညော၊
စိတ္တံ ပညဉ္စ ဘာဝယံ။ အာတာပီ
နိပကော ဘိက္ခု၊ သော ဣမံ ဝိဇ
ဋယေ ဇဋံ။

ဒေဝပုတ္တ၊ တွင်းပြင်မဟုတ် နှစ်ခုရှုပ်၍ အဟုတ်မရှင်း သိလိုရင်းကြောင့်၊ မေးလျှဉ်းလျှောက်ထား ဘို....သင်နတ်သား။ သပညော၊ ကျိုးကြောင်းနှစ်ဖြာ လိမ္မာမြင်သိ ပညာရှိဟူသမျှတို့သည်။ အာတာပီ၊ ဒိဋ္ဌိတကျာ နှစ်ဖြာကိလေ တွေတွေ့လာရန် ပူပန်စေတတ်သော လုံ့လ လည်းရှိထသော၊ နိပကော၊ ရုပ်နာမ် ဓမ္မ သင်္ခါရတရား ပွားများလေ့ ကျက် ထိုအတွက်ကြောင့် ရင့်ကျက်သော ပညာလည်း ရှိထသော၊ ဘိက္ခု၊ သံသရာဘေး အပါယ်ဘေးကို ချွေတွေ့မြင်တတ် ဆင်ခြင်အပ်

ထသော၊ ယောနရော၊ အကြင် နတ်, လူ, ဗြဟ္မာ သတ္တဝါအပေါင်းသည်။ သီလေ၊ ငါးပါး, ဆယ်ပါး တတ်အားသမျှ တတ်နိုင်ကြသော သီလ၌။ ပတိဋ္ဌာယ၊ ခိုင်ခံ့စွာ တည်၍။ စိတ္တဉ္စ၊ သမာဓိအခြံရုံ လေးတန်သမ္မ အမိစိတ္တ၊ ခဏိက သမာဓိကိုငှင်း။ ပညဉ္စ၊ ခန္ဓာရုပ်နာမ် လေးတန်သစ္စာ အာယတနဓာတ် ပရမတ်ပညာကိုငှင်း။ ဘာဝယံ ဘာဝယန္တော၊ ပရမတ်ရုပ်နာမ် ဖြစ်ပျက်တန်ကို တန်တန်ပွားများ ရှုစားဆင်ခြင် မြင်အောင်ကြည့်နိုင်သော။ သောနရော၊ ကိုယ်သို့တမူ နတ်ဗြဟ္မာတူ ခပ်သိမ်းသူသည်၊ ဣမံဇဋံ၊ ဤသို့တွင်းပြင် အစဉ်မပြတ် တလစပ်ရှုပ်သော အရှုပ်ချိုးကို။ ဝိဇဋယေ၊ ပရမတ်မှန်ကင်း ဓါတ်ဉာဏ်လင်း၍၊ ချက်ခြင်း တမဟုတ်၊ သုတ်သင်၍သာ ဖြေရှင်း၍သာ ပစ်နိုင်ကြကုန်သတည်း။

အရှင်ဘုရား၊ တရားတော်နှင့် လောကတရားတော်နှင့် အဘယ်ကဲ့သို့ ကွာခြားပါသနည်း။ သာသနာခေါ်ခြင်းသည် အဘယ်တရားကိုခေါ်ပါ သနည်းဟု၊ မိဖုရားတော် ဂေါတမီက မြတ်စွာဘုရားအား လျှောက် သဖြင့် ဟောကြားသော....

## အဝံ့ဆိုရိုး - ပါဠိတော်

က။ (၁၇) အပစယာယ၊ သံဝတ္တန္တိ၊ နောအာစ
ယာယ ဧကံ သေနဂေါတမိ၊ ဒါရေ
ယျာသိ နေသောဓမ္မော၊ နေသောဝိန
ယော၊ ဧတံ သတ္ထုသာသနန္တိ။

ဂေါတမီ၊ မယ်တော်ထေရီ သောကိန္ဒယ်ဘွား တရားမြင်ယိ ဒို.... ဂေါတမီ၊ ဤမေဓမ္မာ၊ ခန္ဓာရုပ်နာမ် လေးတန်သစ္စာ အာယတနဓာတ် ဤ ပရမတ္ထတရားတို့သည်။ အပစယာယ၊ ကိလေသာဝဲ ဘေးဘုံကြာ ယွဲ့ချောင်တို့အကျိုးငှါ။ သံဝတ္တန္တိ၊ မွေ့စက်အာဏာ သာသနာသည် ကောင်းစွာ ဖြစ်ထွန်းကုန်လေသော၏။ အပစယာယ ကိလေသာမီး ဘုံသုံးလီမှာ ကျွင်လည်စေဘို့အလို့ငှါ၊ နောသံဝတ္တန္တိ၊ စင်စစ်ထင်ရှား ငါဘုရားသည် ဟောကြားခြင်း မဟုတ်လေသောကုန်။ ဂေါတမီ၊ မယ်

တော်ထေရီ သာကီနွယ်ဘွား တရားမြင်သိ အို...ဂေါတမီ၊ ဧသော၊ ဤ သင်္ခါရစက်ကွင်း ဝေးဘုံကွင်းက လွတ်ကင်းသော ငါဘုရားစကား သည်။ ဓမ္မော၊ သုတ်-အဘိဓမ္မာ တရားပါပေတည်း၊ ဝိနယော၊ ဝိနည်း တရားပါပေတည်း။ ဧတံ၊ ဤလေးပါးသစ္စာ သုံးဘုံစွာသည့် သုတ် ဝိနည်းအဘိဓမ္မာသည်၊ သတ္ထုသာသနံ၊ ငါဘုရား၏ စကားထုံးပြု အဆုံး အမ၊ သာသနာပါပေတည်း။ ဣတိမနသိကတွာ၊ ဤသို့စိုက်စိုက် နှလုံး ပိုက်၍၊ ဧကံသေန၊ မုချကေန အမှန်စင်စစ်အားဖြင့်၊ ဓါရေယျာသိ၊ တတ်တတ်အပ်အပ် မှတ်သားလိုက်ပါလော ဂေါတမီ။

## ငှင်း အင်္ဂုတ္တိုရ်-ပါဠိတော်

ဓ၊ (၈၈) အာစယာယ၊ သံဝတ္တန္တိ၊ နော အပစ
ယာယ၊ ဧကံသေန၊ ဂေါတမိ၊ ဓါရေ
ယျာသိ၊ နေသော ဓမ္မော၊ နေသော ဝိ
နယော၊ နေတံ သတ္ထုသာသနန္တိ။

ဂေါတမီ မယ်တော်ထေရီ၊ သာကီနွယ်ဘွား တရားမြင်သိ အို... ဂေါတမီ၊ ဣမေဓမ္မာ၊ ဤ-ငါဘုရား၏ စကားမဟုတ်သော ဝေးဘုံမက သင်္ခါရသုံးပါးတရားသည်၊ အာစယာယ၊ ကိလေသာမှို ဘုံသုံးမည်မှာ ကျင်လည်စေဘို့အလို့ငှါ။ သံဝတ္တန္တိ၊ ကမ္ဘာသစ်ငုတ် ရှုန်းစုန်းမြုပ်၍၊ နှုတ်မရအောင် ဖြစ်ရလေကုန်၏၊ အပစယာယ၊ ကိလေသာဝဲ ဝေးဘုံ ယက လွဲရှောင်ခြင်းအလို့ငှါ။ နောသံဝတ္တန္တိ၊ ဘယ်ခါသမယ ဘယ် ကာလမှ လွတ်အောင်ပြေး၍ မဖြစ်နိုင်ကြကုန်။ ဂေါတမီ၊ မယ်တော် ထေရီ၊ သာကီနွယ်ဘွား တရားမြင်သိ အို...ဂေါတမီ။ ဧသော၊ ဒါန သီလာ အစဖြာ၍၊ ပုညာပုည အာနုဠ္ဌတရားသည်။ နဓမ္မော၊ သုတ္တံ ပိဋကတ် အသိတတ်သည့် တရားမြတ်မဟုတ်ကုန်။ ဧသော၊ ဤ ဒါန သီလ၊ သမထအလုပ် အရှုပ်တရားတွေသည်၊ နသတ္ထုသာသနံ ငါဘုရား စကား မိန့်ပေါ်ကြားသည့် သာသနာတရား မဟုတ်ကုန်။ ဣတိမနသိ ကတွာ၊ ဤသို့စိုက်စိုက် နှလုံးပိုက်၍။ ဧကံသေန၊ မုချကေန အမှန်စင် စစ်အားဖြင့်။ ဓါရေယျာသိ၊ တတ်တတ်အပ်အပ် မှတ်သားလိုက်ပါ လော ဂေါတမီ၊

ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာတရားတို့ကို ပရမတ်ဉာဏ်ပေါက်၍ မသိမမြင်က ငါ့ဘုရားကို ကြောင်ကြောင် မြင်သော်လည်း ဘုရားမတွေ့ကြောင်း ဟောသော။

## ဇာတိဝုတ် ပါဠိတော်

(၇၉) ဓမ္မံ ဟိသော ဘိက္ခဝေ၊ ဘိက္ခုနပဿတိ
ဓမ္မံ အပဿန္တော၊ မံနပဿတိ၊ ဓမ္မံ ဟိ
သော ဘိက္ခဝေ၊ ဘိက္ခုပဿတိ၊ ဓမ္မံ
ပဿန္တော၊ မံပဿတိ။ ။

ဘိက္ခဝေ၊ တရားအမြွက်ပရမတ်ကို တတ်အပ်လိုလား အို–ချစ်သားချစ်သမီးတို့။ သော ဘိက္ခု၊ ကျော်ရာလျှော်ရာ သိမ်ဝင်ကာဖြင့် ဆရာနည်းပြု ယန်မကြဉ်း၊ သုဒ္ဓဉာဏေဘာ၊ မဖြစ်သောသူ ထိုဘိက္ခုသည်။ ဓမ္မံ၊ ခန္ဓာငါးတန် ရုပ်နာမ်ဓမ္မ သင်္ခါရတရားကို။ နပဿတိ၊ ပိုင်းခြားဝေဘန် ကေန်တိတိ မသိမမြင်ကုန်။ ဓမ္မံ၊ ခန္ဓာငါးတန် ရုပ်နာမ်ဓမ္မ၊ သင်္ခါရတရားတို့ကို။ အပဿန္တော၊ ပိုင်းခြားဝေဘန် ကေန်တိတိ မသိမြင်ကြကုန်သော ရဟန်းရှင်လူသည်၊ မံ၊ သင်တို့ဆရာ ဗုရားငါကို။ နပဿတိ၊ နားရွက်သိုပင် နီးလုက်အစဉ်ဖြင့် မမြင်မတွေ့ကြလေကုန်။ ဟိ၊ ရုပ်နာမ်တရား သဘောများကို ပိုင်းခြားထင်ထင် မသိမြင်က ငါ့ပင်ငါအား မမြင်ပြီးဟု ဆိုခဲ့သော စကားသည်မှန်ပါ၏။ ဘိက္ခဝေ၊ တရားအမြွက် ပရမတ်ကို တတ်အပ်လိုလား၊ အို–ချစ်သား ချစ်သမီးအပေါင်းတို့။ သော ဘိက္ခု။ သာသနာတွင် မဂ်ချင့် ယှဉ်၍ ခေါ်တွင်ဘိက္ခု။ သမ္မာဟူသည့် ထိုသိသူသည်။ ဓမ္မံ၊ ခန္ဓာငါးတန် ရုပ်နာမ်ဓမ္မသင်္ခါရတရားကို။ ပဿတိ၊ ပိုင်းခြားဝေဘန် ကေန်တိတိ သိမြင်လေတော့၏။ ဓမ္မံ၊ ခန္ဓာငါးတန် ရုပ်နာမ်ဓမ္မ သင်္ခါရတရားကို။ ပဿန္တော၊ ပိုင်းခြားဝေဘန် ကေန်တိတိ သိမြင်ကြကုန်သော ရဟန်းရှင်လူသည်။ မံ၊ သင်တို့ဆရာ ဗုရားငါကို။ ပဿတိ၊ ဝေဒင်းတိုက်စကြာ ဝေးကွာလေပြီး ထိုသူအားလျှင် မခြားနီးညှ ကောင်းစွာထင်ထင် ပရမတ်ဉာဏ်တွင် တွေ့မြင်လေတော့၏ တကား။

## ဝက္ကလိကို ဟောသော—ထေရာအပဒါန်

(၉၀) အလံကိံ တေ၊ ဣမိနာ ပုတိကာယေန၊
ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ၊ ဓမ္မံ ပဿတိ။

ဝက္ကလိ၊ မဂ်ဖိုလ်နိဗ္ဗာန် တရားမှန်ကို ကေန်မသိ ကို—ဝက္ကလိ။ ယော၊ ပရမတ်ဉာဏ်ကို ဝေဘန်ဆင်ခြင် မသိမမြင်သော အကြင်သူသည်၊ ခေါ၊ မုချကေန် အမှန်စင်စစ်အားဖြင့်။ ဒိဋ္ဌေန၊ ပကတိမျက်စိဖြင့် သိမြင်အပ်သော။ ဣမိနာပုတိကာယေန၊ ရုပ်ပုပ်နာမ်ပုပ် သင်္ခါရအပုပ်၍ စက်ဆုပ်ဘွယ်ဖြစ်သော၊ ဤအကောင်ပုပ်ဖြင့်၊ တေ၊ နှစ်သက်ကြည်ညို ရိုသေဆည်းကပ်၍နေသော သင်ဝက္ကလိအား။ ကိံ၊ အဘယ်မှာလျှင် သံသရာကွက်ကြောင်း ကောင်းသောအကျိုး၊ပွားတိုးခြင်းကိုရပါတော့အံ့နည်း။ အလံပဋိက္ခိတ္တ၊ ရတနာပြရုပ် မဟာဘုတ်ကို လောကုတ်ကိုးတန် လမ်းမှန်၍ ပယ်လှန်စွန့် ပစ်အပ်လေပြီ။ ဝက္ကလိ၊ မဂ်ဖိုလ်နိဗ္ဗာန် တရားမှန်ကို ကေန်မသိ အို—ဝက္ကလိ။ ယော၊ ပရမတ်ဉာဏ်ကို ဝေဘန်ဆင်ခြင် လိမ္မာမြင်သော အကြင်ပုဂ္ဂိုလ်သည်၊ ဓမ္မံ၊ ဗောဓိမဂ်ဉာဏ် သတိပဋ္ဌာန် သစ္စာ။ အာယတနာပဋိစ္စ၊ ပရမတ္ထတရားကို။ ပဿတိ၊ ပိုင်းခြားဝေဘန် ဝိပဿနာဉာဏ်ဖြင့် ကေန်တည့်တည့် သိမြင်လေတော့၏။ သော၊ ပရမတ်ဉာဏ် ဝေဘန်ပိုင်းခြား၊ ရုပ်နာမ်များကို ကွဲပြား သိမြင် ကြကုန်သော ထိုသူ အပေါင်းသည်၊ မံ၊ သင်တို့ဆရာ ဗုဒ္ဓါငါကို။ ပဿတိ၊ ဂုဏ်နှင့်ဖြာ နှစ်စုံထပ်၍ တတ်တတ်အပ်အပ် သတိချပ်ပြီး မပြတ်အောင်သာ နေ့စဉ်မကွာ တွေ့မြင်လေတော့သတည်း။

## ၎င်း—ဝက္ကလိ အပဒါန်

(၉၁) ယော ဟိ ပဿတိ သဒ္ဓမ္မံ သော မံ
ပဿတိ ပဏ္ဍိတော၊ အပဿမာနော
သဒ္ဓမ္မံ၊ မံ ပဿေပိ န ပဿတိ။ ။

ယော၊ ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ သဒ္ဓမ္မံ ဟိ၊ ထင်ရှားစေကန် အဟုတ်မှန်သည့် ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးရပ် ခြောက်ပါးခေတ်ကို။ ပဿတိ၊ ဝိပဿနာဉာဏ် စေတန်ပိုင်းခြား ထင်ရှားတည့်တည့် သိမြင်လေတော့၏။ သောပဏ္ဍိတော၊ ရုပ်နာမ်ပရမတ် တတ်အပ်ထင်ထင် သိမြင်ပေမူ မည်သူမဆို ထိုပညာရှိပုဂ္ဂိုလ်သည်။ မံ၊ သင်ကို ဆရာ ဗုဒ္ဓါးငါကို။ ပဿတိ၊ စကြာဝဠာ ကမ္ဘာပင် ခြားသော်လည်း ငါအားသိမြင်လေတော့၏၊ ယော၊ ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်တို့သည်။ သဒ္ဓမ္မံ ဟိ၊ ထင်ရှားစေကန် အဟုတ်မှန်သည့် ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးရပ် ခြောက်ပါးခေတ်ကို။ အပဿမာနော၊ ဝိပဿနာဉာဏ် မစေတန်ပိုင်းခြား ထင်ရှားတည့်တည့် မသိမမြင်သော သူသည်။ မံ၊ သင်တို့ဆရာ ဗုဒ္ဓါးငါကို။ ပဿံပိ၊ မျက်မှောက်ထင်ထင် ငါဗုဒ္ဓါးကိုပင် ကြောင်ကြောင်ကြီး မြင်ပါသော်လည်း။ နပဿတိ၊ ဘဝများစွာ သံသရာမှာ ဘယ်ခါသမယ ဘယ်ကာလမှ ကောင်းစွာထင်ထင် မတွေ့မမြင်နိုင်တော့လေသတည်း။

သူတော်ကောင်း အများတို့သည် လူမိုက်ကိုတွေ့လျှင် ဩ–ဗုဒ္ဓါးနှင့်ဓေးမင်း တရားမင်းကိုတောင် သတ်လို့ ပသေပါကလားဟု မိုက်မဲမှုဘဲ လေဟု နှစ်လုံးသွင်းရန်။

## ဓမ္မပဒ ပါဠိတော်

(၉၂) မလာကေဗာလာစ ဝေရာစ၊ ကေဝဋ္ဋလုဒ္ဒ
ကာဒယော၊ သဗ္ဗေ ဥဋ္ဌာပိ ရာဇူဟိ နိဒ္ဒိ
ယန္တိ၊ အနုန္တတာ၊ တတ္ထ ဇာလကတံ
ဒိသွာ၊ ဗာလတ္တာဝ ကတံ ဥတ္တံ၊ မိဂရော
ခမေယျ၊ အဝေက္ခ၊ နဝတံ ဗာလော
ဘာဝေတိ၊

လောကေ၊ လောကဘဝ၌သား၊ မောဟလွှမ်းသော မချမ်းသာသော အခါ အချိန်ကာလ မျက်စိးပတ်သော လောကကြီး၌။ ဗာလာစ၊ အကြောင်း

အကျိုး ကောင်းဆိုးယုတ်မြတ် မသိတတ်သော လူမိုက် ဟူသမျှတို့သည်လည်းကောင်း။ စောရာစ၊ ဘဏ္ဍာတိုက်တွင် ဖေါက်ဝင်ထွင်းလျှိုး ပေအောင်ဆိုးသည့် သူခိုးထားပြတို့သည်လည်းကောင်း၊၊ ကေဝဋ္ဋ၊ ရေဝယ် ပျော်ပါး ရေ၌ဖွားသည့် ဖါးငါးမကျန် တိရစ္ဆာန်ကို လိုက်လံသတ်မှုံး ပိုက်ကွန်မျှုံးဖြင့် မြစ်လုံးပြည့်လည် တင်သည်တို့သည်ရင်း၊ လုဒ္ဒကာဒယောစ၊ သမင်ဒရယ် ကိုင်ယ်စိုင်ဆတ် ဖွတ်ပဒတ်ကို သတ်ဖြတ်ကွင်းထောင် တောတောင်တရိုး ပေအောင်ဆိုးသည့် မုဆိုး စသည် တို့သည်ရင်း၊ ရာဇူဘိ၊ မင်းခေါင် မင်းဖျား မင်းတရားတို့သည်၊ ဝါ၊ ဂင်္ဂါဝါဠု သဲစုမသူ ဖွင့်ကြပေသည့် ပရမေပါရမီမင်းတို့သည်။ ဝါ၊ သုံးဆယ့်တဘုံ လုံးစုံပိုင်နင်း ရှင်သေမင်းတို့သည်။ သဒါ၊ တရားမင်းနှင့်- သေမင်းတို့ပါ နှစ်ပည့်ရှာ၍ အခါခပ်သိမ်း၊ ဒဏ္ဍာပိ၊ ဆုံးမမသွေ အသေသတ်ပါသော်လည်း၊ အနန္တတော၊ ပေါများလှစွာ သတ္တဝါတို့ ဘယ်ခါမဆုံး ရှိလိမ့်အုံးကြောင့်။ နဝိယန္တိ၊ သတ္တဝါလုံးစုံ သိုက်အမြုံနှင့် မကုန်မခန်းနိုင်ကြလေတော့ကုန်၊ ပာပ္ပါ၊ ထိုသို့ တရားမင်း သေမင်းသတ်ပါလျှင်လည်း။ မိုက်တွင်းနက်စွာ မသေကြပါသောကြောင့်။ ဟာလကတံ၊ လူမိုက်ဟူသမျှ ပြုလုပ်ကြသည့် သံဝါရမှု၊ တရားစုကို။ ပိဿာ၊ ကြောင်ကြောင်ထင်ထင် သူတော်စဉ်တို့ တွေ့မြင်ကြသည်ရှိသော်၊ ဗာလဏ္ဏာဝ၊ မိုက်ပါသော်ကော မိုက်သော်ကောဟု မိုက်ကောကြီးမှောင့် မိုက်ရှာသည့်အဖြစ်ကြောင့်။ ကတံ၊ လူမိုက်အစု မကောင်းမှုကိုပြုအပ်ပါပေ၏။ ဉာတိစ၊ ဤသို့ရင်း၊ အပါဝင်လော၊ ပေါင်သည့်ရွေးကို အရေးအယူ ရိုက်နှက်မှုကား ရိုက်သူလည်းရွေး၊ ရွေးလည်းရွေးဟု ရွေးသူစကား တရားသဘော ငါပါနှောပြီး၊ ရော၍ မိုက်ခြင်းသည်။ နဘဝေ၊ အပေါင်းအဖွက်။ မရှက်အမိုက် မဖြစ်ထိုက်မဖြစ်ပါတော့လို။ ဉာတိစ၊ ဤသို့ရင်း၊ အဝေဏ္ဍ၊ ရုပ်နာမ်ခမ္မ သံဝါရဖြစ်အောင် ဆင်ခြင်စဉ်းစား နှလုံးထား၍။ ဝိဇ္ဇော၊ သီလသမာ ပညာသမ္ပဇဉ် မြော်အမြင်နှင့် ဉာဏ်ကြီးရှင်တို့သည်၊ ခမေယျ၊ ကိုယ်စိတ်နှစ်ဖြာ ချုပ်တည်းပါ၍ ကောင်းစွာသိသည်း ခန္တီနည်းဖြင့် သည်းခံ၍သာ ဆင်ခြင်၍သာ နေထိုက်ကြရာသာတည်း။

မြတ်စွာဘုရားက ရုပ်နာမ်ခန္ဓာ ပရမတ် ဒေသနာသော ဟုတ်ကြောင်း ဟောတော်မူရာ၊ လောက အနှစ်သာရ လူမိုက်တို့က ပညတ်

ကောင် လူနတ်ဖြဟ္မာသော ဟုတ်ကြောင်း၊ အန္တုခံ၍ ငြင်းခုံလေရာ၊ ဗုဒ္ဓက လောကလူမိုက်များကို ပြန်၍ မငြင်းခုံလိုကြောင်း။

## ခန္ဓသံယုတ် ပါဠိတော်

(၉၃) နာဟံ ဘိက္ခဝေ၊ လောကော၊ နဝိဝဒါမိ
လောကောဝ မယာ၊ ဝိဝဒတိ။

ဘိက္ခဝေ ပရမတ်ဉာဏ်မသင်း အချင်းချင်းဖြင့် နေ့စဉ်ငြင်းကြသည့် အို-လူအဖျင်းတို့၊ အဟံ၊ ငါသည်၊ လောကေန၊ သံသရာထွက်လမ်း၊ ဉာဏ်မျက်စိကန်းကြသော အန္ဓပုထုဇဉ်လောကနှင့်၊ နဝိဝဒါမိ၊ နှစ်ဖြာနာမ်ရုပ် ပရမတ်ဟုတ်ကို ပုဂ္ဂိုလ်သတ္တဝါ ပြောဆိုကာဖြင့် ဘာညာဘယ်သင်း အံ့တုရှင်း၍ မငြင်းပါတော့လို။ လောကောဝ၊ သံသရာထွက်လမ်း ဉာဏ်မျက်စိကန်းကြသော အန္ဓပုထုဇဉ်ကို လောက၊ ကသာလျှင်၊ မယာ၊ သင်တို့ဆရာ ဗုဒ္ဓါကို။ ဝိဝဒတိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူဘပါး ယောကျ်ား မိန်းမ စသည်ဟုတ်ကြောင်း၊ မျက်စောင်းထိုး ကာ လည်ညှိမ့်ခါဖြင့် အာဘောင်အာရင်း အသံပြင်းနှင့် အတင်း ဇွတ်တရွတ် ရန်ထောင်၍သော မာန်မူ၍သော ငြင်းခုံနိုင်ကြလေသတည်း။

ရဟန်းရှင်လုတို့ အသင်းပြုလုပ်၍ စည်းဝေးပြီး ခေါ ခေါငြင်းခုံမှု လည်း နိဗ္ဗာန်မရမှု၊ သာသနာပျက်မှုကိုလေသော ပွားများ၍ အလကား အချိန်ကုန်မှုကို ဗုဒ္ဓကိုယ်တော်မြတ်ဟောသော။

## ဓမ္မပဒ ပါဠိတော်

(၉၄) ဝါဒညီတော၊ ပဋိဘာနိယန္တိ၊ နုစော
ပသံသာမိ၊ ပရိက္ခပဥ္စ၊ တမေတာတမော
နေသံသဇန္တိ သင်္ဂါဒိတ္တံဟိမော၊ တဒ္ဓ
ဂမနန္တိဉ္စရေ

No-20

ဧသော၊ အချို့သော-ရသေ့ပရိဗိုဇ် ရဟန်းပုဏ္ဏား လူမိုက်တို့သည်၊ ဝါဒ်ဟီ၊လောကအတွင်း ပြင်းခုံ ဘိုရာ ဝိဝါဒကိုသာလျှင် ပင့်ဆောင်ကြ၍ စစ်ကြီးတခု အရေးလှ၍ ခုခံပြင်းခုံ တိုက်ခိုက်ကြကုန်ရာ၏၊ ပရိတ္တပဥာ၊ မာန်တမားမား ဒေါသပွား၍ နည်းပါးသော ဉာဏ်ပညာရှိကြကုန်သော၊ ဧတေ၊ ကိုယ်နှင့်မဆိုင် မဖြစ်နိုင်ကို ပိုင်ပိုင် တင်းတင်း ပြောဆိုပြင်းကြသော ရဟန်းရှင်လူ မည်သူမဆို ထိုထိုအန္ဓ လူ့ဗာလတို့ကိုးနေပသံသာမိ၊ ပညာရှိများ နုတ်သိကြားနှင့် ငါပုရားသော်မှ ချီးမွမ်းတော်မမူ။ နေသံ၊ ထိုသို့ ကိုယ့်ထက်သာကို မနာလို၍ ဆဲဆိုသမှု ပြင်းခုံပြုကြသော လူမှုလူရာ မလိမ္မာသည့် လူချာလူငတ် လူကပ်လူမွဲ လူသရဲတို့၏၊ တတော တတော၊ ထိုထိုပြင်းခုံ လုံးစုံစစ်ပွဲ အသင်းတွေ့ဟူသမျှ အထဲမှ၊ သင်္ဂါ၊ ငြိကပ်တယ်စွာ။ ရာဂ, ဒေါသ၊ မောဟ, မာန၊ ဒိဋ္ဌိစသော သာသနာပျက်မှု သင်္ဂတတရား ငါးပါး အစုတို့သည်၊ သဇန္တိ၊ ငြိကပ်လူးလည်း၍ လာကြကုန်၏။ ဟိသစ္စံ၊ အသင်းအသင်း ပြင်းခုံခြင်းဖြင့် ဘယ်အသင်းဘာမျှ ကျိုးမရ၍ အလကား အကောင်တွေ ဆိုသော စကားသည်မှန်ပါ၏၊ တော၊ အချင်းချင်းကို ပြင်းခုံရန်ခိုက် ဝိဝါဒကြိုက် သာသနာလိုက်၍ ဖျက်သော သူမိုက်တို့သည်။ ဝီတ္ထုံ၊ မိမိတို့၏ စိတ်ကိုးဒွရေ၊ မဂ်ဖိုလ်နိဗ္ဗာန် ရရန်ရကြောင်း တရားကောင်း လမ်းမှန်နှင့် ဝေးကွာသော၊ ဝါ၊ ရုပ်နာမ် ခန္ဓာ သစ္စာလေးရပ် ပရမတ္ထ တရားတို့နှင့်-ဝေးကွာသော၊ ဘတ္တ၊ ထိုသို့၊ ဝိဝါဒကွဲ အသင်းဟူသမျှ စစ်ပွဲ၊ သင်္ဂတတရား ငါးပါးထဲ၌သာလျှင်၊ ဂမေန္တိ၊ တရားလက်လွှတ် သတိချွတ်လျှက်၊ ဇွတ်တချွတ်အတင်း သွားလာခြင်းဖြင့် အသင်း ခဏ ခဏ လူစု၍သာ စည်းဝေး၍သာ ပြင်းခုံကြလေသတည်း။

လောက သုံးပါးမှာ ကာမဂုဏ်စံစား၍ အသက် မွေ့ ရှေ့ နေကြရအောင် ငါ့ဘန္တုဖြင့် လောကီကုသိုလ် ဒါန, သီလ, သမထ, ဘာဝနာ, တို့ကို ကြိုးစား၍ လုပ်ကြလေဟု၊ မာရ်နတ်က သူ၏ အသင်း သားများအား ဟောသော။

## သံယုတ်ဂါထာ

(၉၇) သဟဿ ဟာရေဂါ ပရေဿ သ ဇာနာသော
တဝ ဇီဝိတံ ဇီဝသော ဇီဝိတံ သေယျော
ဇီဝံ ပညာဝ ကာယံဿ။

ဘော၊ ငါ၏ ချစ်ဆွေ အာသဝေါမှသည့် ကာမောဃောအပေါင်း အို- သူတော်ကောင်းတို့၊ ဘဝတုမှာကား၊ ဒုက္ခညီညီ သနေ့ကြို့တဲ့ ကုသိုလ်ချို့သော သင်တို့၏၊ ဇီဝိတံ၊ အကုသိုလ်ယုတ် မဝေဒနာ နှိပ်စက်သော အသက်သည်။ ဇော်သော ဇော်သေနုး စင်စစ်ကေန် လောကဥာဏ်နှင့် အမှန် မုချအားဖြင့်။ သဏ္ဍာသ ဘာဂေ၊ တထောင်မျှမကင်း သေမင်းလက်နက် ဝင်ကာနက်သည်ဖြစ်၍၊ မရဏံ သေရခြင်းသည်၊ အသာဖြစ်ရာ၏။ ဘော၊ ကာမာသဝ၊ ဘဝါသဝ မွေ့လျော်ကြသော မာရ်မင်းအသင်း အို-အချင်းတို့၊ ဇီဝ၊ ဘဝသုံးတွေ၊ ကာမောဃမှာ အသက်မသေ အမြဲနေ၍ ကိလေသာပွား ကာမဂုဏ်အားဖြင့် ခံစားကြလေလော၊ တမှာကား၊ ကိလေသာမင် ဘုံသုံးနွှင်မှာ ခံစား စံစားချင်သော သင်တို့၏၊ ဇီဝိတံ၊ ကာမဂုဏ်ငါး ခံစံစားလျက် အသက်ရှေရှေ နေရခြင်းသည်၊ သေယျော၊ ဘုံသုံးရပ်မှာ မပြတ်မလပ် အထပ်ထပ်ဖြင့် အမြတ်ဆုံးပါပေတည်း။ ဇီဝံ၊ ဘဝသုံးတွေ ကာမောဃမှာ အသက်မသေ အမြဲနေ၍ ကိလေသာပွား ကာမဂုဏ်အားဖြင့် ခံစားမပျက် အသက်ရှေရှေ နေကြရအောင်။ ပုညာနိ ပုညကြိယာ၊ ဆယ်ဖြာဓသ ကာမခေါ်ဆို သင်္ခါရကုသိုလ်တို့ကို။ ဝါ၊ ဒါနသီလာ ဘာဝနာဖြင့် ဆယ်ဖြာပုည ကုသလတို့ကို။ ကာဟိသိ-ကာဟေထ၊ ကိလေကာမ အာသဝကို သုခမြင်ရှု ငါတန္တုဖြင့် ပြုကျင့်၍သာ အားယုတ်၍ သာ နေလိုက်ကြကုန်လော။

ဗုဒ္ဓဘာသာမှန်က လောကီ ကုသိုလ်ကြိုက်သူမရှိ၊ ငါဖုရား အသင်းသားတို့၌ လောကီကုသိုလ်ကို တောင့်တကျင့်ကြံသူ မရှိ၊ လွှင်ဗာဟိရသာသနာအပြင်က သူများသာ ကြိုက်ကြသဖြင့် အလိုက်သင့်ဟောပြောစားသောက်လေတော့ဟု၊ ဖုရားက, မာရ်နတ်ကို ပြန်၍ ဟောသော။

## ပဓာနသုတ်

(၉၄) အနုမတ္တောပိ ပုညေန၊ အတ္ထော မယှံ
န ဝိဇ္ဇတိ၊ ယေသဉ္စ အတ္ထော ပုညေန၊
တေ မာရော ဝတ္တုမရဟတိ။

မာရော၊ မင်္ဂိုလ် နိဗ္ဗာန် မရရန်ကို ကေန်ချီးပဲ့ အကျိုးမဲ့အောင် အရွဲ့ကိုတိုက် ဟဲ့.... မာရ်နတ်မိုက်။ မယုံအမှာကဲ၊ လေးတန် သစ္စာ အာယတန၊ ပဋိစ္စ ငါးဝဓန္ဒ ဝိပဿနာခေါ်တဲ့ ပရမတ်ဉာဏ် ဝေဘန်ပိုင်းခြား ရှုကြည့်ပြားသည့် ငါဘုရား အသင်းသား မှန်သမျှတို့သည်။ အနုမတ္တောပိ၊ အနုမြူခန့်ကလေးမျှ ပမာနသော်လည်း။ ပုညေန၊ ဒါန၊ သီလာ ဆယ်ဖြာပုည မဟဂ္ဂတနှင့်၊ ကာမခေါ်ဆို ဒုက္ခပိုသည့် သံခါရ ကုသိုလ်မျိုးတို့သာလျှင်။ အစ္စော၊ အာသာဆန္ဒ ရည်သန်ကြ၍ လိုချင်တောင့်တခြင်းသည်။ နဝိဇ္ဇတိ၊ သုံးတန်သာသနာ၊ ငါဘာသာမျှ သချာတည့်တည့် မရှိကြလေပြီ။ ယေသဥ္စ၊ ဘဝထိုထို သန္ဓေရှိ၍ ကုသိုလ်နှစ်ချက် အကြင်သူမိုက်တို့သည်သာလျှင်၊ ပုညေန၊ ဒါန၊ သီလာ ဆယ်ဖြာပုည။ မဟဂ္ဂတနှင့်၊ ကာမခေါ်ဆို ဒုက္ခပိုသည့် သံခါရကုသိုလ်မျိုးဖြင့်။ အစ္စော၊ အာသာဆန္ဒ ရည်သန်ကြ၍ လိုချင်တောင့်တခြင်းသည်။ ဝိဇ္ဇတိ၊ သာသနာပြင် လွင်ဗာဟိရ ဟူသမျှတို့ မှားစွမ်းဘွား၊ စိတ်မသာနှင့် ရှိရှာကြလေသတည်း။ တေစ၊ ဘဝထိုထို သန္ဓေရှိ၍ ကုသိုလ်နှစ်ချက် ထိုသူမိုက်တို့သာလျှင်။ မာရော၊ မင်္ဂိုလ်နိဗ္ဗာန် မရရန်ကို။ ကေန်ချီးပဲ့ အကျိုးမဲ့အောင် အရွဲ့ကိုတိုက်၊ သင်မာရ်နတ်မိုက်သည်။ ဝဏ္ဏို၊ တေးဘုံမက သံခါရ၌ မုချဆတ်ဆတ် ပစ်ချတတ်သော ကုသလတရား ဒုက္ခပွားသည့် ထိုအမှားကို ဟောကြားခြင်းငှါ။ အရဟတိ၊ သာသနာလွှင် ဗာဟိပြင်က၊ ပုထုဇဉ်မိုက် အာသဝေါကြိုက်ထိုကိုသာ အလိုက်သင့်စွာ အမြှောက်ကြိုက်ရာ ဟောကြားထိုက်ပေသတည်း။

ဤ နိဗ္ဗာန်ရောက်ကြောင်း မယုတ်မလွန် အလယ်အလင်္ဂ မဇ္ဈိမပဋိပဒါ၊ အကျင့်မြတ် ပဓါနအလုပ်သည် အဟုတ်ခဲယဉ်း ကုတ်ကပ်သည်၊ စိတ်ငြိုငြင်စရာကောင်းသည်၊ ကာမဂုဏ်ကင်းဆိတ်၍ ပျင်းစရာကောင်းကြောင်း ဘာဘာညာညာတို့မှမရှိ၍ အတိတုန္တ အချိုးနှိုးတရားသာဖြစ်၍ မကျင့်မကြံကြလေနှင့်ဟုရင်း၊ ဤ ဝိပဿနာအလုပ်ဟာ ခဲယဉ်းတယ်။ လုပ်၍ဖြစ်နိုင်တဲ့ တရားမဟုတ်ကြောင်း၊ လောကဥ္စ လုမိုက်တို့ကို မာရ်နတ်က လိုက်၍ ဟောသော....

## မာရ်နတ်ဂါထာ

(၉၇) စရဏော ဗြဟ္မစရိယံ၊ အင်္ဂဟုတဉ္စ
ဇုဟာမှတော၊ ဒုဂ္ဂေါမဂ္ဂေါ ပဝါနုသယ၊
ဒုက္ကရော ဒုရတိ သမ္ဘဝေါ။

ဘော၊ သုံးဆယ့်တဘုံ လုံးစုံပျော်လျှင်း ကာမဂုဏ်အသင်း ဒို.... အချင်းတို့။ ဗြဟ္မစရိယံ၊ လူ့ပြည်စုန်ဆန် ကျင်လည်ရန်ဖြင့် ဆုပန်ပြီး ဗြဟ္မာကြီးနှင့်တူသော သမထအကျင့်ကို။ စရဏောစ၊ ကာမဂုဏ်ပွား လူအများနှင့် ပျော်ပါးအဟုတ်၊ ဒါန, သီလ အလုပ်ကို သော်၎င်း၊ အင်္ဂဟုတံ၊ သစ်ပင်လိုက်ခေါင်း စေတီကျောင်း၌၊ ဖယောင်းမီးရှိန် ညီးလျှံထိန်၍၊ စည်းစိမ်ဖြည့်လျှမ်း ရည်ရွယ်တန်းပြီး မီးပန်းမီးပွင့် အမျိုးမျိုးကို၊ ဇုဟာမတောစ၊ လူမော်နတ်မော် တန်ခိုးကျော်အောင် ပူဇော်ခြင်းတို့ကို၎င်း။ ပဟုတံ၊ တကောင့်ဝါးရော ကိလေသာဖြင့် ကာမဂုဏ်ပွား အလွန်များလှစွာသော၊ ပုညံ လောကီကုသိုလ် ထိုထို ဆန်းပြား သာရေတရားမျိုးကို။ တေယာ၊ လူ့ပြည်နတ်ရပ် လူးလာခပ်၍၊ ငြိမ်မရိသတ်အဝင် သင်လူများအပေါင်းသည်၊ ကာတိသိဝတ၊ စင်စစ်မချ ကောင်းပေစွမို့၊ အားရပါးရ ပြုလိုက်ကြပါကုန်လော့၊ ပဝါနေနု မင်္ဂဖိုလ်နိဗ္ဗာန် ရရန်စေပ ပရမတ္ထစစ် ပဝါနအကျင့်ကို ကျင့်သဖြင့်၊ ကိံကာဟိသိ၊ ခုမ်းသာရိပ်မြုံ ကာမဂုဏ်ကို၊ လုံးစုံလွဲဖယ် မင်္ဂမျိုးနွှယ်ဖြင့် ဘယ်မှာအကျိုး ပွားတိုးခံစား ရှိပြားလေရာ ဖြစ်ပါတော့အံ့နည်း၊ မဂ္ဂေါ၊ မင်္ဂဖိုလ်နိဗ္ဗာန် သွားရန်အကြောင်း လမ်းကောင်းခရီးဖြစ်ပေသော။ ပဝါနုသယ၊ ကာမဂုဏ်ကင်းပြတ် အငတ်ငတ်နှင့် မအပ်ပါလှ၍ ပဝါန အကျင့်မြတ်သည်၊ ဒုက္ကရော စိတ်မရှင်းအို အလိုလိုဖြင့် ဘာကို ညာကို သာယာဘို့ကင်း နှလုံးမသွင်းရ၍ ငြိုငြင်ဆင်းရဲခြင်းပါပေတည်း၊ ဒုဂ္ဂေါ၊ ခံစားစရာ ချမ်းသာအပေါင်း မရှိသောကြောင်း၍ မကောင်းသော လမ်းခရီးပါပေတည်း၊ ဒုရတိ သမ္ဘဝေါ၊ ခန္ဓာရုပ်နာမ် ပရမတ် ဥာဏ်ကို မြင်ရန်အားကုတ် ထိုအလုပ်သည် အဟုတ်ခဲယဉ်း ကုတ်ကပ်ခြင်းကြောင့်၊ ဘယ်သင်းပါမှ ကျင့်နိုင်စရာ ကြံနိုင်စရာ–နှိပ်ပါတော့အံ့နည်း။

ရှမ်းပန်းတိမ်သမားသည်၊ ရွှေ၏အညစ်အကြေးကို၊ မီးမှာချက်၍၊ တူချက်ပေါင်းများစွာဖြင့်၊ ရိုက်ပုတ်နှင့်ထုတ်သကဲ့သို့၊ ပညာရှိများသည် မိမိ၌ရှိသော ဒိဋ္ဌိတဏှာ တထောင့်ငါးရာ ကိလေသာတို့ကို၊ အခွင့်ရတိုင်း ခဏမခဏ၊ ဝိပဿနာဉာဏ်ဖြင့်။ အတန်တန် နှင်ထုတ် ဖြိုဖျက် သင့်ကြောင်း....၊

## ဓမ္မပဒ-ပါဠိတော်

(၉၈) အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ ထောကံ
ခဏေ ခဏေ၊ ကမ္မာရော ရဇတဿ၊
နိဒ္ဓမေ မလမတ္တနော။

ကမ္မာရော၊ လက်ကောက်-လက်စွပ်၊ နားကပ်-ဆွဲကြိုး၊ အမျိုးမျိုး ပွလိမ်၊ ရှမ်းပန်းတိမ်သမားသည်။ ရဇတဿ၊ ရွှေဆိုးရွှေညံ့၊ ရွှေမသန့်၏၊ မလံ၊ ခဲ,ကြေး,ကင်,နှာ၊ ရောခါထားလစ် ရွှေအညစ်အကြေးကို၊ အနုပုဗ္ဗေန၊ မကြာအလျှင် ခရီးတွင်အောင်၊ အစဉ်သဖြင့်၊ ခဏေခဏေ၊ အခွင့်ရတိုင်း ခဏခဏ၊ မကြာမကြာ၊ ထောကံ ထောကံ၊ အနည်းငယ် အနည်းငယ် နဲ့နဲ့နဲ့နဲ့။ နိဒ္ဓမေယျ၊ မီးမှာကျိုလက် ရိုက်ပုတ်ခတ်၍ အထပ်ထပ် နှင်ထုတ်သကဲ့သို့။ မေဓာဝီ၊ တောင်နှယ်မလှဲ ထူထဲလှစွာ ဒိဋ္ဌိတဏှာ ကိလေသာကို နှာနှာအယုတ် နှင်လိုသူ လူစင်ကဝိ ပညာရှိသည်၊ အတ္တနော၊ မိမိ၏၊ မလံ၊ တထောင့်ငါးရာ ကိလေသာမှန် ထန်ထန်ပြင်းပြင်း ရန်ခပင်းကို၊ အနုပုဗ္ဗေန၊ အဆင်း,အသံ,ရနံ့,,အာရုံ လုံးစုံတွေ့လျှင် ခရီးစဉ်ဖြင့်၊ ခဏေခဏေ၊ ဉာဏ်မှာဆင်နှိုင်း ရပ်မဆိုင်းဘဲ အခွင့်ရတိုင်း ခဏခဏ။ ဝါ၊ နဲ့နဲ့နဲ့နဲ့ နိဒ္ဓမေ၊ ခြောက်ဖြာအာရုံ လုံးစုံတွေ့လျှင် ဉာဏ်တွင် ရုပ်နာမ် ပရမတ်ဉာဏ်ဖြင့် ဖန်ဖန်မယွင်း နှလုံးသွင်း၍ ဖြစ်ခြင်း ပျက်ခြင်း လက်ငင်းနှိုင်းချိန်၍ ရှမ်းပန်းတိမ်အလား ပမာထား၍ မအားလပ်အောင်ပ နှင်ထုတ်၍သာ ဖြိုဖျက်၍သာ ပစ်လိုက်ကြရာသတည်း။

မျက်တောင်တခတ် လျှပ်တပျက် ကာလမျှ သတ္တဝါ ဖြစ်ရခြင်းသည် အလွန်ဆင်းရဲသဖြင့် ငါဘုရား ချီးမွမ်းတော်မမူကြောင်း။

## အင်္ဂုတ္တိုရ် ပါဠိတော်

(၉၉) သေယျထာပိ ဘိက္ခဝေ၊ အပ္ပမတ္တကောပိ
ဂူထော၊ ဒုဂ္ဂန္ဓော ဟောတိ၊ ဧဝမေဝ ခေါ၊
ဟံဘိက္ခဝေ အပ္ပမတ္တကံပိ ဘဝံ နဝဏ္ဏေမိ
အန္တမသော၊ အစ္ဆရာ သင်္ဃာတမတ္တံပိ။

ဘိက္ခဝေ၊ ဘဝနှစ်သက် ကာမဂုဏ်မက်၍ အရှက်တရား မကြောက်ပြားသည့်၊ အို–ချစ်သား–ချစ်သမီးတို့။ အပ္ပမတ္တကောပိ၊ သန်းဥကျောင်းပမာန အနည်းငယ်ကလေးမျှလည်း ဖြစ်သော၊ ဂူထော၊ အမှုးလူရှင် အံ့ဩချင်သည့် မစင်ကျင်ကြီး ဟူသမျှသည်၊ ဒုဂ္ဂန္ဓော၊ မကောင်းသော အနံ့ရှိသည်၊ ဟောတိသေယျထာပိ၊ မမြတ်ခြင်းဖြစ်သကဲ့သို့၊ ဧဝမေဝခေါ၊ ဤကဲ့သို့အတူသာလျှင်၊ အပ္ပမတ္တကံပိ၊ ပါဠိဗိဇနာ ပြန်ရောမျှ နည်းငယ်ကို စွမကြာလှသည်လည်းဖြစ်သော၊ အန္တမသော၊ ယုတ်ညံ့ဖျဉ်း သည်း အောက်ထစ်ဆုံးအပိုင်းအခြားအားဖြင့်၊ အစ္ဆရာသင်္ဃာတမတ္တံပိ မျက်တောင်တရှက် လျှပ်တပျက်ဖြင့် လက်ဖစ်တတွက်ကာလ တခဏမျှ သော်လည်း ဖြစ်သော၊ ဘဝံ၊ သတ္တဝါ–ဗိုမ၊ ထိုထိုမျှ၌ ဘဝဆိုသော အဖြစ်ကို၊ အဟံ၊ သင်တို့ဆရာ ဗုဒ္ဓရှင်သည်၊ နဝဏ္ဏေမိ၊ ဘယ်တော့ ဘယ်ခါ ဘယ်သမယာဘဝ ဘယ်ကာလမှ ချီးမွမ်းပြောဆို မဟောလို ခြင်းငှါ မပြုလေပြီ။

ရုပ်နာမ် ခန္ဓာဓာတ်သစ္စာ ပရမတ်တရားတို့နှင့် ကျင့်ကြံ နေ သမျှ ရဟန္တာ အရိယာတို့ လောကမှာ မဆိတ်ကြောင်းဟောသော၊

## ပရိနိဗ္ဗာနသုတ်

(၁၀၀) သဗ္ဗေဝ သမ္ဘာ ဝိဟာရေယျုံ၊ နသိဗ္ဗေယျုံ၊
ဝိဟာသေသ ဝါ၊ ဟာပ္ပာ သမ္ဘာ ဝိဟာရေယျုံ၊
သံသိဒ္ဓိတ္ထာနု သံသယံ၊

သမ္မာ၊ ပရမတ်ဉာဏ် မဝေဘန်ပိုင်းခြား၊ သင်္ခါရ ရုပ်နာမ်တရားတို့နှင့်၊ သစေဝိတရေယျ၊ အကယ်မသေ့ ကောန်နေကြသည် ဖြစ်ပါပြီးအဲ့၊ ဝိတာသဝါ၊ အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်တို့သည်၊ လောကေ၊ လောကသုံးဖြာ လူတို့ရွာ၌၊ နသိန္နေယျ၊ အရိယာ သူဖြစ်တို့ မဖြစ် မလပ်ကုန်၊ တသ္မာ၊ ထိုသို့ ရုပ်နာမ်ခန္ဓာ ခတ်သစ္စာဖြင့် ဝိပဿနာ ပွားများ ရဟန္တာမဆိတ်ခြားကြသည့် အတွက်၊ သံသယ၊ ကျွတ်ထိုက် သောပုဂ္ဂိုလ် ဟုတ်လော မဟုတ်လော၊ တိတ်ပုဂ္ဂိုလ် ဟုတ်လော မဟုတ်လော တွေးတော ယုံမှားခြင်း၊ ဝိစိကိစ္ဆာ၊ စိတ်နှစ်ဖြာကို၊ သံဆိန္နတွာန၊ ဖြတ်တောက်ပယ်ပစ်၍၊ သမ္မာ၊ ခန္ဓာငါးတန် ရုပ်နာမ် ဓမ္မ သင်္ခါရတရားတို့နှင့်၊ ဝိဟရေယျ၊ ဒိဋ္ဌိတဏှာ ပြတ်ကင်းကွာအောင် ဝိပဿနာတရား ကျင့်ကြံပွားလျက် အားထုတ်၍သာ ကျိုးစား၍သာ နေသင့်လှပေသတည်း။

## သဇ္ဇာဝါတို့၏ စိတ် အလို အတိုင်း၊ လောကကြီး က လိုက်ရပုံ

(၁၁၁) စိတ္တေန နီယတေလောကော၊ စိတ္တေန
ပရိကဿတိ၊ စိတ္တဿ ဧက ဓမ္မဿ၊
သဗ္ဗေဝ ဝသမန္ဝဂူ။

လောကော၊ သုံးဆယ့်တဘုံ လုံးစုံလောက သတ္တဝါ ဟူသမျှကို၊ စိတ္တေန၊ စိတ်တခုတည်းသာလျှင်၊ နီယတေ၊ ဖြစ်အောင်ဆောင်အပ်၏။ လောကော၊ သုံးဆဲ့တဘုံ လုံးစုံလောက သတ္တဝါဟူသမျှကို၊ စိတ္တေန၊ စိတ်တခုတည်း သာလျှင်၊ ပရိကဿတိ၊ အလိုရှိရာ မပါ့ပါအောင်ယူ ဆောင် ဆွဲငင်တတ်လေတော့၏။ ဧကဓမ္မဿ၊ တခုတည်းသာ မှန်စွာ ဖြစ်ပါလျက် နှောင့်ယှက်ခွဲသိ ထိုကြိုမျှသလျှ၊ ဝိဇ္ဇာနန၊ သဘောရှိ သော၊ စိတ္တဿ၊ စိတ်တခုတည်း၏၊ ဝသံ၊ လိုရာနိုင်ငံ သို့အကြံသို့၊ သဗ္ဗေဝ၊ မြဲမြင်သမျှ လောကသုံးပါး အလုံးစုံသောအရာရာတို့ပင်လျှင်

အနှုတ်၊ အပြင်းမဆံ မလှန်နိုင်ဘဲ အမြဲစိုက်စိုက် သူ့အကြိုက်ကို သိုက်သိုက်မြိုက်မြိုက် အမှန်မကျွာ ဧကန်တဖြာ လိုက်ကြရလေသတည်း။

စိတ်သည် နွားဆိုးနှင့် တူသဖြင့် ဆုံးမခြင်းမရှိက သံသရာထဲက မလွန်မြောက်နိုင်ကြောင်း ဟောတော်မူသော။

ဓမ္မပဒ ပါဠိတော်

(၁၀၂) ကတ္တိကာ စရေယျ သာမညံ၊ စိတ္တံ စေ န

နိဝါရယေ ပဒေ ပဒေ ဝိသီဒေယျ၊

သင်္ကပ္ပါနံ ဝသာနုဂေါ။

စိတ္တံ၊ အဆင်းအသံ မြောက်တန်အာရုံတွေဆုံပါမှ၊ ဖြစ်ပေါ်ရသည့် စိတ်ခိုက်ကို၊ စေနနိဝါရယေ၊ စီးဖြန်းခွန်လွှား တွေ့ရာကို စားတတ်သော နွားဆိုးနွားညစ်ပမာ၊ စိတ်မိုက်စွာကို ဝိပဿနာ ပညာနှင်တန် ဥာဏ်နှင့်သိမ်းရုပ် မထိန်းအုပ်မစောင့်ရှောက်သည် ဖြစ်ပါငြားအံ့၊ ကတိဟံ၊ ဘယ်နှစ် ဘယ်လ ဘယ်ခါသမယ ဘယ်ဘဝကျတောင်မှ၊ သာမညံ၊ ဒိဋ္ဌိတဏှာ ကိလေသာကို ကောင်းစွာငြိမ်းတတ် ပရမတ်တရားရပ်နာမ်များကို၊ ကောဟပီ၊ တနေ့တရက် တမနက် ဟာခါကျလည်း။ န စရေယျ၊ အားထုတ် ကျင့်သုံး နှလုံးမသွင်းပါတော့နိုင်။ သင်္ကပ္ပါနံ၊ မိစ္ဆာဝိတက် စိတ်ပျက်စိတ်ဖျင်း ဝိတက်ကမြင်းတို့၏။ ဝသာနုဂေါ၊ အလို အကြိုက် အမိုက်ကိုပင် အစဉ်တစိုက် လိုက်တတ်သော လူလေလူဖျင်းတို့သည်၊ ပဒေပဒေ၊ မြင်ကြားနံလျက် တွေ့သိဖက်၍ မြောက်ချက်သော အာရုံတို့ကြောင့်၊ ဝိသီဒေယျ၊ သံသရာဝဲ ဆင်းရဲအပေါင်း မှုံညှန်ပြောင်းမှ ဥဒကွောင်းမပေါ် မပေါ်စုတ်စုတ် လုံးလုံးကြီးသော နစ်မရအောင်သာ မြုပ်ကြရာကုန်သတည်း။

ကာမဂုဏ်ဘင်းပြုတ် စိတ်ငြိမ်သောအရပ်၌ သူတော်ကောင်းမွေ့လျော် နှစ်သက်ခြင်း၊ သူယုတ်မာတို့ မနှစ်သက်ခြင်း အကြောင်း။

## ဓမ္မပဒ ပါဠိတော်

(၁၀၃) ရမဏီယာနိ အရညာနိ ယတ္ထ န
ရမတိဇနော၊ ဝီတရာဂါ ရမိဿန္တိ၊
နတေ ကာမ ဂဝေ သိနော။

အရညာနိ၊ ရဟန်းလူရှင် အစဉ်မယာ ကာမဂုဏ်ကင်းပြတ် ဆိတ်ငြိမ်းရာ အရပ်တို့သည်။ ရမဏီယာနိ၊ တရားမြတ်မွန် အလွန်တင့်တယ် မွေ့လျော်ဖွယ် ရှိကုန်၏။ ယတ္ထ၊ ယင်းကဲ့သို့ တင့်တယ်ဆိတ်ကွယ်ရာ အရပ် ကာမဂုဏ်ကင်း ပြတ်သော နေရာတို့၌။ ဇနော၊ ကာမဂုဏ် ရစ်ပူး အပျော်အရွှင် မြူးတူးသောသူသည်။ နရမတိ မမွေ့မလျော် မပျော်မပိုက် မနှစ်ခြိုက်နိုင်လေ။ ဝီတရာဂါ ဝတ္ထုအာရုံ ကာမဂုဏ်ကို ခုံမင်နှစ်သက် ခြင်းကင်းကုန်သော သူတော်ကောင်းတို့သည်။ ရမိဿန္တိ၊ မွေ့မွေ့ လျော်လျော် ပျော်ပျော်ရွှင်ရွှင် ကြည်လင် နှစ်ခြိုက်တော်မူကြလေကုန်၏။ တေ၊ ထိုသူတော်ကောင်း အပေါင်းတို့သည်။ ကာမဂဝေသိနော၊ တွေတွေလာလာ မာယာဆန်းပြား ကာမဂုဏ်လိုက်စား ရှာဖွေခြင်းတရားတို့သည်။ နဟောန္တိ၊ အဘယ်မှာလျှင် သာယာ ခံစား မကောင်းသော တရားတို့ဖြင့် ဖြစ်နိုင်စရာ ရှိနိုင်စရာ ဟုတ်ပါတော့အံ့နည်း။

ဓမ္မကထိက ပုဂ္ဂိုလ်များသည် ဘုံသုံးပါးကို ဒုက္ခသစ္စာပြု၍ နိဗ္ဗာန်၌ ချမ်းသာကြီးကျယ်ကြောင်း ဟောရမည့် အင်္ဂါပြသော၊

## ဓမ္မပဒ ပါဠိတော်

(၁၀၄) နိရယေ ဘယ သန္တာပံ နိဗ္ဗာနံ
ဝိပုလံသုခံ၊ ဘာဝနာ ဘုတ္တံ ဝိညာ
ဓမ္မတုံ မာနယေ ယာဇ္ဇတံ ယောဂိနော။

ဝိရဟေ၊ ဇရဲအစ၊ ဖြတ်ရွာတုံအဆုံး သုံးဆယ့်တစ် သုံးသရာ ဝဋ်ဆင်းရဲကြီးထဲ၌၊ ဘယသန္တာပံ၊ ကြောက်ဖွယ်သရဲ ပူပန်အမြဲ ဆင်းရဲသော ဘေးအပေါင်းတို့ကိုရှင်း။ နိဗ္ဗာနေ၊ သတ္တဝါပုံယဉ် ခံ့မင်တောင့်တ နိဗ္ဗာန်နန်းမြို့ကြီး၌၊ ဝိပုလံ၊ စံရသူအား များစွာအုံ့သြ ဖြန့်ပြောကြီးကျယ်လှစွာသော၊ သုခံ၊ ဧမြဲမြဲ ကြည်စွရှင်မှ သုခတကာတို့ထက် ချမ်းသာခြင်းကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဝိညာပေတုံ၊ တရားနာပရိသာတ် တက်တက်အပ်အပ် စွဲမှတ်အများ ထင်ရှားသိကြစေခြင်းငှါ။ယောဂိနာ၊ ဓမ္မကထိက နာမကျော်ဆို ယောဂီပုဂ္ဂိုလ်သည်။ ဒေသေတဗ္ဗံ၊ လေးဖြာအပါယ် တကယ်လွတ်ရာ သောတာပန်ထိ မဂ်ရောက်ရှိအောင် ဒိမိရရ ရှပ်နာမ်ခန္ဓာ အဟုတ်မှန်စွာ ဟောညွှန်ပြကြရာသတည်း။

ဒုက္ခ ကြောက် လျှင် လူမြင်သောနေရာ၊ မမြင်သော နေရာမှစ၍ ဘယ်အခါမဆို မကောင်းမှုကို မပြုသင့်ကြောင်း။

## ဓမ္မပဒ ပါဠိတော်

(၁၀၅) သစေ ဘာယထ ဒုက္ခဿ၊ သစေဝေါ
ဒုက္ခမပ္ပိယံ၊ မာကတ္ထ ပါပကံ ကမ္မံ၊
အာဝိဝါ ယဒိဝါ ရဟော။

ဘိက္ခဝေ၊ ဘေး အ တန် တန် ဒုက္ခ ရန် ကို ကေန်ကြောက်ကြွေး အို.... ချစ်သား- ချစ်သမီး အပေါင်းတို့၊ ဝေါ၊ သင် ချစ်သား ချစ်သမီး အ ပေါင်း တို့ သည်။ ဒုက္ခဿ၊ အပါယ်ကစ ဆင်း ရဲ ဟူ သ မျှ ဒုက္ခ အ ပေါင်း ကို၊ သစေ ဘာယထ၊ အကယ် မခဲ့ ကေန် ကြောက်ကြသည်ဖြစ်ပါပြွားအံ့။ ဒုက္ခံ၊ သုံးဆယ့်တဘုံ လုံးစုံအမြဲ ဆင်းရဲဟူသမျှ ဒုက္ခအပေါင်းကို။ သစေအပ္ပိယံ၊ အကယ်မသော ကေန်မချစ် မနှစ်သက်သည် ဖြစ်ပါပြွားအံ့၊ အာဝိဝါ၊ လူများရှေ့တွင် မျက်မြင်ထင်ရှားသော နေရာ၌ရှင်း။ ယဒိ၊ ထိုသို့မဟုတ်။ ရဟောဝါ၊ လူများမမြင် ရှေ့တွင် မရှိ ပကတိ တယောက်ထည်းသောအခါ၌ရှင်း။ပါပကံ ကမ္မံ၊ ယုတ်မာ

ဆိုးဝါး မကောင်းမှု ဟူသမျှ တရားအစုကို၊ မာကတ္ထ၊ ဤနေရာမှာ သဗ္ဗဝါဝေစေကား ဆိတ်ကေပြီဟု အထင်ရှ၍ ဘာကမလေးတခုကိုမျှ ပြုလိုက်စရာ ကျင့်လိုက်စရာ သင့်ပါတော့ကုန်နည်း။

## ဆိတ်ငြိမ်သော ညအခါသည် သူတော်ကောင်းများအလို့ငှါ ဖြစ်ကြောင်း။

### ဓမ္မပဒ ပါဠိတော်

(၁၀၆) နတာဝ သုပိတုံဟောတိ၊ ရတ္တိနက္ခတ္တ
မာလာနီ၊ ပဋိဇဂ္ဂိတုမေဝေသာ၊ ရတ္တိ
ဟောတိ ဝိဇာနတံ။ ။

နက္ခတ္တမာလာနီ၊ နက္ခတ်အစဉ်တို့ဖြင့် ကြည် လင် တောက်ပသော။ ရတ္တိ၊ ညဉ့်အခါသည်။ သုပိတုံ၊ အလကား သက်သက် မောဟဖက်ပြီး အိပ်စက်ဘို့အလို့ငှါ။ နတာဝဟောတိ၊ ဖြစ်တော့သည် မဟုတ်ချေ။ နက္ခတ္တ မာလာနီ၊ နက္ခတ်အစဉ်တို့ဖြင့် ကြည်လင်တောက်ပသော။ဧသာ ရတ္တိ၊ သားငှက် တိရစ္ဆာန် လူသံဆိတ်ငြိမ် အချိန်ဓမ္မ ဤညဉ့်တာလ သည်။ ဝိဇာနတံ၊ သဒ္ဓါ ပညာ၊ မြဲစွလုံ့လ ဥဿာဟနှင့် ပြည့်စုံကြကုန် သော သူတော်ကောင်းတို့အား။ ပဋိဇဂ္ဂိတုမေဝ၊ နိုးနိုး ကြားကြား ဝိပဿနာတရား အားထုတ်စရာဘို့ အလို့ငှါသာလျှင်။ ဟောတိ၊ အမှန် မသွေ ကေန်မုချ မဂ်ဖိုလ်ရဘို့ ပစ္စက္ခဉ် ဖြစ်ပေါ်၍သာ ပေါ်ပေါက်၍ သာ လာရပေကုန်သတည်း။

## မိန်းမ ယောကျ်ား လူမိုက်များတို့ မိမိကိုယ်ကို ဖြုဖြင်နေပုံ

### ဓမ္မပဒ ပါဠိတော်

(၁၀၇) တေလေန မန္တိယာဖနို၊ မဒ္ဒာမညဉ္ဇိ
သာဓမ၊ တေသောသင်္ခါရိတွာ သတ္တ၊
သုဂန္ဓာ ဝါရိဃောကတ၊

ကေသေ၊ ကောက်လိမ်ရှုပ်ထွေး ညှိုပ်စေးရှိုးသဏ္ဌာန် ဆံပင်တို့ကို။ သုဠုသင်္ဂါရိတွာ၊ ယုယုယယ လှပစေရန် စိတ်ရည်သန်ပြီး ပန်ဖန်ဖိုးမှု ကောင်းစွာပြု၍။ တေခလန၊ အမွှေးတုံညီ စပါယ်ဆီနှင့် အုံးဆီ နှမ်းဆီ ခေါင်းလိမ်းဆီဖြင့်။ မန္တိယာ၊ အရင်းအဖျား လွတ်ပြောမရှိ စိစိသေချာ လိမ်းကျံပါ၍ အာဗန္ဓိ၊ စကောက်ဘီးစပတ် တပတ်ရစ်-နှစ်ပတ်ရစ်၊ ကျစ်ကျစ်လုံးလုံး ရောင်ဆံထုံးတို့ဖြင့်၊ ဖွဲ့ထုံးကြလေကုန်ဟော့၏။ အာဗန္ဓိတွာ၊ လှပစေရန် စတိုင်တန်နှင့် ရည်သန်သီးသီး ထုံးဖွဲ့ပြီး၍။ မမ၊ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို စက်ဆုပ်ဖွယ်ရာ၊ ဇေကုစ္ဆာဟု၊ ကောင်းစွာ တည့်တည့်၊ ဥာဏ်မျက်စိနှင့်၊ မြင်အောင်ကြည့်သောငါ၏။ မဥ္စာ၊ အလှအယဥ် တယ်သူ့ယဉ်ကြ တုမရဘဲ၊ ဆ ့ထောင်ကဲ၍ အမြဲချောစွ ပြေပြစ်လှ၏ဟု။ သုဂန္ဓာ၊ သင်းကြိုင်ပြန့်ပြောင်း ရနံ့ပေါင်းတို့၏၊ ဝါရယောဝတ၊ မွှေးမွှေးကြိုင်ကြိုင် လှိုင်လှိုင်ထုံထုံ လူ့ဘုံထင်ရှား တင့်တယ်စွ ပါတကား။ ဣတိ၊ ဤသို့၊ ဗုပ္ပညာ၊ ခန္ဓာကိုယ်ကို လှပလိုပြား ပညာနည်းပါး လူအများတို့သည်။ မညန္တိ၊ နေ့စဉ်မဆိတ် စိတ်မှာမပြတ် အာရုံကပ်၍ တလစပ်ဖြင့် မှတ်ထင်၍သာ အောက်မေ့၍သာ နေတတ်ကြလေကုန်သတည်း။

## ဂင်္ဂါငါးနှင့် ယမုနာ ငါးနှစ်ကောင်တို့ အလှပြိုင်ရာမှာ လိပ်ကြီးက စီရင်သော-ဂါထာ သုတ်ပါဠေယ

(၁၀၈) သောဘတိ မစ္ဆော၊ ဂင်္ဂေယျော။
အထော သောဘတိ ယမုနော။
စတုပ္ပဒေါ ယံပုရိသော နိဂြောဓ
ပရိမဏ္ဍလော၊ ဤသမာယတဂီဝေါစ
သဗ္ဗေ၀ အတိရောစတိ။

ဂင်္ဂေယျော၊ ဂင်္ဂါမြစ်၌၊ ဖြစ်လွန်းကြီးမားလျက် ကျက်စား လှည့်လည်သော၊ မစ္ဆော၊ ငါးတလေးသည်လည်း။ သောဘတိ၊ အလွန် တင့်တယ်ပါပေ၏။ အထော၊ ထိုမှတပါး၊ ယမုနော၊ ယမုနာမြစ်၌ ဖြစ်လွန်း

ကြီးပွားလျက် ကျက်စား လှည့်လည်သော၊ မစ္ဆာ ငါးကလေးသည်လည်း။ သောဘတိ၊ အလွန် လှပတင့်တယ်ပါပေ၏၊ စတုပ္ပဒေါ၊ အခြေလေးချောင်းရှိသော၊ နိဂြောဓပရိမဏ္ဍလော၊ ပြည်ညောင်ပင်အဝန်းကဲ့သို့ မထောင့်မချွန်း ဝိုင်းဝန်းခြင်းလည်း ရှိပေသော၊ ဤသံ၊ မသေးမသွယ် စဉ်းငယ်ကလေးမျှ၊ အာယတဂီဝေါစ၊ ရထားကောက်သဖွယ် ရှည်သွယ်ကော့ညွတ်သော လည်ပင်းလည်းရှိထသော၊ အယံပုရိသော၊ ဤလိပ်တည်းဟူသော ငါယောကျ်ားကောင်းသည်၊ သဗ္ဗဝါသင်္ကိုနှစ်ယောက်လုံးတို့ကိုပင်၊ အတိရောစတိ၊ သာလွန်အုပ်စိုးလျက် လွှမ်းမိုး၍သော သိမ်းခြုံ၍သာ လှပ တင့်တယ်ပါပေသတည်း။

## သစ္စာလေးပါး—ဝိပဿနာရှုပုံ

(၁၀၉) ဒုက္ခံ တေဘူမကံဝဋ္ဋံ၊ တဏှာ၊ သမု
ဒယော ဘဝေ၊ နိရောဓော နာမ နိဗ္ဗာနံ
မဂ္ဂေါ လောကုတ္တရော မတော။

(က) ဝဋ္ဋံ၊ ကံနှင့်အကျိုး တရားမျိုးတို့ ရိုးရာမကုန် အစွင့်ကြုံတိုင်း ပေါင်းစုံရောရုပ် ဘောမသတ်အောင် မရပ်မတည် ပတ်ပတ်လည်သော။ တေဘူမကံ၊ ကာမရူပ အရူပဟု ဘဝသုံးတွေ ချုံး၍ရေလျှင် ငါးတွေ ခန္ဓာ နှစ်ဖြာနာမ်ရုပ် အကောင်ပုပ်ဟူသမျှသည်။ ဒုက္ခံ၊ ထိတ်ကြောက်စရာ သံသရာမှာ လွန်စွာကောင်းလှသော ယုတ်မာလှစွာ ဒုက္ခသစ္စာ တရားမျိုးတို့ပေတည်း။ ။ခန္ဓာနာမ်ရုပ် အကောင်ပုပ် ဒုက္ခသစ္စာသာ။

(ခ) တဏှာ ငါးတွေခန္ဓာ နှစ်ဖြာနာမ်ရုပ် အကောင်ပုပ်ကို အဟုတ် စိတ်တွင် သူငါထင်၍ ခုံမင်စုံမက် နှစ်သက်လိုလား တဏှာ တရားသည်။ သမုဒယော၊ ခန္ဓာနာမ်ရုပ် အပုပ်အသိုး ဒုက္ခအိုးကို ပွားတိုးစေမှု အကြောင်းပြုသည့်၊ သမုဒယ သစ္စာတရားသည်၊ ဘဝေ၊ တဘဝယက် တဘဝ ချမ်းသာရအောင် ကုသလအရိုး အမျိုးမျိုးကို ကြိုးစား၍သာ ပြုကျင့်ခြင်းသာ ဖြစ်ပါပေကုန်သတည်း။ ။ခန္ဓာငါးခု ခင်မင်မှု သမုဒယသာ။

(ဂ) နိဗ္ဗာန်၊ သမုဒယဒုက္ခ၊ နှစ်တန်မြစ်မ မကျန်ရအောင် ပယ်ချုပ်သိမ်း အကုန်ငြိမ်း၍ ဟိန်းချလောက်စွာ၊ ပဟာအသံတ၊ နာမထင်ရှား နိဗ္ဗာန်တရားသည်၊ နိရောဓေါနာမ၊ ဒုက္ခခပ်သိမ်း အကုန်ငြိမ်း၍ ချုပ်သိမ်းတိုဘိ၊ ဗျူပ္ပတ္တိကြောင့် မရှိခန္ဓာ နိရောဓသစ္စာ တရားမည်ကုန်သတည်း။ ။ဒုက္ခသမုဒယ် ငြိမ်းရာမှန် နိဗ္ဗာန်နိရောဓါ။

(ဃ) လောကုတ္တရော၊ သံသရာမှ မြန်စွာအဟုတ် အကယ်ထုတ်နိုင်၍ လောကုတ္တရာဖြစ်သော၊ မဂ္ဂေါ၊ ဝိဠိတဏှာ ကိလေသာကို နာနာကြပ်ကြပ် အသေသတ်သဖြင့် ရှစ်ရပ်မပွင့် ဖိုလ်လျှင်မလေးပါး၊ မဂ်ကား လေးလီ တရားမည်ခြင်းတူ၍၊ မတော၊ ရှေ့နောက်ကိုမြင် ပညာရှင်တို့ ထင်ထင်ရှားရှား ဤတရားကို ပိုင်းခြားတွေ့ထွ အတတ်မသွေ သိအပ်လှပေသတည်း။ ။နိဗ္ဗာန်လမ်းဝင် ရှစ်မဂ္ဂင် ခေါ်တွင်မဂ္ဂင်သာ။

## ရင်းသစ္စာလေးပါး—ဥပမာဖြင့် ပြခြင်း

(၁၁၀) ရောဂေါ ရောဂါနိဒါနဥ္စ၊ ရောဂ ဝူပသမော၊ တထာ, ရောဂဘေသဇ္ဇမိစ္စေဝ၊ မုပမာဟိစ၊ ဒီပိတာ။

ရောဂါ မြင်သူခပင်း ရင်တွင်းဖိုမတတ် လန့်ဖြတ်ဖွတ်ရာ အိုင်းအမာကြီးရင်း၊ ရောဂါနိဒါနဥ္စ၊ အိုင်းအနာကို လွန်စွာတိုးပွား စေတတ်ငြားသည့်၊ အစားအစာ ညှော်သင်းတဖြာရင်း။ ရောဂဝူပသမော၊ အိုင်းအနာကြီး၏ အပြီးတိုင်မြောက် တခါတည်းငြိမ်းပျောက်၍ သွားခြင်းရင်း။ တထာ ထိုမှတပါး၊ ရောဂဘေသဇ္ဇံ၊ အိုင်းအနာကြီးကို အပြီးတိုင်မြောက် ငြိမ်းပျောက်စေကြောင်း ဆေးကောင်း ဆေးမြတ်ရင်း၊ ဣစ္စေဝမုပမာဟိစ၊ သစ္စာလေးပါး မြတ်တရားဝှင် အများလူရှင် ဉာဏ်သက်ဝင်တို့ ပုံတင်ပြထား ဤလေးပါးသော ဥပမာ စကားဖြင့်လည်း။ ဒီပိတာ၊ အပ္ပကာထာ၊ ထေရ်မဟာတို့ စီကာမွမ်းကုံး ကျမ်းနိဂုံးဖြင့် ပုံသုံးတဖြာပ၊ ထင်ရှားအောင်သာ မြင်ငြားအောင်သာ ပြကြလေကုန်သတည်း။ ။ရောဂါညှော်သင်း ပျောက်ခြင်း ဆေးမြတ် ပမာကပ် မှတ်ကြလေးသစ္စာ။

သင်္ခါရကုသိုလ်တရားကို ရှာဖွေကြခြင်းသည် သံသရာထွက်လိုသော သူတို့၏ ကိစ္စမဟုတ်ကုန်၊ သိက္ခာသုံးဆင့် ပညာသီလ သမာဓိ ဟူသော ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာ ပရမတ္ထတရားသာလျှင် သူတော်ကောင်း ကိစ္စဖြစ်ကြောင်း။

## ဓမ္မပဒ ပါဠိတော်

(၁၁၁) အဓိသီလာ မိစိတ္တာနံ၊ အဓိပညာယ
သိက္ခနာ၊ အတ္တာ ကိစ္စနိ် ဝိညေယျာ၊
နညာကာမ ဂဝေသနာ၊

အဓိသီလာ မိစိတ္တာနံ၊ မဂ်ကိုရမှ မှချနိုင်မြဲသော အဓိသီလ သမာဓိ တို့ကိုရင်း၊ အဓိပညာယ၊ ခန္ဓာရုပ်နာမ် သတိပဋ္ဌာန်သစ္စာ အာယတနာ ပဋိစ္စ ပရမတ္ထတရား အဓိပညာများတို့ကိုရင်း။ သိက္ခာနာ၊ ကလျာဏ ဝင် သူတော်စဉ်တို့ သင်အံကျက်မှတ် ပွားများအပ်ခြင်းသည်သာလျှင်။ အတ္တကိစ္စ၊ သံသရာထွက်လို ပုဂ္ဂိုလ်ထင်ရှင်း ယောက်ျား,မိန်းမတို့၏ ကိစ္စမည်ကုန်၏။ အညာ၊ ပညာ,သီလ,သမာ,စသော သုံးဝမဂ္ဂင် တရား ယဉ်နှင့် ကင်းကုန်သော။ ကာမဂဝေသနာ၊ တဘဝတနပ်စာ၊ ချမ်းသာရာပို့ သီလာဒါန၊ သမထ ဘာဝနာ ငါးဖြာကာမ ထောင့်တ ထွေထွေ လူတို့ပြေမှာ ရှာဖွေရခြင်းသည်ကား။ နအတ္တကိစ္စ၊ ကိုယ့်ဘဝကိုလျှင် ကိုယ်တော်ချဉ်သည့် သူတော်စဉ် အပေါင်းတို့၏ကိစ္စမဟုတ်ကုန်။ ဣတိ၊ ဤသို့ လောကီလောကုတ် မယုတ်နှင်းဖြာ သေချာ တတ် တတ် ဉာဏ်နှင့်အုပ်ပြီး စွဲမှတ်၍သာ ပိုင်းဖြတ်၍သာ သိအပ်လှပေသတည်း။

―――○―――

## လက်နှစ်သစ်လေခုက် မိန်းမဉာဏ်နှင့် နိဗ္ဗာန်မရဟု မာရ်နတ်က ဆိုခဏ်း

## သံယုတ်ပါဠိတော်

(၁၀၂) ယန္တံ [illegible] ပဋ္ဌာနံ၊ [illegible]
သမ္ဘဝံ၊ နတံ [illegible] ပညာယ၊ သက္ကာ
[illegible] မိတ္တိယာ၊

အယျေ၊ သောမထေရီ၊ ဘွဲ့မည်တွင်သော အို.... ရဟန်းမ။ ကုသီဟိ၊ သီလသမာ၊ စဥ္စာသောင်းသောင်း တရားပေါင်းဖြင့် ကောင်းစွာသချေ ပွါးခဲ့ပေသော။ ပစ္စေကဗုဒ္ဓါ ရဟန္တာခေါ် ပုဂ္ဂိုလ်ကျော်တို့သည်၊ ပတ္ထဖွံ့၊ အလွန်ရှည်ကြာ သံသရာမှာ လေ့လာဝသီ ပါရမီတို့ အညီညွန့်ညောက် အကုန်ပေါက်၍ ရောက်သင့် ရောက်ထိုက် လှပေသော။ ယံ့ဌာန်၊ အရဟတ္တမဂ်ဉာဏ် ထက်သန်ပါမှ အမှန်ကြသည့် အာသဝကုန်ပြတ် အကြွင်းနိဗ္ဗာန် အရပ်သည်။ အတ္တိ၊ မုချကေန် အမှန်တည့်တည့် တကယ်ဘဲ ရှိပေ၏။ ဒုရဘိသမ္ဘဝံ၊ ပါရမီဉာဏ် ဘုန်းကံမြင့်မောက် လောက်လောက်လားလား လူယောကျ်ားတို့မှ ထင်ရှားထုတ်ချောက် အဟုတ်ရောက်ရန် တန်တန်မသွေ့ ကွေ့ကွေ့အမူး လွန်လွန်ကြူး၍ အကူးခဲယဥ်းလှပေသော။ တံ့ဌာန်၊ အရဟတ္တမဂ်ဉာဏ် ထက်သန်ပါမှ၊ အမှန်ကြသည့် အာသဝကုန်ပြတ် ထိုနိဗ္ဗာန်အရပ်သို့၊ ဒွင်္ဂုလပညာယ၊ လက်နှစ်သစ်သာ မြှော်မြင်ပါ၍ ပညာသေးအင်ဉာဏ်မမြင်သော၊ ဣတ္ထိယာ၊ စိတ်အားမသန် ဘုန်းကံနည်းပါး သင်တို့လို မိန်းမများသည်၊ ပပ္ပေါတုံ၊ စိတ်အားထက်သန် ဘုန်းကံကြီးမား ယောကျ်ားတို့နှယ် တကယ်ထုတ်ချောက် အဟုတ်ရောက်ခြင်းငှါ၊ နသက္ကာ၊ အသင်းအရေ ခန်းကျေတုံလပ် ပိန်ချောက်ကပ်၍ ခန္ဓာပြုတ်ပေါင် ဟတ်နိုင်စရာ ဖြစ်နိုင်စရာ ရှိပါတော့အံ့နည်း။

## သောမ ထေရီက မာရ်နတ်ကို ပြန်၍ ချေသော သံယုတ်ပါဠိတော်

(၁၁၃) ဣတ္ထိဘာဝေါ ကိံ ကရိယာ၊ စိတ္တမှိ သု
သမာဟိတေ၊ ဉာဏမှိ ဝတ္တမာနမှိ
သမ္မာ ဓမ္မံ ဝိပဿတော။ ။

မာရ၊ မိန်းမဆိုလျှင် ဉာဏ်အင်နည်းပါး၊ ယောကျ်ားလောက် မျှသုံးမကျလို့ ပြောပြလေတာ ဟဲ့...မာရ်နတ် အယုတ်မာ၊ သမ္မာ၊ မိန်းမယောကျ်ား ထင်ရှားမလို စိတ်ကိုကောင်းစွာ မြှောင့်မတ်စွာဖြင့်၊ မမွှာ

ဓန္ဒာဝေါဟာန် ရုပ်နာမ်နှစ်ရပ် ပရမတ်နှစ် ခေတ်အစစ်ကို၊ ဝိပဿဟော၊ ပုဂ္ဂိုလ်သတ္တဝါ ငါငါကြောင်းမျောက် ခေတ်ဉာဏ်ပေါက်အောင် တယော် စွမ်းအား ရှုစားကြည့်နေနိုင်သော သူ၏။ စိတ္တမှိ၊ ဉာဏ်နှင့်မကွဲ၊ ပူးကပ် မြဲမြီး တွဲချိတ်လျက် နေသော ဝိပဿနာ စိတ်သည်၊ သုသမာဟိတော၊ ရုပ်ခေတ်နာမ်ခေတ် ခန္ဓာခေတ်၌ တပ်အပ်မသွေ ငြိမ်ငြိမ်သက်သက် နေနှံ့သည်ရှိသော်၊ ဉာဏာမှို့ စိတ်နှင့်ရောစပ် မခွဲအပ်သည့် ပရမတ္ထ ဉာဏ်ပညာသည်၊ ဝတ္တမာနမှို့၊ မုချဧကသွေ ကောန်မယုတ် အဟုတ်ဖြစ် ပေါ်လာခဲ့သည်ရှိသော်။ ဣတ္ထိဘာဝေါ၊ သုသူငါငါ သတ္တဝါကို နှုတ် မှာခေါ်ကြ မိန်းမ, မိန်းမ, မိန်းမဆိုသော အဖြစ်သည်။ ကိံကရိယာ၊ ရုပ်ခေတ် နာမ်ခေတ် တတ်အပ်ယင်ယင် ဆင်ခြင်ပိုင်းခြား ဉာဏ်မြင် ခြားသော်၊ ယောကျာ်း မိန်းမ, ရှာမရ၍ ဘာမှုဘယ်ဟာ ဖြစ်တင်ကာ ဖြင့် ဘာညာဆိုရေး တော်ရာတွေးပြီး ဘာဘာညာညာ ကလေးတစုမျှ ကဲ့ရဲ့စရာ ဖြစ်ဘင်စရာ ရှိပါတော့အံ့နည်း၊ ရုပ်နာမ်ပရမတ်ကို မတတ် သောသူသာ မိန်းမ-ယောကျာ်းဟု မှတ်ထင်ကြောင်း။

## ၎င်း, သံယုတ်ပါဠိတော်

(၁၁၄) ယဿနု နသိယာဧဝံ၊ ဣတ္ထာယံပူရိသော
တိဝါ၊ ကိဉ္စိဝါ ပနအညသ္မိံ၊ တံမာရော
ဝတ္တုမရဟတိ။

မာရ၊ မိန်းမဆိုလျှင် ဉာဏ် အင်နည်းပါး ယောကျာ်းလောက်မျှ သုံးမကျဘူးဟု ပြောပြလေတာ ဟဲ့-မာရ်နတ် အယုတ်မာ၊ ယသ္မားပရမတ် ဉာဏ်ကို ဝေဘန်ပိုင်းခြား မတတ်ခြားမအောင် အလကားနေမှု၊ ဖျင်း သောသူအား၊ အယံ၊ နိမ့်မြင့်ရှည်တို ညိုသို့ဖြူဖြူ အမှုပုံဟန် သဏ္ဌာန်ကြီး ငယ် အသွယ်သွယ်ဖြင့် တကယ်ထင်ရ မြင်ရကြောင်းကြောင်း လူတို့ ဘောင်၌ ဤအကောင်မျိုးတွေး။ ဣတ္ထိ၊ ယောကျာ်းလောက်မျှ သုံးမ ကျတဲ့ မိန်းမ ဆိုသော အကောင်မျိုးပေတည်း။ အယံ နိမ့်မြင့်ရှည်တို ညိုညိုဖြူဖြူ အမှုပုံဟန် သဏ္ဌာန်ကြီးငယ် အသွယ်သွယ်ဖြင့် တကယ်ထင်ရ မြင်ရကြောင်းကြောင်း လူတို့ဘောင်၌ ဤအကောင်မျိုးတွေး။ ပုရိသော၊

ပညာထက်သန် ဘုန်းကံကြီးမား စွန့်အားပြေ့လတ် ယောကျ်ားမြတ်တို့ပေတည်း။ ဣတိ၊ ဤသို့၊ ခန္ဓာရုပ်နာမ် မတတ်ပြန်၍ တန်တန်မှောက်မှား ယောကျ်ား မိန်းမ ခေါ်ဆိုကြသည့် လောကတရား အထင်များသည်။ သိယာနုံ၊ သိယာဝေ၊ လောကထုံးစံ ပညတ်ဉာဏ်ဖြင့် ကေန်မသေ့ ဖြစ်ကြပေရာ၏၊ ပန၊ ပရမတ်မဆန့် ပညတ်ဉာဏ်ဖြင့် အမှန်ဒိဋ္ဌိ မိန်းမ ယောကျ်ား အထင်မှားစရာ သူသူငါငါ သတ္တဝါတို့ များစွာကြီးရှိပါသော်လည်း။ အညသ္မိံ ဝါ၊ ခန္ဓာငါးတန် ရုပ်နာမ်နှစ်ရပ် ပရမတ်ကို တတ်အပ်ထင်ထင် ဉာဏ်၌မြင်မှု၊ မာရော၊ ရောက်တတ်ရာရာ ဘာညာစောင်းမဲ့၊ အရှုံတိုက်တတ် သင်မာရ်နတ်သည်။ တံဝစနံ၊ လက်နှစ်သစ်မှန့် မိန်းမဉာဏ်ဖြင့် နိဗ္ဗာန်ဆုံးတိုင် ရနိုင်မည်လား ထိုစကားကို၊ ကိဥ္စိ၊ မကြီးမကျယ် နည်းငယ်ပုံတု၊ တစုံတခုကလေးကိုမျှ။ ပဏ္ဍို၊ အအပိန်းပိန်း ကလိန်းကလက် ပျက်တတ်ချော်တော် လူသရော်တို့ အဝေါမဝင် ဉာဏ်အင်နည်းပါး နောက်သားတုံးပြ သုံးမကျဟု မိန်းမအပျင်းပြောဆိုခြင်းငှါ။ နရုပတိ၊ လူမိုက်အမျိုးမျိုး အတုခိုးအောင် ဆိုရိုးသိမိုက် ပညာရှိ မကြိုက်သဖြင့် အနိုက်အတန့် ကလေးတောင်မှ ပြောဆိုစရာ ဖြစ်တင်စရာ မသင့်မတိုက်လှသတည်း။

## သမ္မာဒိဋ္ဌိ ၁၀ ပြချက်

(က) ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ သမ္ပတ္တိ
ဘဝံ အာကစုတိ။

**ကမ္မဿကတာ သမ္မာဒိဋ္ဌိ**၊ ဒါန သီလစသော ကာမကုသိုလ်ကံ တခုကိုသာ ကောင်းစွာယုံကြည်လျက်ရှိသော သမ္မာဒိဋ္ဌိသည်။ သမ္ပတ္တိဘဝံ၊ လူကောင်း နတ်ကောင်းဖြစ်ရသော၊ဘဝသမ္ပတ္တိ၊ စည်းစိမ်ဥစ္စာရတနာ ရွှေငွေ ပေါများခြင်းဟူသော ဘောဂသမ္ပတ္တိ အကျိုးကို၊ အာကစ္ဆတိ၊ ရောက်အောင်မကြာ ရအောင်လျှင်စွာ ဆွဲငင်နိုင်လေတော့၏။

(ခ) ဈာနသမ္မာဒိဋ္ဌိ၊ ရူပါ,ရူပ ဘဝေ၊
ပဋိသန္ဓိံ ဒေတိ။

ဈာနသမ္မာဒိဋ္ဌိ၊ ကာမကုသိုလ်မက ဈာန်လမ်းကုအောင် အမှန်တကွသိသော ဈာနသမ္မာဒိဋ္ဌိ ကုသိုလ်သည်။ ရူပါရူပ ဘဝေ ရူပ-တဆယ့် ခြောက်ဘုံ အရူပလေးဘုံတို့၌ ဖြစ်ကြစေရန်၊ ပဋိသန္ဓိ၊ ပဋိသန္ဓေ အကျိုးကို၊ ဒေတိ၊ ပေးနိုင်လေတော့၏။

(ဂ) မဂ္ဂသမ္မာဒိဋ္ဌိ ဝဋ္ဋဝိဒ္ဓံသေတိ။

မဂ္ဂသမ္မာဒိဋ္ဌိ၊ မဂ်စိတ် လေးခု၌ပါရှိသော ပညာစေတသိက် ဟူသော မဂ်ဉာဏ်ကို မြင်သိသော မဂ္ဂသမ္မာဒိဋ္ဌိအကျိုးသည်။ ဝဋ္ဋံ၊ ရှား ရဟတ်ပမာ၊ ချာချာပတ်ရစ် သံသရာ ဟူသော ဝဋ်ဖြစ်ကို၊ ဝိဒ္ဓံသေတိ၊ ချိုးဖြတ် ဖျက်ဆီးတတ်လေတော့၏။

(ဃ) ဖလသမ္မာဒိဋ္ဌိ၊ ဘဝံပဋိဗာဟတိ။

ဖလသမ္မာဒိဋ္ဌိ၊ ဖိုလ်လေးပါးတိုင်အောင်သိသော ဖလသမ္မာဒိဋ္ဌိ အကျိုးသည်။ ဘဝံ၊ တဖန်ဘဝအသစ်၌ ဖြစ်ခြင်းများကို၊ ပဋိဗာဟတိ၊ ကားမြစ်၍ ထားနိုင်လေတော့၏၊

## သမ္ပဇဉ်လေးပါးပြခြင်း။

က။ သတ္ထကသမ္ပဇဉ်၊ လျောင်း, ထိုင်, ရပ်, သွား၊ အရိယာပထ လေးပါးတို့၌။ ဘုရား-တရား-သံဃာအစစ်ကို မြင်မှု သိမှုတည်း။

ခ။ သပ္ပါယ သမ္ပဇဉ်။ ပုဂ္ဂလသပ္ပါယ၊ ဥတုသပ္ပါယ၊ အာဝါသ သပ္ပါယ။ ဂေါစရ သပ္ပါယ၊ လေးပါးမျှခြင်း၊ တနည်း၊ ကာမဂုဏ်ဆိတ် သော အရပ်အချိန်ကို ခေါ်ခြင်း။

ဂ။ ဂေါစရသမ္ပဇဉ်၊ တခုသော-ဝိပဿနာကမ္မဋ္ဌာန်းကို လျောင်း, ထိုင်, ရပ်, သွား၊ အရိယာပုတ်လေးပါးနှင့် နေမှုကိုခေါ်သည်။

ဃ။ အသမ္မောဟသမ္ပဇဉ်။ ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ နာမ်ရုပ်မှ ဖြစ်သော ခန္ဓာကိုယ်သည် ပစ္စက္ခ၌ ကံ စိတ် ဥ ဟာ လေးဖြာသော အကြောင်းတရား ဆက်လက်၍ နေမှုကြောင့် သွား, လာ, လျောင်း, ထိုင်, ပြောဆို နေသည်ဟု သိမှုကို ခေါ်သည်။

## ကိလေသာမှ လွတ်သော ဝိမုတ္တိငါးပါး

၁။ တဒင်္ဂဝိမုတ်။ ၂။ ဝိက္ခမ္ဘနဝိမုတ်။ ၃။ သမုစ္ဆေဒဝိမုတ်၊ ၄။ ပဋိပဿမ္ဘနဝိမုတ်။ ၅။ နိဿရဏဝိမုတ်။

## သမထလမ်း နီဝရဏခြောက်ပါးခွါပုံ

၁။ ဝိတက်ဈာန်သည်။ ထိနမိဒ္ဓနီဝရဏကို ခွါ၏၊

၂။ ဝိစာရဈာန်သည်။ ဝိစိကိစ္ဆာနီဝရဏကို ခွါ၏။

၃။ ပီတိဈာန်သည်။ ဗျာပါဒ နီဝရဏကို ခွါ၏။

၄။ သုခဈာန်သည်။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကို ခွါ၏၊

၅။ ဧကဂ္ဂတာဈာန်သည်။ ကာမစ္ဆန္ဒနီဝရဏကို ခွါ၏၊

၆။ အဝိဇ္ဇာနီဝရဏကိုကား၊ ဈာန်ငါးပါးလုံးကို ခွါ၏။

## မနုဿဟူသော ဝေါဟာရဖြစ်ခြင်း

(မနုအဿသတ္တိတိမနုဿ)

အဿ၊ ထိုလူ၏ အဖြစ်ကို ရကြသော သူတို့အား သတ္တ၊ သဒ္ဓါ၊ သီလ သုတ၊ စာဂ၊ ပညာ၊ ဟိရီ ဩတ္တပ္ပ ဟူသော ခုနစ်ပါးတို့သည်၊ မနု၊ အစဉ် အားဖြင့် ထင်ရှားရှိကုန်၏။ တသ္မာ၊ ထို့ကြောင့်၊ မနုဿ၊ လူဟု သမုတ် ကြကုန်၏။

## ရုပ်တို့၏ ပေါက်ပြန့်ပုံပြခြင်း
## ဋီကာကျော်

ရုပ္ပန္နဋ္ဌေတွ သီတာဒိ ဝိရောဓိ ပစ္စယ
သမဝါယေ ဝိသဒိ သုပ္ပတ္တိ ဝေယဝ။

ဧတ္ထ၊ ဤရုပ်၏ ပေါက်ပြန်ခြင်းကို ပြရာ၌။ သီတာဒိ ဝိရော ဓိပစ္စယ သမဝါယေ၊ သီတအစရှိသော ဆန့်ကျင်ဘက် အကြောင်းတရားတို့၏ ညီညွတ်ခြင်းသည်၊ သတိ၊ ရှိသော်၊ ဝိသဒိသုပ္ပတ္တိယေဝ၊ ရှေ့ရုပ်အစဉ် နှင့် မတူသော နောက်ရုပ် အစဉ်၏ ဖြစ်ပေါ်လာခြင်း သည်သာလျှင်၊ ရုပ္ပနံရုပ်၏ ပေါက်ပြန်ခြင်းမည်၏။

## အထူးသတိပြုရန်

ဓမ္မကထိကပုဂ္ဂိုလ်ပြုလိုသော ရဟန်းရှင်လူတို့သည် ဤကျမ်း၌ပါရှိသော ဂါထာ ဆောင်ပုဒ်အမျိုးမျိုး၊ ငါတို့စီရင် ရေးသားသော၊ သောတာပန်လမ်း အလင်းကျမ်း၌ ပါရှိသော ဂါထာဆောင်ပုဒ် အမျိုးမျိုး၊ သံသာစစ်တမ်း အလင်းကျမ်း၌ ပါရှိသော ဂါထာဆောင်ပုဒ်အမျိုးမျိုး ပဋိစ္စသမုပ္ပါဒ်လမ်း အမေးအဖြေကျမ်း၊ သောတာပန်လမ်း သံခိပ်ကျမ်း၊ ဓမ္မဝိဇ္ဇာနရ-နိဗ္ဗာန ကျမ်းတို့၌ပါသော ဂါထာဆောင်ပုဒ် အမျိုးမျိုးတို့ကို နှုတ်ဝယ်ရွရွ ရအောင် ကျက်မှတ်ထားရမည်။ ၎င်းပြင် သင့်လျော်ရာ သုတ္တန်ဂါထာ၊ ဝိနည်းဂါထာ၊ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာ တို့နှင့် စပ်ဆိုင်သော အဘိဓမ္မာ ဂါထာများမှ စ၍ ရရာ-ဂါထာတို့ကို စုဆောင်း ကျက်မှတ်၍ ထားရသည်။

ထို့နောက် အဝီစိကျသော တရား၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံ၌ ဖြစ်သောတရား၊ လူ့ပြည် နတ်ပြည်တို့၌ ဖြစ်သောတရား၊ ရူပဗြဟ္မာ အရူပဗြဟ္မာဘုံတို့၌ ဖြစ်သောတရား၊ အဆင်းလှသောတရား၊ ဥစ္စာပေါများသော တရား၊ တန်ခိုးကြီးသော တရားစသည်ဖြင့် ဤသုံးဆယ့်တဘုံ သုံးဆယ့်တလမ်းတို့ကို ကျင့်ထုံး လုပ်ထုံး ကျကျနန သေသေချာချာ လည်လည်ပတ်ပတ် တတ်စွမ်းရမည်။

အရှင်ဂေါတမဘုရား မပွင့်မပေါ်မီက ကမ္ဘာဦးနိယာမ အစဉ် အတိုင်း ဖြစ်ပေါ်ကျင့်ကြံနေကြသော သင်္ခါရ သုံးပါးတရားကို ပဋိစ္စသမုပ္ပါဒ် အတိုင်း သံသရာ၌လည်း ပုံနည်းနှင့် ပြနိုင်ပြောနိုင်ရမည်။ ဂါထာနှင့်တကွ ဟောပြောနိုင်ရမည်၊ ဤသုံးဆယ့်တဘုံ အလုံးစုံတရား ဖြစ်ပုံဖြစ်နည်း နှင့် ကျကျနနတတ်ပြီးမှ အရှင်ဂေါတမ ပေါ်လာမှ ဟောသောတရားကို တတ်မြောက်အောင် သင်ကြားရမည်။

ဂင်္ဂါဝါဠု၊ သဲစုထောင်သောင်း မရေကောင်းသော ဗုရား အနန္တ များစွာ ပွင့်ပေါ်လာရခြင်းသည် လောကုတ္တရာ တည်းဟူသော နိဗ္ဗာန်ရောက်ကြောင်း။ မဂ်လေးပါး ဖိုလ်လေးပါး တရားဟော ပြောရန်အတွက် ပွင့်ပေါ်ရခြင်းပေတည်း။ ဓမ္မကထိက လုပ်လိုသောသူ

သည့်၊ ဤခေသာတာပန်၊ သာဒါဂါမိ၊ အနာဂါမိ ရဟန္တာတို့ဖြစ်ပုံ၊ ကျင့်ပုံ၊ ကြံပုံ၊ ပြုပုံ၊ ယူပုံ၊ သိပုံ၊ နေပုံ၊ ထိုင်ပုံ၊ စားပုံ၊ သောက်ပုံ၊ ပွါးများပုံမှစ၍ နားလည်ရမည်။

—— ၀ ——

အိမ်ရာ တည်ထောင်လျက်၊ ကာမဂုဏ် မစွန့်လွှတ်ဘဲ။နိဗ္ဗာန်ကိုသွားသော အာဂါရလမ်း၊ အိမ်ရာ မတည်ထောင်သော ရသေ့ ပရိဗိုဇ်တို့ ကာမဂုဏ်ခွါနေသူများ၊ နိဗ္ဗာန်ကိုသွားပုံ၊ နေပုံ၊ အနာဂါရ လမ်းကို လည်း ကြေကြေလည်လည် တတ်ရမည်။ ဤ လောကုတ္တရာလမ်း၊ လောကီသုံးပါးလမ်း။ နှစ်ဘက် နှစ်လမ်းကို ပြန်းပြန်းကွဲတတ်ရမည်။ ရောယှက်၍ဟောပြောက၊ ဓမ္မကထိက–ဟုတ် မဟုတ်မှတ်၊ ဘယ်အတွက်ဆိုလျှင် ဓမ္မကထိတို့ အင်္ဂါမှာ အမေးကား၊ နွားမွေးပမာ များလှပါ၏။ အဖြေကား၊ နွားချီပမာ နည်းလှစွာ၏၊ အမေးကား၊ ကျဲကျောင်း သမား ဥာဏ်နည်းပါး၊ အဖြေကား၊ ဗုဒ္ဓလောင်းအလား ဥာဏ် ပေါ များဟု စပ်ဆိုခြင်းကြောင့်။ အဓိပ္ပါယ်အား ဆယ်ပါးတို့၌၊ လူမိုက်တို့ သည် ဒေါသမှာ အားထား၏။ လူဆိုးတို့သည် မိမိကိုင်သော လက်နက် မှာ အားထား၏၊ ခလေးတို့သည် အငိုမှာ အားထား၏၊ သားသမီးတို့ သည် မိဘမှာ အားထား၏၊ တပည့်တို့သည် ဆရာမှာ အားထား၏၊ အဆိတ်ရှိသော သတ္တဝါတို့သည် အစွယ်မှာအားထား၏၊ ဦးချိုရှိသော သတ္တဝါသည် ဥကွောင်းမှာ အားထား။ ကျွန်တို့သည် အရှင်သခင်မှာ အားထား၏။ သူတော်ကောင်းတို့သည် မှန်သော သစ္စာ ဆို ခြင်း၌ အားထား၏၊ ပညာရှိတို့သည် စုံစမ်းခြင်းမှာ အားထား၏။ အမေး ပုစ္ဆာ ပြဿနာကို၊ အဖြေခံနိုင် အဆိုခံနိုင်သော ပုဂ္ဂိုလ်တို့သည် နွား များ ဥကွောင်းမှာ အားထားသကဲ့သို့။ ဤဥကွောင်း တခုတည်း၌၊ ပေါက်ရောက်သော ဦးချိုနှစ်ခုသည် ယှုတို့ချင်း ရန်မဖြစ်၊ မထိမခိုက် သကဲ့သို့၊ လောကီတရားနှင့် လောကုတ္တရာ တရားနှစ်ပါးတို့သည်၊ ဘယ် နံရောအခါမှ ရောယှက်၍ မဟောရ မယူရ မပြောရဟုမှတ်။ထို့ကြောင့် လောကီ–လောကုတ် မယှက်နှစ်ဖြာ၊ ကောင်းစွာ ကွဲကွဲ ပြား ပြား ပတ္တမြားနှင့် နွားနှင့်မရောသကဲ့သို့၊ တတ်မြောက်မှ ဓမ္မကထိက ပုဂ္ဂိုလ် ဖြစ်နိုင်သည်ဟုမှတ်။

ဓမ္မကထိက ပုဂ္ဂိုလ်တို့သည်၊ ရှမ်းပြည်ကကုသိုလ်အမျိုးမျိုးပြုလုပ်ဘူးသော ရှမ်းလူမျိုးဘိုးလွှယ်အိပ်နှင့်တူစေရသည်၊ ဘိုးလွှယ်အိပ်သည် မလှူဘူးသော ကုသိုလ်မျိုးအရာဌာန် ဘာမျှမရှိ။ လှူဘူးတာချည့်ဘဲ။ ။ထို့အတူ ဓမ္မကထိက ပုဂ္ဂိုလ်လုပ်လိုသော ရဟန်းရှင်လူတို့သည်၊ ဗဟုသုတ မရှိတာရယ်လို့ မရှိဘဲ။ အရာရာပိုင်းမှာပင် သိကျွမ်းနားလည်ရသည်။ ဂါထာဗန္ဓနတို့၌လည်း အတိုအစ။ ဘာမျှမကျန်ဆိုသလို၊ ဗဟုသုတ စုဆောင်း ကျက်မှတ်ထားရသည်။ သို့မှ နေ့ဝင်သောအခါ လိုရာလိုရာ သင့်ရာသင့်ရာ ထည့်စွက် ရွတ်ဘတ် ပြောဟောရသည်ဟု မှတ်လေ။

တနည်း။ ။ပိဋကတ်သုံးပုံ အလုံးစုံကို နှုတ်ငုံ ရွရွ။ကျက်မှတ်ရသော်လည်း မိမိက သံသရာထွက်လမ်း မမြင်သော အန္ဓဖြစ်၍၊ သတ္တဝါအများ တရားရအောင် မဟောနိုင်သော ပေါထေရ်လကဲ့သို့လည်း မဖြစ်စေရ၊ သေနင်္ဂပြူဟာ၊ သကတပြူဟာစစ်အင်္ဂါကိုနားလည်ပါသော်လည်း စစ်ကိုနိုင်အောင်မတိုက်နိုင်က၊ သူရဲကောင်းမဟုတ်သကဲ့သို့မှတ်။

ဓမ္မကထိကတို့၌ လိုရင်းအဓိပ္ပါယ်မှာ၊ ။သာသနာငါးထောင် အတွင်း၊ ယခုအခါ ပစ္စက္ခ၌ မဂ်ရ ဖိုလ်ရ၊ ကျကျနန ဟောနိုင်၍ တရားနာသူတို့ တမဂ်တဖိုလ်ရဘို့ အပါယ်တံခါးသေသေချာချာပိတ်သော သောတာပန်ဖြစ်ဘို့၊ အရိယာဖြစ်သူတွေများမှ ဘုရားသာသနာ ငါးထောင် ရှည်မည်ဟုမှတ်။ မဂ်တရား ဖိုလ်တရား တည်ရှိသူကို သာသနာခေါ်သည်။ မဂ်တရားဖိုလ်တရားကို ဟောသူမရှိ ကျင့်ကြံသူမရှိ၍ အရိယာတို့ ကွယ်ပျောက်သည်ကို သာသနာကုန်သည် ကွယ်သည်ဟု ခေါ်သည်။

သီလ သိက္ခာလည်း မရှိမတည်၊ သမာဓိသိက္ခာလည်း မရှိမတည်။ ပညာသိက္ခာဟု ဆိုအပ်သော ရုပ်နာမ်ခန္ဓာ စတုသစ္စာ တရားကိုလည်း မသိ,မရှိ,မတည်,နားမလည်၊ ဗမာနိုင်ငံမှာ တော်၏ ရော်၏နှင့် စားသောက်နေသူ၊ ဝါနှင့် စားနှင့် စားသောက်နေသူ၊ ဝါတာကမာသမား၊ နဝ,နဝါ နနီကုတ်တွေ များနေတာ သာသနာမှုတ်သည့်အတွက် ဗမာနိုင်ငံမှာ ငါးပါးကာစပြီး ရဟန်းခံမှာ မှောက်လာလိုက်တာ၊ ယခု သယ်ဘကုန်မှောက်နေပါပြီတော့၊ ပရိယတ္တိလည်းမထုပ်၊ ပဋိပတ္တိလည်း

မဟုတ်၊ သာသနာနင်းဆုတ်နေကြတဲ့ မောင် အယုတ် မာတို့ တတွေကို ပညာရှိများ စဉ်းစားတွေးတော နိုင်းဆ၍ ယူလေတော့။

ငါတို့စီရင်ရေးသားသောကျမ်းများ စုံလင်စွာကြည့်ရှုမိပါက ယခု အခါ နဝ,နဝါကြောင့် သာသနာပျက်ပုံ၊ မိန်းမတွေကစ၍ သာသနာ ပျက်အောင်တိုက်တွန်းပုံ၊ မိန်းမတွေမှာ သာသနာ အရင်းအမြစ်ကျ၍ ဗုဒ္ဓဆိုသောစကား၊ ဘာသာဆိုသောစကား၊ နားမလည် မတတ်သော မိန်းမ ဂုဏ်ရှိရှိတယောက်က ခေါင်းဆောင်၍ ဖျက်လိုက်လျှင် ဘယ်မျှ ဘယ်မျှလောက် သာသနာပျက်သွားသည်ဆိုတာ ဉာဏ်နှင့်ကြည့်လေ၊ မိန်းမအသင်းကလည်း သာသနာအဟွင်းမဝင်၊ ဗုဒ္ဓဘာသာနှင့်ကင်းစင် ရဟန်း အ သင်း က လည်း သာသနာအပြင်၊ ဗုဒ္ဓ ဘာ သာ ခြေတင်း ယောကျ်ား အသင်းကလည်း ဝါဝါကို သာသနာထင်ကုန်၍ ဟိုဟို ဒီဒီ နာနာဆဲနိုင်သော ဘုန်းကြီးမှ မြှောက်၍ဘင်၊ ဤသုံးသင်းတို့ဖြစ်ပုံတွေ ကို ပညာရှိများ တွေးကြည့်လိုက်လျှင် တကာမ အသင်းနှင့် ကတုံးတို့ အသင်းကလဲ တယောက်တယောက်-ကြာ၊ ယောကျ်ားအသင်းများက လဲ မ,ဘက် ပုံးဘက်,၊ ကတုံးတို့နှင့်ဘက်ပြီး မရှက်တိုင်း ညာ၍စား၊ ပြောတော့ သာသနာ-ဘာသာစကား၊ လုပ်တော့-ညာစား, ဝါစား, ကြာသမား၊ လောကနီတိဆရာ ပြောသလို (ဝနေ ဝနေ၊ တောတော ဟူသမျှ၌ နစ္စနံ့ စန္ဒကူးနံ့,သာ မရှိဆိုသလို။ ဂဇောဂဇော၊ ရွာရွာ ဟူသမျှတို့၌ ဝိဟာရေ ဝိဟာရေ၊ ကျောင်းတိုင်း ကျောင်းတိုင်းဟူသမျှ တို့၌၊ သာမဏေ သာမဏေ၊ သူတော်တို့သွင် ဗမာပြည်တွင် ဝါဝါမြင် သမျှ နသံဃ ပညာ, သီလ, သမာ, စသော သုံးဝသိက္ခာ မရှိပါ၍ သံဃာမဟုတ် အယုတ်မာသာ များကြခြင်းပေတည်း။)

ဆရာတော် ယခုရေးလိုက်ခြင်းသည် သာသနာကောင်းမှုကို ရည်၍ ရေးလိုက်သည်၊ သာသနာ၌အနွံနှိုးရှည်စေခြင်းငှါရေးလိုက်သည်၊ မိမိက အလင်္ကာကိုးကွယ်ထားမိ၍ အနာပေါ်တုတ်ကျပြီး နာ၍လဲ မနေကြနှင့်၊ ခွါသေးသေးတို့ ဤစာကိုရှုမိသော ရဟန်းတို့လည်း၊ သူတော်ကောင်း ရဟန်းမှန်လျှင် မျှားမျှားဝမ်းသာမည်၊ ဘယ်အကျက်ဆိုလျှင် ကိုယ့် အ ဘဂုရား သာသနာဖျက်သူတွေ ပယ်မှုကြောင့်ပေတည်း၊ အချို့နာ

များကြားဘူးမိလျှင် အနာပေါ်တုတ်ကျ မအေ၊ နှမ၊ ဆဲသည်ထက်နာကျင်၏
အချို့ မလိမ္မာ မတတ် ကျွမ်းကြသော ရဟန်းရှင်လူများတို့သည် ဤ
ဆရာတော်ရေးသော ကျမ်းအမျိုးမျိုးတို့ကို တွေ့မိ ဖတ်မိပါ၍ မသိတာ
သိခြင်း၊ မတတ်တာ တတ်ခြင်းကြောင့် များစွာဘဲ ချီးမွမ်းပြောဆို၍
ကျေးဇူးတင်မည်ဟု ဆရာတော်မျှော်လင့်၏။

ဓမ္မကထိကပုဂ္ဂိုလ်ဟု ခေါ်ဆိုထိုက်ခြင်းကား အင်္ဂါငါးပါးနှင့် ညီညွတ်ခြင်း၊ သမ္ဗုဒ္ဓါလေးပါးနှင့်ပြည့်စုံခြင်း၊ ဂိုဏ်းရှစ်ပါး အပြစ်ရှစ်ပါးကို နားလည်ခြင်း၊ စကားအရာ အင်္ဂါလေးတန်ကို သိကျွမ်းခြင်း၊ အမေးငါးခွ အဖြေလေးပါးကို နားလည်ရခြင်း၊ စကားကြီးဆယ်ခွန်းကို နားလည်ရခြင်း၊ ပုဂ္ဂလပရိယာယ်၊ ရာဇပရိယာယ်၊ လောကပရိယာယ်ကို နားလည်ရခြင်း၊ ပုဂ္ဂလပညတ်၊ ရာဇပညတ်၊ လောကပညတ်ကို နားလည်ရခြင်း၊ ဂါထာတပုဒ်တွင် လက္ခဏာကြောင်း ရသကြောင်း၊ ပစ္စုပ္ပန်ကြောင်း၊ ပဒဋ္ဌာန်ကြောင်း လေးပါးကုန်စင်အောင် ဟောနိုင်ခြင်း၊ အနိစ္စ၊ အနတ္တ၊ အသုဘ၊ ဒုက္ခ လက္ခဏာလေးပါးကို မင်္ဂစဉ်နှင့်ကိုက်အောင် ပြနိုင်ခြင်း၊ အောက်မင်္ဂ အထက်မင်္ဂ ပေဘန်ပုံကိုလည်း နားလည်ရခြင်း၊ ဝိဋ္ဌိသတ် ဝိပဿနာ ကမ္မဋ္ဌာန်း၊ ဘာကျာသတ် ဝိပဿနာ ကမ္မဋ္ဌာန်း ကွဲကွဲပြားပြား ပြနိုင်ခြင်း၊ ရုပ်ဓါတ် နာမ်ဓါတ်တို့ ဖြစ်ပေါ်လာပုံကိုဟောပြောသောအခါ ဥစ္ဆေဒဒိဋ္ဌိ သဿတဒိဋ္ဌိ လွတ်အောင် ဟောပြောနိုင်ခြင်း၊ တရားနာပရိသတ်တို့အား မင်္ဂဆိုက်ဖိုလ်ဆိုက် မင်္ဂရောက် ဖိုလ်ရောက် မင်္ဂဉာဏ် ဖိုလ်ဉာဏ်ကို ထိအောင် မြင်အောင် ပြနိုင်ခြင်း၊ ရုပ် နာမ် ခန္ဓာ ဓါတ်သစ္စာတရား ပဋိစ္စသမုပ္ပါဒ် တရားတို့ကို ရမတ်ပေါက် ဟောနိုင်သော်လည်း ဧကတ္တနည်း၊ နာနတ္တနည်း ဧဝံဓမ္မတာနည်း အဗျာပါရနည်းတို့ကို နားမလည်က ဥစ္ဆေဒ သဿတဖြစ်၍ တရားနာသူတို့ မင်္ဂဖိုလ်မရခြင်း၊ ဆေးဆရာများကဲ့သို့ ဘေးဆေး၊ လေဆေး၊ ငန်းဆေး စသော ဆေးအဖုံပေါင်းများစွာ ပေါ်ပြီးသားရှိပြီးသား ရှိပါသော်လည်း လူနာ၌ ဆေးပေးတိုရာ အလွန်တာရှာဘဲ ခဲယဉ်းကုတ်ကပ်၏ဟု မှတ်လေ။

ကုထုံး၊ ကုနည်း၊ ဆေးပေးနည်း၊ လူနာ၏အကဲ၊ စကားနားက လူနာပြု ဇော်ဂနီ၊ ကာကနီတို့ကိုလည်း နိုင်မှဖြစ်သတဲ့ဆို ဆရာကောင်းထံ၌

ဟောနည်း ပြောနည်း၊ တရားကိုင် တရားနခမ်းသတ် မှင်သတ်၊ ပရိသာတ် အကဲ-စခေသာ ဥပနိဿယ ကောင်း ကောင်းမှီး၍၊ အနည်းနည်း အဖုံဖုံ ဂါထာများလည်း ရရှိသူတို့မှ သင့်ရာသင့်ရာ အနုသန္ဓေစပ်၍ ဟောပြ ပြောပြတတ်သည်၊ ပမာ-ပမည်း၊ ဟောထုံးနည်း ဂါထာတပုဒ်နှင့်ပြ၍ မပေါ်လျှင် အနုသန္ဓေစပ်၍ နောက်ဂါထာများနှင့် ကူ၍ ထောက်၍ ဟောပြောရမည်၊

အသေ မလွှတ်သောတရား၊ အငိုမလွှတ်သောတရား၊ ပူလို့မဆုံး၊ ငိုလို့မဆုံး၊ ဆွေးလို့မဆုံး၊ သပိတ်သွတ်လို့မဆုံးလို့၊ ထုလို့ ကျင်လို့ ဒုက္ခရောက်လို့မဆုံးနိုင်တဲ့တရား အဟင့်-အဟင့်နှင့် တကာမမြင်လျှင် ကြာပင့်ဟောခနေတဲ့တရား၊ သုံးဆယ့်တဘုံအ ဟွင်းက မလွှတ်သောတရား။ ဤတရားများကို ဟောပြောစားသောက်နေသူကို ဓမ္မကထိက ပုဂ္ဂိုလ်မဟုတ်ဟု နာနာကြပ်ကြပ် သေသေချာချာ မှတ်ပါလေး နဝကထိကဟုလည်း မှတ်လေ၊ ဘယ်အတွက်ဆိုလျှင် နွားဖြစ် အုံးမဲ့ တရားယဲက မလွှတ်လို့ဟုမှတ်။ ၎င်းပြင် နဝဆိုးခြင်းက ကိုးခု ကထိက ဆိုးခြင်းက ပြုစုတည်ထောင်မှု သတ္တဝါဌာန ဘုံကိုးဝကို ဖြစ်ဘို့ရာ၊ ပြုစုတည်ထောင်မှုလည်း တမျိုးခေါ်သည်၊ တမျိုး ဓမ္မကထိကလည်း ခေါ်နိုင်ပါသေး၏၊ ပုရာဏ၊ ကဿပ၊ မက္ခလိဂေါသာလ၊ သိဥ္စေဂျ တို့က သခ်ါရသုံးပါး တရားထူထောင်၍ ဟောသည်အတိုင်း သံသရာက မထွက်သော တရားဟောပြောကြသော ရဟန်းရှင်လူတို့သည် ဒိဋ္ဌိဘုရား ခြောက်ဆူ၏ သားတွေဟုမှတ်၊ အရှင်ဂေါတမ သားယောင်ဆောင်ပြီး နေတဲ့ အကောင်တွေဟုမှတ်၊ ဗမာနိုင်ငံ၌ ဒိဋ္ဌိဘုရားသားတွေ များစွာ ဘဲရှိ၏၊ စဉ်းစားကြည့်လေ၊

အရှင်ဂေါတမ ဗုရားပေါ်မှ တရားကား မဂ်တရား၊ ၎င်းမင်တရား လေးပါး ဖိုလ်တရားလေးပါးကို ကျင့်သူ၊ကြံသူ၊ ယူသူ၊ ပွားသူ၊ ဟောသူ ပြောသူတွေမှ အရှင်ဂေါတမ၏ သာသနာကို ချီးမြှင့်ထောက်ပင့်ပြုစုသူ ဓမ္မကထိက ပုဂ္ဂိုလ်ထူးအစစ်ဟု သေသေချာချာ မှတ်ထား၊ သားတော် သမီးတော်အစစ်၊ သာသနာဝင်သူအစစ်၊ သရဏဂုဏ် တည်သူအစစ်၊ ဗုရားစစ် တွေ့သူ အစစ်ဟု မှတ်ပါလေ၊ အောက်ထစ် အဖျင်းဆုံး

ပုဂ္ဂိုလ်၊ ပုရားသားတော် သ္မီးတော်သည် ရုပ် နာမ် ခန္ဓာ သစ္စာ ပဋိစ္စသမုပ္ပါဒ်ဓါတ် ပရမတ်တို့ကို သိကျွမ်းနားလည်သော ကလျာဏ ပုထုဇဉ်ဟုမှတ်။ ဤ ယခုပြသော ပုဂ္ဂိုလ်စုလဲ့လျှင် သာသနာ အပြင်က အခကောင်တွေ၊ နဝါ,နနီတွေ၊ နနက်,နကြောင်တွေ အရှင်ဂေါမ္မ သားယောင်ဆောင်၍၊ သင်္ကန်းယောင် သပိတ်ယောင်ပြုပြီး စားနေတဲ့ အကောင်တွေဟုမှတ်။ ဝါခြောက်ဆယ်ရ၍ ဆရာတော်ဟု အခေါ်ခံ၍ နေသော်လည်း၊ သီလသိက္ခာ လုံခြုံ၍နေသော်လည်း၊ သမာဓိသိက္ခာနှင့် ဈာန်အဘိညာဏ်ကိုရ၍ နေသော်လည်း၊ ရုပ် နာမ် ခန္ဓာ ဓါတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် ပရမတ် တရားတို့ကို နားမလည်က သာသနာတော်မှာ အ,အကြီး ရဟန်းခံသွားတာဟုမှတ်။

## အရှင်ဂေါမ္မ သာသနာပျက်ပုံကား

၁၂၄၇-ခု၊ သီဘောဘုရင် ကုလားများ ဘမ်းယူသည်ကစ၍ အိမ်ကျောင်း၊ စာသင်ကျောင်း၊ အင်္ဂလိပ်စာသင်ကျောင်းများ တည်ထောင်ကတည်းက ပျက်လာတာ၊ ယခုတိုင်ဟုမှတ်။ ဘယ်အတွက်ဆိုလျှင် မိဘသည် သားသ္မီးကလေးများကို ကျောင်းလခပေး၍ ကျောင်းမှာထားနိုင်လျှင် ဘုန်းကြီးကျောင်းမှာမထား၊ အိမ်ကျောင်းမှာသာထား၏။ ဘုန်းကြီးကျောင်းမှာ ထားသောကလေးကား မိဘ မရှိသောကလေး၊ မိဘက ကျောင်းလခနှင့် မထားနိုင်သောကလေး၊ ပေါ်သောကလေး၊ ကလေကချေ မိ,မစစ် ဘ,မစစ်ကလေး၊ ရောက်တတ်ရာရာ ကလေးတွေသာ ဘုန်းကြီးကျောင်းသို့ တောက်တီးတောက်တဲ့သင်ပြီး၊ ပုဆိုး,အဝတ် မပေးနိုင်၍ သင်္ကန်းကလေးပတ်ပြီး ပေးထား၏။ ၎င်းက အသက်ကြီးတော့ သိမ်သွင်းပြီး လူဝါကောင်ကလေး လုပ်၍ထား၏။ အသက်ကြီးတော့ ဝါကလေးမှတ် စာကလေးမှတ်နှင့် ကျောင်းထိုင်၍ လူဝါကောင်ကြီး လုပ်ပြန်၏။

ဤ လူဝါကောင်ကလေး လူဝါကောင်ကြီးတွေက တဆင့်တဆင့် ဆက်လက်လာမှုကြောင့် သာသနာပျက်မှု၊ ၎င်းလူဝါကောင်တွေသည် ငွေကို,ရွှေကို မွေးသချေက မမြင်ဘူးဘူးဟုမှတ်။ ထိုအတွက် ငွေမက် ရွှေမက်၊ မြေမက်၊ ကျောင်းမက်၊ တိုက်မက်၊ တာမက်၊ အရှင်ဂေါမ္မ

ဟောသော မဂ်လေးပါးကို မမက်ဘဲနှင့် အလယ်မက် အောက်မက်တွေကို မက်ခြင်းကြောင့် ပစ္စည်းစု၊ ကလေးထိန်း၊ ရဟိမ်း ရဟန်း၊ ရဟန်း၊ ရဟတ်၊ ပတ်လည်စား၊ ထီးထမ်းလမ်းရှောက် မင်းပြစ်ကြောက်၍ အဝါဝတ် ငွေရလွယ်၍၊ ဟုမ္မရှုးတရားဟော အဖွဲ့လမ်း လုပ်စားသူနဲ့၍၊ အဝါလမ်း လုပ်စားသူများကြ၍ သာသနာကြီး ဂုဏ်စီး မှောက်နေမှ သာသနာပျက်မှု သတ္တဝါတွေဆင်းရဲမှုကို အကျဉ်းချုပ်၍ ပြမည်ဆိုလျှင်၊ တိုင်းသူပြည်သားတို့ ဗုဒ္ဓဘာသာဆိုတာ ဘာမှန်းမသိကြ၍ကကြောင်း၊ ဗုဒ္ဓဘာသာ၏ တရားအစစ်တည်းဟူသော ရုပ်နာမ် ခန္ဓာဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ငယ်စဉ် ကျောင်းသား ကတည်းကစ၍ မသင်လာမှုကြောင့်၊ မတတ်မလိမ္မာ၍ နဝါနနီ နနက်တို့ အလိမ်ကို ခံနေရမှုကြောင့် ပေတည်း။ ရှေ့ကို ရဟန်းမဟုတ်တဲ့ အကောင်တွေ ဟောသမျှတရားကို ကြပ်ကြပ် နာခံမှတ်သားလေလေ၊ တိုင်းပြည်ဆင်းရဲလေ မွဲလေဟုမှတ်၊ မိမိက ဗုဒ္ဓဘာသာတရား အစစ်ကို မတတ်လေလေ နဝါတွေ၏ အလိမ်ကို ခံရလေလေ၊ ယခုကစ၍ ကျောင်းသားကလေးများကို ဤရုပ်နာမ်ခန္ဓာတရားစ၍ မသင်မှု၊ လူကြီးလူငယ်တို့ မလေ့လာမှု ရှိနေသမျှ ကာလပတ်လုံး ရှေ့ကို ဘယ်မျှလောက် လူငါကောင်တွေ၏ အလိမ်ကို ခံရ၍ မွဲအုံးမည်ဆိုတာ ဉာဏ်နှင့်မြော်လေ၊ ဆင်းရဲသားတွေ ရှာဖွေရသမျှ ပစ္စည်းဥစ္စာဟာ ဘယ်က အချုပ်ယူသလဲဆိုတာ စဉ်းစားကြည့်၊ ဘကုန်းဘုရားနှင့် နဝါတွေမှာသာ အကောင်းဆုံး အမြတ်ဆုံးတွေရှိ၏၊ ဗလချိုက်ဗုရား နှင့် သံဃာအစစ်မှာ များစွာမရှိကြကုန်၊ အရင်ကဘုန်းကြီးမိုက် လူမိုက် သိုကလောက် များမှန်းမသိ၊ ယခုခိုင်နှင့် ဟုမ်းထမှဘဲ၊ လူမိုက်, ဘုန်းကြီးမိုက်များမှန်း ဆရာတော် သေသေချာချာသိသည်။

ဆရာတော်ကဲ့သို့ နားလာကြရန်ကို မြော်လင့်၍ ရေးသားလိုက်သည်။ ဆရာတော် စီရင်ရေးသားသော ကျမ်းစာအုပ်တို့ကို စုံလင်အောင် ကြည့်ရှုမိလျှင် များစွာလိမ္မာ၍ များစွာဘဲ သက်သာရာကို ရမည်ဟုမှတ်၊ လူလိမ်မခံရဘူးဟုမှတ်။ သံသရာတလောက်လုံး၌ ဆံကုန်ပိတ်ဖြုန်း မောင်ကထုံးဘို့နှိပ်စက်၍ အမွဲကြီးမွဲ, အသဲကြီးသဲ, အလဲကြီးလဲ, ငရဲကြီး ငရဲငယ်တို့မှ မလွတ်တဲ့ တရားတွေနှင့် လာခဲ့ရတာကို ရိုပ်မိ

ကျော့မိသို့ ကောင်းလှလေပြီ၊ ဆရာတော်က ဘတ္တဝါ အများတို့ ငွေကြေး မကုန်ဘဲနှင့် သေအောင် ကြေအောင်မကျင့်ရဘဲနှင့် သက်သက်သာသာ ကလေးနှင့် ချမ်းချမ်း သာသာ လောကီ စည်းစိမ်ကို အားရအောင်စံပြီးမှ နိဗ္ဗာန်သွားသော လမ်းကို ပြပါလျက် အချို့မိုက်တိုက်တိုက် ရဟန်းရှင်လူတို့က ဈေးငေါ့မေးငေါ့၊ ဇာတဝန်ငေါ့၊ ငေါ့တော့တော့နှင့် ဝါဝါမှန်က ရဟန်းဘဲ ပြောလိုပြော။ ဝါဝါမှန်ကို ကိုးကွယ်မှာဘဲ ပြောလိုပြော၊ သို့ကလောက် ဝါဝါကြိုက်လှင် နန္ဒင်းဘူးနှင့်-ပရိက္ခရာသက်နိုးဆိုင် အိမ်ပေါ်တင်ထားဘို့ကောင်းသည်၊ သုံးဆယ်ကတကာမ သုံးလေးယောက် ဝါဝါကြိုက်လွန်းလို့ ဝါဝါမြင်တိုင်း ကြည်ညိုလွန်းလို့ ညနေစောင်း ကျောင်းနားအနီး ညောင်ပင်အောက်မှာ၊ ကုလားမနှစ်ကောင် ဝါဝါခြုံ၍ ထိုင်နေတာကို ဘုန်းကြီးမှတ်၍ သွားပြီး ရှိခိုးဦးချ၍ နေသဖြင့် မော့မကြည့်ဘဲနေရာ၊ ကုလားမက ကုလားစကားပြောတော့မှ သုံးလေးယောက် လက်ကုတ်ပြီး ထလာရသကဲ့သို့လည်းရှိတတ်သည်။ ကုလားမ ရှိခိုးမိသော တကာမတွေလည်း ကိုယ့်အမှားနှင့်ကိုယ် ကြိတ်နှိပ်ခံရသကဲ့သို့၊ ထို့အတူ ယခုလောက၌ ဝါဝါကြိုက်တွေလည်း ကိုယ့်အမှားနှင့် ကိုယ်ကြိတ်ပြီး ဆေးဆရာပြောသလိုဘဲ ကြားချင် ကြားပလေစ် မီးယပ်ကဘဲဟု၊ ဆိုတာလို ဖြစ်နေကြကုန်၏။

---

## လောကီသူတော်ကောင်း၊ လောကုတ္တရာ သူတော်ကောင်း ခွဲ၍ ဖြစ်၏

(က) လောကီသူတော်ကောင်းကား၊ နောက်ပြခဲ့သော မနုဿတ္တ ဗုဒ္ဓုပ္ပါဒ ဂါထာပိုဒ်အရ၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိဩတ္တပ္ပ ဤတရားခုနစ်ပါးနှင့် ပြည့်စုံသူတို့ကို ခေါ်၏၊

၁။ ဟီရိ၊ အကုသိုလ်အမှုကို ပြုရမှာ ရှက်လန့်ခြင်း။

၂။ ဩတ္တပ္ပ၊ အကုသိုလ်အမှုကို ပြုရမှာ ကြောက်လန့်ခြင်း၊

၃။ သဒ္ဓါ၊ ရတနာသုံးပါး၌ ကြည်ညိုခြင်း၊ လောကီ သရဏဂုဏ် တည်ခြင်း။

၄။ သီလ၊ အကုသိုလ် မဖြစ်ရအောင် စောင့်ရှောက်ခြင်း။

၅။ စာဂ၊ ကုသိုလ်ဖြစ်ရန် ပေးကမ်းခြင်း၊ ကိုယ်ကျင့်တရားရှိခြင်း။

၆။ သုတ၊ အကြားအမြင် လောကီ၌ များခြင်း။

၇။ ပညာ၊ လောကီ ပရိယတ္တိဉာဏ်၊ လောကီပညာရှိခြင်း။

(ခ) လောကုတ္တရာ သူတော်ကောင်းတရား၊ သဒ္ဓါ, သတိ, ဟိရီ ဩတ္တပ္ပ။ အလောဘ, အဒေါသ, အမောဟ။ ဤတရားခုနစ်ပါးနှင့် ပြည့်စုံသူကို ခေါ်၏။

၁။ ဟိရီ၊ သံသရာမှာ ခန္ဓာဝန် အမျိုးမျိုး ထမ်းရွက်နေရသည်ကို မျှားစွာရှက်၏။

၂။ ဩတ္တပ္ပ၊ သံသရာမှာ ခန္ဓာဝန်ထမ်းရွက် နေရသည့် အတွက် ဒုက္ခအမျိုးမျိုးတွေကို ကြောက်၏။

၃။ သဒ္ဓါ၊ ဗုဒ္ဓအစစ် တရားအစစ် သံဃာအစစ်ကို ယုံကြည် သည့်အတိုင်း ကိုးကွယ် ဆည်းကပ်၍ ဒုက္ခမှ လွတ်သော တရား ကို ကျင့်ကြံခြင်း၊ လေ့လာခြင်း။

၄။ သတိ၊ သံသရာမှ လွတ်မြောက်သောတရား ရုပ် နာမ် ခန္ဓာ ဓာတ်သစ္စာတရားတို့၌ မမေ့မလျော့ မြဲမြံခြင်း။

၅။ အလောဘ၊ သံသရာကို ကုင်လည်တတ်သော တရားကို အလို မရှိခြင်း၊ ခန္ဓာကိုယ်ကို အလိုမရှိခြင်း။

၆။ အဒေါသ၊ ယခုရရှိသော ခန္ဓာဝန်ကိုထမ်းရွက်ရသော်လည်း ဒေါသမဖြစ်သူ့၊ သူနှင့်ပင် ဒုက္ခမှ လွတ်ရန်တွဲဖက်လျက် ကျင့် ကြံပြီး သူ့ကိုပင် မေတ္တာတရား ထားနေခြင်း။

၇။ အမောဟ၊ သံသရာမှ လွတ်မြောက်သော သစ္စာလေးပါး တရား၌ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် အားဖြင့် ဝိုင်း ခြားမဝေဝါး၍ သိခြင်း။

ဤလောကုတ္တရာ တရားခုနစ်ပါးရှိသူသည်၊ လောကုတ္တရာ သရဏဂုဏ်တည်၏။ ထိုသူကို အရိယာဟု ပုဂ္ဂလဒိဋ္ဌာန် အားဖြင့်ခေါ်၏၊ ဤ တရားခုနစ်ပါးကို ဝိဇ္ဇာမျိုးစေ့ခေါ်၏။ လောကီသူတော်ကောင်းတရား ခုနစ်ပါးကို စရဏမျိုးစေ့ဟု ခေါ်၏။

## စရဏ နှင့် ဝိဇ္ဇာ ဥပမာကား

စရဏသည်၊ အတောင်၊ ခြေ၊ လက်၊ စုံ၍ စားသောက်ရန် နှုတ်သီးမပါသော ကျေးငှက်နှင့်တူ၏။ တဥယျာဉ်မှ တဥယျာဉ်သို့ ပြောင်းရွှေ့ ပျံသန်းနိုင်၏၊ ဥယျာဉ်မှာ နားနိုင်၏။ ပန္နရ သရက်သီးများကို နှုတ်သီး မပါ၍ မစားမသောက်နိုင်သကဲ့သို့၊ ဘုရားတဆူသော သာသနာဥယျာဉ်မှ၊ ဘုရားတဆူသော သာသနာ ဥယျာဉ်သို့ ဆုတောင်းရွှေ့ပြောင်း၍၊ လောကီ ကုသိုလ်ကောင်းမှုတရား ပွားများ ကျင့်ကြံနိုင်ပါ၏။ မဂ်လေးပါး ဖိုလ်လေးပါးတရားကို မယူနိုင်၊ မကျင့်နိုင်၊ မကြံနိုင်၊ မကြားနိုင်၊ မဂ်တရားကို ရန်ဘက် ပြုလုပ်ဟတ်၏။

ဝိဇ္ဇာသည်၊ စားသောက်ရန် နှုတ်သီးပါ၏။ အတောင်၊ ခြေ၊ လက် ချို့ငဲ့၍ ကောင်းသော ဥယျာဉ်သို့ အလိုရှိရာ မပျံ မသွားနိုင်သကဲ့သို့ ဘုရားပွင့်ရာ- ဘုရား သာသနာ တွင်းသို့ မရောက်၊ တောသူ့ဖြစ်ရခြင်း တိရစ္ဆာန်ဖြစ်၍ နေရခြင်း အချိုးချိုးဖြင့် ဗုဒ္ဓဘာသာ သာသနာအစစ်နှင့် လွဲဖယ်နေမှုတွေကို ဥာဏ်နှင့်မြော်လေ။

ယခု-ဗုဒ္ဓဘာသာဝင် ရှင်၊ လူ၊ ရဟန်းတို့၌ စရဏမျိုးမစေ့ မလိုတော့ပြီ ရဟန်းရှင်လူတွေ အလွန်ဘဲ အားကြီးလွန်းနေသည်၊ စရဏတွေအားကြီး၍ နေမှုကြောင့် နောင်ဘုရား သာသနာ မြော်လင့်ပြီး ရဟန်း ရှင်လူတွေ ဆုတောင်းကလေးနှင့် ပါရမီကလေး မြော်လင့်၍ နေသူတွေ များစွာကြီး ရှိနေလေသည်ကို ဥာဏ်နှင့်ကြည့်လေ၊ အချို့ ဝိဇ္ဇာမျိုးရှိသော ရဟန်းရှင် လူ တို့၌လည်း သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ၊ ဆိုသော ယခုဘဝ မဂ်ရ-ဖိုလ်ရတရား ဟောပြနိုင်သော သူတော်ကောင်း ပုဂ္ဂိုလ်နှင့် မတွေ့၍ ဤဝိဇ္ဇာမျိုးစေ့ သံသရာမှာ ချာချာလည်၍ သွားရောဟု မှတ်။

ဥပမာ။ လေးနှစ်လောက်နှင့် သီးနိုင်သော ဝက်မလွှတ် အုံးမျိုး မှန်ပါလျက် လောင်းကြီးသော ကုက္ကိုပြင် အောက်မှာ ပေါက်ရောက်သည့်အတွက် အနှစ် ၄၀–၅၀–ရှိတောင် မသီးနိုင်၊ တလလျှင် အရွက်တရွက် ထွက်ဘိုရာတောင် သုံးလကြာလို့ တရွက်မထွက်နိုင်၊ နှစ်များ၌ အသီး့သီးဘိုရာ အဖူးကလေးများ ထွက်ပါသော်လည်း နေမင်းနှင့် မတွေ့ရ၊ လောင်းရိပ် အောက်ကျ၍ ပိန်ကပ်ခြောက်ချက် ပြုတ်ပျက်ပြုတ်သတ် ကြွေကျ၍သာ သွားရလေ၏၊ ထို့အတူ ဘုံသုံးပါးကို လည်စေတတ်သော သင်္ခါရတရား သုံးပါးကို များများကြီး ဟော ပြော သော ဆရာသမားကို ကိုးကွယ်မိ၍ ဆည်းကပ်မိ၍ သင်္ခါရကုက္ကိုပြင် ရိပ်ကြီး လောင်းကြီးမိနေ၍ ဝိဇ္ဇာမျိုးစေ့ရှိသော်လည်း မြတ်စွာဘုရား၏ တရားတော်နေမင်းကို မတွေ့ရ၊ မကြားရဖြစ်၍ နေမှုပေတည်း၊ တရံတခါ ကုက္ကိုပြင်ရွက်တွေ အကုန်ကြွေသဖြင့် နေမင်းနှင့် တွေ့လိုက်ရာ ဝက်မလွှတ် အုံးပင်ကလေးသည် အဖူးဖူးရန် ကြံစည်ဆဲ၌ ကုက္ကိုပြင်က အရွက်တွေ စိမ်းကားကားဖြစ်လာ၍ ပြန်ပြီး လောင်းရိပ် အုပ်သွားပြန်သဖြင့် အထက်ကကဲ့သို့ သီးဘိုရာ နေရာသို့ မရောက်ခင် ပျက်စီး သွားရသကဲ့သို့၊ ထို့အတူ တရံတခါ သူတော်ကောင်း တရား သံသရာထွက်ကြောင်းများကြားနာရသော်လည်း၊ မိမိ၏ ဆရာသမားဂုဏ် ဘုန်းတန်ခိုးတည်းဟူသော လောကီ လောင်းရိပ်ကြီးကို ပြန်လှန်၍ မတိုက်နိုင် မပြောနိုင်သည့်အတွက် ကြားနာလိုက်ရသော ဝိဇ္ဇာမျိုး အဖူးအညွှန့်ကလေး ပြုတ်သတ်ပြုတ်ပျက် ကြွေကျသွားရပြန်လေ၏၊ ကုက္ကိုပြင် လောင်းရိပ်ကြီးအောက် ပေါက်ရောက်သော ဝက်မလွှတ် အုံးကလေးများ ကြီးပွားစီကား၍ နေမင်းနှင့် တွေ့ရန် ကုက္ကိုပြင်ကို အမြစ်ပါတူးပေါ်သတ်ပစ်နိုင်မှုရင်း၊ သတ်နိုင်သူပေါ်ပါမှုရင်း၊ ကြီးပွားကြမည်၊ စဉ်းစားကြ မိုက်တုံးတာတို့ မိုက်လို့မဆုံးဘို့။

## ပုထုဇဉ် အန္ဓ အမိုက်အကန်းကိုပြခဏ်း

အန္ဓပုထုဇဉ် အကန်းသည် တဖက်ကန်း တဖက်မြင်တမျိုး၊ နှစ်ဖက်ကန်းဘာမှမမြင် တမျိုးအားဖြင့် နှစ်မျိုးရှိ၏၊ တဖက်ကန်း နိဗ္ဗာန်သွားကြောင်း တရားကောင်း လမ်းကို မမြင်မှုပေတည်း၊

တဖက်မြင်ကား- သုံးဆယ့် တဘုံ ကျင်လည် ကုန်သော၊ လူနတ် ဗြဟ္မာတို့ဖြစ်ရန်လမ်းကို သိ၏ မြင်၏ ဟုမှတ်၊ နှစ်ဖက်ကန်း၌ကား၊ ဘုံ သုံးပါး လူကောင်း၊ နတ်ကောင်း၊ ဗြဟ္မာကောင်း တို့ဖြစ်ဘိုရာ လမ်းကို လည်းမမြင်၊ မဂ်ဖိုလ်နိဗ္ဗာန်ရရန် လမ်းကြောင်းကိုလည်း မမြင်၍၊ လောကီ လောကုတ်နှစ်ရ မသိမှုကြောင့် နှစ်ဖက်ကန်းမှု ပေတည်း။

မြတ်စွာဘုရား ပွင့်ပေါ်တော်မူလာမှ မျက်စိကန်း အန္ဓတို့ကို မဟာ ဩသဓ ဆေးတော်ကြီးနှင့် ကုသ၍ နေ၊ လ၊ နက္ခတ်တာရာတို့ကို သိမြင် ရသကဲ့သို့။ မြေဘုတ်ဘီလူး၊ ကွတ်မြို့ ဖန်ဆင်းလုပ်ထားသော သုံးဆယ့် တဘုံလမ်းမှား သင်္ခါရသုံးပါးကို အမှား အမှန်သိရခြင်း၊ ရုပ်ဓာတ် နာမ်ဓာတ်ပရမတ်ကို၊ ပညတ်လိမ်ရှုပ် သင်္ခါရအုပ်သည်ကို အဟုတ်အဟပ် တတ်တတ်အပ်အပ် သိရခြင်း၊ ဤကဲ့သို့ အမှားမှန်း အမှန်မှန်း သေသေချာချာ သိရမှုသည်၊ မဟာဩသဓ ဆေးတော်ကြီးနှင့် ကုသ၍ မျက်စိ မြင်မှုကြောင့် သိခြင်းပေတည်း။

ယခုလောက၌ ရှိကြသော အန္ဓပုထုဇဉ် အမိုက် အကန်း ရဟန်း ရှင်လူတို့သည်၊ မျက်စိကို မြင်က မြတ်စွာဘုရား ပွင့်ပေါ်တော်မူမှ ပေါ် ပေါက်လာသော၊ မဟာဩသဓဆေးနှင့်သာ၊ ကုသတို့ရှိကြတော့သည်၊ အပျင်းနိုင်၍ အဖျင်းဖြစ်၍ ပါရမီချို့၊ ဒွိတိတ်ချို့၊ ဆုတောင်းချို့၊ တောင် ပြောမြောက်ပြော ရမ်းပြောမှန်းပြော၊ ရမ်းဘုတ်မှန်းတုတ်၊ ဗုံမဟုတ် ပတ်မဟုတ် အနုတ်စုတ်ဂုတ်စုတ်၊ ရဟန်းရောင်ဝါး လူရောင်ဝါး စကား ကို နားထောင်၍ ဆေးမကုလျှင် အဘယ်ဟော့မှ မျက်စိမြင်မည် မဟုတ် ဟုမှတ်၊ အကန်း ဆရာကြီးက နိဗ္ဗာန်ရွှေမြို့တော်ကြီးကို ပို့မည်၊ ငါ့ကို သာ တွယ်ထားကြပြောသဖြင့် အကန်းတပည့်တွေက ခတောင်းမီးကို ခါးကို ဆက်ခါ ဆက်ခါ တွယ်ကိုင်ကြ၍ သွားလေရာ မြို့ပြင်ဝိုင်းကြီးကို မရောက် အကန်းတန်းကြီးချောက်ထဲကျ၍ သေကြေပျက်စီးကြသကဲ့သို့ ယခုကာလ ဆရာတပည့် လုပ်သူက မိမိသံသရာ ထွက်လမ်းကို မသိ ဉာဏ်မျက်စိကန်း နေသည်ကို မြင်ချင်ယောင်ဆောင်၍ တပည့် တကာ ကိုအပေါ်မှာ ဝါနှင့် ဂါနှင့် စားသောက်ပြီး၊ ငါ့ကိုသာ တွယ်ကြပါပေါ့ ပြသ္ဘိုတော့၊ တိဘိတ်ဖြစ်တော့၊ တဖြည်းဖြည်း ရောက်လာလိမ့်မည်း

ငါလိုဘဲ ငါနှင့် အတူ ဆုတောင်းဟု ပြောတော စားသောက်နေကြသူ များ၍ စဉ်းစားကြည့်လျှင် အကန်းကန်းကြီး သမားတွေ သုံးဆယ့် တဘုံချောက်ထဲသို့ ကျတာများသလို ရှိနေကြ၏၊ ပညာရှိတို့ စဉ်းစား ကြကုန်၊ ပညာမရှိတဲ့လူ မစဉ်းစားတတ်။

မြတ်စွာဘုရားဆေးတော်လည်း ဘယ်အကန်းမဆို၊ မျက်စိမြင်မှုပေ တည်းဟု မှတ်ပါလေ။ ဆေးတော်ကား၊ ရုပ် နာမ် ပဋိစ္စသမုပ္ပါဒ်၊ ပရ မတ်ခေတ် သစ္စာတို့ပေတည်း၊ ဤရုပ် နာမ် ခန္ဓာ ခေတ်သစ္စာ ပရမတ် ဆေးတော်နှင့် ကုသတာကို မဆိုထားနှင့်ဦး၊ ပရမတ္ထစကျမ်း ဆေးကျမ်း ကို ဖတ်၍ ကြည့်တာနှင့်ဘဲ ဆေးကျမ်းထဲကပါတဲ့၊ ဆေးနည်းတွေကို များစွာတွေ့လို့ အလွန်တရာ သဘောကျပြီး၊ မျက်စိ မြင်သွားမတတ် ယင်ရပါလိမ့်မည်ဟု မှတ်။

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြသော၊ ဘုရားကိုယ်တော်မြတ်တွေ သည်၊ အန္ဓပုထုဇဉ် အကန်းတွေကို ခန္ဓာငါးပါးဆေးဖြင့် ရေလဲ အ မျိုးမျိုးထား၍ မျက်စိမြင်အောင် ကုသပြီး၊ နိဗ္ဗာန်လမ်းသို့ ပို့ဆောင် ကယ်တင်မှုပေတည်း၊ မျက်စိမြင်က လမ်းပြတုတ်ဆွဲ မလိုတော့ပြီ၊ ဘယ်ခါမဆို သွားနိုင်၏။

## ဆေးကု၍ မျက်စိမြင်သော ဇ. လျာဏ ပုထုဇဉ် ပြခဏ်း

ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ် တပါးပါးသည်၊ ရုပ်နာမ် ခန္ဓာ ခေတ်သစ္စာ အာယတန ပဋိစ္စ သမုပ္ပါဒ်တရားတို့ကို သင်အံကျက် မှတ် ပွားများလေ့လာမိလျှင် ဒေသနာဉာဏ်၊ ကမ္မသကတာ သမ္မာဒိဋ္ဌိ ဉာဏ်နှင့်ဘဲ သိဉီးတော့ ထိုသူသည် ကလျာဏ ပုထုဇဉ်ကလေး စူလ သောတာပန် ကလေးဖြစ်၏။ အစေ့ဝင်နံ၏ ဟု မှတ်၊ ဤ ရုပ်ခါတ် နာမ်ခါတ် ပရမတ်တို့ကို ဝိပဿနာဉာဏ်ဖြင့် ပရမတ်ကို ထိထိ ရောက် ရောက် ပေါက် ပေါက် လင်း လင်း မြင် လျှင် ဝိပဿနာ ဉာဏ်ဖြင့် သမ္မာ ဒိဋ္ဌိဉာဏ်၊ အနုဗောဓ ဉာဏ်ဖြစ်၍ ကလျာဏ ပုထုဇဉ်ကြီး၊ စူလ သောတာပန်ကြီး အစစ် ဖြစ်ပြီ ဟု မှတ်။ ဤ ရုပ်နာမ် ပရမတ်

ခေတ်အစိုင် အခဲ့တို့လို ပညတ်ပျောက်ပြီး ပရမတ် သဘောတွေကို ဉာဏ်မှာ တွေ့မြင်သည့် အတိုင်း ယှုလိုက်က နိသတ္တ နိဇီဝ သဘာဝ ဆိုသော စကားအရ၊ သတ္တဝါ ပုဂ္ဂိုလ် လည်း ဉာဏ်ထဲ မှာ မရှိ၊ အသက် လိပ်ပြာ ဇီဝ ဆိုတာလည်း ဉာဏ်ထဲမှာမရှိ၊ ဘာတွေရှိသလဲ ဆိုရင်၊ ပုဂ္ဂိုလ် သတ္တဝါ အသက် လိပ်ပြာ ငါ ငါ ဆိုတာနှင့် မရောမယှက်တဲ သက်သက်သဘော သဘာဝတွေသာ ရှိမှုကို ပိုင်ပိုင် နိုင်နိုင်သိသည့်အတိုင်း ရှိမှု သိမှုပေတည်း။ ၎င်းကို စတုသစ္စ သမ္မာ ဒိဋ္ဌိဉာဏ် ပဋိဝေဓဉာဏ်ဟု အမှန်အတိုင်း သိမှုကိုခေါ်ခြင်း၊ မဂ်ဉာဏ် ခေါ်ခြင်းကား၊ ဤအမှန်အတိုင်း ပရမတ်သဘောကိုသိ၍ အမှားတည်း ဟူသော ပုဂ္ဂိုလ် သတ္တဝါ အသက် လိပ်ပြာ ငါ ငါ ထင်မှုကို ပယ်လိုက် ခြင်း၊ အာရုံ အရမ္မဏိက ကလေးသဘောကိုပင် မဂ်စိတ် မဂ်ဉာဏ် ဟုခေါ်သည်ဟုမှတ်။ အယူမှား၊ အမှတ်မှား၊ အမြင်မှား၊ အထင်မှား ဒိဋ္ဌိကိလေသာပယ်မှုကို သောတာပတ္တိ မဂ်စိတ်ကျသည်။ ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်သည်ဟု ခေါ်ခြင်းဟု နာနာမှတ်။

တရားသဘော ကျင့်ထုံးသဘော ပဋိပတ္တိဉာဏ်သဘောကို မသိ ဘဲနှင့် စာဉာဏ်၊ သဂြိုဟ်ဉာဏ်ကလေးကြည့်ပြီး ဝိထိချိုးချ စာအုပ်ထဲ မှာ ဝလုံးတွေချည့်ရေးထားလို့ချေး၊ ဆန်ကုန် ပိတ်ပြန်းတွင်မက၊ မှင် ကုန် စက္ကူဖြုန်း ဝလုံး ဝိထိ စာသမား မောင်ကဗ်တို့ကြောင့် မဂ်ဝိထိ မကြာ မကြာချ၊ အချိန်လဲကုန်လှပေါ့၊ မောဃကာလရတန်း ဗုဒ္ဓရား ဟောစာတမ်း၊ နောက်ခဏ်းမှာ ပြန်၍ကြည့်လေ သိလိမ့်မည်။

ဖိုလ်စိတ် ဖိုလ်ဉာဏ်ဆိုသည်ကား ဖလသဒ္ဒါအကျိုးကိုလည်း ဟော ၏၊ အာရုံကုန်ခန်းမှုကိုလည်းခေါ်၏၊ အစိပ္ပါယ် ဒိဋ္ဌိကိလေသာတို့ကို ပယ်လိုက်၍ မိမိစိတ်မှာ အယူမှား၊ အမှတ်မှား၊ အမြင်အထင်မှား အာရုံ မရှိ၊ ကုန်ခန်းမှုကို ဖလံ အာရုံ ကုန်ခန်းခြင်းဟုခေါ်၏။ ဤအယူမှား ဒိဋ္ဌိပယ်၍မရှိဘဲ နေမှုကြောင့် အပါယ်လေးပါး အောက်သံသရာ ပြတ် သွားရခြင်းအကျိုးကို ရရှိသဖြင့် ဖိုလ်အကျိုးဟု၎င်း၊ သောတာပတ္တိဖိုလ် စိတ်ဟု၎င်း။ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်သည် လောကီ ကုသိုလ် မရှိ သော်လည်း သုဂတိ ၇-ဘဝ်၌ အကျိုးကို အမြဲရမှု ၎င်း၊ ဒေသနာ ပရိယာယ်အားဖြင့် အမျိုးမျိုး ခေါ်ခြင်းပေတည်း။

မျက်စိကိုမြင်အောင် ပရမတ္ထ ရုပ်နာမ်ခန္ဓာ မောဟ်ဆေးတော်ကြီး နှင့်မကုသဘဲ ခရီးသွားက ကျင့်က ကြံက အကန်းလမ်းသွား ချောက် သွားဟုမှတ်။ ယခုကာလ အကန်းလမ်းသွားများ၏မျှားပုံကား ရွှေရိုက် ကမ္မဋ္ဌာန်း၊ လုံးလိုမ့်ကမ္မဋ္ဌာန်း၊ တိတ်တိတ်ပုန်းကမ္မဋ္ဌာန်း၊ ဂူအောင်း ကမ္မဋ္ဌာန်း၊ ကြိမ်ပုတ်းကမ္မဋ္ဌာန်း၊ ဇောချကမ္မဋ္ဌာန်း၊ မယားဝင်လျှင် လင် ကသေအောင်ရိုက်မေးတောင် မပြောတမ်းကမ္မဋ္ဌာန်း၊ ကြာခိုကမ္မဋ္ဌာန်း နိမိတ်ပြကမ္မဋ္ဌာန်း။ အရိပ်ပြကမ္မဋ္ဌာန်း ယိုးဒယားတန်နှင့်လှမ်းမှ အချိုး ကျတဲ့ကမ္မဋ္ဌာန်း၊ ဤကမ္မဋ္ဌာန်းသွားသည် ဆရာကလည်း လမ်းမမြင်၊ တပည့်တွေကလည်း လမ်းမမြင်၊ နှုတ်ခမ်းပဲ့ခြင်းမီးမှုတ် နာမ်ရုပ်ကို လက်ကိုင်ပြော၊ သဘောက ဘာမျှမသိ ယုတ္တိယုတ္တ ဘာတာတာ ညာ တာတာ အကန်းတွေအပေါ်မှာ အတော်ကလေးသာတာနှင့် ဝါစာ ကမ္မာလုပ်ကြီး စားသောက်နေမှုသာ များကြသည်၊ တွေးကြည့်။

မြတ်စွာဘုရား လက်ထက်တော်က ဘယ်ဘုန်းကြီးက ဘယ်ရဟန်း ဒေါ် တကာဖေ့ တကာမတွေကို ကမ္မဋ္ဌာန်းကျောင်းနှင့် နေ့ရောညရော ကမ္မဋ္ဌာန်းချနေသည်၊ ကမ္မဋ္ဌာန်းပြနေသည်။ ကမ္မဋ္ဌာန်း အထိုင်ခိုင်းနေ သည်ဟု မရှိ၊ မတွေ့၊ မကြားဘူးဘူးဟုမှတ်။ ဘယ် ဥပသကာ၊ လူဆရာက ဘယ်တကာမတွေကို၊ နေ့ရော–ညရော ကမ္မဋ္ဌာန်းကျောင်းထဲ ကမ္မဋ္ဌာန်း ချနေတယ်၊ ပြနေတယ်လို့ ဘုရားလက်ထက်တုံးက မကြားဘူးဘူး၊ စာ ထဲ၌လဲ၊ မတွေ့ဘူးဘူး၊ စဉ်းစား။

ယခုကာလ၌၊ ကြားဘူး၊ မြင်ဘူးတာ ပြောရလျှင်၊ ကမ္မဋ္ဌာန်းထိုင် လို့ ဘယ်မင်္ဂ ဘယ်ဖိုလ် ရသွားသော မိန်းမ၊ ယောကျ်ား၊ ရဟန်း၊ ရှင်လူ၊ ဟူ၍ မကြား မမြင်ဘူး၊ ရူးနှမ်းသွားသော လူယောကျ်ား၊ မယ်သီလ၊ ဘုန်းကြီးတွေကို ကြားဘူး–မြင်ဘူး၏၊ ကမ္မဋ္ဌာန်းပြ ဆရာနှင့် တကာမ တွေရှုပ်ပွေပြီး ဘာဘာညာညာ၊ ဖြစ်ထာတွေ ကြားဘူး၏၊ မြင်ဘူး၏။

## နိဗ္ဗာန်ရောက်သော တရား–အကျဉ်းချုပ်ပြခန်း

ဂါဂါဝါဠု သဲစုမက၊ ပွင့်ကုန်သော ပုဂ္ဂလဓိဋ္ဌာန် လူကဖြစ်သော ဘုရားအနန္တတို့၏ ဟောပြော ဆုံးမတော်မူသော တရားတော်တွေကို အကျဉ်းချုံးလိုက်လျှင် သီလ၊ သမာဓိ၊ ပညာ၊ သုံးပါးသာရှိ၏။ ဤသုံးပါး

ကလွဲ၍မရှိပြီ၊ သီလဥ္စလည်း ဘယ်သီလဥ္စမဆို နိဗ္ဗာန်မရောက်နိုင်၊ သမာဓိဥ္စလည်း ဘယ်သမာဓိမဆို နိဗ္ဗာန်မရောက်နိုင်။ ပညာမှသာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုသိ၍ နိဗ္ဗာန်သို့ရောက်နိုင်၏၊ ဘယ်အတွက် သီလနှင့်သမာဓိ မရောက်နိုင်ပါသနည်းဆိုလျှင် အကျင့်လမ်း စရဏမျိုးသာဖြစ်ကုန်၍ မရောက်နိုင်၊ ပညာကား ဝိဇ္ဇာမျိုးဖြစ်၍-အမှန်ကို ထိုးထွင်း၍သိနိုင်သောကြောင့် ဉာဏ်လမ်း အကြံလမ်း အသိအလိမ္မာလမ်း အတတ်ပညာလမ်း ဖြစ်၍ နိဗ္ဗာန်ကိုရောက်ခြင်းပေတည်း၊ ဤဉာဏ်ပညာ အမှန်လမ်းကို သိသောတရားက ဦးစီး၍နေပါမူ၊ သီလ,သမာဓိတို့သည် အန္တောဂတ ဖြစ်ပြီး သိက္ခာသုံးပါးလုံးပင် ရောက်သည်ဟုဆိုရ၏၊ ဗုရားကိုယ်တော် မြတ်တို့သည် သတ္တဝါအများအား ဘုံသုံးပါး၌ ချမ်းသာရာ ချမ်းသာ ကြောင်းဖြင့် သီလ, သမာဓိ,နှစ်ပါးကို ဟောတော်မူ၏၊ စရဏမျိုးဟု မှတ်၊ နိဗ္ဗာန်ကို ရောက်ရာ-ရောက်ကြောင်း ပညာကို ဟောတော်မူ၏။ ဝိဇ္ဇာမျိုးဟုမှတ်၊ ပညာလမ်းသည် အကျင့်လမ်းမျိုးလို ဒုက္ခခံ၍ ကျင့်ရ သော-လမ်းမျိုးမဟုတ်၊ အမှန်ကိုသိအောင်၊ သင်မှု၊ကြားမှု ဆင်ခြင် တွေးတောမှု၊ နာခံ့မှတ်သားမှု ကြံစည် လေ့လာမှုဖြစ်သည်၊ ။ ဤ ဝိပဿနာ ပညာလမ်းကို သီလ,သမာဓိ လမ်းများလိုမှတ်၍၊ ကမ္မဋ္ဌာန်း ထိုင် ဂူအောင်း အညောင်းခံ၍ သေအောင်ကျင့်လျှင် အမှားကြီး မှား ကုန်၏။

ဘယ်အတွက်ဆိုလျှင် ဗုရားအလောင်းသည်၊ ဒုက္ကရစရိယအကျင့်ဖြင့် ဒုက္ခခံ၍ ခြောက်နှစ်လောက်မျှ ကျင့်မှုကို အတ္တကိလမထာနုယောဂ၊ ကာမ သုခလ္လိကာနုယောဂ-အမှားဟူ၍၊ ဗုရားအဖြစ်တော်သို့ ရောက်သောအ ခါ မှားကြောင်းကို ဝန်ခံပြီး မိဂဒါဝုန်တော၌ ကောဏ္ဍည၊ မဟာနာမ်၊ အဿဇိ-စသော ပဥ္စဝဂ္ဂီ,ပရိဗိုဇ် ရဟန်းငါးဦးသားတို့အား ဓမ္မစကြာ တရားကို ဟောတော်မူသည်။ ဗုရားလောင်းဆိုတာ အမှန်ကိုမသိ၍ ရမ်း ကျင့် မှန်းကျင့်၊ ရမ်းတုတ် မှန်းတုတ်ဟု သေသေချာချာဟုမှတ်၊ ဗုရား လောင်းများသည် သဿတဒိဋ္ဌိ များများကြီး အယူရှိသည့်အတွက် အ ကျင့်ကို အဟုတ်ကြီးမှတ်ပြီး အစွဲအလန်းကြီး၍ အကျင့် သန် ခြင်း ပေတည်း။

ဗုရားလောင်းတို့ မည်သည်၊ ဥစ္ဆေဒဒိဋ္ဌိ အယူရှိသောဘဝ၌ မဖြစ် ကုန်။ လောကီပညာ ထက်သန်လွန်းက အယူသန်၍ ဥစ္ဆေဒဒိဋ္ဌိဖြစ်ထတ်

၏။ လောကုတ္တရာပညာ ထက်သန်မှ အမှန်ကျ၍ ဥဇ္ဈေ,သဿတ,ချိန်ကိုက်ကုန်၏။ ပညာနှင့် သီလ ယမာမိ ချိန်ကိုက်ကုန်၏၊ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ ချိန်ကိုက်ကုန်၏။ ပညာက လောကီဉာဏ်၊ လောကီပညာ ဖြစ်သမျှ ကာလပတ်လုံး ဘယ်အရာ၊တခုကိုမျှ ချိန်ကိုက်အောင် ကျင့်နိုင်မည်၊ ကြံနိုင်မည်၊ အမှန်ကိုသိမည်ဟု မမှတ်လေနှင့်၊

## လောကီလောကုတ္တရာနှစ်ပါးတို့၌ အသိ အလိမ္မာမှ သာလျှင် ဆုံးခ ်းတိုင် အပြီးသို့ ရောက်နိုင်ကြောင်း၊

လောကီ၌ အမှန်ကိုသိသော အလိမ္မာ ပညာတမျိုး၊ လောကုတ္တရာ၌ အမှန်ကို သိသော အလိမ္မာပညာတမျိုးဟူ၍ ပညာနှစ်မျိုးရှိ၏။ ဤနှစ်မျိုးတို့ကို အမှန်အတိုင်းဖြစ်စေနိုင်သော တရားသည် ဣဒ္ဓိပါဒ် လေးပါး ဖြစ်ကုန်၏။ ဣဒ္ဓိပါဒ်ဆိုခြင်းကား၊ အလိုရှိတိုင်းပြီးစီးခြင်းကို ခေါ်သည်၊ တန်ခိုး သတ္တိကိုလည်း ခေါ်သည်။အောင်မြင်ခြင်းကိုလည်း ခေါ်သည်၊ ဤဣဒ္ဓိပါဒ် လေးပါး ပြည့်စုံက ဘယ်အရာမျိုးမဆို၊ အောင်မြင်လေတော့၏။

ဆန္ဒ၊ အလိုဆန္ဒ ရှိမှု၊ စိတ္တ၊ အလိုဆန္ဒ ရှိတာကို ကြံစီ စိတ်ကူးမှု၊ ဝီရိယ၊ ကြံစီ၍ ရတိုင်း လုပ်ကိုင် ထကြွ ဝီရိယစိုက်မှု၊ ဝီမံသ၊ အမှန် အတိုင်း သိမှု, အမှန် အတိုင်း ကြံမှု, ဤလေးခုကို ဣဒ္ဓိပါဒ် လေးပါးဟု ခေါ်၏။ ဥပမာ၊ ဆန္ဒက ကောင်းကင်ကို ပျံသွားတို့ရာ လေယာဉ်ပျံတခု အလိုရှိ၍ တောင့်တ၏။ စိတ္တက ကြွနိုင် မြောက်နိုင် ပျံနိုင် အောင် ကြံစည်၏။ ဝီမံသက၊ ပျံနိုင်သွားနိုင် ကြွနိုင် မြောက်နိုင်သော နည်းလမ်းကို ဉာဏ်ထဲမှာ အမှန်အတိုင်း ပိုင်ပိုင်နိုင်နိုင် ယထာဘူတ၊ မြင်၏, သင်၏, တွေ့၏၊ ဝီရိယက ပိုင်ပိုင်နိုင်နိုင် အချိုးကျကျ ဉာဏ်ထဲမှာ မြင်သည့်အတိုင်း ထကြွလုပ်ကိုင်၏၊ ဤလေးပါး–အချိုးကိုက်က လေယာဉ်ပျံနှင့် ကောင်းကင်ကို အမှန်ပျံနိုင်၏၊ ထို့အတူ လောကီပညာ လောကီဥစ္စာ အလိုရှိမှုတို့၌၊ ဤဣဒ္ဓိပါဒ်လေးပါး အချိုးကျမှသာလျှင် အထမြောက် အောင်မြင်ခြင်းပေတည်း၊

လောကုတ္တရာ၌ကား၊ ဆန္ဒက၊ နာမ်ရုပ်နှစ်ပါး ချုပ်ငြိမ်းသော နိဗ္ဗာန်ကို အလိုရှိ၏၊ စိတ္တက၊ နာမ်ရုပ်နှစ်ပါး ဘယ်ကဖြစ်လာသလဲ၊

ဘယ်နှယ်လုပ်မှ ချုပ်ပျောက်မလဲ ဟု စဉ်းစား ဆင်ခြင် ကြံစီ ရကုန်၏။ ဝီမံသာက နာမ်ရုပ် ချုပ်ပျောက်၍ နောက်ထပ် အသစ်တဖန် မဖြစ်သော နည်းလမ်းကို အမှန်အတိုင်း ကျကျနန သိ၏၊ ဥာယ်မြင်၏၊ ဝိရိယကား အမှန်အတိုင်းကို ကျကျနန သိသည်အတိုင်း ပယ်စရာရှိလျှင် ပယ်မှု ပွား စရာရှိလျှင် ပွားမှု ပြုကျင့်စရာရှိလျှင် ပြုကျင့်မှုပေတည်း။

လောကုတ္တရာ အရာ၌လည်း၊ ဤဣဒ္ဓိပါဒ် လေးပါးသာလျှင် ဦးစီး ကုန်၏၊ ထို့ကြောင့် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွါး တို့၌ ဆန္ဒ၊ စိတ္တ၊ ဝီမံသ၊ ဝိရိယ၊ ဤလေးပါးမပြည့်စုံ၊ တပါးပါးပျက်က ဘယ်အရာ၌မှ ဆုံးခန်းတိုင် အပြီးသို့ မရောက်နိုင် ဟု မှတ်ပါလေ၊ ရမ်းပြော၊ ရမ်းလုပ်၊ ရမ်းကျင့်၊ ရမ်းနေ၊ ရမ်းဆို၊ အရမ်းတွေများလွန်းလို့ မခံနိုင်ငံ ကြီး မငြိမ်သက်ဘဲ၊ လှုပ်ရှားပြီး ရမ်းနေပါပကော၊ တွေး ကြည့်ကြ၊ ကိုဘရမ်းဘတာ ကိုဘရမ်းဗလချော အပိုမှန်းတဲ့ အဆန်း နဝါတို့။

## နိဗ္ဗာန်သွားလမ်း၌၊ အချိုးကိုက်ပုံ၊ မကိုက်ပုံ ပြခန်း

ဤ မဟာလောကဓါတ်ကြီး၌ ရှိရှိသမျှသော သတ္တဝါအပေါင်းတို့ သည်၊ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ၊ နှစ်ပါးတို့၏ ချမ်းသာရာကို အလိုရှိကြသော စိတ်ဆန္ဒရှိကြကုန်၏၊ ဤသတ္တဝါတို့သည် ဆန္ဒိဒ္ဓိပါဒ် တပါးသာ ပြည့်စုံကုန်၏၊ အလိုရှိတိုင်း ပြီးမြောက် ခြင်းသို့ ရောက်တတ် သော ဣဒ္ဓိပါဒ်သုံးပါး ကျန်သေး၏၊ ဘယ်အခါမှ ကိုယ်စိတ်နှစ်ပါး ချမ်းသာရာသို့ မရောက်နိုင်ဟုမှတ်၊ ဘယ်အတွက်ဆိုလျှင် စိတ္တကလည်း ရောက်တတ် ငြိမ်းကတ် ချမ်းသာတတ်သော နည်းလမ်းကိုလည်း မကြံ မစည်၊ ဝီမံသကလည်း အမှန်အတိုင်းမသိ ဝိရိယကလည်း အမှန်ကို မကျင့်၊ မကြံ မိ မလုပ် မကိုင်မိ ဆန္ဒတပါး၊ တောင့်တခြင်းသာရှိ၍၊ သုံးပါး လိုသေးသောကြောင့် ပေတည်း။

ဆန္ဒ တပါးသာ ထက်သန်နေသူ အပေါင်းတို့သည်၊ အာအလုပ် ကလေးလုပ်လုပ် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသော နိဗ္ဗာန်ကို ရောက်ရ ပါလို၏ ဟူ၊ သူကလေး တောင်းတာ ကောင်းသာနှင့် နေကြ၏ သူဆို

ခြင်းကား၊ ဤဣဒ္ဓိပါဒ်လေးပါးထဲက ဆန္ဒတပါးကို ဆုဟု ခေါ်သည်။ ဤသူတို့သည် အကြံသဲခန့်၊ ဥာဏ်လဲမရှိ၊ ဝိရိယလဲ မရှိဟု ဗမာလိုခေါ်သည်။ ပါဠိလိုက စိတ္တ, ဝီမံသ, ဝိရိယ သုံးပါးမရှိသူဟု ခေါ်သည်၊ လူဖျင်း,လူခိုက်,လူပေါ့၊ တော်၏ရော်၏ အကောင်တွေ ရဟန်းရှင်လူတွေဟု ခေါ်သည်။

—— ○ ——

အချို့ပုဂ္ဂိုလ်တို့ကား နိဗ္ဗာန် ချမ်းသာကို အလိုရှိ၍ ဆန္ဒတပါး နှင့် မနေဘဲ ဝိရိယတပါးအားဖြင့်ကျင့်၏၊ အဆင်းရဲခံ၍လူးလိမ့်၏၊ ရှိခိုက်၏၊ မွဲအောင်ပေး၏၊ သား,သမီး,မယား,ပစ္စည်းပါ ကုန်အောင်ပေး၏၊ လှူ၏ ထိုသူသည်၊ စိတ္တအကြံနှင့် ဝီမံသအမှန် ဤနှစ်ခု လိုနေသောကြောင့် ကျင့်သော်လည်းမမှန်၍ နိဗ္ဗာန်မရောက်မှု အကြောင်း။ဣဒ္ဓိပါဒ် လေးပါး၌ နှစ်ပါးလိုသေးမှု တကြောင်း၊ သို့အတွက် အလိုရှိသော နိဗ္ဗာန်သို့ မရောက်သည်ဟု မှတ်ပါလေ။

အချို့ပုဂ္ဂိုလ်ကား၊ ဒုက္ခခပ်သိမ်း ကင်းလွတ်ငြိမ်းသော နိဗ္ဗာန်ကို အလိုရှိသော ဆန္ဒတပါး၊ နိဗ္ဗာန်ကို ဘယ်လမ်း ဘယ်နည်းနှင့်မှ ရောက်ပါမည်နည်းဟု ကြံစည်သော စိတ္တတပါး၊ ကြံစည်ခိုတိုင်း သဘောထားတိုင်း ကျင့်ခြင်း လုပ်ခြင်း ပြုခြင်း-တည်းဟူသော ဝိရိယ တပါး၊ ဤသုံးပါး ပြည့်စုံသော်လည်း၊ ဒုက္ခခပ်သိမ်း အကုန်ငြိမ်း၍ ဇာတ်သိမ်းသော နည်းမှန် လမ်းမှန် မဟုတ်၍ ဝီမံသ တပါး လိုသဖြင့် နိဗ္ဗာန်သို့ မရောက်ခြင်းဟုမှတ်။

အလိုရှိတိုင်း ပြီးစေနိုင်သော ဣဒ္ဓိပါဒ် လေးပါးသည်၊ အချီး ကျကျနနရှိမှ ဆုံးခန်းတိုင်အောင် မြင်သည်၊ ဣဒ္ဓိပါဒ် လေးပါးကို အစ အတိုင်းလုပ်ရမည်၊ နောက်မှ ပြုရမည့် အမှုကို အရင်ပြုက မှား၏၊ အရင်ပြုရမည့် အမှုကို နောက်မှ အလယ်မှ ပြုသော်မှား၏ ဟု မှတ်။

အစဉ်အတိုင်း ပြုရပုံကား၊ ပဌမ အလိုရှိသော ဆန္ဒ၊ ဒုတိယ အလိုသည့် အရာကို ဖြစ်နိုင်သော နည်းလမ်း ကြံစည်မှု စိတ္တ၊ တတိယအမှန် ပိုင်ပိုင်နိုင်နိုင်သိသော ယထာဘူတဉာဏ် တည်းဟူသော ဝီမံသ၊ စတုတ္ထ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ယထာဘူတ သိသည့်အတိုင်း ပြုကျင့်လုပ်ကိုင် မှုများမှု ဝိရိယ၊ ဤကဲ့သို့ ပြုကျင့်ရခြင်း လေးဖြာတွင် စိတ္တသည် အကြား

အမြင်များသော သုတမယဉာဏ်နှင့် ကြံစည်တွေးတော ဆင်ခြင်သော စိန္တာမယ ဉာဏ်ပေတည်း။ ဝိမံသသည်၊ စိန္တာမယ, သုတမယဉာဏ် နှစ်ပါးတို့ကြောင့်ဖြစ်ပေါ်လာသော ယထာဘူတဉာဏ်ပေတည်း။ဝိမတိ ဝိနောဒနီ၌ကား- ဆရာတော်ကြီးသည်၊ သင်္ဂါယနာ တင်စဉ်အခါက မဟာကေဂ်ကြီးတို့အား မေးလျှောက်ရာတွင် သာသနာ ငါးထောင်အတွင်း၌ ရဟန္တာ မဆိတ်ကြောင်းကို ပြတော်မူလိုသည်ဖြစ်၍၊ (အနာဂမေဟ လင့်ရက္ခိသန္တိ၊ အနာဂတေ လင့်ရက္ခိသန္တိ)ဟု သုံးကြိမ်တိုင်တိုင် ပြတော်မူသည်၊

အာဝုသော၊ သာသနာရေးဖြင့် မေးလျှောက်ကြသည့်၊ ငါ့ညီ အပေါင်းတို့၊ အနာဂတေ၊ နိဗ္ဗာန်ရှုမြို့ စံဝင်ကြ၍ ငါတို့ ကွယ်ပျောက် သာသနာဘောက်သည့် နောက်ကာလ၌။ လင့်၊ ကုသလာ-ကုသလ၊ သင်္ခါရကို ကြီးစွာတေးထင် သမ္မာယှဉ်သည့် လင့်ကျင်ခေါ် မြတ်သူတော်သည်။ ငါ၊ သုံးဆယ့်တဘုံ လုံးစုံမပြတ် ဒုက္ခမှတ်သည့် မြတ်သူတော်သည်၊ သာသန် သီလ သမာ ပညာရောကြိုဖ် သိက္ခာသုံးဆင့် စည်ကားပွင့်သည့်၊ ရှည်မြင့်လေရာ သာသနာကို၊ ရက္ခိသန္တိ၊ ဗု-ဓံ-သံဃ မင်္ဂလမ်းပြပြီး၊ မုချကေန် ဘုံသုံးတန်မှာ အမှန်မသွေ အရဟံတတွေ၊ စောင့်ရှောက်ကုန်လတံ့။

ဗုဂ္ဂါရာမ, ပြည်ကြီးကို အစိုးရတော်မူသော ကျစွာမင်းကြီးနတ်ရွာစံခါနီး၌ လင့်,အလင့် မကွဲမပြားကြနိုင်၍ သံပျင်အမတ်ကြီးက၊ လျှော်သည်မှာ၊ အရှင်မင်းကြီး နတ်ရွာစံလျှင် သာသနာကို မည်သူ- စောင့်ရှောက်ပါအံ့နည်းဟု မေးရာ(ပညာသီလသမ္ပန္နော၊နတ္ထိ နမေ၊ နဝိဇ္ဇတိ) ဆို၍ နတ်ရွာစံလျှင် ယခုတိုင် သုဓမ္မာများ၌၊လင့်,အလင့်မကွဲ၍ သိကြားစောင့်လိမ့်မည် ဆိုထင်ပါရဲ့ ဟု အသီးသီး ပြောကြလေသည်၊

ပညာသီလ သမ္ပန္နော၊ သီလသမာ ပညာစောကြိုတ် သိက္ခာသုံးဖြာ မကွာအုပ်ချုပ် လွန်ပြည့်စုံသော သူတော်ကောင်းဟိုသည်။ အတ္ထိ၊ ငါးထောင်သာသနာ ရှည်မြင့်ကြာအောင် ကောင်းစွာရှိကြ လေကုန်၏၊ နမေ၊ သဗ္ဗါဆွတ်ဆွတ် ညွှတ်သော စိတ်ရှိခြင်းပုဂ္ဂိုလ်၌၊ ဝိဇ္ဇာ၊ အဝိဇ္ဇာပျောက် သမ္မာရှောက်သီ၊ မဂ်ဉာဏ်သိ၍ အသိ အလိမ္မာဖြစ်ခြင်းသည်၊ နဝိဇ္ဇာတိတိ၊ မဖြစ်နိုင်ဘူးဟူ၍။ နတ္ထိ၊ ဘယ်တော့မှ မရှိကြလေပြီ၊

## သုဘဒ်ရဟန်းအား၊ ရဟန္တာနှင့်မဆိတ်ကြောင်း၊ ပြတော်မူသော ဂါထာ

ဣမေဘိက္ခူ၊ သမ္မာ ဝိဟရေယျုံ၊ အသုညော
လောကော အရဟန္တေဟိ အသာတိ။

သုဘဒ္ဒ အိုး....သုဘဒ်ပရိဗိုဇ်၊ ဣမေဘိက္ခူ။ ဒိဋ္ဌိတဏှာ၊ ကင်းအောင် နှါ၍ ကောင်းစွာကျင့်သူ၊ လူရှင်ရဟန်းတို့သည်။ သမ္မာ၊ ခန္ဓာရုပ်နာမ် လေးကန်သစ္စာ အာယတနဓာတ် ပရမတ်တရားတို့နှင့် ပိုင်းခြားဝေဘန် ဝိပဿနာဉာဏ်ဖြင့် အမှန်ဖြောင့်ဖြောင့်။ ဝိဟာရေယျုံ၊ ပုညာ-ပုည သင်္ခါရကို ကြီးစွာအားဖြင့် ဉာဏ်ဖြင့် ထင်၍ မဂ္ဂင်ရေသောက် သမ္မာ ရောက်၍ မြောက်မြောက်များများ နေကုန်ငြားအံ့၊ လောကော-လော ကသုံးဘော် လောကမော်ဟု၊လူစော်မနံ့ လူဟန်ကွယ်ပြွတ် ကိလေချုပ် သည့် လောကုတ်မြေ၌၊ အရဟန္တေဟိ၊ အံ့သြလောက်စွာ သမ္မာမဂ် လမ်း အရာဘမ်းသည့် ရဟန္တာပုဂ္ဂိုလ်တို့သည်။ အသုညော၊ နိဗ္ဗာန်သုည မဂ်မမှု၍ ဟယ်ခါကာလ မဆိတ်ကြသည့်။ အဿ၊ မုချကေန် ဒိဋ္ဌအမှန် ဖြစ်ကြပေရာသတည်း။

လောကီကုသိုလ် အမျိုးမျိုးတို့သည်၊ တဖြေးဖြေးအားဖြင့်ရင်း၊ မဂ် ဖိုလ်တရားနှင့် ကြုံတွေ့သော အခါရင်း၊ နိဗ္ဗာန်ရကြောဟု ဗုဒ္ဓပရိယာယ် အားဖြင့်၊ မြတ်စွာဘုရား ဟောတော်မူခြင်းကို ပြသော။

## ဥဒ္ဒကနိကာယ် ဂုဏ်ထိဝုတ် အဋ္ဌကထာ

ယံပနိဒံ၊ ဝိဝဋ္ဋံ ပနိဿိတံ၊ ကုသလံ၊ သေယျ
ထိဒံ၊ ဣဓေကစ္စော၊ ဝိဝဋ္ဋံ ပတ္ထေန္တော၊ ဒါနံ
ဒေတိ၊ သီလံ သမ္မာ ဒိယတိ၊ ဥပေါသထ
ကမ္မံ ကရောတိ၊ ဂန္ဓမာလာဒီတိ၊ ဝတ္ထု ပူဇံ
ကရောတိ၊ ဓမ္မံ သုဏာတိ၊ ဒေသေတိ၊ ဈာန
သမာပတ္တိယော၊ နိဗ္ဗတ္တေတိ၊ ဧဝံကရောန္တော
အနု ပုဗ္ဗေန၊ နိပ္ပရိယာယဓမ္မံ အမတံ၊ နိဗ္ဗာနံ
ပဋိလဘတိ၊ အယံ ပရိယာယ ဓမ္မော။

ပန်၊ မှချကေန်၊ အမှန်ထုတ်ခြေကော်၊ နိဗ္ဗာန်ရောက်သော တရားမှ တပါး၊ နိဗ္ဗာန်မရောက်ခင် အစဉ်ဖြစ်၍ နေသော တရားတွေကို ပြလိုက်ပါဦးအံ့။ ဝိဝဋ္ဋုပနိဿိတံ၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကို မှီ၍ နေကြသော။ ကုသလံ၊ ဤဝဋ်ကင်းရာ နိဗ္ဗာန်မှီ၍နေသော ကုသိုလ်ဟူသည်၊ သေယျထာ၊ အဘယ်ကုသိုလ်ပါနည်းဟူမူ၊ သုံးဆယ့်တဘုံ လုံးစုံခွာနှ ဤလောကဦး ဧကစ္စော၊ အချို့သောသူသည်၊ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာဖြစ်သောနိဗ္ဗာန်ကို၊ ပတ္ထေန္တော၊တောင့်တလျက်။ ဒါနံ၊အလှူကို၊ဒေတိ၊ ပေး၏၊သီလံ၊သီလကို သမာဒိယတိ၊ ကောင်းစွာ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်စောင့်ခြင်းအမှုကို၊ကရောတိ၊ ပြု၏၊ ဂန္ဓမာလာဒီဟိ၊ နံ့သာပန်း စသည်တို့ဖြင့်၊ဝတ္ထုပူဇံ၊ရတနာသုံးပါးအား ပူဇော်ခြင်းကို၊ကရောတိ၊ ပြု၏၊ ဓမ္မံ၊ တရားကျမ်းဂန်ကို၊သုဏာတိ၊ နာခံမှတ်သားသင်ကြား၏၊ ဒေသေတိ၊သူတပါးအား ဟောပြောဆုံးမ စါပို့စါချလုပ်၏၊ဈာနသမာပတ္တိယော၊ သမထ ဘာဝနာ ဈာန် သမာပတ်တို့ကို၊နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏၊ ဧဝံ၊ ဤသို့၊ ကရောန္တော၊ ပြုသောသူသည်၊ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်၊ ဝါ၊ တဖြေးဖြေးအားဖြင့်၊ နိပ္ပရိယာယဓမ္မံ၊ မုချတရားဟူသော၊ အမတံ၊ နိဗ္ဗာနံ၊ သေခြင်းဘန်တန်၊ အမှန်ကင်းသော အမြိုက်နိဗ္ဗာန်ကို။ ပဋိလဘတိ၊ရ၏၊ အယံ၊ ဤကဲ့သို့ ဟောပြောသောတရားကို၊ ပရိယာယဓမ္မော၊ ဗုဒ္ဓပရိယာယ် အသွယ်သွယ်ဖြင့် တကယ်ဟောသော တရားပေတည်း။

—— ၀ ——

## ပဋ္ဌာန်း ပါဠိတော်

သိယာကုသလံ ဓမ္မံပဋိစ္စ၊ ကုသလောဓမ္မော၊
ဥပ္ပဇ္ဇေယျ၊ ဟေတုပစ္စယာ၊ သံသယပဒ။
ကုသလံဓမ္မံ ပဋိစ္စ၊ ကုသလောဓမ္မော၊ ဥပ္ပဇ္ဇတိ
ဟေတုပစ္စယာ၊ မုက္ချပဒ။ ကုသလံဧကံ
ခန္ဓံ၊ ပဋိစ္စတယောခန္ဓာ၊ တယောခန္ဓေပဋိစ္စ
ဧကောခန္ဓော၊ ဒွေခန္ဓေ ပဋိစ္စဒွေခန္ဓာ။

ဘိက္ခဝေ၊ သံသရာဝဋ္ဋ် ကြောက်ကြွင်းညွတ်မှ ကင်းလွတ်လိုလား၊ အို ချစ်သားတို့၊ သိယာ၊ ဘဝမခြား စက်လေးပါးနှင့်၊ တွေ့ပြားကြုံကြိုက် ရုံဘန်ရုံခါ၌ဝါ၊ မဂ်ဖိုလ်နိဗ္ဗာန် ရရန်ရကြောင်း တရားကောင်း တရားမြတ်ကိုတတ်အပ်ထင်ထင် ဟောသင်ဆုံးမပြောဆိုနိုင်သော သပ္ပုရိသသူကောင်းတို့နှင့်တွေ့ကြုံသောအခါ၌၊ ကုသလံမှေ့၊ သံသရာထွက်ကြောင်းကောင်းသောတရား နာကြားကျက်မှတ် လေ့လာအပ်သော ကုသိုလ်တရားကို၊ ပဋိစ္စ၊ ပညောင် စုဋ္ဌဟေမသေ့စကြာ၊ မင်းရာဇာသို့ ပမာမျှဘဲ၊ ပစ္စည်းရဲ့၍၊ ကုသလော ဓမ္မော၊ စွဲရင်းကုသိုလ် များထိုထိုသည်၊ ဟေတုပစ္စယာ၊ ပညောင်ပင်နှင့် အစဉ်တူသော လောဘ၊ ဒေါသ၊ မောဟမရှိ၊ ပဝတ္တိဥာဏ်ဝါ လိမ္မာမသေ့၊ ဟေတုပစ္စည်း ဆက်သည့်နည်းကြောင့်၊ ဥပ္ပဇ္ဇန္တိ၊ အရိယာနယ်တွင်း ရောက်ရခြင်းသည်၊ ဖြစ်ခြင်း ဖြစ်ထိုက်ပါပေ၏။

ကုသလံမှေ့၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများ သင်ကြားကျက်မှတ် တတ်အပ်နှုတ်ဝယ် ရွတ်ဘတ်သရဇ္ဈာယ်ရသော ကုသိုလ်ကံတရားအထူးကို၊ ပဋိစ္စ၊ ပဝတ္တိအခါ အလိမ္မာဉာဏ်ကို စွဲ၍၊ ကုသလော ဓမ္မော စွဲရင်းတရား ကုသိုလ်များသည်၊ ဟေတုပစ္စယာ၊ ပညောင်ပင်နှင့် အစဉ်တူသော လောဘ၊ ဒေါသ၊ မောဟမရှိ ပဝတ္တိဉာဏ်ဝါ လိမ္မာမသေ့ ဟေတုပစ္စည်း ဆက်သည့်နည်းကြောင့်၊ ဥပ္ပဇ္ဇတိ၊ မုချကေန် သံမိဇ္ဈနိကျ၊ ပစ္စက္ခ၌ မဂ်ဖိုလ်ရ ဖြစ်ကြပေရာ၏။

ဘိက္ခဝေ၊ ဘေးအတန်တန်၊ ဒုက္ခရန်ကို ကြောက်ကြောက်ခြား အို ချစ်သား ချစ်သမီးတို့၊ ကုသလံ ပရမီ မင်္ဂလာ အများများ ကုသိုလ်တို့ကြောင့်ဖြစ်သော ဒါနံ၊ သူတော်ကောင်းတရား နာကြားကျက်မှတ် သင်ကြားအပ်လို ထိုထိုဆန်းပြား ဝိညာဉ်ကန္ဓာတပါးကို၊ ပဋိစ္စ၊ ပစ္စက္ခ ဥာဏ်ပါ အလိမ္မာကိုစွဲ၍၊ တယောခန္ဓာ၊ မုတ်သားတတ်သည့် သညာ၊ ခံစားတတ်သည့် ဝေဒနာ၊ စေ့ဆော်ဆင်ခြင်တတ်သည့် သင်္ခါရက္ခန္ဓာ၊ ဤသုံးဖြာသောစေတသိက်ခန္ဓာတရားတို့သည်၊ ဥပ္ပဇ္ဇတိ၊ နိယာမသဘောဖြင့် လတ်တလောခြင်း ဖြစ်ပေါ်၍လာကြပေရာ၏၊ တယောခန္ဓေ၊ ခံစားတတ်ထား ဆင်ခြင်တာနှင့် မှတ်ထားသုံးရ တရားစုတို့ကို၊ ပဋိစ္စ အကြောင်းသဟဲ ပစ္စည်းစွဲ၍၊ ကောခန္ဓော၊ ပေါက်ပြန်တတ်စွာ ရုပ်ခန္ဓာ တရုသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာပြန်၏။ ဒွေခန္ဓေ၊ ပစ္စက္ခအလိမ္မာ ပဝတ္တိ

ဥဒါဏ်ဝေါ ရုပ်နာမ်နှစ်ရုပ် ပရမတ်တို့ကို၊ ပဋိစ္စ၊ ပဒေါင်ဗုဒ္ဓဟော၊ မသေ့ စကြာ မင်းရာဇာသို့ ပမာမျှဘဲ ပစ္စည်းစွဲ၍ ခေါ်ခန့်၊ လောကုတ္တရာသား ခေါ်ဆိုငြားသည့် နှစ်ပါးခန့် အရိယာတို့သည်၊ ဥပ္ပဇ္ဇန္တိ၊ လောကီရုပ် နာမ် ကြောင်းနှစ်တန်မှ ဧကန်လောကုတ္တရာ ကူးသန်းပါ၍ သချော တည့်တည့် ဖြစ်ကြရပါပေကုန်၏။

ဆီရိဆံဃော၊ ဆော်ပျေကာရော်၊ ဇုံရာရှိ၊ နိဗ္ဗာဆော၊ တိပြိရော်၊ အာပုနီ–မူယီ၊ ဇော်လော်ဗြိန္၊ ဇေနော်ပြိနော်၊ မဟာဂျနွော်၊ အဟူဟိ နော်၊ ဗုဏ္ဍျဟော၊ ဇော်ရော်နော်၊ ဆံဃော၊ ယေယီတော်ရာဇောတေ ကော်၊ ဇော်လော်တော်ဂေါ်တီ၊

ယောကန္တိရော်ဟိ၊ဆေရိဇာခေ၊ ယေယီမော်တော်၊ ဩနုရော်တော် ဇေယီ၊ ဗိန်ကွန်ဇွော်၊ ပါယီလော၊ ဆော်ဒိနော်၊ စတုရင်ကျေ ဒေဟ ပါရာ ဆော်မီရော်၊ ကော်ရာ။

ဆီရိဆံဃော၊ မေရုဗဟိုရ် ထိုထိုတောင်မြင့် ပမာချင့်လည်း နှိုင်း သင့်မရ ကြီးစွာကျေးဇူး ဂုဏ်အထူးကြောင့် ချီးကျူးမကုန် လုံးစုံကြွက် သရေ ပရမေဗုဒ္ဓ၊ ပုတ္တသားစစ် ဖြစ်ကြီးဖြစ်၍ ရွှန်းပစ်ကာမဂုဏ် လူ့ဘုံ လောကီ၊ ဓမ္မစေတီဟု၊ နတ်ပြည်ကျော်ကြား ကျေးဇူးတော်ရှင်၊အရှင် ဗုရား။ မူယီ၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်တရား လိုလားစုံမက် လွန်နှစ်သက် ကြသော တပည့်တော်တို့သည်၊ တိပြိရော်၊ သံသရာလမ်း နယ်စခမ်းမှ ထွက်လမ်းကို တကယ်မသိသဖြင့် အမိုက်အတိ ဖုံးလွှမ်းကြပါသည် ဖြစ်၍၊ အာပုနီ၊ အရှုပဘုံ၊ အပါယ်ဘုံသို့ ဆန်စုံအောက်ထက် ဘဝင်ဒီဝီ နှံ့သိစကြာပဋ္ဌာ ဘီလာထုတ်ခြင်း၊ ပြေးသွားခြင်းကို ဖြစ်စေတတ်သော။ ဆော်ပျေကာရော်၊ ပဋိစ္စသမုပ္ပါဒ်၊ စက်ရဟတ် မခြား ခြောက်ပါးသင်္ခါရ ပူပိကြသည် ဖြစ်၍။ ဝါ၊ ဒိဋ္ဌိတဏှာ၊ သုံးဖြာမာန လွှမ်းမိုးကြပါသည် ဖြစ်၍၊ ဇုံရာရှိ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ လေးသွယ်အပါယ် ဒုက္ခ အမျိုးမျိုးတို့၌။ နိဗ္ဗာဆော၊ စောက်ထိုးစွျမ်းပြန် ဖယာန်တန်ဖြင့် ခံရအမြဲပါပေတည်း။ မဟာတ်ဂျနွော်၊ ရာကုဋ္ဌေမှာ ဘေဗ္ဗာပတ်နှောက် တယောက်မမို့ ဓမ္မစေတီဟု နယ်ပြည်ထင်ရှား ကျေးဇူးတော်ရှင် အရှင်ဗုရား....၊ ဇော်လော်ဗြိန္၊ ရေမရှိသော မြေပြင် ကုန်းကြောထက်၌။ ဇေနော်

မြို့နေဘ်၊ နေပုကို ခံနေကြရသော ငါးလိပ်ဖိုးသည်။ ဒုက္ခ၂တော၊ ဆင်းရဲဒုက္ခ တွေ့ကြရသကဲ့သို့ရှင်း။ အာကာဟိနေဘ်၊ အသက်နေဆုတ်ယုတ်ခြင်းသို့ ရောက်ကြရသကဲ့သို့ရှင်း။ ယောယီဘော်ရာ၊ ဤငါးလိပ်နှစ်ဖြာ ဥပမာသို့ မှန်စွာဖြစ်၍နေကြရပါကုန်၏။ စော်ရော်နေဘ်ဆံသော၊ နှစ်ဖြာရုပ်နာမ် သတ်ပဋ္ဌာန်သစ္စာ အာသတနပဋိစ္စ၊ ငါးဝ ခန္ဓာ ဝိပဿနာဓာတ် ပရမတ်ဥာဏ်ဝေဘန်ပိုင်းခြား ထင်ရှားပြသ ဆို ဆုံးမနိုင်သော အရှင်ဘုရား၊ ဇော်တေကော်၊ မိဿံးရေကိုခေါ်တတ်သောငှက်သည်၊ ဇော်ယော်တော်ဂေါ်တီ၊ မိမိခေါ်၍ရသောမိုဿံးရေ ၌၊ယောကန္တိရော်တီ၊ မတန်မလှုပ် ငုတ်တုတ်အမြဲ အသဲစွဲနှစ်သက်သည် ကို၊ ယောယီမော်တော်၊စည်းဝေးရောက်လာ တရားနာဖြင့် ဟကာ–တကာမ ထိုထိုမျှတို့ သိကြရပါကုန်၏။ ဆောရိဇာနေ၊ သိုပိုဿံးရေကို သေသေချာချာ ကောင်းစွာနှစ်သက် ဇာမရိငှက်ကဲ့သို့၊ ဇေယီ၊ ကျင့်တိုကျင့်ရန် တောင်းပန်လိုလား ချစ်ပါးမဂ္ဂင် ရေအလျှင်ကို၊ သြန္နတော်ရော်၊အာစဉ်တစိုက် နှစ်ချိက်သဲစွဲ အားကုန်ခဲ၍ အမြဲပြုလိုကြပါ၏၊ဇိန်ကွန်ဒွေဘ်၊ ၂မြမှန်၊ နိုင်ငံပေါင်းစု ကြည်မှုစေ့ ဘေးမခသည့် အမတမည်ပေ နိဗ္ဗာန်ပြည်သို့။ ပါယီလော၊ အမြဲလည်းလျှောင်း ပုန်းအောင်းနိုလုံကြလိုပါ၏။ စဟုရဒိကျေ၊ မလေးရပ်မျက်နှာ ပတ်လည်ချာမှ ရောက်လာစည်းဝေး ကြကုန်သော၊ဆော်ဒိနေဘ်၊မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်ချမ်းသာ ကောင်းစွာ နှစ်သက် လွန်စုံမက်ကြသော တပည့်တော်တို့ကို။ ဒေဟိပါရာ၊ ပစ္စက္ခ အလီမွာ။ ပဝတ္တိဥာဏ်ဝါ နာမ်ဇာတိလေး။ကောရှပ် ရုပ်နာမ်မလွဲ၊ အမြဲ ကိန်းအောင်းခြင်းငှါ။ ဆော်မိရော်ကော်ရာ၊ ဗိဋ္ဌိဘက်နည်း တရားကြီးကို မြေ့တီးလက်ခတ် ဖြတ်ဖြတ်သားသား ပိုင်းခြားဝေဘန် ဇကန်တည့် တည့် ဗိဋ္ဌိတကျာ နှစ်ဖြာထက်အောက် မဂ်စဉ်ပေါက်အောက် ချီးမြှင့် ၍သာ ဟောကြား၍သာ ဆုံးမတော်မူပါ အရှင်ဘုရား။

ဖေသာင်းတိုက်စကြာ ရှည်ကမ္ဘာဖြင့် ရည်ကားမှ အနန္တတွင် ဗုဒ္ဓ မြတ်စွာ ပွင့်ပေါ်လာသို့ လွန်စွာခဲလှ ဒုလ္လဘကို ရဆောက်ဌိနေ များဝေ နေတို့ သခင့်သော်ချာ ပေါ်များပါလည်း၊ သံသရာထားရန် တရားမှန်ကို ဧကန်တည့်တည့် မရရှိပြီး အတိဒုလ္လဘ သဒ္ဓမ္မဖြင့် ဟောပြလိုမှု အကြောင်းပြုပြီ။ ယခုအခါ ရောက်ရှိလာသည့် များငှ သောင်းသောင်း သာသည့်ပေါင်းတို့၊ ညွှန်ပြောင်းခိုလုံ ခြေတော်ရင်း ယုံကြည်ခါပ၊

ပဏ္ဏာသ၌ ဝန်ချခါခါ ဦးတင်ပါ၏၊ သာသနကိုလျက် ပြုလိုတွက် ကြောင့်၊ နှစ်သက်ဘွယ်မဂုဏ် စွန့်ပစ်တုံပြီး လူ့ဘုံလောကီ ဓမ္မစေတီဟု နယ်ပြည့်ကျော်ကြား ရှင်ဗုရားသည် များသတ္တဝါ ဝေနေယျာအား ညွှာတာသနား ဂရုထား၍ လေးပါးပါယ်ရွာ ရောက်တတ်စွာသည်၊ သဏ္ဍာယာရှိ ယင်းဒိဋ္ဌိကို မိမိချချ ဖြတ်နိုင်ကြအောင် ကျနသေချာ ဒေသနာမိုးသည်း ရွာသွန်းဖြိုးလည်း တိုးအနုဋ္ဌ တရားသံမှ ပန်ဆင်လိုမှု များဝိုပ်သုသို့ ရမှုသင့်ရန် မြတ်ဓမ္မဖြင့် ကျမ်းဂန်စွေ့နှုတ် ရွှေဂမုခ်မှ ချွေထုတ်ဖွင့်ကာ လင့်မကြာဘဲ သင့်ရာဘရား အစားဝေးကို အားထား၍ သာ မြန်မကြာသည် ဟောကာညွှန်ပ အရှင်ဗုရား။

အနုဘ်ပိ အဘိဇ္ဈာတိ၊ နမယှံ မယှမေဝစ၊
အနုတ္တာပိ အတ္တာဇမ္မ၊ ဝိစိဇ္ဈာစိတ္တေနတဂတိ။

ဇမ္မဗိဏ္ဍာ၊ မကောင်းယုတ်မာ ဆိုးညစ်စွာသည့် မိတ္တာအနိုပ် ဟယ်ငါ့ စိတ်၊ တွဲ၊ နင်စိတ်သည်၊ အနုဘ်ပိ၊ ဘယ်ဂုဏ်သတ္တိ မရှိလုံးလုံး အစွမ်း တုံးသား အသုံးအသွဲ့ အစွဲအကာ ဖြစ်တုံပါလျက်သည်း၊ အဘိဇ္ဈာနံ၊ ငါနှင့်မခြား မပြားခက်ခွဲ အသင်လှဲအောင် ငါယောင်ငါဟန် ငါသဏ္ဍာန် ဖြစ်၍ နေဘိ၏၊ နမယှံပိ၊ ငါနှင့်မဆိုင် ငါပိုင်ဥစ္စာ မဟုတ်ပါဘဲလျက် လည်း၊ မယှမေဝစ၊ ငါ့ဗိတ်၊ ငါ့ဥာဏ်၊ ငါ့အကြံဟု ဖေါက်ပြန်တိမ်းပါ အထင်မှားအောင် နင်ကားပြု၍ နေဘိ၏။ အနုတ္တာပိ၊ လူနတ်ဗြဟ္မာ သတ္တဝါဆိုဆို ပုဂ္ဂိုလ်အင်ရှား ယောကျာ်း,မိန်းမ,ငါကောင်,ဝသဖြင့် ဘာမျှမရှိဘဲလျက်လည်း။ အတ္တာ၊ လူဘဲနတ်ဘဲ ငါကောင်ဘဲဟု အမြဲ ထောင်,ရာမကသာအောင် ငါငါပြု၍ နေဘိ၏။ သော၊ နင်စိတ်၏။ ဂတိ၊ လိမ်သည်ညစ်တုံ ဖြစ်ပုံအလား၊ အမှုသွားသည်၊ ဝိစိဇ္ဈာ၊ မကြံနိုင်ဘွယ် အသွယ်သွယ်ဖြင့် တကယ်ဆန်းပြားလှလေတော့၏ တကား။

သိဗ္ဗိနော၀ နာနာရူပေ၊ ဝိဒါယန္တိ စိတ္တံခန္ဓေ
နာနာရူပေဟိ ခန္ဓေဟိ တေနေတ္တံ ဝိစရန္တိတေ။

သိဗ္ဗိနော၊ ပန်းချီ ပန်းပု ဆန်းကြယ်မှုဖြင့်၊ ရေးယူပုံပြင် အတတ် သင်သူတို့သည်။ နာနာရူပေဟိ၊ ထူးထူးထွေထွေ သချေ့သချော ရေကာ မရ အနန္တကွဲပြား များစွာသော အရုပ်အကောင်တို့ကို။ ဝိဒါယန္တိကုဝ၊

လက်နက် မင်ဆေး ဥာဏ်ရှေ့ပြေး၍ ရေးထုပ္ပြင် စီရင် လုပ်ကိုင်ကြသကဲ့သို့၊ စိတ္တံ၊ ပဋိသန္ဓေစွဲနေအတိတ်ဝိညာဥ်စိတ်သည်၊ နာနာရူပေဏ၊ အထူးအထူး လယ်လယ် ကြီးငယ်ပုံဟန် သဏ္ဍာန်အရုပ်ရုပ် ဇာတ် ရုပ်ဆေးပမာ မျိုးစွာသော အရုပ်အကောင် သဘောရှိကြကုန်သော။ ခန္ဓေ ကောဇတုငါးခုခန္ဓာ ကိုးဖြာဘဝ သဏ္ဍာပိညာဏ် အမှန်တည်၍ ပြားဘိများစွာ ငါးခန္ဓာတို့ကို၊ ဝိဒါယန္တိ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ပြင်ကျယ် ဘုံကြီးလယ်၌ သွယ်သွယ်တည့်တည့် စီမံ ပြုလုပ်၍ နေဘိ၏။ တေန၊ ထိုအင်္ဂါ တကျော ဥပဒါန်၊ ကံသင်္ခါရ၊ အစရှိသော အကြောင်းတရား အတန်တန် စီမံပြုလုပ်ခြင်းကြောင့်။ ဣဓ၊ သုံးဆယ့်တဘုံ ရုပ်မျိုးစုံ၍ အဟုန်မပြတ် ဤပဋိစ္စသမုပ္ပါဒ် ဇာတ်ရုံကြီး၌၊ တေ၊ ထိုသဏ္ဍာယဒိဋ္ဌိ စွဲငြိလေရာ ဘကျော်မကင်း သတ္တဝါခပင်းတို့သည်။ နာနာရူပေတိ၊ ပရိသာတဲ့စုံ ပွဲလယ်ဘုံဝယ် မာနဂုဏ်ပြမြူး ထူးထူးလယ်လယ် ဆန်းကျယ်သော အရုပ်အကောင် သဘောရှိကြကုန်သော၊ ခန္ဓေတိ၊ သူတဲငါတဲ အထင်လွဲစရာ ငါးခန္ဓာတို့ဖြင့်။ ဝါ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါးယောကျ်ား မိန်းမ ရှာမရပါဘဲ၊ အထင်လွဲစရာ ငါးခန္ဓာတို့ဖြင့်၊ ဝိစရန္တိ၊ ကျင်လည် ကျက်စား သတ္တဝါအများတို့သည် မျောပါး နစ်မြုပ်ကြရလေကုန်၏။

ပထဗျာ ကေရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ၊
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံဝရံ။

ပထဗျာ၊ ဇမ္ဗူဒီပါ လက်ျာဦးကင် မြေအပြင်၌။ ကေရဇ္ဇေန၊ မင်းပေါင်းတရာ ပဏာဆက်သွင်း ကေရာဇ်မင်းဟု သတင်းကျော်ညာ ဖြစ်ရတာထက်ငှင်း ဝါ။ မင်းပေါင်းတရာ ပဏာဆက်သွင်း ကေရာဇ်မင်း၏ သတင်းကျော်ညာ မိဖုရား ရတနာ ဖြစ်ရတာထက်ငှင်း၊ သဂ္ဂဿ၊ နတ်ပြည်နတ်ရွာ ဗြဟ္မာရွာသို့၊ ဂမနေနဝါ၊ သွားလာစျော်ရှင် ဘုရင်တပါး ခံစံစား၍ ကျော်ကြားထင်ပေါ်ရသည်ထက်ငှင်း၊ ဝါ၊ လူ့ပြည်နတ်ရွာ စုံဆန်ကာဖြင့် သွားလာပျော်ရွှင် ဘုရင်မိဖုရား ခံစံစား၍ ကျော်ကြားထင်ပေါ်ရသည်ထက်ငှင်း၊ သဗ္ဗလောကာဓိပစ္စေန၊ လုံးစုံလောက အစိုးရ၍ ရာဇာရာဇာ စကြာသခင် ဘုရင်မင်းမြတ် သမုတိနတ်ထီး ဖြစ်ကြီးဖြစ်ရာ

ဖြစ်ရတာသက်ရှင်း၊ ဝါ၊ လုံးစုံလေသာ အစိုးရ၍ ရာဇရာဇာ ကြော သခင် ဘုရင်မင်းမြတ် သမုန္ဒတ်၏ ချစ်မြတ်လေးစား မိဖုရားဒေဝီဖြစ်ရ သည်ထက်ရှင်း၊ သောတာပတ္တိဖလ၊ ကာမဂုဏ်ငါး ခံစံစား၍ ယိုကြား ဝိသာခါ ကဲ့ပမာသို့ ပါယ်ရှာကင်းလျက် အလင်းတရား ရခြားကေန် သောတာပန်ဖြစ်ရသော အကျိုးသည်း ဝရုံ၊ လူမင်း၊ နတ်မင်း၊ ဗြဟ္မာ မင်းထက် ကောင်းခြင်း ချမ်းသာ မကာပါဘဲ၊ ဆ,ရာ,ထောင်ကြိုးသာ လွန်ဖြူး၍ အထူးပင် မြတ်လှတော့၏ တကား။

---

## ဆုတောင်း

ဒါန,သီလာ၊ဘာဝနာဖြင့်၊ ဆယ်ဖြာပုညာ၊ ကုသလကြောင့် လေးဝ မဂ္ဂင်၊ နိဗ္ဗာန်ဝင်၊ လျှင်မြန်ရောက်ရလို၏။

ဒါန, သီတာ၊ ဘာဝနာဖြင့်၊ ဆယ်ဖြာပုညာ၊ ကုသလကြောင့် ဘဝ နောင်ခါ။ ဖြစ်လေရာဝယ် အာဇာနည်ပ ပူရိသ မုချဖြစ်ရလို။

သီလ,သမာ၊ ဓိပညာနှင့် သိက္ခာသုံးဆင့် ပြည့်စုံတင့်လျက် ရောဂါ ဓပင်း၊ လွတ်လွတ်ကင်း ငြိမ်းခြင်းရောက်ရလို။

ပညာဟူသမျှ တတ်လွယ်ရ၍ မြတ်စွာအမျိုး တန်ခိုးရှိန်ဝေ ကမ္ဘာ ပေါ် ကျော်အောင်ဖြစ်ရလို၏။

အဆင်းအင်္ဂါ လက္ခဏာမှု ဘယ်သူ့ပြိုင်ကာ တုမရဘဲ ဆ,ထောင်ကဲ အမြဲဖြစ်ရလို။

ကာမဂုဏ်တရား အရှုပ်များကို ပယ်ရှားပြီးခါ သာသနာဝယ် ရောင်ဝါတင့်ဆန်း မြတ်ရဟန်း မှန်တိုင်းဖြစ်ရလို၏။

သုံးပုံပိဋကတ်၊ တရားမြတ်ကို တတ်အောင်ထင်ထင် နှုတ်ဝယ်ကျွင် အစဉ်ရပါလို၏။

မဂ်ဖိုလ်တရား ခက်သူများကို ပိုင်းခြားဝေဘန် ကေန်တိတ် ဒိဋ္ဌိ တကျ ကွဲအောင်သာ မြန်စွာပြရလို့။

အန္တဝါလေး မိုက်သူတွေကို သေသေချာချာ အယတနာ ပဋိစ္စ ငါးဝ ခန္ဓာ ဓာတ်သစ္စာနှင့် ဝိပဿနာတရား ရုပ်နာမ်များ ပိုင်းခြားပြရလို့။

ဗုဒ္ဓမြတ်စွာ သာသနာလည်း မကြာချက်ခြင်း သောင်တိုက်တွင်း ထွန်းလင်းရပါလို့။

## မေတ္တာပို့

ယခုပြုရ ကုသလကြောင့် များစွာသတ္တဝါ ဝေနေယျာလည်း ရောဂါကင်းပျောက် ဘေးမရောက် ကြံ့ပိုင်းမြောက်စေပါ။

တိုင်းသားပြည်သူ များရှင်လူတို့ ကြည်ဖြူသဒ္ဓါ ရတနာသုံးပါး ဦးထိပ်ထား ညွတ်တွား ခ့စေရား

ပြည်ရှင်မင်းမြတ် သမုတ်လည်း စောင့်အပ်တရား မမှားဆယ်ဖြာ ကျင့်သိက္ခာ ကောင်းစွာ ပြည့်စေပါ။

ဆောင်း, နွေ, မိုး, လ သုံးဝဥတု ရာသီမှု ယခုညီစေရား

သီးနှံ ပဲ ပြောင်း ကောင်းစေ ဝပါး နှမ်းကားထပ်ထူ တောင်သူ တလွှား ပြည့်စုံကြွား ပေါများကြစေပါ။

ပေါများရွှေငွေ ဆန်ရေစပါး ကျွဲ, နွား, ဆင်, မြင်း ပြည့်စုံလျှင်း ငြိမ်းခြင်းရောက်စေပါ။

ကောင်းခြင်း ချောင်းဝယ် ကုန်သည်သူဌေး မြို့ကျေးငှါးချ ကုန်စည်ရှ၍ လှပစေရာ တန်ဆာဆင်ရိုး ထိန်ထိန်မိုး ဖွင့်ဖြိုးကြစေပါ။

ဖိုးရိမ်ကြောင့်ကြ ဗျာပါရလည်း ကင်းကြစေလို့ ဆုပန်ဆို လူဗိုလ် သတ္တဝါ။

၂၅/၀၈၁



ကောင်းကြဲ ဟူသမျှ ပြည့်စုံကြလျက် သက္ကာယရန် ပယ်သတ်ဟန် ဥာဏ်မြင်လင်းစေပါ၊

ဒိဋ္ဌိသတ်နည်း တရားကြီးလည်း ညီးညီးထိန်ဝါ မှောင်ကိုခွါ မြန်စွာလင်းစေပါ။

မြန်စွာလင်းပ သက္ကာယကို ပယ်ချပြီးခါ ရိယာဇာတ်တွင်း ရောက်တုံလျှင်း လင်းစေ–သာသနာ။

မေတ္တာပို့သမျှ ပြည့်စုံကြ၍ မျှားလှဝေနေ ရကြစေ ပေးဝေ အမျှသား

သာဓု....သာဓု....သာဓု၊

နိဗ္ဗာန်လမ်းပြ ဓမ္မကထိက ပဒေသာလက်သုံး

ပြီးပြီ။